


လယ်ပီတွင်းသား

# ဆရာချစ်

# ခေါင်းလောင်းသံချိုချို

ဝတ္ထုတိုများ

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၅၀၁၄၃၀၁၁၁၁
အဖုံးခွင့်ပြုချက် – ၅၀၀၂၇၇၀၄၁၂
မျက်နှာဖုံးပန်းချီ – ဝင်းယုမောင်
ထုတ်ဝေသူ – ဦးသိန်းလွင်၊ ဝ၄၁၃၇(မြဲ)
ရွှေဟင်္သာစာပေ၊
အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ – ဦးဝင်းလွင် (မြဲ–၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်
အမှတ် (၃၁)၊ ဦးရွှေဂွန်းလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။
ပုံနှိပ်ခြင်း – ပထမအကြိမ်
ပုံနှိပ်ပြီးစီးသည့်လ – ၂၀၁၂–ခုနှစ်၊ မေလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၀၀၀ ကျပ်
ဖြန့်ချိရေး – **ပန်းမြိုင်လယ်** စာပေ
၅၇(က)၊ ခရေပင်လမ်း၊ ၂(ခ)ရပ်ကွက်၊
မင်္ဂလာဒုံ။ ဖုန်း – ၆၃၅၂၆၂

လယ်တွင်းသားစောချစ် ၈၉၅. ၈၃
ခေါင်းလောင်းသံချိုချို/ လယ်တွင်းသားစောချစ်
– ရန်ကုန်။
ရွှေဟင်္သာစာပေ။ ၂၀၁၀။
စာ – ၃၂၄၊ ၁၂ × ၁၇ စင်တီမီတာ
(၁) ခေါင်းလောင်းသံချိုချို


## မာတိကာ


၁။ အဆိပ်ဖြေပန်း ၁
၂။ ရာထူးကိုသာကန်တော့သူ ၂၀
၃။ လက်လွန်ပန်း ၃၆
၄။ အမုန်းခံအလှ ၅၅
၅။ ပန်းနှင့်ဥယျာဉ်မှူး ၇၅
၆။ ကျောင်းဆရာနှစ်ယောက် ၁၀၂
၇။ စေတနာနှင့်ဖြေပါလေ ၁၁၉
၈။ ကလေးတို့ဆရာမ ၁၃၃
၉။ ရိုက်သောဆရာ၏ကြင်နာသောနှလုံးသား ၁၅၂
၁၀။ ပန်းခင်းအလှဖျက်သူများ ၁၆၃
၁၁။ လျှို့ဝှက်ချက် ၁၈၃
၁၂။ မည်သူသာ၍လှသနည်း ၂၀၃
၁၃။ ကလေးစိတ်ပညာ ၂၂၄
၁၄။ ကျောင်းဆရာနှင့် မြို့အုပ်မင်း ၂၃၅
၁၅။ မျက်နှာမွဲကြီး ရယ်လိမ့်မည် ၂၅၃
၁၆။ ကျေးဇူးရှိလျက် အဆပ်ခက် ၂၆၆
၁၇။ ပြစ်ဒဏ် ၂၈၉
၁၈။ နိုင်းချင်နိုင်းပါစေ ၂၉၈
၁၉။ နာမည်ကောင်းသာကျန်ပါစေ ၃၀၉


□ □ □

# အခဆိပ်ပြေပန်း

အပြင်မှာ မိုးရွာနေသည်က သဲသဲမဲမဲ။ ခန်းမဆောင်သွပ်မိုးကို ထိမှန်သည့် မိုးပေါက်သံက တဖြောင်းဖြောင်း၊ ခန်းမထဲမှ လက်ခုပ်သံက တဖြောင်းဖြောင်း။

ပညာရည်ချွန် ဆုပေးပွဲ ကျင်းပနေခြင်းဖြစ်သည်။

ယခုနှစ် ကျွန်တော်တို့ကျောင်းတွင် ရှစ်တန်းရောဆယ်တန်းပါ ဂုဏ်ထူးများနှင့် အောင်သူများ၍ အောင်ချက်ရာခိုင်နှုန်းလည်း ကောင်းသည်။

ဆရာမိဘအသင်းမှ နာယကကြီးများ၊ အမှုဆောင်များ အလှည့်ကျ ဆုပေးနေကြသည်။

ဆုရသော ကျောင်းသူ ကျောင်းသားများမှာ ဝတ်ကောင်းစားလှများနှင့် မြူးမြူးကြွကြွ။ မိဘများကလည်း ပျော်တပြုံးပြုံး မော်မဆုံး။ ဆရာ၊ ဆရာမများမှာကား ဆုပေးပွဲမတိုင်မီကပင် ပြင်ရဆင်ရ၊ ဆုပေးသည့်နေ့မှာလည်း မိဘများကို ကြိုဆိုရ၊ နေရာ

ချထားရ၊ ဧည့်ခံကျွေးမွေးရ၊ ကျောင်းသူကျောင်းသားများကို အစီအစဉ်တကျ ဆုယူနိုင်ရန် စီစဉ်ပေးရနှင့် မနားရ။ သို့သော် တပည့်များ ဆုယူသော အခါ ဘေးမှဝိုင်းဝန်းပံ့ပိုးကြရင်း ကိုယ်တိုင် ဆုရသကဲ့သို့ ဂုဏ်ယူ ကျေနပ်နေကြသည်။

ရှစ်တန်းမှ ဂုဏ်ထူးရှင် ကျောင်းသူကျောင်းသားများကို ဆုပေး၍ ပြီးသွားပြီ။

မိုးက သဲသဲမဲမဲ ရွာနေဆဲ။ ခန်းမဆောင် တံစက်မြိတ်မှာ မိုးရေတန်းများ လှပစွာ သွယ်စီးဆဲ။

'အခုဆက်လက်ပြီး ဆယ်တန်းမှာ ဂုဏ်ထူးနဲ့ အောင်မြင်တဲ့ ကျောင်းသူကျောင်းသားများကို ဆုချီးမြှင့်မှာ ဖြစ်ပါတယ်။ ကျောင်းအုပ်ဆရာကြီးခင်ဗျား၊ ဆုချီးမြှင့်ပေးပါရန် ပန်ကြား အပ်ပါတယ် ခင်ဗျား'

အခမ်းအနားမှူး ဆရာ ဦးအေးကြည်က ကြေညာသည်။

ကျွန်တော် စင်မြင့်ပေါ်သို့ သွားရောက်ရပါသည်။

ပထမဆုံးဆုယူသူက ငါးဘာသာဂုဏ်ထူးရှင် စိုးလင်းအောင်။ လက်ခုပ်သံများနှင့်အတူ ချီးကျူးအားကျသော မျက်လုံးများ။ ပြီးတော့ လေးဘာသာဂုဏ်ထူးရှင် မိန်းကလေး နှစ်ယောက်။ ချီးကျူးဂုဏ်ပြုသော သြဘာလက်ခုပ်သံများ။

သုံးယောက် ဆုပေးပြီးနောက် ကျွန်တော့်တာဝန် ကျေပြီ ထင်သောကြောင့် စင်မြင့်ပေါ်မှ ဆင်းမည်ပြုသည်။



'အခု ချီးမြှင့်မယ့် ဆုကိုလဲ ဆရာကြီးကပဲ ဆက်ပြီး ချီးမြှင့် ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ် ခင်ဗျား'

အခမ်းအနားမှူး ဦးအေးကြည်၏ မေတ္တာရပ်ခံချက်အရ ကျွန်တော် စင်မြင့်ပေါ်မှာ ဆက်နေရသည်။

'မောင်သန်းလွင် သင်္ချာ အင်္ဂလိပ်စာနဲ့ ဇီဝဗေဒ သုံးဘာသာ ဂုဏ်ထူးရှင် ဖြစ်ပါတယ်'

ကြေညာချက်အဆုံးမှာ လက်ခုပ်သံက ပုံမှန်မျှသာ ဖြစ်ပါ၏။ ငါးဘာသာ လေးဘာသာ ဂုဏ်ထူးရှင်များ ပြီး၍ သုံးဘာသာဂုဏ်ထူး က သိပ်မထူးတော့။

ဆုယူမည့် ကလေးက တော်တော်နှင့် ထွက်မလာ။

ပရိသတ်၏ မျက်လုံးများက ဟိုဟိုသည်သည် လှည့်လည် ရှာဖွေနေကြ၏။

ခဏကြာမှ မောင်သန်းလွင်ကို မြင်ကြရသည်။

'ဒေါက် . . . ဒေါက် . . . ဒေါက်'

ကြမ်းပြင်ပေါ်သို့ တုတ်ထောက်သံနှင့်အတူ ဖြည်းဖြည်း မှန်မှန် လျှောက်နေရသော မောင်သန်းလွင်။

'အို . . .'

"ဟယ် . . .'

မိဘများထံမှ ထွက်ပေါ်လာသည့် အံ့သြသံများ။ အားလုံး သည် မောင်သန်းလွင်ကို ကြင်နာစွာ ကြည့်နေကြသည်။ ခန်းမကြီး တစ်ခုလုံး တိတ်ဆိတ်သွား၍ မိုးသံက ပိုကျယ်သည် ထင်ရ၏။

မောင်သန်းလွင် လာနေသည်ကို လှမ်းကြည့်ရင်း ကျွန်တော့် ရင်တွင်းမှာ သနားခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်း တို့နှင့်အတူ လှိုက်ဖိုသော ဝေဒနာတစ်မျိုးကို ခံစားရသည်။

ကြေကွဲစရာ အဖြစ်ကလေးတစ်ခုက ကျွန်တော့် အတွေး အထင်တွင် မြင်ယောင်လျက်။

× × ×

ကျွန်တော့် ရုံးခန်း၏အောက်ထပ် ညာဘက်ခြမ်းရှိ ကိုးတန်း ခန်းမှ ဆူသံ၊ အော်သံများနှင့် လဲကျသံများကို ကြားရ၍ တစ်ခုခု တော့ ဖြစ်ပြီဟု နားစွင့်နေစဉ်မှာပင် . . .

'ဆရာကြီး . . . ဆရာကြီး လုပ်ပါဦး၊ ဟို ကိုးတန်းဘီမှာ ဆရာ အသစ်လေ၊ အဲ . . . ဆရာ ဦးအေးကြည် မောင်သန်းလွင် လေးကို ရိုက်လိုက် ထိုးလိုက်တာ ကျွန်မ ရင်တုန်လိုက်တာ ဆရာကြီး ရယ်'

ဆရာမ ဒေါ်ခင်ထွေးက ရင်ကိုဖိရင်း သတင်းပေးသည်။

'ဟာ . . . အဲဒါမှ ပြဿနာပဲ'

ကျွန်တော့် ရုံးခန်းဘေးရှိ လှေကားမှ အမြန်ဆုံး ဆင်း၍ ကိုးတန်းဘီ အခန်းသို့ ရောက်သောအခါ အတန်းပိုင်ဆရာမ ဒေါ်စိုးစိုးနွယ်လည်း ပြေး၍ရောက်လာသည်။



ကျွန်တော်တို့ အတန်းထဲ ဝင်လိုက်သည်နှင့် မောင်သန်းလွင် မှအပ ကျောင်းသားများအားလုံး မတ်တတ်ရပ်လိုက်ကြသည်။

'ထိုင်ကြ ထိုင်ကြ တပည့်တို့'

ကျွန်တော့်အသံကြား၍ ခုံပေါ်တွင် မျက်နှာအပ်ပြီး ငိုနေသော မောင်သန်းလွင်ခမျာ ခေါင်းမော့၍ ကြည့်ရှာသည်။

သူ့နှုတ်ခမ်းတစ်ချက် အတွန့်လိုက်မှာ သွားကလေးများ အဖွေးသား ပေါ်လာ၍ ပြုံးသလိုလို ပြောင်သလိုလို။

'ဩော် . . . ဖြစ်မှ ဖြစ်ရလေ တပည့်ရယ် . . .'

ကျွန်တော် များစွာ စိတ်မကောင်းဖြစ်မိသည်။

ပြောင်ဟန်ရှိသော နှုတ်ခမ်းလေးမှာ ပေါက်သွား၍ သွေးစ လေးများနှင့် ညာဘက်မျက်ခုံးမှာလည်း ညိုမည်းဖူးရောင်နေသည်။

ဆရာမ ဒေါ်စိုးစိုးနွယ်မှာ သူ့တပည့်ကိုကြည့်၍ မျက်ရည် များ စီးကျနေသည်။

အတန်းရှေ့မှာတော့ မျက်စိပျက် မျက်နှာပျက်နှင့် ရပ်နေ သော ဆရာ ဦးအေးကြည်။

ဤကိစ္စကို အတန်းထဲမှာ မေးလား ရှင်းလားလုပ်ရန် မသင့်ပါ။

'ကဲ . . . ဆရာမကြီး ဒေါ်ခင်ထွေး လာ၊ ဆရာမကြီးက ဒီအတန်းကို ထိန်းထားလိုက်ပါဦး၊ တပည့်တို့ အားလုံးအေးအေး ဆေးဆေးနေကြ။ ဆရာ ဦးအေးကြည်နဲ့ မောင်သန်းလွင်က ဆရာ့

အခန်း လိုက်ခဲ့ကြ၊ ဆရာမ ဒေါ်စိုးစိုးနွယ်ပါ လိုက်ခဲ့'

မောင်သန်းလွင်၏ဘေးမှ သူငယ်ချင်းများက စာရေးခုံအတွင်းမှ လက်ထိန်းကွင်းများပါသော လမ်းလျှောက်တုတ် နှစ်ချောင်းကို ဆွဲထုတ်ယူ၍ မောင်သန်းလွင်ကို ပေးသည်။

မောင်သန်းလွင်က သူ့လက်များကို လက်ကိုင်ကွင်းအတွင်းမှာ နေသားတကျသွင်းပြီး လမ်းလျှောက်တုတ် တစ်ချောင်းကို မြဲမြံစွာ ဆုပ်ကိုင်လိုက်သည်။ ဘေးမှ သူငယ်ချင်းနှစ်ယောက်က မောင်သန်းလွင်ကို ပို၍ လွယ်ကူစွာ ရပ်နိုင်စေရန် တွဲထူပေးလိုက်သည်။

မောင်သန်းလွင်ကို လှမ်းကြည့်နေသော ဦးအေးကြည်၏ မျက်နှာများမှာ မျက်ရည်များနှင့်ပြည့်၍ ဝမ်းနည်းကြေကွဲခြင်း၊ နောင်တဖြစ်ခြင်းကို ဆောက်တည်ရာ မရအောင် ခံစားနေရသည့်ပုံ။

ကျွန်တော့် စိတ်ထဲမှာ တစ်ခုခုကို နားလည်လိုက်သလို ထင်မိ၏။

'ဖြစ်ရလေတယ် ကလေးရယ်၊ ဒီလောက်ထိအောင်များ ရက်စက်လိုက်တာ'

ဆရာမ ဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်၏ပခုံးကို ထိန်းကိုင်ဖေးမ၍ ပြောဆိုရင်း ဦးအေးကြည်ကို လှမ်းကြည့်လိုက်သည်။

မကျေနပ်မှုကို ဖော်ပြသော အကြည့်တင်းတင်း။

ဤဆရာမလေးမှာ ရုပ်ရည်လှပ၍ စိတ်သဘောထား အေးချမ်းသူ ဖြစ်ပါ၏။ သို့သော် တပည့်ငယ်အတွက် ဖြစ်ပေါ်သော ခံစားချက်ကြောင့် ဆရာဦးအေးကြည်အပေါ်တွင် မကျေနိုင် မချမ်းနိုင်ဖြစ်နေကြောင်း ကျွန်တော် နားလည်လိုက်ပါ၏။



မောင်သန်းလွင် ကောင်းစွာ ရပ်မိပြီဖြစ်၍ လမ်းလျှောက်တုတ်များအပေါ်မှာ အားပြုပြီး လျှောက်လာနိုင်ပါသည်။ သို့သော် သေးသိမ်ပျော့ခွေနေသည့် ဘယ်ခြေကြောင့် ထော့နင်းထော့နင်းနှင့် ဖြည်းဖြည်းချင်းသာ လျှောက်ရရှာ၏။

လှေကားအတက်တွင် ဒေါ်စိုးစိုးနွယ်နှင့် ကျွန်တော်က ဘေးတစ်ဖက်စီမှ ဖေးကူပေးရ၏။

ကျွန်တော့်ရုံးခန်းသို့ ရောက်သောအခါ မောင်သန်းလွင်ကို ဆရာမဒေါ်စိုးစိုးနွယ်က ကုလားထိုင်တစ်လုံးမှာထိုင်ရန် ကူညီပေးသည်။

'ရပါတယ် ဆရာမ၊ ကျွန်တော် ထိုင်လို့ရပါတယ်။ ဆရာမ ထိုင်ပါ'

မောင်သန်းလွင်မှာ သူ့ကို တယုတယ ကူညီနေသော သူ့ဆရာမကို အားနာနေဟန် တူပါသည်။

ဆရာမ ဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်၏ ညာဘက်မှ ခုံတွင် ထိုင်လိုက်သည်။ မျက်နှာကတော့ သနားခြင်းနှင့် မကျေနပ်ခြင်း ရောထွေးလျက်မို့ တင်းမာဆဲ။

ဆရာဦးအေးကြည်က မထိုင်ပါ။ ကျွန်တော့်စားပွဲ၏ ဘေးဘက်မှာ မတ်တတ်ရပ်လျက်။

'ဆရာကြီး ကျွန်တော့်ကို အရေးယူပါ ဆရာကြီး၊ အလုပ်က ထုပ်ပစ်တဲ့အပြစ်ဒဏ်ပေးပါ ဆရာကြီး၊ ဆရာကြီးက မထုတ်ရင်လဲ ကျွန်တော့်ကို ထွက်ခွင့်ပေးပါ ဆရာကြီး'

ဦးအေးကြည်က ပြောရင်းမှ စိတ်ကို မထိန်းနိုင်၍ ဝမ်းနည်းကြေကွဲစွာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ငိုကြွေးလိုက်ပါသည်။

'ဆရာ့ကို ထုတ်မပစ်ပါနဲ့ ဆရာကြီး၊ ဆရာလဲ ကျွန်တော့်ကြောင့် အလုပ်မထွက်ပါနဲ့ ဆရာ'

မောင်သန်းလွင်က ကျွန်တော်နှင့် ဦးအေးကြည်ကို ပြန်တောင်းပန်နေပါသည်။

မောင်သန်းလွင်ကိုကြည့်ပြီး ဦးအေးကြည် ပို၍ စိတ်မကောင်းဖြစ်ဟန်တူပါသည်။ သူ့ပါးပြင်ပေါ်တွင် မျက်ရည်များ စီးကျနေသည်။

'ဆရာ ဒေါသအလျှောက် မဆင်မခြင် လုပ်ခဲ့မိတဲ့အတွက် မောင်သန်းလွင်ကို ဆရာ တောင်းပန်ပါတယ်။ ဒါပေမဲ့ ဆရာ မှားတာက ခွင့်လွှတ်သင့်တဲ့ အမှား မဟုတ်ဘူး၊ မောင်သန်းလွင် ဆရာ့ကို ခွင့်မလွှတ်ပါနဲ့။ ဆရာကြီး ကျွန်တော့်ကို ထိုက်တန်တဲ့ အပြစ်ပေးပါ။ ကျွန်တော် ဒီကျောင်းမှာ ဆရာကြီးနဲ့ ဆရာ၊ ဆရာမတွေ မျက်နှာကို ဘယ်လိုလုပ် ကြည့်ရမလဲ။ ဒီကလေးတွေကရော ကျွန်တော့မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်မလဲ။ ကျွန်တော့်သင်ကြားမှုတွေလဲ ဘာမှ အောင်မြင်နိုင်မှာ မဟုတ်တော့ဘူး'



ဆရာ ဦးအေးကြည်က ပြောရင်းမှ ခေါင်းကို ခါယမ်းလိုက်ရာ မျက်ရည်တစ်ပေါက်သည် ထိုင်နေသော မောင်သန်းလွင်၏ လက်ဖမိုးပေါ်သို့ လွင့်စဉ်ကျသွား၏။

ကျွန်တော်သာမက မောင်သန်းလွင်နှင့် ဒေါ်စိုးစိုးနွယ်ပါ ဆရာဦးအေးကြည်ကို လှမ်းကြည့်နေကြသည်။

မောင်သန်းလွင်ကတော့ အတော်ပင် စိတ်မကောင်း ဖြစ်နေပုံရသည်။ ဆရာဦးအေးကြည်ကို သနားနေဟန် တူပါသည်။ ဆရာမ ဒေါ်စိုးစိုးနွယ်၏ မျက်နှာပင် စောစောကလို မတင်းမာတော့ပါ။

'ကဲ . . . ဒါတွေထားပါဦး ဆရာ၊ ဘယ်လိုဖြစ်ကြတယ်ဆိုတာ အရင်ပြောပါဦး။ ထိုင်ပါ ဆရာ၊ ထိုင်ပြောပါ'

ဆရာဦးအေးကြည်က ကျွန်တော့်စကားကို နားထောင်၍ မောင်သန်းလွင်၏ ဘယ်ဘက်ဘေးမှ ကုလားထိုင်တွင် ထိုင်သည်။

'ကျွန်တော် ကိုးတန်းဘီကို ဒီနေ့မှ စ ဝင်ရတာပါ ဆရာ၊ ဒီအတန်းက နှစ်ကျတွေချည်း စုထားတာ နည်းနည်းတော့ ဆိုးတယ်ဆိုတာလဲ ကြားထားတော့ ကျွန်တော်သတိထားပြီး ဝင်သွားပါတယ်။ အတန်းထဲ ကျွန်တော်ရောက်တာနဲ့ အားလုံး မတ်တတ်ရပ်ပြီး နှုတ်ဆက်ကြပေမယ့် ဒီကလေးက မထဘူး ဆရာကြီး'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

'ဒါပေမယ့် ဒါက ပြဿနာ မဟုတ်သေးပါဘူး။ အဲဒီအချိန်မှာ နောက်ကနေ ပစ်လိုက်တဲ့ စက္ကူခွန်လေးတစ်ခုက ဝဲလာပြီး ဒီကလေး

ရှေ့မှာ ကျပါတယ်။ သူက အဲဒီစွန်ကိုကောက်ပြီး နောက်ကိုမကြည့်ဘဲနဲ့ ပြန်ပစ်လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်က အတန်းရှေ့ရောက်နေပြီ။ ဒါပေမယ့် ဖြစ်ချင်တော့ သူပစ်လိုက်တဲ့ စွန်က နောက်ကိုသွားရာကနေ တံ့ခနဲရပ်ပြီး ရှေ့ဘက်ကို ဝဲဆင်းလာတယ်။ ကျွန်တော့်ဗိုက်ကို တည့်တည့်မှန်တယ်၊ ကျောင်းသူ ကျောင်းသားတွေက ဝါးခနဲရယ်ကြတယ်'

မောင်သန်းလွင်က ခေါင်းညိတ်ပြသည်။

ဟုတ်မှန်ကြောင်း ဝန်ခံခြင်း ဖြစ်၏။

'အဲဒီတော့ ကျွန်တော့်ကို နယ်ကပြောင်းလာစ ဆရာအဖြစ်နဲ့ မရိုမသေလုပ်တယ်ထင်ပြီး ကျွန်တော့်စိတ်ထဲမှာ ဒေါင်းခနဲ ဖြစ်သွားတယ်။ ဒါနဲ့ . . . ကျွန်တော် မောင်သန်းလွင်ဆီ လျှောက်သွားပြီးမင်း မတ်တတ်ရပ်စမ်းလို့ ပြောပါတယ်၊ သူက မရပ်ဘူး၊ ဘာမှလဲရှင်းမပြဘူး၊ ဒီလမ်းလျှောက်တုတ်တွေကလဲ ခုလို ဘေးမှာရှိနေရင် ကျွန်တော် ဆက်စပ်ပြီး နားလည်မှာပါ ဆရာကြီး'

'ဟုတ်ပါတယ် ဆရာကြီး၊ သူငယ်ချင်းတွေ ယူဆော့လွန်းလို့ တုတ်တွေကို ခုံထဲ ထည့်ထားတာပါ'

မောင်သန်းလွင်က ဖြည့်စွက်ပြောသည်။

'ဒီတော့ သူက မထဘဲနဲ့ ကျွန်တော့်ကိုကြည့်ပြီး ပြုံးပြတယ်၊ ကျွန်တော်က ပမာမခန့်လုပ်တယ်ထင်လို့ မတ်တတ်ရပ်ဖို့ ထပ်ပြီးခိုင်းတယ်၊ သူက မရပ်ဘူး၊ ပြုံးပြတယ်၊ ပြုံးတာကလဲ ပြောင်ပြသလိုပုံမျိုး



ဖြစ်နေတော့ ကျွန်တော် ဒေါသပိုဖြစ်လာပါတယ်'

'ဩော် . . . အဲဒါက သူ့ခမျာ အာရုံကြော အားနည်းလို့ပါ ဆရာရယ်'

'ဟုတ်ပါတယ် ဆရာကြီး၊ အဲဒါက နောက်မှ သိရတာပါ။ အဲဒီအချိန်တုန်းက မသိတော့ စိတ်ဆိုးတာပေါ့။ ဒါနဲ့ သူ့ကို မတ်တတ်ရပ်ဖို့ ထပ်ပြီး အော်ပြောပါတယ်။ သူက မရပ်ဘဲ ထပ်ပြုံးပြတော့ ကျွန်တော့်ကို အရှက်ခွဲတယ်ထင်ပြီး စိတ်ကိုမထိန်းနိုင်တာနဲ့ ကျွန်တော် မဆင်မခြင် လုပ်လိုက်မိတာပဲ ဆရာကြီး။ နောက်မှ ဒီပြင် ကျောင်းသူကျောင်းသားတွေက သူ အလွယ်တကူ မတ်တတ်မရပ်နိုင်တဲ့အကြောင်း ပြုံးတာကလဲ ပြောင်တာမဟုတ်တဲ့အကြောင်း ဆရာကြီးပြောသလိုပဲ အာရုံကြောအားနည်းလို့ ဆိုတဲ့အကြောင်း ပြောပြကြပါတယ်။ ဒါပေမယ့် အမှန်ကို သိတဲ့အချိန်မှာ ကျွန်တော်က လွန်နေပြီ ဆရာကြီး၊ ကျွန်တော် မှားပါတယ်၊ ဆရာတစ်ယောက် အနေနဲ့ ဒီလိုမဖြစ်သင့်ပါဘူး။ မောင်သန်းလွင်ကိုရော ဆရာမကိုရော ကျွန်တော် တောင်းပန်ပါတယ်'

ဆရာဦးအေးကြည်၏မျက်နှာမှာ ဝမ်းနည်းခြင်းကြောင့် ဖြစ်ပေါ်သည့် ပင်ပန်းဆင်းရဲမှုကို ပြင်းထန်စွာ ခံစားနေရပါသည်။ စားပွဲပေါ် တင်ထားသော သူ့လက်များမှာလည်း တုန်နေသည်။

'ကဲ . . . ဆရာဦးအေးကြည်၊ အခု ဆရာပြောတဲ့အတိုင်းဆိုရင် ဒါဟာ မသိလို့ နားလည်မှုလွဲသွားတဲ့ အမှားပဲ၊ မောင်သန်းလွင်ဆရာပြောတာ ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ် ဆရာကြီး'

မောင်သန်းလွင်က ကျေနပ်စွာ ထောက်ခံသည်။

'ဒါပေမယ့် ကျွန်တော့် အမှားက . . .'

ဆရာဦးအေးကြည်ကို ကျွန်တော် လက်ကာပြလိုက်သည်။

'လောကမှာ မသိနားမလည်လို့ မှားမိကြတာ အများကြီးပါ ဆရာရယ်၊ လူတိုင်း မှားဖူးကြပါတယ်။ ဆရာကလဲ အထက်တန်းပြ ဆရာ ဆိုပေမယ့် အသက်ငယ်သေးတာပဲ၊ ရုတ်တရက် ရှက်စိတ်ကြောင့် ဖြစ်တဲ့ ဒေါသကို မထိန်းနိုင်လို့ ဖြစ်သွားတာပါ။

အမှားကိုသိလို့ ပြန်ပြင်ချင်တယ်ဆိုရင် ပြင်လို့ရပါတယ် ဆရာရယ်။ ရုတ်တရက် ဖြစ်ပေါ်တဲ့ ဒေါသကို မထိန်းနိုင်လို့ မဆင်မခြင် နိုင် ပြုမိသွားတဲ့အမှားကို မေတ္တာ စေတနာနဲ့ အမှန်ကိုပြန်ရောက်အောင် ပြုပြင်လို့ရပါတယ်။

ဆရာကြီးကပဲ မောင်သန်းလွင်ကိုရော ဆရာမ ဒေါ်စိုးစိုးနွယ် ကိုရော တောင်းပန်ပါတယ်၊ ဆရာဦးအေးကြည်လဲ သူ ပြုမိတာအတွက် သိပ်ကို စိတ်မကောင်း ဖြစ်နေပါပြီ

'ကျွန်တော် ကျေနပ်ပါတယ် ဆရာ'

မောင်သန်းလွင်က ဦးအေးကြည်ကို လှမ်းကြည့်ရင်း ပြောပါ သည်။ မောင်သန်းလွင်ကို လှမ်းကြည့်နေသော ဦးအေးကြည်မှာ တော့ မျက်ရည်များ ရစ်ဝဲလျက် . . .။

ဆရာမ ဒေါ်စိုးစိုးနွယ်ထံမှ ဘာသံမျှ ထွက်မလာပါ။



သို့သော် ကျွန်တော့်ကို လှမ်းကြည့်ရင်း မသိမသာ ခေါင်းညိတ်ပြပါ၏။

'ဆရာဦးအေးကြည်ကိုလဲ ကျွန်တော် ပြောပါရစေ၊ ခုလိုဖြစ် သွားတာကို သိပ်ပြီး စိတ်မကောင်း ဖြစ်မနေပါနဲ့တော့။ ပြောသာ ပြောရတာ၊ ဆရာ ကြုံရတာမျိုး ကျွန်တော် ကြုံရရင်လဲ စိတ်ကို ထိန်းဖို့ ခပ်ခက်ခက်ပဲ၊ ခုတော့ ဆရာကိုယ်တိုင်လဲ ကိုယ့်အမှားကိုယ်သိပြီး ဖွင့်ဟဝန်ခံနေတာ ဆရာရိုးသားလို့ပါပဲ။ ဆရာ့ကို ကျွန်တော်အပြစ်လဲ မတင်တော့ပါဘူး၊ ဘာပြစ်ဒဏ်မှလဲ ပေးစရာ မရှိပါဘူး။ ဆရာ့ကို မေတ္တာရပ်ခံချင်တာကတော့ ဖြစ်သွားတဲ့ အမှားအတွက် မောင်သန်းလွင် နဲ့အတူပေါ့လေ . . . တပည့်တွေအားလုံးကို ပိုပြီး မေတ္တာစေတနာ ထားပေးပါ၊ သူတို့အားလုံး ဆရာ့ကို ပြန်ပြီးနားလည်လာအောင် ဆက်ဆံရေးမှာရော သင်ကြားရေးမှာပါ ကြိုးစားပေးပါလို့ ဆရာရယ်'

'ဟုတ် . . . ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် ကြိုးစား ပါ့မယ်'

အခြေအနေမှာ ပြေအေးစွာ ပြီးသွားပြီဟု ကျွန်တော် နားလည်လိုက်ပါ၏။

'ကဲ . . . ဆရာမက မောင်သန်းလွင်ကို ဆေးထည့်ပြီး ကြပ်ပူတိုက်ပေးလိုက်ပါဗျာ'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ဆရာမ ဒေါ်စိုးစိုးနွယ်က ထိုင်နေရာမှ မတ်တတ်ရပ်လိုက် သည်။

'ဆရာကြီး၊ မောင်သန်းလွင်ကို ကျွန်တော်ပဲ ကြပ်ပူတိုက်ပေးပါရစေခင်ဗျာ'

ဆရာဦးအေးကြည်ကလည်း မတ်တတ်ရပ်လိုက်ရင်း ကျွန်တော့်ထံ ခွင့်တောင်းသည်။

'သိပ်ကောင်းတာပေါ့ ဆရာရယ်၊ လုပ်ပေးလိုက်ပါ'

ဆရာမ ဒေါ်စိုးစိုးနွယ်က ကျွန်တော့်ရုံးခန်းတွင်ရှိသော ဆေးသေတ္တာမှ ဆေးယူပြီး မောင်သန်းလွင်၏ ပေါက်သွားသော နှုတ်ခမ်းကို ဆေးထည့်ပေးသည်။

ဆရာဦးအေးကြည်က သူ့အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်ယူ၍ ကြပ်ပူတိုက်ပေးသည်။

စောစောက ဒေါသမြင်ကွင်းလေးသည် မေတ္တာအကြင်နာသို့ ပြောင်းလဲသွားပါ၏။

× × ×

ညနေ ကျောင်းဆင်းသောအခါ ဆရာဦးအေးကြည်သည် ဆရာမ ဒေါ်စိုးစိုးနွယ်ကို အကူအညီတောင်း၍ မောင်သန်းလွင် အိမ်လိုက်သွားကြောင်း၊ မောင်သန်းလွင်၏ မိခင်ကြီးကို တောင်းပန်ကြောင်း သိရသည်။

ကောင်းပါသည်။ လုပ်သင့်သောအလုပ်တစ်ခုကို ကျွန်တော်



က မပြောမိဘဲ သူတို့ဘာသာ လုပ်လိုက်ကြ၍ ကျေးဇူးတင်ရသေးသည်။

မောင်သန်းလွင်၏မိခင်မှာ ကုန်စိမ်းပွဲရုံပိုင်ရှင် မုဆိုးမ ဖြစ်သည်။ စိတ်ရင်းကောင်းသူဖြစ်၍ အားတုံ့အားနာ တောင်းပန်လာသော ဆရာဦးအေးကြည်ကိုပင် သူက ပြန်၍ အားနာနေသည်။ ပြီးတော့ သားကလေးကို စောင့်ရှောက်ကူညီပါရန် ဆုံးမပါရန် အပ်နှံသည်။

နောက်တော့ ဆရာဦးအေးကြည်နှင့် မောင်သန်းလွင် သိပ်ကို ခင်မင်သွားကြသည်။ မောင်သန်းလွင်တို့အိမ်မှာ ဆရာဦးအေးကြည်၏ စားအိမ်သောက်အိမ် ဖြစ်လာသည်။

မောင်သန်းလွင်မှာ မစွမ်းမသန်သည့် တစ်ဦးတည်းသော သားကလေးမို့ မိခင်က အလိုလိုက်ထားသောကြောင့် ခြေတစ်ဖက် မသန်သော်လည်း သန်သည့် ခြေတစ်ဖက်နှင့် လက်နှစ်ဖက်က အတော်ဆော့သူ ဖြစ်သည်။ စာလည်းကောင်းကောင်း မကျက်၍ ကိုးတန်း တစ်နှစ်ကျခဲ့ခြင်းဖြစ်သည်။

ဦးအေးကြည်နှင့် ရင်းနှီးလာသောအခါ ဦးအေးကြည်က မောင်သန်းလွင်၏ပညာရေးကို ဂရုစိုက်သည်။ ပွဲရုံကို သွားသည့်အခါ တိုင်း မောင်သန်းလွင် စာကျက် မကျက် မေးသည်။ နားမလည်သည် များရှိလျှင် ရှင်းပြသည်။ စားမေးပွဲနားနီးသောအခါ ဦးအေးကြည်က သူနေထိုင်ရန် ကျောင်းထဲမှာ ပေးထားသည့်အိမ်ကလေးသို့ မောင်သန်းလွင်ကို ခေါ်ထားပြီး စာကျက်ခိုင်းသည်။

ထို့ကြောင့် ကိုးတန်းစာမေးပွဲကို ဒုတိယအကြိမ် ဖြေသော အခါ မောင်သန်းလွင် အမှတ်ကောင်းကောင်းနှင့် အောင်သွားသည်။

ဆရာဦးအေးကြည်သည် ကျွန်တော့်ကျောင်းမှာ အင်္ဂလိပ်စာ ပြသော ဆရာဖြစ်သည်။ သူ၏အမှားအတွက် မောင်သန်းလွင်ကို သာမက တပည့်များအားလုံးကို စေတနာပိုထားပြီး ပိုကြိုးစားသင် သည်။ ညနေပိုင်းနှင့် စနေနေ့တိုင်းတွင် အချိန်ပို ခေါ်သင်သည်။ စာကျက်ခိုင်းသည်။ ကျက် မကျက် စစ်ဆေးသည်။ လေ့ကျင့်ခန်းတွေ အများကြီးခိုင်းသည်။ အပင်ပန်းခံပြီး စစ်ပေးသည်။ ညံ့သူများကို သီးခြားထပ်သင်သည်။

မကြာမီပင် ဆရာဦးအေးကြည်၏ မေတ္တာ စေတနာနှင့် အသင်အပြ ကောင်းခြင်းကို ကျောင်းသူကျောင်းသားများရော ဆရာ ဆရာမများနှင့် မိဘများပါ အသိအမှတ် ပြုလာကြသည်။

ကျွန်တော့်ကျောင်း၏ အထက်တန်းသင်ပြမှုတွင် ယခင်က အားနည်းသည်မှာ အင်္ဂလိပ်စာဖြစ်သည်။ ယခင်အင်္ဂလိပ်စာဆရာသည် သူ့အိမ်တွင် ကျူရှင်ပေး၍ ကျူရှင်ယူသောကျောင်းသားများသာ အင်္ဂလိပ်စာ တော်ကြသည်။ ကျောင်းတွင်သင်ကြားရာ၌ စိတ်ပါ လက်ပါ မရှိ။ သင်ရိုးကုန်အောင်သာ တာဝန်ကျေရုံ သင်ပေးသည်။ အချိန်ပိုခေါ်ခြင်း ထုံးစံမရှိ၊ လေ့ကျင့်ခန်းပေးလေ့မရှိ။ စစ်ပေးရမည် ကို ဝန်လေးသည်။ ထို့ကြောင့် အခြားသော ဘာသာရပ် ဆရာ ဆရာမ များ ကြိုးစားပမ်းစား သင်ကြားပေးသော်လည်း အင်္ဂလိပ်စာ ကျ၍



ကျကုန်ကြသည်။

ဆရာမ ဒေါ်စိုးစိုးနွယ်ဆိုလျှင် ဇီဝဗေဒ သင်ကြားပေးသော ဆရာမလေးဖြစ်သည်။ ကျသော ကျောင်းသားများ၏ အမှတ်များကို မေးကြည့်ရာ ဇီဝဗေဒ ဂုဏ်ထူးရသူများစွာ အင်္ဂလိပ်စာကြောင့် မအောင်သည်ကို သိရသောအခါ စိတ်မကောင်းဖြစ်၍ ငိုရှာသည်။

ခုတော့ ထိုဆရာပြောင်းသွားပြီ။ သူ့နေရာမှာ ဦးအေးကြည် ရောက်လာပြီ။ အားလုံး တက်ညီလက်ညီ အပြိုင်အဆိုင် သင်ကြသည်။ ထို့ကြောင့် ယခုနှစ်တွင် ကျွန်တော့်ကျောင်းမှာ အောင်ချက်ကောင်းရုံ မက ဂုဏ်ထူးတွေနှင့် ဝေဝေဆာဆာ မင်္ဂလာရှိခဲ့ပြီ။ လှသော ပန်းကလေးများ အစွမ်းကုန် ပွင့်လန်းနိုင်ခွင့် ရကြပြီ။

× × ×

ကျွန်တော် တစ်သီတစ်တန်း စဉ်းစားတွေးတောနေဆဲမှာပင် သုံးဘာသာ ဂုဏ်ထူးရှင် မောင်သန်းလွင်သည် စင်မြင့်ရှိရာသို့ ရောက် လာပါပြီ။

စင်မြင့်ပေါ် ရောက်ရန် လှေကားသုံးထစ် တက်ရမည်။ ဆရာ ဦးအေးကြည်က ဆင်းသွားပြီး သူ့တပည့်ကို တွဲတင်ပေးသည်။

'ဆရာ ကူညီလိုက်ပါဦး'

ကျောင်းသားတစ်ယောက်က အော်ပြောလိုက်၍ ဝါးခနဲ

ရယ်သံနှင့်အတူ လက်ခုပ်သံများ ဆူညံသွားသည်။

ကိုယ့်ကျောင်းကိုယ့်ဆရာနှင့် ကိုယ့်တပည့်များသာ နားလည်သော အဓိပ္ပာယ်ဖြစ်ပါသည်။

ဒေါသအမှားကို မေတ္တာ စေတနာနှင့် ကုစားအောင်မြင်သူ ဦးအေးကြည်ကို လှမ်းကြည့်ရင်း ကျွန်တော့်ရင်တွင်းမှ ချီးကျူးမိပါ၏။

မောင်သန်းလွင် စင်မြင့်ပေါ်ရောက်၍ ဆုယူရမည့်နေရာကို လျှောက်လာနေစဉ်မှာပင် သူ့အား ပေးရမည့်ဆုကို ဆရာမလေး ဒေါ်စိုးစိုးနွယ်က ကျွန်တော့်ထံ လှမ်းပေးသည်။

မောင်သန်းလွင်က သူ့ဆရာမကို လှမ်းကြည့်ပြီး နှုတ်ခမ်းလေးတွန့်သွားသည်။ ပြုံးသလိုလို၊ ပြောင်သလိုလို။

ဒေါ်စိုးစိုးနွယ်က မောင်သန်းလွင်ကို ခေါင်းကလေး မသိမသာ ညိတ်ပြသည်။ ပြီးတော့ မောင်သန်းလွင်ဘေးမှ ပါလာသော ဆရာ ဦးအေးကြည်နှင့် အကြည့်ချင်းဆုံ၍ ပြုံးပြရင်း ခေါင်းကလေးငုံ့ပြီး မျက်လွှာကလေး ချသွားသည်။

ဆရာမလေး ဒေါ်စိုးစိုးနွယ်၏အကြည့်တွင် ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းတို့နှင့်အတူ ရှက်ရိပ်ကလေးကိုပါ ကျွန်တော် သတိထားလိုက်မိပါ၏။

'ကောင်းပါတယ်လေ၊ ဒါလဲ လှပတဲ့ ပန်းကလေးတစ်ပွင့် ထပ်ဆင့်ပွင့်လန်းဖို့ပါပဲ'



မောင်သန်းလွင်ကိုဆုပေးရင်း ကျွန်တော် တွေးနေမိပါသည်။

နားထဲမှာ လက်ခုပ်သံများကို ကြားနေရလျက် . . . ။

ရွှေသမင် မဂ္ဂဇင်း (၁၉၉၀ ဇူလိုင်လ)

□ □ □

# ရာထူးကိုသာ ကန်တော့သူ

'ဆရာဆိုတာ ဓားသွားကျောက်နဲ့ တူတယ်။ အမွှေးတိုင်နဲ့ တူတယ်၊ ဖယောင်းတိုင်နဲ့ တူတယ်' ဟု ဆိုကြ၏။

ထိုနှိုင်းယှဉ်ချက်များကို ဆရာဦးတင်မင်း သဘောမကျ။ ဓားသွေးကျောက်သည် မိမိကိုယ်ကို အပွန်းအပါးခံ၍ ဓားကို ထက်စေသည်။ အမွှေးတိုင်သည် မိမိကိုယ်တိုင် အလောင်အကျွမ်းခံ၍ သူတစ်ပါးကို အမွှေးနံ့ပေးရသည်။ ဖယောင်းတိုင်သည် သူတစ်ပါးကို အလင်းရောင်ပေးရင်း မိမိကတော့ တဖြည်းဖြည်းတို၍ ပျောက်ကွယ်သွားရသည်။

ကျောင်းဆရာ၏ဘဝကို အမွှမ်းတင် ဂုဏ်ပြု၍ ပြောခြင်းဖြစ်သော်လည်း ထိုနှိုင်းယှဉ်ချက်များမှာ ကျောင်းဆရာဘဝသည် ကျောင်းသားများကို ပညာသင်ပေးရင်း လုံးပါး ပါးရသည်ဟူသော အဓိပ္ပာယ် သက်ရောက်နေ၍ ဦးတင်မင်း မကြိုက်ခြင်းဖြစ်၏။



အမှန်စင်စစ် ကလေးများကို ပညာသင်ပေးရခြင်းဖြင့် ကျောင်းဆရာမှာ ပွန်းပဲ့လျော့ပါးသွားခြင်း မရှိပါ။ လောင်ကျွမ်းသွားခြင်းလည်း မဟုတ်ပါ။ တဖြည်းဖြည်းတိုပြီး လုံးပါးပါးသွားခြင်းလည်း မရှိပါ။ ပညာဆိုသည်မှာ မည်မျှပင် ပေးပေး လျော့ပါးသွားသည်ဟူ၍ မရှိ။ မိမိကိုယ်တိုင် ထပ်မံ မဖြည့်ဆည်းလျှင် မတိုးတက်ရုံသာရှိသည်။

တပည့်များသည် အတန်းစဉ် အဆင့်ဆင့် တိုးတက်သင်ကြားသွားခြင်းဖြင့် ဆရာ့ထက် ကြီးမြင့်သွားသည်မှာ ဆရာ့အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစရာသာ ဖြစ်ပါ၏။

မိမိက မူလတန်းသင်သော ဆရာဖြစ်လျှင် တပည့်များကို မူလတန်းအဆင့် တတ်ကျွမ်းအောင် စေတနာထားပြီး သင်ကြားပေးရုံသာရှိသည်။ ထိုကလေးများ အလယ်တန်းရောက်သွားတော့ နောက်ထပ် မူလတန်းကလေးများ ထပ်မံရောက်လာကြလိမ့်မည်။ ထိုကလေးများကို ဆက်လက်ပြီး စေတနာထား၍ သင်ကြားရပေလိမ့်မည်။

အလယ်တန်းဆရာကလည်း မူလတန်းအောင်မြင်၍ တက်လာသောတပည့်များကို အလယ်တန်းပညာ သင်ကြားပေးရလိမ့်မည်။ ဤနည်းအားဖြင့် အထက်တန်းပြဆရာ၊ တက္ကသိုလ်ဆရာတို့သည် တပည့်များကို လက်ဆင့်ကမ်း၍ တစ်ဆင့်ထက်တစ်ဆင့် တိုးမြင့်အောင် မြှင့်တင်ပေးကြရသည်။

ဘွဲ့ရသော တပည့်များ၊ ရာထူးဂုဏ်သိန်နှင့် ကြီးမြင့်လာသော တပည့်များကို တွေ့မြင်ရခြင်းအတွက် မူလတန်းပြဆရာ၊ အလယ်

တန်းပြဆရာသည် အားငယ်ဝမ်းနည်းစရာ မဟုတ်ပါ။ တပည့်အတွက် မုဒိတာသာ ဖြစ်ရသည်။ တပည့်များစွာတို့ကလည်း မိမိတို့ဆရာကို ဆရာအဖြစ်နှင့်သာ လေးစားကြပါ၏။ သို့သော် ထိုတပည့်များထဲမှာ ရွှေမိုးအောင်လို တပည့်မျိုးများပါလာလျှင်လည်း ဆရာဦးတင်မင်း ခွင့်လွှတ်နိုင်ပါ၏။ ထိုတပည့်မျိုးအတွက် ကိုယ့်ဘဝကိုလည်း စိတ်မပျက်၊ ကျန်တပည့်များကိုလည်း စေတနာမကွက်။

× × ×

ဦးတင်မင်း ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်ပြီး တော့ ဖခင်ဖြစ်သူက မူလတန်းကျောင်းအုပ်မှ သက်ပြည့် အငြိမ်းစား ယူရသည်။ ထို့ကြောင့် မိဘ၏အခြေအနေအရ အလယ်တန်းပြဆရာ ဝင်လုပ်ရသည်။

ပထမနှစ်တွင် (၅)တန်း (၆)တန်းကလေးများကို သင်ရသည်။ ကျောင်းဆရာအလုပ်တွင် စိတ်ဝင်စား၍ ကလေးများအား ပညာသင် ပေးရသည်ကို ဦးတင်မင်း ပျော်ရွှင်ကြည်နူးမိ၏။ လုပ်သက် လေးနှစ် ရမှ (၇)တန်းအထိ သင်ရ၏။

ထိုနှစ်မှာပင် ရွှေမိုးအောင်က ဦးတင်မင်း သင်ရသော ငါးတန်းမှာ တပည့်ဖြစ်လာ၏။ ရွှေမိုးအောင်၏ မိဘများသည် ဦးတင်မင်းတို့၏ ဖြူးမြို့ဇာတိသားများမဟုတ်။ အစိုးရဝန်ထမ်း အရာရှိ



အဖြစ် အလုပ်တာဝန်အရ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

ရွှေမိုးအောင် စာကြိုးစားသည်။ စာတော်သည်။ သို့သော် အရာရှိသားပီပီ မျက်နှာထား တင်း၏။ မည်သူနှင့်မျှ အရောတဝင် ပေါင်းသင်းခြင်းမရှိ။ ဆရာများကိုပင် ရင်းနှီးခင်မင်စွာ ဆက်ဆံခြင်းမပြု။ သို့သော် စာကြိုးစား၍ စာတော်သောကြောင့် ရွှေမိုးအောင်ကို ဦးတင်မင်း သဘောကျပါ၏။ (၅)တန်းမှ (၇)တန်းအထိ ဦးတင်မင်း သုံးနှစ် သင်ပေးလိုက်ရသည်။ ရွှေမိုးအောင် တစ်တန်းမျှ မကျ။

အထက်တန်းသို့ ရောက်သောအခါမှာလည်း ရွှေမိုးအောင် စာတော်ပါသည်။ ဖြူးမြို့မှာပင် ဆယ်တန်းအောင်သွားသည်။

ရွှေမိုးအောင် တက္ကသိုလ် ဆက်တက်သည့်နှစ်မှာပင် သူ့မိဘ များလည်း ရန်ကုန်သို့ ပြောင်းသွား၍ ရွှေမိုးအောင် ဖြူးမြို့နှင့် အဆက်အသွယ် ပြတ်သွားခဲ့၏။

× × ×

ဦးတင်မင်းသည် အလယ်တန်းပြဆရာ လုပ်ရင်းပင် ဘဝတူ အလယ်တန်းပြ ဆရာမတစ်ဦးနှင့် အိမ်ထောင်ကျ၏။

ကျောင်းတာဝန်၊ အိမ်ထောင်တာဝန်၊ မြို့ရွာ၏ လူမှုရေး တာဝန်များကို ထမ်းဆောင်ရင်း ဦးတင်မင်း အသက်လေးဆယ်အရွယ် သို့ ရောက်ခဲ့ပြီး သားသမီးများပင် အလယ်တန်းကျောင်းသူ

ကျောင်းသားများ ဖြစ်လာကြပြီ။

ထိုအချိန်မှာပင် ဦးတင်မင်းတို့ ဖြူးမြို့ဆေးရုံသို့ ရွှေမိုးအောင် လက်ထောက်ဆရာဝန်အဖြစ်နှင့် ရောက်လာသည်။ ဒေါက်တာ ရွှေမိုးအောင် ဖြစ်လာ၏။

ဖြူးမြို့ဆေးရုံသို့ ရွှေမိုးအောင် ဆရာဝန်အဖြစ် ရောက်လာကြောင်း တပည့်ဟောင်းများပြော၍ သိရတော့ ဦးတင်မင်း ဝမ်းသာအားတက်မိ၏။

တစ်နေ့တွင် မမျှော်လင့်ဘဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဒေါက်တာရွှေမိုးအောင်နှင့် ဆရာဦးတင်မင်းတို့ ဆုံမိကြ၏။

ဦးတင်မင်း ဝမ်းသာအားရနှင့် ဒေါက်တာရွှေမိုးအောင်တို့ စားပွဲသို့သွားပြီး နှုတ်ဆက်၏။

'မင်း ရွှေမိုးအောင် မဟုတ်လားကွ'

ဦးတင်မင်းက ဝမ်းသာအားရ မေးလိုက်သည်။

'ဩော် . . . ဟုတ်ပါတယ်'

ရွှေမိုးအောင် ထိုင်လျက်မှပင် တည်ငြိမ်သောအသံနှင့် ဖြေသည်။

'အေးကွာ၊ မင်း ဖြူးကို ဆရာဝန်အဖြစ်နဲ့ ရောက်လာတယ်ကြားလို့ ဆရာ ဝမ်းသာတယ်ကွာ'

'ဟုတ်ကဲ့၊ လိုတဲ့အကူအညီရှိရင် ပြောပါ'

ရွှေမိုးအောင်က အသံမှန်နှင့်ပင် ပြောသည်။



'အေး . . . အေး၊ ကျေးဇူးပါပဲကွာ'

'လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ' ဆိုသော စကားအတွက် ဆရာဦးတင်မင်း အားတက်သွားသည်။

သို့သော် စကားဆက်ပြောနေရင်းမှာပင် ဦးတင်မင်း၏ ရင်ထဲမှာ တစ်ခုခု လိုနေသလို ခံစားရသည်။ ရုတ်တရက်သော် ဘာလိုနေမှန်း မသိသေး။ ရွှေမိုးအောင်၏ ဆက်ဆံမှုမှာ လှိုက်လှဲဝမ်းသာ မရှိ၍ မဟုတ်။

'ဒါ သူ့သဘာဝပဲ'

ဦးတင်မင်း နားလည်ခွင့်လွှတ်၏။

နောက်မှ ဦးတင်မင်း သတိထားမိသည်။

'ဆရာ' ဟူသော နာမ်ပုဒ်ကို ရွှေမိုးအောင် လုံးဝအသုံးမပြုခြင်းဖြစ်သည်။

× × ×

ရွှေမိုးအောင်နှင့် လက်ဖက်ရည်ဆိုင်မှာ တွေ့ပြီးနောက် နှစ်လခန့်အကြာတွင် ဦးတင်မင်း၏ သားငယ်လေး မျက်စိနာရောဂါကြောင့် ဆရာဦးတင်မင်း ဆေးရုံသို့ ကလေးကို သွားပြသည်။

ဒေါက်တာ ရွှေမိုးအောင်နှင့်အဆင်သင့်ပင် တွေ့ပါ၏။ ဒုတိယအကြိမ် ဆုံရခြင်းဖြစ်သည်။

'ဩော် . . . လာပါခင်ဗျ၊ ကလေး ဘာဖြစ်လို့လဲ'

ရွှေမိုးအောင်က ခရီးဦးကြို စကားပြောပါသည်။ 'ဆရာ' ဟူ၍ မခေါ်။

'အေးကွာ၊ ငါ့ကလေး မျက်စိနာနေလို့ ကြည့်ပေးပါဦး'

ဦးတင်မင်းကလည်း သတိထားပြီး ငါ့ကလေးဟု ပြောသည်။ 'ဆရာ့ကလေး' ဟု မသုံး။ သူ မခေါ်ချင်သည့် 'ဆရာ' ဟူသော နာမ်ပုဒ်ကို ကိုယ်ကလည်း ထည့်၍ မပြောချင်ပါ။

ဒေါက်တာရွှေမိုးအောင်က ဆရာဦးတင်မင်း၏ သားငယ်ကို သေသေချာချာ ကြည့်ရှုပေးသည်။ သူကိုယ်တိုင် မျက်စဉ်းခတ်ပေးသည်။ အိမ်မှာခတ်ရန်အတွက် မျက်စဉ်းတစ်ဘူးကိုလည်း ပေးလိုက်သည်။

'ဒီမျက်စဉ်းကို အိမ်မှာ လေးနာရီခြားတစ်ကြိမ် ခတ်ပေးပါ။ သက်သာတယ် မသက်သာဘူးဆိုတာလဲ မနက်ဖြန် လာပြပါဦး'

'အေး . . . အေး . . . ကျေးဇူးတင်ပါတယ်ကွာ၊ ပြန်လိုက်ပါဦးမယ်'

ဆရာဦးတင်မင်း ကလေးကို လက်ဆွဲပြီး ပြန်ခဲ့သည်။

ဒေါက်တာ ရွှေမိုးအောင် ပေးသော မျက်စဉ်း၊ ဒေါက်တာ ရွှေမိုးအောင်၏ ကုသမှုဖြင့်ပင် ကလေးမျက်စိနာ ပျောက်ခဲ့ပါ၏။

× × ×



ဆရာဦးတင်မင်းနှင့် ဒေါက်တာရွှေမိုးအောင် တတိယအကြိမ်ဆုံရသည်က တပည့်ဟောင်းတစ်ဦးဖြစ်သူ ကောင်းမြင့်၏အလှူမှာ။

ကောင်းမြင့်သည် ဖြူးမြို့မှာ လူကုံထံ၊ သစ်ကုန်သည်လုပ်သလို အဝေးပြေးကားများလည်း ထောင်ထားသည်။ ထို့ကြောင့် သူ့အလှူမှာ ကြီးကျယ်၍ လူလည်းစည်ကားလှသည်။ ဆရာဦးတင်မင်းရောက်သွားတော့ ကောင်းမြင့်ကိုယ်တိုင် အလှူမဏ္ဍပ်အပေါက်မှ ထွက်ကြိုသည်။

'ဆရာကလဲ နောက်ကျလိုက်တာ၊ လာ ဆရာ . . . အတော်ပဲ မဏ္ဍပ်ထဲမှာ ဆရာ့တပည့်တွေ အတော်စုံစုံရောက်နေကြတယ်။

ကောင်းမြင့် သို့မဟုတ် အလှူ့ဒကာ ဦးကောင်းမြင့်က ဆရာဦးတင်မင်း၏လက်ကို ရင်းနှီးခင်မင်စွာ ဆုပ်ကိုင်ပြီး မဏ္ဍပ်ထဲသို့ ခေါ်သွားသည်။ ခေါင်းရင်းပိုင်းကျကျ ကော်ဇောတစ်ချပ်ပေါ်တွင် ထိုင်နေကြသော ဝိုင်းသို့ ဦးတင်မင်းကို ကောင်းမြင့်က ပို့ပေးသည်။

'ဟော . . . ဆရာပါလား၊ လာ ဆရာ'

'ဒီဘက်မှာ ထိုင် ဆရာ'

ဗဟိုတရားရုံး ရှေ့နေဖြစ်သော တပည့်ဟောင်း ကျော်ထွန်းက ထ၍ ကြိုသည်။ ကင်းတားဆည်စီမံကိန်းမှာ အင်ဂျင်နီယာဖြစ်နေသော သာဒွေးက နေရာဖယ်ပေးသည်။

ဦးတင်မင်း ထိုင်လိုက်တော့ ထိုဝိုင်းတွင် ရောက်နှင့်နေသော ဒေါက်တာရွှေမိုးအောင်ကို တွေ့ရသည်။

'ဪ . . . မောင်ရွှေမိုးအောင်လဲ ရောက်နေပြီကိုး'

ဦးတင်မင်းက နှုတ်ဆက်လိုက်သည်။

'ဟုတ်ကဲ့'

ကျန်တပည့်ဟောင်းများက ငယ်ဆရာနှင့်ဆုံရ၍ ကလေးစိတ်ပါက်ကုန်ပြီး ရှေးဟောင်းနှောင်းဖြစ်များ ပြောကြ၊ ရယ်ကြနှင့် ဝိုင်းည်နေ၏။

'ဆရာ၊ ဒီကောင်တွေ သိပ်ဆူနေပြီဆရာ၊ ကျွန်တော်ကြိမ်လုံး သွားယူလိုက်ရမလား'

အလှူ့ဒကာ ဦးကောင်းမြင့်ပါ မနေနိုင်တော့ဘဲ ဝိုင်းထဲသို့ င်လာသည်။

'ဟုတ်တယ် ဆရာ၊ ဒီအလှူ့ဒကာလဲ မဏ္ဍပ်တိုင်ပေါ် ခဏခဏ က်ဆော့နေတယ်ဆရာ၊ လိမ့်ကျလိမ့်မယ်၊ အဲဒါ မဏ္ဍပ်တိုင် အဖက် ိုင်းပြီး ရိုက်ပစ်ခဲ့ပါဦးဆရာ'

ရှေ့နေ ကျော်ထွန်း၏စကားကြောင့် အားလုံး ဝါးခနဲရယ်ကြ သည်။

ထိုဝိုင်းထဲတွင် ထူးထူးခြားခြား နှုတ်ဆိတ်ပြီး ကျွန်ကြီးနေ သူမှာ ဒေါက်တာ ရွှေမိုးအောင်။ ထိုအချက်ကို ဦးစွာသတိထားမိသူက အင်ဂျင်နီယာ သာဒွေး။

'ဟော့ . . . ကိုရွှေမိုးအောင်၊ ခင်ဗျားလဲ ဆရာဦးတင်မင်းနဲ့ သင်ဖူးတယ် မဟုတ်လား'



'သင်ဖူးပါတယ်'

ရွှေမိုးအောင်၏အသံက မြူးကြွနေသော အခြားသူတို့၏ကြား တွင် ထူးခြားစွာ တည်ငြိမ်နေ၏။

'ဟ . . . သင်ဖူးတာပေါ့ကွ၊ ငါနဲ့သူနဲ့ တစ်ခန်းတည်းပဲဟာ၊ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း အတူတူ သင်ခဲ့တာပဲကွ'

ရပ်ကွက်လူကြီး ဖြစ်နေသော တင်ဒွေးက ဝင်ပြောသည်။

'ဟုတ်တယ် . . . သူက အဲဒီတုန်းက မော်နီတာ၊ အခု ရပ်ကွက်လူကြီး၊ တို့တစ်သက်လုံး ဒီကောင့်ဩဇာနဲ့ကို မလွတ်နိုင်ဘူး'

ရှေ့နေ ကျော်ထွန်း၏စကားကြောင့် ဝါးခနဲ ရယ်ကြပြန် သည်။ ဒေါက်တာ ရွှေမိုးအောင်လည်း ရောယောင်ပြုံးရင်းမှ နေရာ ပြင်လိုက်သည်။

'ကိုကောင်းမြင့် ကျွန်တော် ပြန်တော့မယ်'

ဒေါက်တာ ရွှေမိုးအောင် အလှူ့ဒကာကို နှုတ်ဆက်လိုက် သည်။

'ဟင် . . မောင်ရွှေမိုးအောင် ပြန်တော့မှာလား၊ စောပါ သေးတယ်'

ဆရာဦးတင်မင်းက အပျော်ဝိုင်းလေး မပျက်ချင်သေး။

'ဆေးရုံမှာ ဂျူတီဝင်စရာ ရှိသေးလို့ပါ'

'အေးကွာ . . ငါတို့က ကိုယ့်မြို့ ကိုယ့်ရွာမှာ သူငယ်ချင်း ပြန်ရောက်လာတာကို သိပ်ဝမ်းသာနေကြတာ'

အလျှဒကာ ကောင်းမြင့်က သူငယ်ချင်းဆရာဝန်မို့ အားကိုး နေ၏။

'လိုတဲ့အကူအညီရှိရင် ပြောပါ အားလုံးကို ပြောတာပါ'

ဒေါက်တာရွှေမိုးအောင်က အားလုံးဘက်သို့ လှည့်ပြောသည်။

'ငါတို့ကတော့ ငယ်ပါသေးတယ်ကွာ၊ ဆရာ အကူအညီလို ရင်လဲ မင်း ကူညီပါကွာ'

တင်ဌေးက ဆရာ့အတွက် ပြောသည်။

'ဟာ . . . ရပါတယ်၊ လိုရင်ပြောပါ'

ဒေါက်တာ ရွှေမိုးအောင်က ဆရာ့ကို လှမ်းကြည့်ပြောသည်။

× × ×

'ဟေ့ . . . မင်းတို့ တစ်ခု သတိထားမိလားကွ'

ဒေါက်တာရွှေမိုးအောင် ထွက်သွားပြီးသည်နှင့် ရွှေနေ ကျော်ထွန်းက စသည်။

'ဘာလဲ ပြော၊ ငါ သတိထားမိတယ်'

တင်ဌေးအသံက မာသည်။

'ဟိုကောင် ဆရာရောက်လာကတည်းက မရင်းနှီးသလိုပဲ၊ ခပ်စိမ်းစိမ်းကြီးကွ၊ ပြီးတော့လဲ ခဏနဲ့ ထပြန်သွားတယ်'



ကျော်ထွန်း၏လေက မကျေနပ်သံ။

'ဟုတ်တယ်၊ နောက်ပြီးတော့ 'ဆရာ'လို့ တစ်ခွန်းမှ ခေါ် မသွားဘူး'

တင်ဌေး၏ ဒေါသသံ။

'ငါလဲ သတိထားမိတယ်၊ ဒီကောင် ဆရာဝန်ဖြစ်လာတော့ ကိုယ့်ငယ်ဆရာကို ဆရာလို့ ခေါ်ရမှာ ဝန်လေးနေသလား မသိဘူး'

အင်ဂျင်နီယာ သာဒွေး၏ မှတ်ချက်။

'အင်း . . . နေကြဦးကွ၊ ဆရာ့သားငယ် မျက်စိနာလို့ ဆေးရုံသွားပြတာ သူကိုယ်တိုင် ဂရုတစိုက် လုပ်ပေးပါတယ်။ အဲဒီလိုတော့ ကူညီပါတယ်ကွ'

ဆရာဦးတင်မင်းက တပည့်တို့ကို အမျက်ဖြေလိုက်သည်။

'အဲဒီလိုသွားတော့ ဆရာနဲ့စကားပြောတဲ့အခါ 'ဆရာ' လို့ ခေါ်လား ဆရာ'

ရွှေနေ ကျော်ထွန်း၏ရွှေနေပီသသောအမေး။

ဆရာဦးတင်မင်း၏ နှုတ်မှမဖြေချင်၍ ပြုံးပြီး ခေါင်းယမ်း ပြလိုက်သည်။

'နေပါဦးကွ၊ သူ ရောက်ပြီး တစ်လလောက်မှာ ဆရာ ဦးသောင်းတင်၊ ဆရာဦးတင်ထွန်းတို့နဲ့ သူရယ် ငါရယ် ကားဆိပ် ထမင်းဆိုင်မှာ ဆုံဖူးတယ်၊ အဲဒီတုန်းကတော့ ဆရာဦးတင်ထွန်းနဲ့ ဦးသောင်းတင်ကို 'ဆရာ' လို့ ခေါ်သားပဲ'

အလျှုဒကာ ကောင်းမြင့်က စဉ်းစဉ်းစားစားပြောသည်။

'ဟာ ဟုတ်ပြီ၊ ဦးတင်ထွန်းက အခု အထက်တန်းကျောင်းအုပ်ကွ၊ ဦးသောင်းတင်ကလဲ ကျောင်းဆရာက ထွက်၊ တက္ကသိုလ်ဆက်တက်ပြီး အခု မြို့နယ်စိုက်ပျိုးရေးအရာရှိကွ၊ ဆရာတွေကိုပြောင်းလဲတိုးတက်လာတဲ့ ရာထူးရှိမှ လေးစားတာမျိုးလားကွ'

ရှေ့နေကျော်ထွန်းက မကျေမနပ် မေးလိုက်သည်။

'ဟ . . . ဟုတ်တယ်ကွ၊ သူ့ဆေးရုံက မြို့နယ်ဆရာဝန်ကြီးဆိုရင် ဒီကောင် ပျာနေတာပဲ၊ သူ့ဆရာကြီးအတွက် သူ့အကူအညီတောင်းလို့ ငါ ကားကူရတာကို သုံးခေါက်ရှိသွားပြီ၊ သူ့ဆရာကြီး ရန်ကုန်ပြောင်းချင်တာကို အကူအညီတောင်းလို့လဲ ရန်ကုန်မှာရှိတဲ့ ငါ့ဦးလေးနဲ့ ဆက်သွယ်ပြီး ကူညီရသေးတယ်ကွ'

အလျှုဒကာက ထောက်ခံသည်။

'ဒါဖြင့် ဒီကောင်က မေတ္တာ စေတနာနဲ့ ကျေးဇူးတရားကိုတန်ဖိုးမထားတတ်တဲ့ ဆရာဝန်ပဲကွ၊ ရာထူးအဆင့်ကိုပဲ သိပ်အလေးအနက်ထားတဲ့ ခပ်ညံ့ညံ့လူပဲ'

တင်ဋ္ဌေး၏မှတ်ချက်က ပြင်းထန်လွန်းလှသည်။

'ကဲပါကွာ ဒီလောက်လဲ မကျေမနပ် ဖြစ်မနေကြပါနဲ့ ဆရာ့စိတ်ထဲမှာလဲ 'ဆရာ' မခေါ်လို့ ဘယ်လိုမှ မအောက့်မေ့ပါဘူး၊ သူလဲရောက်စမို့ ပြောကျင့်မရှိသေးလို့ နေမှာပါ၊ နောက်တော့ မင်းတို့နဲ့ပေါင်းပြီး ကောင်းသွားမှာပါ'



ဦးတင်မင်းက ခွင့်လွှတ်စကားဆိုရင်း တပည့်များကို နှစ်သိမ့်လိုက်ပါ၏။

'ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဆရာ၊ ကိုယ့်ငယ်ဆရာကို 'ဆရာ'လို့ ခေါ်ရမှာကို ဝန်လေးတာတော့ မကြိုက်ဘူး'

ကျော်ထွန်းကတော့ တင်မာဆဲ။

သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ဆရာဦးတင်မင်း ပထမအစမ်းစာမေးပွဲ အဖြေလွှာများကို အိမ်မှာ စစ်နေစဉ် ဧည့်သည်သုံးယောက် အိမ်ထဲသို့ ဝင်လာကြ၏။

'ဆရာ'

ခေါ်သံကြား၍ ဦးတင်မင်း လှည့်ကြည့်လိုက်တော့ ရှေ့နေကျော်ထွန်း၊ ဒေါက်တာရွှေမိုးအောင်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားထားသော အခြားတစ်ယောက်။

'ဆရာ သူ့ကို မှတ်မိလား'

ကျော်ထွန်းက မေးသည်။

ဦးတင်မင်း စာကြည့်မျက်မှန်ကို ဖြုတ်၍ အသေအချာကြည့်လိုက်သည်။

'ဟင် . . . မင်း မောင်သန်းစိန် မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် ခြောက်တန်းတုန်းကဆရာ့တပည့်ပါ'

'ဪ . . . အေး၊ မင်းနဲ့က ခြောက်တန်းတစ်နှစ်ပဲ ဆုံလိုက်

ရတာဆိုတော့ ဆရာ မနည်း စဉ်းစားယူရတယ်'

ထိုအချိန်က ဖြူးမြို့နယ် ဆရာဝန်ကြီး၏ သားဖြစ်သူ သန်းစိန်သည် နောက်တစ်နှစ်တွင် သူ့အဖေ အလုပ်ပြောင်း၍ ဖြူးမြို့မှ ပြောင်းသွားသည်ကို ဦးတင်မင်း သတိရမိသည်။

'အခု သူက ဒီဖြူးမြို့မှာ မြို့နယ်ဆရာဝန်ကြီးအဖြစ်နဲ့ ပြောင်းလာတာဆရာ'

ကျော်ထွန်းက ဝင်ပြောလိုက်သည်။

'ဟာ . . . ဟုတ်လား၊ ဝမ်းသာလိုက်တာကွာ၊ ကဲ . . . ထိုင်ကြပါဦး'

'ကျွန်တော်တို့ မထိုင်သေးဘူး ဆရာ၊ ဆရာထိုင်ပါ၊ ကျွန်တော် ဒီပြန်ရောက်ပြီး မနေ့ညက ဒီ ကိုကျော်ထွန်းတို့ သူငယ်ချင်းတွေနဲ့ဆုံပြီး စကားပြောကြရင်း ဆရာနဲ့လဲ တွေ့ချင်တဲ့အကြောင်း ပြောတာနဲ့ ဒီနေ့ ကိုကျော်ထွန်းက လိုက်ပို့တာ၊ ကျွန်တော် ဆရာ့ကို ကန်တော့ပါရစေ ဆရာ'

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းစိန်က ဦးတင်မင်းရှေ့မှာ ရှိသေစွာ ထိုင်၍ ကန်တော့သည်။

'ကျွန်တော်လဲ ကန်တော့ပါတယ် ဆရာ'

ရှေ့နေကျော်ထွန်းပါ ထိုင်၍ ကန်တော့သည်။

ဒေါက်တာ ရွှေမိုးအောင်မှာ နောက်နားတွင် ရပ်နေရင်းမှ မျက်စိမျက်နှာ ပျက်လာပြီး သူ၏မြို့နယ်ဆရာဝန်ကြီးဘေးမှာ ထိုင်၍



ဆရာဦးတင်မင်းကို ကန်တော့လိုက်ပါသည်။

ဆရာဦးတင်မင်းက တပည့်များကိုကြည့်၍ ဆုများပေးနေ၏။

ရှေ့နေ ကျော်ထွန်းက ဦးသုံးကြိမ်ချပြီး ဆရာ့မျက်နှာကို မော့ကြည့်၍ ပြုံးပြလိုက်၏။ ထိုအပြုံး၏အဓိပ္ပာယ် အကျယ်အပြန့်ကို ဦးတင်မင်း နားလည်လိုက်ပါသည်။ ထိုထက်ပိုပြီး ရှေ့နေကျော်ထွန်း သိကောင်းမှ သိမည်ဖြစ်သော အချက်တစ်ချက်ကိုလည်း သိလိုက်ပါသေး၏။

ဒေါက်တာရွှေမိုးအောင် ကန်တော့သည်မှာ သူ့ကိုဦးတည်နေသော်လည်း အမှန်စင်စစ်တော့ ဒေါက်တာသန်းစိန်၏ မြို့နယ်ဆရာဝန်ကြီးဟူသော ရာထူးဂုဏ်သိန်ကိုသာဖြစ်သည် ဟူ၍ . . .

ရင်ခုန်ပွင့် (၁၉၈၆ အောက်တိုဘာလ)

□ □ □

# လက်လွှန်ပန်း

ပညာရေးတက္ကသိုလ်မှရသည့် ပညာရေးဘွဲ့ကြောင့်သာ အထက်တန်းပြဆရာမ ဖြစ်ခဲ့ရသည်။ မဖြူ အသက်က နှစ်ဆယ့်ငါး နှစ်သာ ရှိသေးသည်။

တာဝန်ကျသည်ကလည်း ကိုယ့်မြို့ကိုယ့်ဒေသ မုံရွာနှင့်အနီး တစ်ဝိုက်မှာဆိုလျှင် တော်သေး၏။ ခုတော့ အင်းတော်မြို့။ ယခင်က တစ်ခါမျှ မရောက်ဖူးသော နေရာ။ စစ်ကိုင်းတိုင်းအတွင်းမှာပင် ဖြစ် သော်လည်း တစ်ကွေ့တစ်ပတ်ကြီး မီးရထားစီး၍ သွားရသည်။ မဲဇာ ကို ဖြတ်ရတော့ ဩော် .. မဲဇာကိုပင်ကျော်၍ ပို့လိုက်သည်ဟု ရင်ထဲမှာ ခံစားရသည်။ အင်းတော်ကိုရောက်တော့ ဆရာကြီးနှင့်တကွ ကျောင်းသားမိဘများက နေရေးထိုင်ရေးမှအစ အဆင်ပြေအောင် ဝိုင်းဝန်းကူညီကြ၍ တော်ပါသေး၏။ သို့သော် ခက်နေသည်က အတန်းထဲဝင်၍ စာသင်ရသည့်ကိစ္စ။



မဖြူက နာမည်နှင့်လိုက်အောင် ဖြူဖြူသေးသေးဖြစ်၍ အချို့သော ကျောင်းသားကြီးများ၏အရွယ် အရပ်က မဖြူထက် ခေါင်းတစ်လုံး သာနေသည်။

ကျောင်းဆရာအလုပ်ကို ဝါသနာ ပါသော်လည်း သင်ကြားမှု က မကျွမ်းသေး၊ သင်ခန်းစာကို မပိုင်သေး။ တစ်နေ့စာတစ်နေ့ ပိုင် နိုင်အောင် ပြင်ဆင်နေရသည်။ ကျောင်းသားကို နားလည်အောင် မသင်ခင် ကိုယ်တိုင် နားလည်အောင် မနည်းလုပ်နေရသည်။

အတန်း စဝင်သည့်နေ့ကဆိုလျှင် ဒူးတွေတုန်၍ ရင်တွေ ခုန်နေသည်။ စာစသင်တော့ အသံက ပုံမှန်မထွက် ခြောက်သွေ့သွေ့၊ ကွဲအက်အက်။

ကိုယ်က သူတို့ကို ကြောက်နေ၍ ထင်ပါ၏။ သူတို့က ကိုယ့်ကိုမကြောက်။ အချို့သော ကျောင်းသူကျောင်းသားများ၏ အကြည့်က စူးစူးရဲရဲ။ ပြီးတော့ သူတို့အချင်းချင်း တီးတိုးပြောနေကြ သည်။ နေရင်းထိုင်ရင်း မဖြူလက်ဖျားတွေ အေးလာသည်။

သင်ပေးရသည်က အင်္ဂလိပ်စာ။ သူတို့ နားလည်သည် မလည်သည်ထက် ကိုယ့်ဘာသာ အမှားအယွင်း မရှိအောင် မနည်း ကြိုးစားနေရသည်။ တစ်ပတ်လောက်အထိ အရှိန်မရသေး။ အတန်း အုပ်ချုပ်ရေးဆိုသည်ကို သိသော်လည်း ကျောင်းသားကို အပေါ်စီး ရအောင် မစွမ်းဆောင်နိုင်။

အရေးထဲမှာ အချို့ကျောင်းသားများက . . .

'ဆရာမ အသစ်ကလေး ငယ်ငယ်လေး ရှိသေးတယ်' ဟူသော ကြည့်ပုံ၊ ပြောပုံ၊ ဆက်ဆံပုံများကို တွေ့ရသည်။

တချို့ဆိုလျှင် မဖြူ အတန်းထဲ ဝင်လာလျှင် မတ်တတ်ပင် မရပ်ချင်။ အဆိုးဆုံးမှာ ဆယ်တန်း(ခ)မှ အရပ်မြင့်မြင့် ကျောင်းသားတစ်ယောက်။ မဖြူဝင်လာလျှင် မတ်တတ်ထပေးရမည်ကို ဝန်လေးဟန်တူပါ၏။

'ဆရာမ၊ မလျှော့နဲ့နော်။ အစကတည်းက ကျောင်းသားကို အပိုးကျိုးအောင် ကိုင်ထားမှ၊ မရှိမသေ လုပ်ရင် ဦးကျိုးအောင် နှိမ်ထားလိုက်'

အတန်းအားချိန်တွင် ဆရာ ဆရာမများ နားနေခန်း၌ ဆရာမအချင်းချင်း အားပေးလမ်းညွှန် ပြုကြသည်။ ကိုယ့်ကိုကိုယ်လည်း တစ်ရက်ထက်တစ်ရက် အားမာန်တက်အောင် သွင်းရသည်။ ယခုအချိန်သည်ကား မုဆိုး စိုင်သင်ဆိုသကဲ့သို့ ဆရာက တပည့်တို့ထံမှ အတွေ့အကြုံယူနေရသောကာလ။

'မင်္ဂလာပါ ဆရာမ'

မဖြူ အတန်းထဲ ဝင်သွားသည်နှင့် ကျောင်းသူကျောင်းသားများ မတ်တတ်ရပ်၍ နှုတ်ဆက်ကြသည်။

တစ်လပြည့်တော့မည်။ အရပ်မြင့်မြင့် ကျောင်းသားက ပီပီပြင်ပြင် ထမပေးသေး။ အလွန်ဆုံးမှ ကုန်းသလိုလို ကွသလိုလို လောက်သာ လုပ်သည်။ ထိုင်ကြပါ ဆိုသည်နှင့် သူက အလျင်ဆုံး။



ကြာတော့ ထိုကျောင်းသားကို မဖြူ မကျေနပ်။ သူ့နာမည်မှာ အောင်မြင့်ဆိုသည်ကို မဖြူ သိထားသည်။ အသက်ကတော့ မဖြူထက် အများကြီး ငယ်ပါသည်။ သို့သော် သူက အရပ်မြင့်၍ မဖြူထက် ခေါင်းတစ်လုံး ပိုနေသည်။

'ဟင်း . . . မတ်တတ်ကလေး ခဏ ရပ်ပေးရတာကို ဒီလောက်ထိ ဝန်လေးနေသလား၊ သူက ကျောင်းသားပဲ၊ ငါ့ကို ဆရာမလို့ သဘောမထားနိုင်ဘူးလား'

အခြားဆရာ၊ ဆရာမများ ဆယ်တန်း(ခ)သို့ ဝင်ချိန်တွင် မဖြူ မသိမသာ သတိထား ကြည့်မိသည်။ သူ မတ်တတ်ရပ်သည်ကို တွေ့ရသည်။

'ဟင်း . . . သိကြသေးတာပေါ့'

မဖြူ စိတ်ထဲမှာ အမှတ်အတေး ထားလိုက်သည်။

'ငါ့ကျမှ အရိုအသေ မပေးချင်တာ၊ ငါ့ကို သူ့ဆရာမလို့ သဘောမထားလို့ . . . '

ထိုကျောင်းသားအပေါ်မှာ စေတနာ ပျက်သွားမိသည်။

အမှန်ကတော့ အောင်မြင့်သည် ဆယ်တန်း တစ်နှစ်ကျ ထားသော်လည်း စာကမညံ့။ မဖြူ၏ အင်္ဂလိပ်စာ လေ့ကျင့်ခန်းများ ဖြေထားသည်မှာ အောင်နိုင်သော အလားအလာရှိသည်။ လက်ရေးလည်းကောင်းသည်။ အခြားဘာသာများမှာလည်း တော်ကြောင်း၊ ကြိုးစားမှုလည်းရှိ၍ ယခုနှစ် သေချာပေါက် အောင်သွားနိုင်ကြောင်း

ဆရာ ဆရာမများ ပြောနေကြသည်ကို မဖြူ ကြားဖူးသည်။

'ငါက ဆရာမအသစ်မို့ ငါ့ကို သူ့လောက် မတတ်ဘူးများ ထင်နေသလား မသိဘူး၊ ဟင်း . . . ဆယ်တန်းတောင် မအောင်သေးဘဲနဲ့ မြောက်နေတာ၊ သိကြသေးတာပေါ့'

အာယာတ တရားကပူလောင်နေ၍ ထိုနေ့က တစ်နေ့လုံး စာသင်၍ အဆင်မပြေ။

ညကျတော့လည်း တော်တော်နှင့် အိပ်မပျော်။ အောင်မြင့် မျက်နှာကိုသာ မြင်နေသည်။ မြင်တိုင်းလည်း ဒေါသဖြစ်ရသည်။

'ငါက အားနာလို့ အတန်းထဲဝင်ရင် ထိုင်ကြပါ . . . ထိုင်ကြပါနဲ့ မြန်မြန်ခိုင်းတာကို သူက အခွင့်အရေးယူနေတာ၊ မနက်ဖြန်ခါ ဘယ်လိုလုပ်မယ်ဆိုတာ စောင့်ကြည့်ဦးပေါ့၊ အရိုအသေ မပေးချင်တဲ့လူကို ဦးချိုးပြလိုက်ရဦးမယ်'

မဖြူ အိပ်ရာထဲမှာ ပြုံးလိုက်သည်။ သို့သော် မလှသော အပြုံး။

× × ×

အချိန်ပြောင်း ခေါင်းလောင်း ထိုးသည်နှင့် မဖြူ (၉)တန်း အခန်းမှထွက်ပြီး ဆယ်တန်း(ခ)သို့ ကူးခဲ့သည်။



မျက်နှာကို တင်းတင်းထားပြီးမှ အတန်းထဲသို့ ဝင်လိုက်သည်။

'မင်္ဂလာပါ ဆရာမ'

ကျောင်းသူ ကျောင်းသားများ မတ်တတ်ထ၍ နှုတ်ဆက်ကြသည်။

မဖြူ ပြန်နှုတ်ဆက်သည်။ သို့သော် အထိုင်မခိုင်းသေး။

သူကိုယ်တိုင်လည်း မတ်တတ်ရပ်လျက် တစ်တန်းလုံးကို ကြည့်နေသည်။ တချို့ ကျောင်းသားများက ခါတိုင်းလိုပင် အထိုင်ခိုင်းမည်ထင်၍ ထိုင်လိုက်မိကြသည်။ သို့သော် ရှေ့မှ မိန်းကလေးများက ဆရာမ အထိုင်မခိုင်း၍ မထိုင်ဝံ့သောကြောင့် မတ်တတ်ရပ်နေကြဆဲ။ ထိုင်မိပြီးသူ အချို့ ပြန်ထကြသည်။

မဖြူက အောင်မြင့်ကို လှမ်းကြည့်လိုက်သည်။

သူ့နေရာမှာ မရှိ။

'ဘယ်များ သွားပါလိမ့်၊ ဒီနေ့ ကျောင်းမတတ်ဘူးလား'

မတ်တတ် ရပ်နေကြရသည့် ကျောင်းသူ ကျောင်းသားများကို မဖြူ အားနာသွားသည်။

'ထိုင်ကြပါ . . . ထိုင်ကြပါ'

တစ်တန်းလုံး ထိုင်ပြီးမှ အောင်မြင့်က ဘေးပေါက်မှ ဝင်လာပြီး သူ့နေရာတွင် ဝင်ထိုင်သည်။ မဖြူ စင်မြင့်ပေါ်မှ လှမ်းမြင်လိုက်ရသည်။

ရင်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။

'ဟင် . . . ဒါက ပညာတစ်မျိုး ပြလိုက်တာပေါ့လေ'

ဒေါသစိတ်ကြောင့် မဖြူတစ်ကိုယ်လုံး ထူပူသွားသည်။

'ဟို ကျောင်းသား ထစမ်း၊ ဘယ်သွားနေတာလဲ'

မဖြူက အောင်မြင့်ကို လက်ညှိုးထိုးပြီး ပြောလိုက်သည်။ လေသံက မာသည်။ အောင်မြင့် မတ်တတ် ထလိုက်သည်။

'ဆရာမ ဒေါ်ရီရီညွန့်ရဲ့ သင်္ချာလေ့ကျင့်ခန်း စာအုပ်တွေ လိုက်ပို့ပေးတာပါ'

အောင်မြင့် လေသံက မမာသော်လည်း မပျော့။

မဖြူ ဘာဆက်ပြောရမှန်းမသိ။ အောင်မြင့် အကြောင်းပြချက်က ခိုင်လုံနေသည်။

စိတ်ထဲက မကျေနပ်သော်လည်း အထိုင်ခိုင်းလိုက်ရသည်။

'ဆရာမ အဟောင်းတွေကိုတော့ လေးစားပြီး ငါ့ကိုတော့ အရေးမစိုက်တဲ့ အဘောပေါ့'

အာဃာတက ပိုပြီး ကြီးထွားလာသည်။

'ဟင် . . . ဘယ်ပြေးလို့ လွတ်မလဲ၊ မနက်ဖြန်ခါ တွေ့ကြသေးတာပေါ့'

× × ×



အချိန်ပြောင်း ခေါင်းလောင်း ထိုးပြီးသော်လည်း မနေ့ကလို ဖြစ်မည်စိုး၍ မဖြူ ဆယ်တန်း(ခ)သို့ တိုက်ရိုက်မဝင်။ ဆရာများနားနေခန်းသို့ ခဏ ပြန်သွားလိုက်သေးသည်။

'ဟင် . . . ဒီလောက်ဆိုရင်တော့ တွေ့ပြီပေါ့'

(၇) မိနစ်လောက် နောက်ကျပြီးမှ မဖြူ ဆယ်တန်း(ခ)သို့ ဝင်လိုက်၏။

'မင်္ဂလာပါ ဆရာမ'

ကျောင်းသူ ကျောင်းသားများ မတ်တတ်ထ၍ နှုတ်ဆက်ကြသည်။

'မင်္ဂလာပါ'

မဖြူက အထိုင်မခိုင်းသေးဘဲ တစ်တန်းလုံးကို လှမ်းကြည့်လိုက်သည်။

တွေ့ထားပြီ။ အောင်မြင့်က မတ်တတ်မထဘဲ သူ့ရှေ့မှ လူနှင့် ကွယ်ပြီး စာထိုင်ရေးနေသည်။

'ဟို ထိုင်နေတဲ့ တစ်ယောက် မတ်တတ်ထစမ်း'

မဖြူက တင်းမာသော လေသံနှင့် လှမ်းပြောလိုက်သည်။

'ဟော့ကောင် အောင်မြင့်၊ မင်းကိုပြောနေတာ'

ဘေးမှ တစ်ယောက်က လက်တို့ပြီး ပြောမှ အောင်မြင့် ကပျာကယာ မတ်တတ်ထလိုက်သည်။

'ကျန်တဲ့လူတွေ အားလုံးထိုင်ပါ'

အောင်မြင့်မှအပ အားလုံးထိုင်ကြသည်။

'မင်းက ဘာလို့ မတ်တတ်မရပ်တာလဲ'

'စောစောက ဆရာမ ရှင်းပြခဲ့တဲ့ သင်္ချာနှစ်ပုဒ်ကို မှတ်မိတုန်း တွက်နေတာ ပြီးခါနီး ဖြစ်နေလို့ပါ'

'ဒါဖြင့် ကျန်တဲ့လူတွေကတော့ ဘာလို့ မတ်တတ်ရပ်ပြီး နှုတ်ဆက်နိုင်ကြတာလဲ၊ မင်းတစ်ယောက်တည်းပဲ တွက်စရာ ရှိသလား'

အောင်မြင့် ဘာမျှ ပြန်မဖြေနိုင်ပါ။

'ဒီနေ့မှ မဟုတ်ဘူး၊ ငါ နေ့တိုင်း ကြည့်နေတာ၊ မင်းဘယ်တော့မှ မတ်တတ်ထပြီး နှုတ်မဆက်ဘူး၊ ဘာလဲ မင်းက ငါ့ကို ဆရာမလို့ သဘောမထားလို့လား'

'မဟုတ်ပါဘူး'

'ဘာ မဟုတ်ရမှာလဲ၊ မင်း ငါ့ကို အရိုအသေ မပေးချင်လို့ မဟုတ်လား'

'မဟုတ်ပါဘူး'

'မင်း ခုံပေါ်တက် ရပ်စမ်း'

မဖြူ၏ အသံက တင်းမာ ပြတ်သားသည်။

တစ်တန်းလုံး ငြိမ်တိတ်နေသည်။

အောင်မြင့်က မဖြူကို လှမ်းကြည့်နေသည်။

'တက်လေ၊ ငါပြောနေတာ မကြားဘူးလား'



မဖြူ၏ အသံက စူးစူးဝါးဝါး နိုင်လွန်းလှ၏။

အောင်မြင့် ခုံပေါ်တက်၍ မတ်တတ်ရပ်လိုက်သည်။

အောင်မြင့်ကို ကြည့်၍ တစ်တန်းလုံး စိတ်မကောင်း ဖြစ်ကြသည်။ ဒေါသကြောင့် ခက်ထန်ပူပြင်းနေသော ဆရာမ မျက်နှာကို မကြည့်ဝံ့ကြ၊ ခေါင်းငုံ့နေကြသည်။

မဖြူ ဒေါသအရှိန်ကြောင့် တော်တော်နှင့် စာသင်၍မရ။ နောက်မှ အကြံရ၍ လေ့ကျင့်ခန်းများကို သင်ပုန်းကြီးပေါ်မှာ ရေးပေးလိုက်သည်။

'ဒါတွေကို ဖြေကြ'

မဖြူကတော့ ကုလားထိုင်တွင် ထိုင်းပြီး ရှေ့မှ အင်္ဂလိပ် စာအုပ်ကို ဖတ်နေလိုက်သည်။ သို့သော် ဖတ်သာဖတ်သည် ဘာတွေ မှန်းမသိ။

တစ်တန်းလုံး ရေးကြ၊ ဖြေကြသော်လည်း အောင်မြင့် တစ်ယောက် ရေးခွင့်၊ ဖြေခွင့်မရ။ ခုံပေါ်မှာ ထီးထီးကြီး ရပ်လျက်။

'မှတ်ထား၊ မတ်တတ်ကလေး ခဏ ထပေးရတာကို ဝန်လေးတဲ့ကောင်၊ မှတ်လောက်သားလောက် ဖြစ်စေရမယ်'

လေ့ကျင့်ခန်းပေးသည်က များ၍ ကျောင်းသားများ မိနစ် ငါးဆယ် တစ်ချိန်လုံး ဖြေကြရသည်။

အချိန်စေ့ခေါင်းလောင်းထိုးပြီးမှ မဖြူ အတန်းထဲမှမထွက်ခင်

'မင်း ထိုင်နိုင်ပြီ'

အောင်မြင့်ကို ထိုင်ခွင့်ပေးခဲ့သည်။
မဖြူ စိတ်ထဲမှာ ကျေနပ်သွားသည်။
'မှတ်ထား၊ ငါ့ကို စမ်းလို့မရဘူး'

× × ×

နောက်တစ်နေ့တွင် ဆယ်တန်း(ခ)သို့ မဝင်မီ မဖြူ ပြုံးလိုက်သည်။ အောင်မြင့်တစ်ယောက် မှတ်လောက်သားလောက် ရှိပြီထင်၍ ဖြစ်၏။

အတန်းထဲ ဝင်သောအခါ တစ်တန်းလုံး ညီညီညာညာ ထ၍ နှုတ်ဆက်ကြသည်။

'မင်္ဂလာပါ ဆရာမ'

အသံက ခါတိုင်းနေ့ထက် ပိုကျယ်၍ မဖြူ ကျေနပ်သွားသည်။ သို့သော် အထိုင်မခိုင်းသေးဘဲ အောင်မြင့်ကို လှမ်းကြည့်လိုက်သည်။ မဖြူ အထင်နှင့်အမြင် လွဲသွား၏။ အောင်မြင့်တစ်ယောက် ရှိသေစွာ မတ်တတ်ရပ်နေသည်ဟု ထင်ထားသော်လည်း အောင်မြင့်ကို မတွေ့ရ။

'ဟင် . . . မတ်တတ်ရပ်ပေးရမှာစိုးလို့ အပြင်ထွက်ပြီး ရှောင်နေပြန်ပြီထင်တယ်'

မဖြူရင်ထဲမှာ တင်းသွားသည်။



ကျောင်းသားများကို အထိုင်မခိုင်းသေးဘဲ အပြင်သို့ လှမ်းကြည့်လိုက်သည်။ ထိုင်ခိုင်းပြီးမှ အောင်မြင့်ဝင်လာမည်စိုး၍ ဖြစ်သည်။

သို့သော် အတန်းခန်း၏ ပတ်ဝန်းကျင်မှာ အောင်မြင့်ကို မမြင်ရ။

ကျောင်းသားများကို အထိုင်ခိုင်းလိုက်သည်။

စာသင်နေသော်လည်း စိတ်ကမဖြောင့်။ အောင်မြင့် ဘယ်အချိန် ဝင်လာမည်ကို သတိထား၍ စောင့်ကြည့်နေသည်။

အချိန်ကုန်၍သာ ထွက်လာခဲ့သည်၊ အောင်မြင့်ကို မဖြူ မတွေ့ရ။

သုံးရက်အထိ အောင်မြင့်ကို မတွေ့ရသောအခါ မဖြူ စိတ်ထဲမှာ သံသယဖြစ်မိသည်။

'ဟိုကျောင်းသား မလာဘူးလား'

ရှေ့မှ မိန်းကလေးများကို မေးကြည့်မိသည်။

'သူ ကျောင်းမတတ်တာ သုံးရက်ရှိပြီ ဆရာမ'

'ဟုတ်လား'

မဖြူ စိတ်ထဲမှာ ထင့်သွားသည်။

'သူ ကျောင်းထွက်သွားပြီ ဆရာမ'

နောက်ခုံမှ ကျောင်းသားတစ်ယောက်က လှမ်းပြောသည်။

'ဟင် . . .'

'မထွက်ပါဘူး၊ တက်မှာပါ'

'မတက်တော့ဘူးကွ၊ ထွက်သွားပြီ'

ကျောင်းသားနှစ်ယောက် အငြင်းပွားကုန်ကြပြီ။

× × ×

ညကျတော့ မဖြူ အိပ်၍မပျော်။

'သူ ကျောင်းထွက်သွားပြီလား၊ သိပ်ရှက်သွားလို့လား'

မဖြူ စိတ်မကောင်း ဖြစ်မိသည်။

'သူ့အသက်ရွယ်နဲ့ဆိုတော့ ရှက်မယ်ဆိုလဲ ရှက်လောက်တယ်၊ အတန်းထဲမှာ တစ်ချိန်လုံး ခုံပေါ်တက် မတ်တတ်ရပ်နေရတာ၊ အို . . . ငါလုပ်လိုက်တာ လွန်သွားပြီထင်တယ်၊ ဟင်း . . .

မဖြူ သက်ပြင်းချမိသည်။

'အို . . . သူက ငါ့ကို မရိုမသေ လုပ်တာပဲ၊ သူ ဘာလို့ ငါဝင်လာရင် မတ်တတ်ရပ် မပေးချင်သေးလဲ'

မဖြူ စိတ်ပြေအောင် တွေးမိသည်။

'ကျောင်းထွက်သွားရင်တော့ ငါ့ကြောင့် သူ့ဘဝ ထိခိုက်တာပဲ၊ ငါ စိတ်ရှည်ရှည်နဲ့ သည်းခံခဲ့ပြီး မေတ္တာစေတနာ ထားခဲ့ရင် သူလဲ ရိုသေလေးစားမှု တုံ့ပြန်လာမှာပေါ့၊ ငါ အာဃာတတရားတွေ များသွားပြီ'



မဖြူ ကိုယ့်ကိုကိုယ် မကျေမနပ် ဖြစ်မိသည်။

'ဟုတ်တယ်၊ ငါ လွန်သွားတယ်၊ ငါ့မေတ္တာ စေတနာနဲ့ စည်းရုံးရမယ့်အစား ဒေါသတရား ရှေ့ထားမိတယ်'

ခုံပေါ်တွင် ရပ်နေရှာသော အောင်မြင့်ပုံကို မြင်ယောင်၍ မျက်ရည်လည်မိသည်။

'သူ ကျောင်းပြန်တက်ပါစေ၊ ကျောင်းပြန်တက်ရင် ငါ သူ့ကို ပိုပြီး စေတနာထားရမယ်။ ဟုတ်တယ်၊ ဆရာ ဆရာမဆိုတာ ဒေါသ အာဃာတထက် စေတနာ မေတ္တာသာ ပိုသင့်တယ်၊ သူ ကျောင်းပြန် တက်ပါစေ'

× × ×

နေ့စဉ် အတန်းဝင်တိုင်း မဖြူ အောင်မြင့်နေရာသို့ လှမ်းကြည့်သည်။ မတွေ့ရတိုင်း စိတ်မကောင်း ဖြစ်မိသည်။

နောက်တော့ အောင်မြင့် ကျောင်းထွက်သွားပြီဖြစ်ကြောင်း သူ့အတန်းပိုင်ဆရာမထံမှ အတိအကျ သိရသည်။

'ငါကြောင့်ဆိုတာ သူတို့ သိကြမှာပဲ'

အတန်းပိုင်ဆရာမကို မျက်နှာပူမိသည်။

တစ်နေ့တွင် မဖြူ ဆရာများ နားနေခန်းကိုသွားတော့ . . .

'အောင်မြင့်တစ်ယောက် ထွက်သွားတာ နှမြောစရာဗျာ၊ ဒီကောင် ဒီနှစ်သေချာပေါက်'

ဆရာဦးခင်ဝင်း ပြောနေသည်။ သို့သော် မဖြူကို မြင်၍ ထင်ပါ၏၊ တစ်ပိုင်းတစ်စနှင့် စကားရပ်သွားသည်။

ဆရာ၊ ဆရာမအချင်းချင်းကိုလည်း မဖြူ မျက်နှာပူမိသည်။

အတန်းထဲဝင်တော့လည်း ကျောင်းသူကျောင်းသားများ အားလုံး မတ်တတ်တထ၍ မင်္ဂလာပါ ဆရာမဟု အသံကျယ်ကျယ် နှုတ်ဆက်တိုင်း စိတ်မလုံအောင် ဖြစ်မိ၏။

'ငါ့ကို သိပ်အရှိအသေခံချင်တဲ့ ဆရာမလို့ ထင်နေကြပြီ ထင်ပါရဲ့'

ကျောင်းသူ ကျောင်းသားများကိုလည်း မျက်နှာပူမိသည်။

× × ×

မဖြူ အောင်မြင့်ကို သွားတွေ့ပြီး ကျောင်းပြန်တက်ဖို့ ပြောရန် ကြိုးစားသည်။ သို့သော် အောင်မြင့်က အင်းတော်မှာမရှိ။ ရွှေကျင်သောအဖွဲ့နှင့် တောင်ခြေကို လိုက်သွားပြီဟု သိရသည်။

'သြော် . . . ငါ့ကြောင့် လူငယ်တစ်ယောက် ဘဝလမ်းကြောင်း ပြောင်းသွားခဲ့ရပြီ'

ထိုနေ့က မဖြူ ဝမ်းပန်းတနည်းနှင့် မျက်ရည်ကျမိသည်။

အောင်မြင့်အပေါ် ဘင်သည့်အကြွေးကို ကျေနိုင်သမျှ ကျေပါစေတော့ဟု သူသင်ရသော အတန်းတိုင်းမှ ကျောင်းသူကျောင်းသားများကို စေတနာပိုထားပြီး ကြိုးကြိုးစားစား သင်ပေးသည်။ လိုအပ်လျှင် အချိန်ပို ခေါ်သည်။ ညံ့သောကျောင်းသားများကို သီးခြားထပ်၍ သင်ပေးသည်။ လေ့ကျင့်ခန်း များများပေးပြီး အပင်ပန်းခံ၍ ပြင်ပေးသည်။ အများ နားမလည်လျှင် ထပ်သင်သည်။ ကျောင်းသူကျောင်းသားများ အင်္ဂလိပ်စာ သိသိသာသာ တိုးတက်လာကြသည်။

စေတနာ မေတ္တာဆိုသည်မှာ ရောင်ပြန်ဟပ်စမြဲမို့ ကျောင်းသူကျောင်းသားများထံမှ ချစ်ခင်လေးစားမှုများ တုံ့ပြန်လာကြသည်။

စနေနေ့မနက်တိုင်း ဆယ်တန်းကျောင်းသားများကို အချိန်ပိုခေါ်၍ မဖြူသင်ပေးသည်။ ယခင်က ညံ့သူများပင် လိုက်နိုင်လာကြသည်။ အင်္ဂလိပ်စာကို ကျူရှင်မလိုအောင် သင်ပေးသော ဆရာမဟု မိဘများကပါ မဖြူကို လေးစားအားကိုးလာကြသည်။

'သြော် . . . အစကတည်းကသာ ငါဒီလို စေတနာထားပြီး သင်ရင် မောင်အောင်မြင့်လဲ ငါ့ကို လေးစားမှာပါပဲ'

မဖြူ စိတ်မကောင်း ဖြစ်မိသည်။

စနေတစ်ရက်တွင် ဆယ်တန်းကျောင်းသားများကို မဖြူ အပိုချိန် သင်ပေးနေစဉ် ကျောင်းအုပ်ဆရာကြီး ရောက်လာသည်။ အတန်းအပြင်ဘက်မှ ရပ်စောင့်နေသောကြောင့် မဖြူ ထွက်တွေ့သည်။

'ဆရာမ . . . ဒီအတန်းက ထွက်သွားတဲ့ မောင်အောင်မြင့် ဆုံးသွားပြီ'

'ရှင် . . .'

မဖြူ ခေါင်းထဲမှာ ပူထူသွားမိသည်။

'ဘယ်လိုဖြစ်တာလဲ ဆရာကြီးရယ်'

မဖြူ အသံတွေ တုန်နေသည်။

'ချောင်းဖျားတောင်ခြေမှာ ရွှေကျင်ရာကနေ ငှက်ဖျားမိပြီး ဆုံးသွားတာတဲ့၊ အဲဒီတောင်ခြေက ချောင်းဖျားရွာလေးမှာပဲ သင်္ဂြိုဟ်မယ်တဲ့၊ ကျွန်တော်တို့ အခု သွားကြမလို့ ဆရာမ လိုက်ဦးမလားလို့ လာခေါ်တာ'

'အို . . . လိုက်မှာပေါ့ ဆရာကြီးရယ်၊ ကျွန်မကို ဘယ်သူမှ မပြောကြဘူး၊ ကျွန်မ မသိလို့ပါ'

'မဟုတ်ဘူး ဆရာမ၊ ကျွန်တော်တို့လဲ ခုန မကြာခင်ကမှ သိကြတာမို့ လိုက်ပို့ဖို့ အမြန်စီစဉ်ရတာပါ'

မဖြူ အတန်းထဲသို့ ပြန်ဝင်ခဲ့သည်။

'ဒီအတန်းက ဆရာမကြောင့် ကျောင်းထွက်သွားတဲ့ မောင်အောင်မြင့် ဆုံးသွားရှာပြီ'

မဖြူ ကျောင်းသူကျောင်းသားများကို ဝန်ခံသလို ပြောပြပြီး မျက်နှာကို လက်ဝါးနှင့်အုပ်၍ ရှိုက်ကြီးတငင်ငိုပါသည်။

ကျောင်းသူကျောင်းသား အားလုံး စိတ်မကောင်း ဖြစ်ကြသည်။

**အခြေအနေကိုသိ၍ ဆရာကြီး အတန်းထဲသို့ ဝင်လာသည်။**



'ကဲ . . . တပည့်တို့၊ ဆရာမကို ဘယ်လိုမှ မအောက်မေ့ကြပါနဲ့၊ ဆရာမလဲ အသုဘ လိုက်ပို့မှာဆိုတော့ တပည့်တို့ ပြန်နိုင်ကြပြီ'

× × ×

တောင်ခြေ ချောင်းဖျားရွာကလေးသို့ ရောက်အောင် လှည်းတစ်တန်၊ ခြေလျင်တစ်တန် သွားကြရသည်။ တောအုပ်ကို ဝင်ရသည်။ ချောင်းကလေးများကို ဖြတ်ရသည်။ တောင်ကို ကျော်ရသည်။ လှပသော စမ်းရေကလေးများ၊ သစ်ဝါးပေါသော တောကြီးများနှင့် အစားအသောက်ပေါပြီး အေးချမ်းသာယာသော ဤဒေသကို အခုတော့ မဖြူ ချစ်တတ်နေပါပြီ။

ချောင်းဖျားရွာကလေးကိုရောက်တော့ ရွှေကျင်သော အစုအဖွဲ့များနေသည့် တဲအိမ်ကလေးများကို တွေ့ရသည်။

ပြင်ဆင်ထားသော အောင်မြင့်၏ ရုပ်အလောင်းကို မြင်ရတော့ မဖြူ ရင်ထဲမှာ ဆို့နင့်သွားသည်။

'ငါ့ကြောင့် ကျောင်းထွက်ပြီး ဘဝပြောင်းရလေသူ'

မဖြူ ရင်ထဲမှာ ပူလောင်စွာ ခံစားရသည်။

ခုံပေါ်တက် ရပ်နေရသောအောင်မြင့်ကို မြင်ယောင်လာတော့ မျက်ရည်များက ဆီးတား၍မရ။

အောင်မြင့်အနီးသို့ ရောက်အောင် မဖြူသွားသည်။

'အတွေ့အကြုံမရှိသေးတဲ့ဆရာမို့ အပြစ်ပေးလွန်သွားတာ ခွင့်လွှတ်ပါကွယ်၊ နောင် ဆရာမတစ်သက်လုံး တပည့်တွေကို စေတနာ မေတ္တာအပြည့်ထားပြီး မောင်အောင်မြင့်အပေါ် တင်ခဲ့တဲ့အကြွေးကို ဆရာမ ဆပ်ပါ့မယ်'

မဖြူ တိုးတိုးလေးပြောပြီး ရှိုက်ကြီးတငင် ငိုနေမိပါ၏။

ရင်ခုန်ပွင့် (၁၉၈၉ ဩဂုတ်လ)

□ □ □

# အမုန်းခံအလှ

လှပခမ်းနားသော ဖိတ်စာတစ်စောင်။

ဒေါက်တာဝင်းနိုင်ဦး နှင့် ဒေါက်တာသီတာမိုး။

'ဖေဖေ . . . ဒီဖိတ်စာ သမီးပေးပါနော် . . . သိမ်းထားချင်လို့ . . .'

ရှစ်တန်းကျောင်းသူ သမီးငယ်က ဖိတ်စာကို အိတ်နှင့်တကွ အပိုင်ယူလိုက်သည်။

'အဲဒီဖိတ်စာတစ်စောင်ကို နှစ်ရာကျတယ်တဲ့ . . .'

ဒေါ်မြအေးက ဈေးသည်ပီပီ ကျောက်ဆည်ဈေးထဲမှာ သတင်းကြားခဲ့ပြီ။

'ဆန်းသစ်လွင် ရုပ်ရှင်ရုံမှာ မင်္ဂလာဆောင်မှာတဲ့ မေမေရ ဖိတ်စာထဲမှာပါတယ် . . .'

'ဟုတ်တယ် . . . ရန်ကုန်ပုံစံအတိုင်း ကျွေးမှာတဲ့။ တစ်ယောက်ကို သုံးရာ့ငါးဆယ်ဖိုးတဲ့။ ဖိတ်တာတောင် ခွဲတမ်းနဲ့၊

သတို့သားဘက်က တစ်ရာ့ငါးဆယ်၊ သတို့သမီးဘက်က တစ်ရာ့ငါးဆယ်။ တကယ့်မျက်နှာကြီးတွေချည်း ရွေးဖိတ်တာ . . .။ အိမ်ရှေ့တိုက်ကတောင် သူတို့နဲ့ ခင်လျက်သားနဲ့ မဖိတ်လို့ စိတ်ဆိုးနေတယ်။

ဒေါ်မြအေး သတင်းက ပိုစုံသည်။

'အဲဒီအထဲက ငါ့ဖိတ်တာ . . . ဂုဏ်ယူစရာပေါ့ကွ . . .'

ဆရာဦးဘဖြူက သမီးလက်မှ ဖိတ်စာကို လှမ်းကြည့်လိုက်သည်။

'ဂုဏ်ယူတာက ဟုတ်ပါရဲ့ . . .။ ဖိတ်စာက နှစ်ရာ . . . ကျွေးမှာက သုံးရာ့ငါးဆယ် . . .။ အနည်းဆုံးလက်ဖွဲ့မယ့်လူက နှစ်ထောင်သုံးထောင်လောက်မှ လှမှာတဲ့ . . .၊ ဈေးထဲမှာ ပြောနေကြတယ် . . .။ ရှင့် မူလတန်းကျောင်းအုပ် အငြိမ်းစားလစာနဲ့ ဘယ်လောက်လက်ဖွဲ့နိုင်မှာလဲ . . .'

'ဟ . . ဒါကတော့ ရှင်းနေတာပဲကွာ . . . ငါလိုဆရာအိုကြီးက ဘာလက်ဖွဲ့နိုင်မှာလဲ . . . သူတို့သိတာပေါ့၊ လာစေချင်လို့ ဖိတ်တာ သွားလိုက်ရုံပေါ့ . . .'

'ဘာမှ လက်မဖွဲ့ဘဲနဲ့လား . . .'

'အေးပေါ့ . . .'

'အဲဒါဆိုရင်တော့ မသွားနဲ့ . . . သူဌေးတွေကြားမှာ အားနာစရာကြီး . . .'

'မမြအေးရာ . . . သူဌေးတွေက ဘယ်လောက် လက်ဖွဲ့



နိုင်မှာလဲကွ . . . တစ်သိန်းလား . . . ဆယ်သိန်းလား . . . ငါက သူတို့ထက် တန်ဖိုးကြီးကြီး လက်ဖွဲ့ပြီးပါပြီကွ . . .'

ဆရာကြီးက ပြတင်းပေါက်မှတဆင့်အဝေးဆီသို့ လှမ်းကြည့်လိုက်သည် မူလတန်းကျောင်းကလေးကိုမြင်ယောင်လျက် . .

× × ×

လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က . . .

ဆရာဦးဘဖြူကျောင်းမှာ စည်းကမ်းကောင်းသည်၊ အသင်အပြကောင်းသည်ဟု နာမည်ကြီး၏။ လေးတန်းအောင်ချက်လည်းအကောင်းဆုံးကျောင်းဖြစ်သည်။

ဆရာဦးဘဖြူက ကျောင်းအုပ်ဆိုသော်လည်း လေးတန်းမှာ သင်္ချာနှင့် မြန်မာကိုယ်တိုင်သင်သည်။

တစ်နေ့တွင် စတုတ္ထတန်းသို့ မြန်မာစာသင်ရန်ဝင်သွားစဉ် ကျောင်းသူအသစ်မိန်းကလေးကိုသတိထားမိသည်။ ဖြူဖြူသန့်သန့် ချောချောလေး။

ထုံးစံအတိုင်း ဦးဘဖြူအချိန်မှာ တစ်တန်းလုံးငြိမ်တိတ်နေသည်။ ဦးဘဖြူ၏ လက်ထဲမှာလည်း ပါနေကျကြိမ်လုံးရှည်ရှည်ကြီးနှင့်။

ဦး~ဖြူက ယနေ့သင်ကြားမည့် ဖတ်စာခေါင်းစဉ်ကို

ပြောလိုက်သည်။ ကျောင်းသူ ကျောင်းသားအားလုံး စာအုပ်များကို အသင့်ဖွင့်လှန်ထားကြ၏။

ဦးဘဖြူက ကျောင်းသူအသစ်ဆီသို့ လှမ်းကြည့်လိုက်သည်။ မိန်းကလေးခေါင်းငုံ့သွား၏။

'ဟိုကလေးမ .. ဖတ်စမ်း ...'

ဦးဘဖြူက လက်ထဲမှ ကြိမ်လုံးဖြင့် ညွှန်ပြလိုက်သည်။

မိန်းကလေး၏ ကိုယ်လုံးကလေးတုန်သွားသည်ကို သတိထားမိလိုက်၏။ မိန်းကလေးမတ်တပ်ထသည်။

မိန်းကလေးက ဖတ်စာ၏ ပထမစာပိုဒ်ကို စဖတ်ရန် အားယူရင်း နှာခေါင်းတစ်ချက်ရှုံ့၍ မျက်နှာက ထောင့်တန်းအကြောဆွဲပြီး မျက်တောင်သုံးခါဆက်ခတ်ပြီးမှ အသံထွက်လာသည်။

'ဘယ်လိုဖြစ်တာပါလိမ့်'

ဦးဘဖြူ သေသေချာချာကြည့်နေသည်။

မိန်းကလေးက စာနည်းနည်းဖတ်လိုက်။ နှာခေါင်းရှုံ့ အကြောတွန့်လိုက် မျက်တောင်ခတ်လိုက် ဖြစ်နေသည်။ စာပိုဒ်ဆုံးခါနီးပြီ။

ဖြန်း

ဦးဘဖြူက သူ့ရှေ့မှ စားပွဲကို လက်ထဲမှ ကြိမ်လုံးဖြင့် ပြင်းထန်စွာ ရိုက်လိုက်သည်။ စာဖတ်နေသော မိန်းကလေးသာမက တစ်တန်းလုံး တုန်လှုပ်သွားကြသည်။



'ရပ်စမ်း .. မင်းနာမည်ဘယ်သူလဲ..'

'သီ .. သီတာမိုး...ပါ'

ဖြန်း

မိန်းကလေး နှာခေါင်းရှုံ့ အကြောဆွဲ မျက်တောင်ခတ်၍ ဦးဘဖြူကကြိမ်လုံးဖြင့် စားပွဲကို ရိုက်လိုက်ပြန်သည်။

'မင်းဘယ်လိုဖြစ်လို့ နှာခေါင်းရှုံ့လိုက် အကြောတွန့်လိုက် မျက်တောင်ခတ်လိုက် လုပ်နေတာလဲ...'

သီတာမိုးဘာမျှမဖြေနိုင်။ အကြောက်လွန်၍တုန်နေသည်။ မျက်လုံးထဲမှာလည်း မျက်ရည်များရစ်ဝဲနေကြပြီ။

'သူမှာ ... သူငယ်နာရောဂါရှိလို့ ဆရာကြီး...'

မိန်းကလေးဘေးမှ မြမြစန်းကထဖြေသည်။

'ဘာ သူငယ်နာ ရောဂါလဲ ... မလိုချင်ဘူး .. သူငယ်နာဆိုရင်လဲ ပျောက်အောင်ဖျောက်ရမယ် ..။ နောက်တစ်ခါ ထပ်မေးမယ် .. နှာခေါင်းမရှုံ့နဲ့ အကြောမဆွဲနဲ့ မျက်တောင်မခတ်နဲ့ မင်းနာမည်ဘယ်သူလဲပြော ..'

သီတာမိုးဖြေရန် ကြိုးစားသည်နှင့် နှာခေါင်းက ရှုံ့သွားသည်။

ဖြန်း

'မလုပ်နဲ့လို့ ပြောတာမရဘူးလား ... ပြန်ဖြေ...'

သီတာမိုးနှာခေါင်းမရှုံ့အောင် သတိထားသည်။ မျက်ကြောဆွဲသွားသည်။

ဖြန်း

'ဖြန်ဖြေ . . မင်းနာမည်ဘယ်သူလဲ . . .'

သီတာမိုးမဖြေနိုင်ပါ ပါးပေါ်သို့ မျက်ရည်ပေါက်ကြီးများ စီးကျလာသည်။ ကျောင်းသူကျောင်းသားအားလုံး သီတာမိုးကို သနား၍ ဆရာကြီးကို မကျေမနပ်ဖြစ်ကြသည်။

' ဟဲ့ . . ဖြေလေ. . .'

ဦးဘဖြူလက်ထဲမှ ကြိမ်လုံးကြီးကကြောက်စရာ။

'သီ . . . တာမိုး . .'

နှာခေါင်းမရှုံ့၊ မျက်ကြောမဆွဲ၊ မျက်တောင်မခတ်အောင် သီတာမိုးသတိကြီးစွာထား၍ ပြောလိုက်ပြီးသည်နှင့် တစ်ချက်ရှိုက်လိုက်သည်။

'ထိုင်တော့ . . . နောက်ကိုစာဖတ်ရင် . . စားမေးလို့ဖြေရင် . . နှာခေါင်းမရှုံ့နဲ့ မျက်ကြောမဆွဲနဲ့ . . . မျက်တောင်မခတ်နဲ့ . . . ငါမကြိုက်ဘူး. . .

သီတာမိုးထိုင်လိုက်သည်။ မျက်ရည်များက အဆက်မပြတ် စီးဆင်းလျက်။ ရှိုက်လိုက်သည့်အခါ ကိုယ်ကလေးတုန်ခါသွားရာသည်။

× × ×



နောက်တစ်နေ့တွင် ဦးဘဖြူ၏ ရုံးခန်းသို့ သီတာမိုး၏ အဖေဦးမြတ်မိုးရောက်လာသည်။ ဦးဘဖြူ မျှော်လင့်ထားပါ၏။

'ဆရာကြီး . . ကျွန်တော်သမီးလေးက ကျောင်းသွားရင် ဆရာကြီးနဲ့တွေ့ရမှာ သိပ်ကြောက်နေတယ် . . ။ သူ့မှာ သူငယ်နာရောဂါရှိတော့ မျက်ကြောကဆွဲနေတယ် . . ကျွန်တော်တို့လဲ နည်းအမျိုးမျိုးနဲ့ကုနေတာ မပျောက်သေးလို့ပါ. . .

ဦးမြတ်မိုးပြောပုံက တောင်းတောင်းပန်ပန်။

"ကျွန်တော် ပျောက်အောင်လုပ်နိုင်ပါတယ်။ မိဘကသာ ကလေးကိုကျောင်းထုတ်ကျောင်းပြောင်းမလုပ်ဖို့ ကျွန်တော် တောင်းပန်ပါတယ်။

'သမီး အမေကလဲ တော်တော်စိတ်မကောင်းဖြစ်နေတယ်'

'အမေကိုနားလည်အောင်ရှင်းပြပေးပါဗျာ . . . သူ့သမီးလေးကောင်းဖို့ပါ . . .'

'ကျွန်တော်လဲ သူ့ကို အဲဒီလိုမလုပ်ဖို့ ပြင်းပြင်းထန်ထန် ပြောပြီးပြီမရဘူး ဆရာကြီး . . . အကြောကဖြစ်နေတာ. . .'

ဦးဘဖြူ ခေါင်းကို အသာအယာ ခါပြလိုက်သည်။

'မိဘလောက် ကြောက်ရုံနဲ့တော့မရပါဘူး. . ။ ဖျောက်လို့ရတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကလေးရဲ့ ရုပ်ကလေးက သိပ်လှတယ်။ ငယ်ငယ်က ပျောက်အောင်မဖျောက်ရင် ကြီးတဲ့အခါ အလှပျက်ရာလိမ့်မယ် . . .'

'သူ . . ဆရာကြီးကို သိပ်ကြောက်ပြီး သိပ်မုန်းသွားလိမ့်မယ်။ ခုတောင် ဆရာကြီးကို မုန်းတယ် . . အဲဒီကျောင်းမှာ မနေချင်တော့ဘူးလို့ ပြောနေတယ် . .'

'သူလှသွားရင်ပြီးတာပဲဗျာ . . . ကျွန်တော့်ကို မုန်းချင်မုန်းပါစေ . . ခင်ဗျားတို့ကသာ ကလေးကို ကျောင်းပြောင်းမပစ်ကြပါနဲ့ . . . သူ့ဘဝလေးကောင်းသွားအောင် ကြိုးစားပါရစေ . .'

'ဆရာကြီးရဲ့ စေတနာကို . . ကျွန်တော်နားလည်ပါတယ်'

'နားလည်ရင် . . . ကျွန်တော်ကို ပြင်ခွင့်ပြုပါဗျာ . . ဒါလေး ပျောက်သွားရင် ခင်ဗျားတို့ မိဘတွေက ကျွန်တော်ထက် ပိုဝမ်းသာကြရမှာပါ . .'

ဆရာကြီး ဦးဘဖြူကို ကြည့်၍ ဦးမြတ်မိုး ခေါင်းညိတ်ပြလိုက်ပါသည်။

× × ×

ဦးဘဖြူ စတုတ္ထတန်းကို ဝင်မိသည်နှင့် သီတာမိုးနေရာကို လှမ်းကြည့်လိုက်သည်။ တွေ့ရသည်။ သူ့မိဘများကို ကျေးဇူးတင်လိုက်မိသည်။

ကလေးခမျာမှာတော့ အတော်ကြောက်နေရှာသည်။ ခေါင်းကလေးငုံ့ထားသည်။ ကိုယ်ကလေးက ကျုံ့လျက်။



သို့သော်မတတ်နိုင်

' ကဲ . . မင်းထ . . .'

ကြိမ်လုံးကြီးက သီတာမိုးထံသို့ ထိုးပြလျက် . . .

'ငါပြောတာကို သေသေချာချာ သတိထား နှာခေါင်းမရှုံ့နဲ့၊ မျက်ကြောမဆွဲနဲ့ . . . မျက်တောင်မခတ်နဲ့ . . ကဲ . . စဖတ် . . .'

သင်္ခန်းစာအသစ်ကို သီတာမိုးစဖတ်သည်။

နှာခေါင်းရှုံ့တိုင်း . . ဖြန်း . .

မျက်ကြောဆွဲတိုင်း . . . . ဖြန်း . .

မျက်တောင်ခတ်တိုင်း . . . ဖြန်း

တစ်တန်းလုံးကြောက်ရွံ့စွာငြိမ်တိတ်လျက်။

သီတာမိုး ပါးပေါ်မှာ မျက်ရည်များ စီးကျလျက်။

ကြိမ်ချက်က အသားကို ထိသည်မဟုတ်။ စားပွဲကိုထိခြင်းဖြစ်သော်လည်း အသည်းကိုထိသလို သီတာမိုး ခံစားရသည်။

ဖြန်းကနည်းမြည်သော ကြိမ်သံကြီးကို ကြောက်လွန်း၍ နှာခေါင်းမရှုံ့အောင် အစွမ်းကုန် ထိန်းချုပ်ရသည်။

အခက်ဆုံးက မျက်ကြောဆွဲခြင်း။

ဒါကို ဖျောက်လို့ ပျောက်ပါ့မလား . . .

ထိန်းထားသည့်ကြားမှ အကြောကဆွဲသွားသည်။

ဖြန်း . . .

'မတွန့်နဲ့ ဆက်ဖတ် . . .'

ဆရာကြီး မျက်နှာကတင်းသည်။ လေသံကမာသည်။

မျက်ကြောမဆွဲအောင် အစွမ်းကုန် ထိန်းချုပ်ရသည်။

စာတစ်လုံး တုတ်တစ်ချက်နှင့် စာတစ်ပိုဒ် ပြီးရသည်။

ဆရာကြီး ဦးဘဖြူ စာမေးစရာရှိတိုင်းလည်း သီတာမိုး မလွတ်စေရ၊ ဖြေရတိုင်းလည်း ကြိမ်သံက ညံမစဲ။

'ဖြေလေ . . .'

ဖြေသည်။ တွန့်သည်။

ဖြန်း . . .

'မတွန့်ဘဲနဲ့ . . . . ဖြေ . . . . .'

သီတာမိုး မျက်ရည်များကြားမှ ဆရာကြီးကို မုန်းတီးစွာ လှမ်းကြည့်လိုက်သည်။

'မုန်းတယ် . . . မုန်းတယ် . . . သိပ်မုန်းတယ် . . .'

သီတာမိုး စိတ်ထဲမှာ အော်ဟစ်နေမိခြင်းဖြစ်သည်။

ဆရာကြီး သိပါသည်။ ဆရာကြီး စိတ်နားဖြင့် ကြားပါသည်။

'မုန်းချင်မုန်းတော့ တပည့်ရေ . . .'

ဦးဘဖြူ စိတ်မကောင်းစွာ တွေးလိုက်မိသည်။

တပည့်မုန်းသည်၊ ကြောက်သည်ကို မရချင်သော်လည်း သူ့အကျင့်က မကြောက်လျှင် ပျောက်မည်မဟုတ်။

'နှာနှာကျင်ကျင်၊ အပြစ်မြင်သော်၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်း ဆို၍ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလော့ . . .' မဃဒေဝ



မှ စာတစ်ပိုဒ်ကို သတိရလိုက်မိသည်။

'ဆရာ့အတွက်မဟုတ်ပါဘူး တပည့်ရယ် . . . တပည့် အတွက်ပါ . . .'

ဦးဘဖြူ ရင်ထဲမှာ တောင်းပန်နေမိသည်။ သို့သော် မတတ်နိုင်။ သူလှဖို့ ကိုယ်အကျည်းတန်ရတော့မည်။

နေ့စဉ်ရက်ဆက်၊ အငေါက်ခံ၊ အခြောက်ခံနေရ၍ မိန်းကလေးခမျာ အကြောက်ကြီးကြောက်ပြီး အကြောမတွန့်ရန် အစွမ်းကုန် သတိထား ထိန်းချုပ်ရသည်။

တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ လျော့နည်း လာသောအခါ အားတက်ရသည်။ နှာခေါင်းရှုံ့သည်က အရင်ပျောက် သွားသည်။ အကြောက တွန့်နေဆဲ။ အကြောမတွန့်လျှင် မျက်တောင် က မခတ်တော့ပါ။

နေ့တိုင်း စာအမေးခံနေရ၍ တစ်ပြစ်ကနှစ်ပြစ် မဖြစ်အောင် စာကိုလည်း ညက်ညက်ကျေကျေမှတ်ရသည်။ စာကြည့်ရင်လည်း ဆရာကြီး စောင့်ကြည့်နေသလို ခံစားရ၍ အကြောမတွန့်အောင် သတိထားသည်။ တွန့်မိလျှင် နားထဲမှာ ဖြန်းကနည်းမြည်သော ကြိမ်သံကို ကြားရ၍ တွန့်သွားမိသည်။

စာကျက်သည့်အကျိုးကြောင့် ပထမအစမ်းတွင် တစ်တန်း လုံးမှာ ပထမရသည်။

ဒုတိယအစမ်းစာမေးပွဲပြီးသောအခါ ပထမရရှိသာမက

အကြောဆွဲခြင်းပါ မရှိသလောက် ပျောက်သွားသည်။

သို့သော် ဦးဘဖြူက မလျှော့သေး။ နေ့စဉ် အတန်းထဲမှာ စာမေးရုံမက အပြင်မှာတွေ့လျှင်လည်း အလစ်အငိုက်ဖမ်း၍ မေးမြန်း နှုတ်ဆက်သည်။ အကြောတွန့်လျှင် ငေါက်သည်။ ဆူသည်။

စတုတ္ထတန်း စာမေးပွဲတွင် သီတာမိုး တစ်မြို့နယ်လုံးမှာ ပထမရသည်။ အကြောတွန့်ခြင်းလည်း လုံးဝပျောက်သွားသည်။

သို့သော် ရိုးရိုးအောင်သောတပည့်များက ဦးဘဖြူကို လာကန်တော့ကြသော်လည်း သီတာမိုး လုံးဝမလာ။ ကျောင်းထွက် လက်မှတ်ကိုပင် ကိုယ်တိုင်းလာမယူတော့ပါ။

တစ်မြို့တည်းမှာမို့ တစ်ခါတရံ လမ်းမှာဆုံမိလျှင်လည်း ဦးဘဖြူကို မြင်သည်နှင့် ဝေးရာကပြေးတော့သည်။

'အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် ... သူ့အကျင့်ဆိုး လေးပျောက်ပြီး သူ့ဘဝလေး လှသွားရင် ပြီးတာပါပဲ ...'

ဆရာဦးဘဖြူ ကျေနပ်ပါသည်။

× × ×

ဆန်းသစ်လွင်ရုပ်ရှင်ရုံရှေ့မှာ နောက်ဆုံးပေါ်ကားလှလှလေး တွေ တန်းစီနေ၏။ နောက်ထပ်လည်း ကားလေးများ ရောက်လာနေ ကြဆဲ။



ညော့်ကြိုများက ကားထားရန်နေရာပြကြသည်။ ကားတံခါး ဖွင့်ပေးကြသည်။ ကားပေါ်မှဆင်းလာသူများမှာ အဖိုးတန်အဝတ် အစားများနှင့် စိန်ရောင် ရွှေရောင် တပြောင်ပြောင် တလက်လက်။ နှစ်ဖက်စလုံး မျက်နှာကြီးတွေမို့ လာသူတွေကလည်း ထိတ်ထိတ်ကြ တွေချည်း။

ကျောက်ဆည်မြို့မှာ ကျင်းပသောမင်္ဂလာဆောင်များတွင် အခမ်းနားဆုံးဖြစ်သည်။

ဦးဘဖြူ ဆန်းသစ်လွင်ရုပ်ရှင်ရုံရှေ့ ရောက်သွားသောအခါ သူ့စက်ဘီးအိုလေးမှာ ထားစရာနေရာမရှိ။

'ဒီမှာဆရာကြီး ... ခင်ဗျားစက်ဘီးကို ဟိုဘက်ဘေး အုတ်တံတိုင်းနား သွားကပ်ထားလိုက်ပါ ..'

ကြိုဆိုသူ တစ်ယောက်က ခန်းမအလုပျက်မှာစိုးရိမ်သည်။

'အေး .. အေး ... ထားပါ့မယ်ကွာ ...'

စက်ဘီးကို တွန်းယူသွားပြီး အုတ်တံတိုင်းဘေးမှာ ကပ်ထား လိုက်သည်။

စက်ဘီးထားပြီးသည်နှင့် မင်္ဂလာခန်းမဆီသို့ လျှောက်လာ ခဲ့၏။

'ကြွပါခင်ဗျာ ... ကြွပါ ... ဒီဘက်ကိုကြွပါ ... ဒီမှာ ထိုင်ပါ ...'

'ဧည့်ကြိုများက ဂုဏ်သရေရှိဧည့်သည်များကို ဆီးကြို၍ ရှိသေလေးစားစွာ နေရာချထားပေးနေကြသည်။'

ဦးဘဖြူမှာ ကျန်သည့်လူများနှင့်စာလျှင် အဝတ်အဆင်က တောက်ပြောင်ခြင်းမရှိ။

'ဟင်း . . . ဒါတောင် သီတင်းကျွတ်တုန်းက တပည့်ဟောင်းတွေ လာကန်တော့ထားလို့ ချည်ချောလုံချည် အသစ်ကလေးနဲ့ လာနိုင်တာ . . .'

ဦးဘဖြူ သူ့ဘာသာ ဖြေသိမ့်စွာ တွေးလိုက်သည်။

ဧည့်ကြိုတွေများသော်လည်း ဦးဘဖြူမှာကြားချောင်ပြီး လွတ်နေသည်။ ခေါ်သူမရှိ။ နေရာပေးသူမရှိ။ ဘယ်စားပွဲထိုင်ရမှန်းမသိ။ လျှောက်ရင်း လျှောက်ရင်းနှင့် ရှေ့ဘက်ရောက်လာသည်။

'ဟော . . . ဟိုမှာ . . . ဆရာကြီး လာနေပြီ . . .'

သတို့သမီး၏ဖခင် ဦးမြတ်မိုးကိုယ်တိုင် ဆရာကြီးကို လာကြိုသည်။

'လာ . . . ဆရာကြီး . . . ဟို ရှေ့ကိုကြွ . . .'

ဦးမြတ်မိုးက ဆရာကြီးလက်ကိုဆွဲခေါ်သွားသည်။

'ကဲ . . . မှတ်ထားကြ . . .'

ဆရာကြီး ဦးဘဖြူက ဧည့်ကြိုများကို စိတ်ထဲမှ ပြောလိုက်သည်။

ဆန်းသစ်လွင်ရှပ်ရှင်ရုံကြီး၏အတွင်းမှာ ရောင်စုံမီးများနှင့်



ပြင်ဆင်ထားသည်က ခမ်းနားလှသည်။ ရုပ်ရှင်ကြည့်သော ထိုင်ခုံများ ဘယ်ရောက်သွားသည်မသိ။ စားပွဲဝိုင်းကြီးများမှာ လှပသော စားပွဲခင်းကြီးများနှင့် ဖုံးအုပ်လျက်။ စားပွဲတိုင်းမှာ လှပသော ပန်းအိုးလေးများနှင့်။

ဂုဏ်သရေရှိဧည့်သည်များက စားပွဲတိုင်းမှာ နေရာယူထားလျက် . .

ခန်းမထိပ်ပိုင်းတွင် မင်္ဂလာသတို့သားနှင့် သတို့သမီးထိုင်ရန် နေရာကို စင်မြင့်လေးပေါ်မှာ ကတ္တီပါထိုင်ခုံကြီးများ၊ ပန်းစိုက်ဖလားကြီးများနှင့် လှပစွာပြင်ဆင်ထားသည်။ သတို့သား၊ သတို့သမီးနေရာ၏ ဘေးဘက်တွင် မိဘဆွေမျိုးများထိုင်ရန် သားရေဖုံးဆက်တီထိုင်ခုံကြီးများချထားသည်။

'ဒီမှာထိုင်ပါ ဆရာကြီး . . .'

သားရေဖုံးဆိုဖာကြီးတစ်ခုမှာ ဦးဘဖြူ ထိုင်ရသည်။

'အင်း . . . ဒါဟာ . . . ငါနဲ့တန်တဲ့နေရာ . . . ငါထိုင်ရတာပဲ . . .'

အဝတ်အစားပြောင်လက်ခြင်းမရှိသော်လည်း ဦးဘဖြူ သိမ်ငယ်ခြင်းမရှိ။

'ဒီနေရာကဆိုတော့ ငါ့တပည့်ကို နီးနီးနားနားကြည့်နိုင်တာပေါ့ . . .'

ဦးဘဖြူ သဘောကျနေသည်။

မင်္ဂလာအချိန်ကျသောအခါ မင်္ဂလာအခမ်းအနားမှူး၏ ဖိတ်ကြားချက်အရ မင်္ဂလာသတို့သား၊ သတို့သမီးတို့ နှစ်ဖက်မိဘများ လူပျိုရံ၊ အပျိုရံများနှင့်တကွ၊ မင်္ဂလာခန်းမထဲသို့ ဝင်လာကြသည်။ ရန်ကုန်မှဖိတ်ကြားထားသော တီးဝိုင်းအဖွဲ့နှင့် အမျိုးသမီး အဆိုတော် တစ်ဦးက 'အခါတော်ပေးတာက နတ်ရေးငယ် ရွှေစာ' သီချင်းကို သီဆိုပေးသည်။ ခန်းမထဲမှာ မီးများအားလုံးဖွင့်၍ လင်းထိန်သွားသည်။

'အို . . . ကြီးကျယ်ခမ်းနားလိုက်တဲ့ မင်္ဂလာဆောင်ကွာ ဟန်ကျလိုက်တာ . . .'

သတို့သား၊ သတို့သမီးစင်မြင့်အနီးသို့ ရောက်လာသောအခါ ဦးဘဖြူ အသေအချာကြည့်နေမိသည်။

'နေနဲ့လ ရွှေနဲ့မြဆိုတာ ဒါမျိုးပါပဲဗျာ . . .' နှစ်ယောက်စလုံးက ဆရာဝန်တွေ ဂုဏ်ချင်းလဲညီပါ။ သတို့သားကလဲ လူချော။ ဟင်း . . . ဒါပေမဲ့ ငါ့တပည့်တော့ မမှီဘူး . . .'

တပည့်၏အလှကို ဦးဘဖြူ ဂုဏ်ယူလိုက်သည်။

'ဩော် . . . နှာခေါင်းရှုံ့လိုက်၊ အကြောဆွဲလိုက်၊ မျက်တောင်ခတ်လိုက်နဲ့ အကြည့်ရဆိုးတဲ့ကောင်မလေး . . . ခုတော့ ချောလိုက်၊ လှလိုက်တာဗျာ . . . တကယ်ကို ကျက်သရေရှိတဲ့ မျက်နှာလေး။

သတို့သားနှင့်သတို့သမီး နေရာမှာထိုင်မိသည်နှင့် အခမ်းအနားမှူးက သူ့အစီအစဉ်အတိုင်း ဆက်လုပ်သွားသည်။

အားလုံးပြီး၍ စားသောက်ကြသောအခါ သတို့သားနှင့် သတို့သမီးက ဧည့်သည်များကို လိုက်နှုတ်ဆက်သည်။

ပထမဆုံး နှုတ်ဆက်ဂါရဝပြုခံရသူမှာ ဆရာကြီး ဦးဘဖြူ။

နှစ်ဘက်မိဘများလည်း သတို့သား သတို့သမီးနှင့်အတူ ပါလာကြသည်။

သတို့သမီး၏ မျက်နှာလေးမှာ ပကတိကြည်လင်အေးချမ်းလျက် . . .

'သီတာပြောတဲ့ . . . ဆရာကြီး ဦးဘဖြူလေ . . .'

သတို့သမီးက သတို့သားကို မိတ်ဆက်ပေးသည်။

'ဆရာကြီးကို သိပ်ကျေးဇူးတင်ပါတယ် . . . ဆရာကြီး ကျေးဇူးကြောင့် ခုလိုချောချောလှလှလေးကို ကျွန်တော်ရတာ . .'

သတို့သားကလှူသွက်၊ သတို့သမီးရှက်သွားသည်က ပို၍ ချစ်စရာအလှ၊

'မဟုတ်ပါဘူး လူလေးရယ် . . . ဆရာ့တပည့်က သူ့ဘာသာလှတာပါ . . .'

'မဟုတ်ဘူးဆရာကြီး . . . သီတာကအားလုံး ပြောပြတယ် သူငယ်ငယ်က မျက်နှာအကြောဆွဲတဲ့ သူငယ်နာရောဂါရှိတယ်တဲ့။ ဆရာကြီးက ပျောက်အောင်ဖျောက်ပေးလို့ အခုလိုကောင်းသွားတာတဲ့ . . . အဲဒီတုန်းက ဆရာကြီးကို သိပ်မုန်းတာပဲတဲ့ . . .

ခုမှ ကျေးဇူးတင်နေတာ . . .'

'ဟုတ်တယ် . . ဟုတ်တယ် . . သမီးက အဲဒီအကြောင်းကို မကြာခဏပြောပါတယ် . . .'

ဦးမြတ်မိုးက ထောက်ခံသည်။

'ဆရာကြီးသာ အမုန်းခံပြီး ပြုပြင်မပေးရင် . . မျက်ကြောဆွဲနေတဲ့ မိန်းကလေးကို ကျွန်တော် သဘောကျမှာမဟုတ်ဘူး . .'

သတို့သမီးက ရှက်ပြုံးလေးဖြင့် သတို့သား၏လက်မောင်းကို ဆွဲဆိတ်လိုက်သည်။ ဆရာကြီးရော နှစ်ဖက်မိဘများပါ တဟားဟား ရယ်ကြသည်။

ကင်မရာမီးရောင်များက တဖျပ်ဖျပ်။ ရိုက်လိုက်ကြသည့် ဓာတ်ပုံ။ ရိုက်လိုက်ကြသည့် ဗွီဒီယို။

ခန်းမထဲမှလူများ ဆရာကြီးဦးဘဖြူနှင့် သတို့သား သတို့သမီးဆီသို့ လှမ်းကြည့်ကြသည်။

'ကဲ . . . ရော့ သားနဲ့သမီး ဆရာကြီးကို လူထုပရိသတ်ရှေ့မှာ ကန်တော့ကြ'

ဦးမြတ်မိုးက ဖဲကြိုးပွင့်ကလေးများဖြင့် လှပစွာ စည်းနှောင်ထားသော ကန်တော့ပစ္စည်းထုပ်ကို သတို့သားနှင့် သတို့သမီးထံ ပေးသည်။

သတို့သားနှင့် သတို့သမီး ဆရာကြီးကိုကန်တော့ကြသည်။ ဓာတ်ပုံရိုက်ကြပြန်သည်။ ဗွီဒီယိုရိုက်ကြပြန်သည်။ မီးရောင်



အလင်းများက ဆရာကြီး ဦးဘဖြူထံ စုထိုးထားသည်။

'ဩော် . . . သူတို့ အသေအချာပြင်ဆင်ထားကြတာပါလား'

ဦးဘဖြူ မျက်ရည်ရစ်ဝဲစွာ ဆုများပေးနေသည်။

ဆရာကြီး၏ မေတ္တာစေတနာအရောင်အလင်းတို့သည် ခမ်းမထဲမှာ စိန်ရောင်ရွှေရောင်တို့ထက် ပိုမိုတောက်ပြောင်လျက် . . ။

□ □ □

# ပန်းနှင့်ဥယျာဉ်မှူး

ထန်းတောရွာသည် မိုးမိုးအေး နေထိုင်ရာ စဥ့်ကိုင်မြို့နှင့် ခြောက်မိုင်ဝေးသည်။ အဖေနှင့်အမေက စိတ်မချ။ သူငယ်ချင်း အပေါင်းအသင်းများကလည်း ဝေးလွန်းသည်ဟု မြို့ပေါ်ရအောင် ပြန်ပြောင်းဖို့ အကြံကောင်းပေးကြသည်။

မိုးမိုးအေး မပြောင်းချင်ပါ။ ရေများရာ မိုးရွာမည့်အစား ရေငတ်နေသောကလေးများကို စေတနာထားချင်သည်။

ခြောက်မိုင်ဆိုတာ ဘာမျှဝေးသောခရီးမဟုတ်။ သို့သော် နေ့စဉ်သွားလျှင် စက်ဘီးနှင့်သွားရမည်။ ပင်ပန်းမည်။ ထန်းတောရွာ မှာနေရမည်။ အဖေနှင့်အမေက သဘောမကျ။ အစစအရာရာ စိတ်ချရန်နှင့် တစ်ပတ်တစ်ခါပြန်လာမည်ဖြစ်ကြောင်း ပြောရသည်။

အဖေနှင့်အမေ ထန်းတောရွာသို့လိုက်လာပြီး ကျောင်းအုပ် ဆရာမကြီးကို အပ်ပေးသည်။ ကျောင်းဝင်းထဲမှာပင် ဆရာ၊ ဆရာမ များနေရန် အဆောက်အဦးတစ်ခု ဆောက်ပေးထားသည်။



ဆရာမကြီးနှင့်အတူ နေရမည်။ ကိုယ်လိုဆရာမလေးတွေ သုံးယောက် ရှိသည်။ တစ်ယောက်မှာ ပုလိပ်က၊ ကျန်တစ်ယောက်ဆိုလျှင် မန္တလေး က ကိုယ့်ထက်ပိုဝေးကြသည်။

ရွာကလေးက သာသာယာယာ၊ ရွာအနောက်ဘက်မှာ မြစ်ကျိုးအင်းကြီးနှင့်။ ရေကျေး ရေငှက်များနှင့်။ ရွာမှ ဘုန်းတော်ကြီး ကျောင်းသို့သွားရာလမ်းတွင် တောင်သမန်ဦးပိန်တံတားလို သစ်သား တံတားအရှည်ကြီးနှင့်။ ရွာကလေးသို့ လိုက်လာပြီးမှ အဖေနှင့် အမေ စိတ်အေးချမ်းသာ ဖြစ်သွားကြသည်။

ရွာသူရွာသားများက ရိုးသားကြသည်။ ကိုယ့်ရွာမှာ ပညာ သင်ပေးသော ဆရာ၊ ဆရာမများကို လေးစားကြသည်။ ကလေးများ ကလည်း ဆရာ၊ ဆရာမများကို ချစ်ကြသည်။ ရိုသေကြသည်။ မြို့ ပေါ်မှကလေးများလို ငွေပေးပြီး သင်ရသောကျူရှင်ကိုမှ အထင်ကြီး သူများမဟုတ်။ ရွာတွင် ကျူရှင်မရှိ။ ကျောင်းမှသင်ပေးသမျှကိုသာ တန်ဖိုးထား၍ သင်ယူကြရသည်။

ထို့ကြောင့် ဆရာ၊ ဆရာမများကလည်း စေတနာအပြည့် ထား၍ သင်ပေးကြသည်။ အများစုမလိုက်နိုင်လျှင် အချိန်ပိုသင်ပေး ကြသည်။ ဆရာ၊ ဆရာမတို့ စေတနာကို ကလေးများကလည်း တုံ့ပြန်ကြသည်။ မနက်ကျောင်းလာလျှင် ဆရာမများအတွက် ပန်းကလေးများ ယူလာပေးကြ၏။ ညနေကျလျှင် စိုက်ခင်းထွက် အသီးအနှံများ လာပို့ကြသည်။

ပဲသီး၊ ပဲရွက်၊ ဘူးသီး၊ ဘူးရွက်၊ ခရမ်းသီး၊ ရုံးပတီသီး၊ ငရုတ်သီးစိမ်း၊ နံနံပင်မှစ၍ ဝယ်စားရသည်မရှိ။ ငှက်ပျောသီး၊ သင်္ဘောသီး၊ ပဲမြစ်၊ ထန်းပင်မြစ် စသည်တို့ကိုလည်း ပို့ပေးကြသည်။

ရွာထဲမှာ အလှူရှိတိုင်းလည်း ဆရာ၊ ဆရာမများကို ဖိတ်ကြ၊ ကျွေးကြ၏။ နေရင်းထိုင်ရင်းနှင့် မိုးမိုးအေး ရွာကလေးကို ချစ်လာသည်။ ကလေးများကို သံယောဇဉ်ဖြစ်လာသည်။ စာသင်ရသည်မှာလည်း ပျော်လာသည်။ စေတနာထားသလောက် ခရီးရောက်၍ ဝမ်းသာအားတက်ဖြစ်ရသည်။

မိုးမိုးအေး သင်ရသည်က မြန်မာစာ။ အတန်းပိုင်ကိုင်ရသည်က ခြောက်တန်း။ ကျောင်းသား ငါးဆယ်ကျော်ရှိသည်။

'မင်္ဂလာပါ . . . ဆရာမ . . .'

အတန်းထဲ ဝင်လိုက်နှင့်ကြားရသည်က ကြည်နူးစရာ။ ဆရာမဆိုသည်မှာ နေ့စဉ် မင်္ဂလာရှိနေသောဘဝ။

× × ×

ကလေးများကို တူညီစွာ စေတနာထားရသည်။ အားလုံး တော်စေချင်သည်။ တတ်စေချင်သည်။ စာမေးပွဲ အောင်ရုံမက လိမ္မာကြစေချင်သည်။

'ကဲ . . . ဒီနေ့သင်ခန်းစာအသစ် မသင်ခင် . . . မနေ့က



သင်ခဲ့တာကို ပြန်မေးမယ်လို့ . . . ဆရာမ မှာလိုက်တယ်မဟုတ်လား'

'မှာလိုက်ပါတယ် ဆရာမ . . .'

'ကြည့်ခဲ့ကြရဲ့လား . . .'

'ကြည့်ခဲ့ပါတယ် ဆရာမ . . .'

'လူဦးမင်းရေးတဲ့ ကွမ်းယာအကြောင်းကဗျာ . . . ဘယ်သူရလဲ . . .'

'ရတယ် ဆရာမ . . . ရတယ် . . .'

အရင်ဆုံး လက်ညှိုးထောင်သူမှာ နုနုဝင်း။ ထောင်ထားသော လက်ညှိုးကို တလှုပ်လှုပ်လုပ်၍ အသံစာစာလေးနှင့် အော်ပြောနေသည်။

မေးလိုက်လျှင် မြင်းကောင်းစိုင်းသလို ရွတ်ပြမည်ကို မိုးမိုးအေး သိပါသည်။

အလုပ်သမားနေ့အကြောင်း ပြန်မေးစဉ်ကလည်း သူချည့် ဖြေနိုင်သည်။ ခုနှစ်သက္ကရာဇ်များအားလုံး အလွတ်ရသည်။ နုနုဝင်းမှာ အတန်းထဲတွင် စာအတော်ဆုံး အတက်ကြွဆုံးဖြစ်သည်။ လပတ်စာမေးပွဲများမှာလည်း ပြိုင်ဘက်မရှိ ပထမချည်းဖြစ်သည်။

စာတော်သည်နှင့်အမျှ ဆရာ၊ ဆရာမကိုလည်း ချစ်ခင်သည်။ ညနေမှာ လယ်ထွက် ယာထွက် အသီးအနှံများကို ဆရာမများအတွက် အများဆုံးလာပေးသူလည်းဖြစ်သည်။

နုနုဝင်းမိဘများမှာ လယ်ရောယာပါရှိ၍ အဆင်ပြေကြသည်။

နုနုဝင်းက တစ်ဦးတည်းသောသမီး၊ အစ်ကိုကြီးက အိမ်ထောင်ကျပြီး အစ်ကိုလတ်က မိဘကူ၍ လယ်သမားဖြစ်နေပြီ။ နုနုဝင်းလေးတန်းအောင်မှ ထန်းတောရွာတွင် အလယ်တန်းကျောင်း ရခြင်းဖြစ်သည်။ သူ့မိဘများက တစ်ဦးတည်းသောသမီးလေး ပညာတတ်ဘွဲ့ရ ဆရာမကြီး ဖြစ်စေချင်သည်။ ကျောင်းအုပ်ဆရာမကြီးနှင့် မိုးမိုးအေးတို့ ဆရာမလေးများကို အိမ်မှာဖိတ်ပြီး ထမင်းကျွေးရင်း ပြောဖူးသည်။

နုနုဝင်း၏ ကြိုးစားမှုနှင့် ပညာတော်သည်ကို မိုးမိုးအေး သဘောကျသည်။

နုနုဝင်းကလည်း အတန်းပိုင်ဆရာမဖြစ်သော မိုးမိုးအေးကို ဆရာ၊ ဆရာမများအားလုံးထဲမှာ အချစ်ဆုံး အရင်းနှီးဆုံးဖြစ်သည်။

'လက်ထောင်တာက နည်းလှချည်လား . . .'

မိုးမိုးအေး အားမရ။ ဤကဗျာကို ကျက်ခဲ့ရန် တစ်တန်းလုံးကြားအောင် မှာလိုက်ခြင်းဖြစ်သည်။ ခုတော့ လက်ထောင်သူမှာ အားလုံးမှ ခြောက်ယောက်သာရှိသည်။

'ကျန်တဲ့လူတွေက မကျက်ခဲ့ဘူးလား . . .'

'ကျက်ခဲ့ပါတယ် . . . ဆရာမ . . .'

မြမြဒွေးအသံ။ သူလည်း စာတော်သည်။ လပတ်စာမေးပွဲများမှာ နုနုဝင်းပြီးလျှင် ဒုတိယ။

'သမီးရတယ် ဆရာမ။ ဆိုပြမယ် ဆရာမ . . .'

နုနုဝင်းက ထပ်ပြောနေပြန်သည်။



သို့သော် . . .

မိုးမိုးအေး အတွေးဖြစ်မိသည်။ ရသူကိုချည်းမေးနေလျှင် မရသူများက အချောင်ခို၍ လွတ်နေမည်။ နောက်ဘက်မှ ယောကျ်ားလေးများဆီသို့ လှမ်းကြည့်လိုက်သည်။ အများစုမှာ ခေါင်းငုံ့လျက်၊ အချို့ကတော့ စာအုပ်ကြည့်သလို၊ စာရေးသလို၊ ခဲတံ၊ ပေတံ ရှာသလို လုပ်နေကြသည်။

'တစ်တန်းလုံး နုနုဝင်းလို တက်တက်ကြွကြွ ပါဝင်လာအောင် ငါလုပ်ရမယ်။ ကလေးများကို ချီးမွမ်းခြင်းဖြင့် စိတ်ဓာတ်တက်ကြွစွာပါဝင်လာအောင် စွမ်းဆောင်နိုင်ကြောင်း ကလေးစိတ်ပညာမှာ သင်ကြားခဲ့ရသည်။ စာရသူများကိုချည်းမေးပြီး ချီးကျူးနေလျှင် ထိုကလေးသာ တော်သည်ထက် ပိုတော်လာမည်။ ကျန်ကလေးများပါ တက်ကြွစွာ ပါဝင်ပြီး တော်လာစေချင်သည်။

'မောင်အောင်မင်း . . . ထစမ်း . . .'

နောက်ဆုံးခုံမှ အောင်မင်း ခေါင်းမော့ကြည့်လိုက်သည်။ ထိုင်ရာမှမထသေး။

'ဟေ့ကောင် . . . ထလေ . . . ဆရာမ ခိုင်းနေတယ်. .'

ဘေးမှကလေးများပြောသံကြောင့် အောင်မင်း ဖြည်းလေးစွာ ထသည်။

'လူဦးမင်းရေးတဲ့ ကွမ်းယာ ကဗျာ . . . ရလား . . .'

'မ . . . မရပါဘူး . . . ဆရာမ . . .'

ဆရာမကို လှမ်းကြည့်ပြီး အောင်မင်း ကြောက်နေသည်။ သို့သော် မိုးမိုးအေးက စိတ်ဆိုးဟန်မပြ။

'ဒါဖြင့် ကွမ်း . . . ဘယ်ကထွက်တယ်လို့ ကဗျာမှာ ပြောထားလဲ . . .'

'တံတားဦးကပါ . . . ဆရာမ . . .'

အောင်မင်း ကဗျာကို မကျက်ခဲ့သော်လည်း သင်ခဲ့စဉ်က မှတ်မိထားဟန်တူသည်။

'ဟုတ်တာပေါ့ . . . ငါ့တပည့်မှတ်မိသားပဲ . . .။ ကွမ်းက ဘယ်လိုကွမ်းလဲ . . .'

'သိတယ် ဆရာမ . . သိတယ် . . .'

နုနုဝင်းထံမှ အသံစာစာလေး ထွက်လာ၍ လက်ညှိုးလေး ထောင်နေသည်။

မိုးမိုးအေးက မသိယောင်ပြုပြီး လှည့်မကြည့်။ အောင်မင်း၏အဖြေကို စောင့်နေသည်။

'ကွမ်းက အစိမ်းလား . . . အကြမ်းလား . . . အနုလား၊ အဝါလား . . .'

အောင်မင်းထံမှ အဖြေထွက်မလာ၍ မိုးမိုးအေးက ခွဲခြားမေးသည်။

'တံတားဦးက ကွမ်းနုဝါပါဆရာမ . . .'

အောင်မင်းမှတ်မိသွားသည်။



'အဲဒီတော့ တံတားဦးကဘာလဲ . . .'

'တံတားဦးက ကွမ်းနုဝါပါ . . . ဆရာမ'

နုနုဝင်း၏ထောင်ထားသောလက်ညှိုးလေး ချသွားသည်။

'မောင်အောင်မင်းဘေးက မောင်လှရွှေ ထပါဦး . . .'

လှရွှေထရပ်လိုက်သည်။

'ဆေးကဘယ်ကလဲ'

နုနုဝင်းနှင့်မြမြဒွေးအသံ။ လက်ညှိုးကလေးများထောင်လျက်။ ယောကျ်ားလေးသုံးယောက်လည်း သိကြောင်း လက်ထောင်ထားသည်။ ဆရာမက လှရွှေ၏အဖြေကို စောင့်နေသည်။

'ငမြောကပါ ဆရာမ'

လှရွှေဖြေပုံက မဝံ့မရဲ။

'အေး . . . ဟုတ်တာပေါ့ကွယ် . . .။ အဲဒီတော့ ဘယ်ကဆေးလဲ . . .'

'ငမြောကဆေးပါ ဆရာမ . . .'

ကွမ်းသီးကရောကွယ် . . . မောင်ခင်အောင်မြင့် ပြောပါ. .'

လှရွှေဘေးမှ ခင်မောင်မြင့် ထရပ်လိုက်သည်။

'တောင်ငူကပါ ဆရာမ . . .'

'ကဗျာထဲကအတိုင်းဆိုရင် . . . ကွမ်းသီးတောင်ငူနဲ့ပေါ့။ ဆိုကြည့်ပါဦး . . .'

'ကွမ်းသီးတောင်ငူနဲ့ . . .'

လှရွှေက ဆိုကြည့်သည်။

'နောက်တစ်ယောက် မောင်ညိုတင် . . .'

'ကိုင်းထုံးဖြူ . . . ပြည်ရှားပါ ဆရာမ . . .'

ဘာမျှမမေးရသေးဘဲ ညိုတင်က တိုက်ရိုက်ဖြေလိုက်၍ ရယ်သံများ ထွက်လာသည်။

'အဓိပ္ပာယ်က . . .'

'စစ်ကိုင်းကထုံးနဲ့ ပြည်ကရှားစေးပါဆရာမ . . .'

'မောင်ညိုတင်က တယ်တော်ပါလား . . . အဲဒီတော့ မောင်အောင်မင်းက စဆိုကြည့်ရအောင် . . .'

'တံတားဦးက ကွမ်းနုဝါ . . .'

'မောင်လှရွှေ . . .'

'ငမြောက ဆေး . .'

'မောင်ခင်အောင်မြင့် . .'

'ကွမ်းသီးတောင်ငူနဲ့ . . .'

'မောင်ညိုတင် . . .'

ကိုင်းထုံးဖြူ . . . ပြည်ရှား . . .'

'နောက်ဆုံးကျန်တာဘာလဲ . . . အားလုံးပြောပါ . . .'

'သာ ဝါးလို့ထွေး . . .'

'တပည့်တို့တော်တယ် . . .။ ကဗျာကို အားလုံးရသွားပြီ၊ နောက်ဆိုရင် ဆရာမခိုင်းလိုက်ရင် အိမ်ကကျက်ခဲ့ကြမှာလား . .'



'ကျက်ခဲ့ပါမယ် ဆရာမ . . .'

'ဆရာမက ပြန်မေးမှာနော် . . .'

'မေးပါဆရာမ . . .'

ကလေးများအားလုံး တက်တက်ကြွကြွ ဖြစ်နေကြသည်။

'ဆရာမက ကျက်ခဲ့ရမယ်လို့မှာရင် တစ်တန်းလုံးကျက်ခဲ့ရမှာပေါ့။ ဆရာမတစ်ယောက်တလေ တော်တာကို သဘောမကျဘူး။ တစ်တန်းလုံးတော်မှ သဘောကျတာ။ သူများတော်ရင် ကိုယ်လည်းတော်ရမှာပေါ့။ သူများ ပထမရရင် ကိုယ်လဲ ပထမရအောင် ကြိုးစားရမှာပေါ့။ ပထမနေရာဟာ ငါနဲ့မဆိုင်ပါဘူးလို့ သဘောမထားရဘူး။ ပထမနေရာကိုလုနိုင်အောင် ကြိုးစားရမယ်။ ကြိုးစားကြမှာလား . .'

'ကြိုးစားပါ့မယ် ဆရာမ . . .'

ဖြေသူများမှာ နုနုဝင်းမပါ။

နောက်နေ့များမှာ မိုးမိုးအေး ပြောထားသည့်အတိုင်း ကျက်ခိုင်းသည်တို့ကိုမေးသည်။ တက်တက်ကြွကြွမရှိသူများ၊ စာမကျက်သူ၊ စာညံ့သူများကို အဓိကထားမေးသည်။

စာမကျက်သူများ ချောင်ခိုနေ၍ မရတော့ပါ။ စာကျက်လာရသည်။ မိုးမိုးအေးကလည်း ညံ့သူများကိုမေးရာတွင် သူနှင့်တန်ရုံ ခပ်လွယ်လွယ် မေးခွန်းများကိုသာ ဖြေနိုင်အောင်မေးသည်။ ဖြေနိုင်တိုင်းလည်း ချီးကျူးစကားပြောသည်။

ဆယ်ရက်ကျော် နှစ်ပတ်ခန့်ကြာသောအခါ ကျောင်းသား

အားလုံး သိသိသာသာ တက်ကြွစွာ ပါဝင်လာကြသည်။ စာမေးလျှင် အချောင်ခိုနေ၍မရသောကြောင့် လူတိုင်းစာကျက်လာကြသည်။

ကိုယ်လုပ်သည့်အောင်မြင်မှုလေးအတွက် မိုးမိုးအေး ကျေနပ်အားရဖြစ်မိသည်။

× × ×

'မိုးမိုးရေ . . . ခုတလော ငါတို့မှာ . . . ဟင်းချက်စရာ အသီးအရွက်နည်းသွားပြီနော် . . .'

ညနေကျောင်းဆင်းချိန်မှာ အတူနေ၊ အတူစားသူ ရီရီထွန်းက ပြောသည်။

'မိုးမိုး သတိထားမိလားမသိဘူး . . .။ မိုးမိုးအတန်းက နုနုဝင်း ဘာမှမပေးတာကြာပြီ။ အရင်က တစ်ရက်ခြားလောက် ပေးနေတာ . . ပေးရင်လဲ အများကြီး . . . .။

မိုးမိုးအေး သတိမထားမိ။

'သူတို့လယ်ထဲ၊ ယာထဲက ပေးစရာ ဟင်းသီး၊ ဟင်းရွက် မရှိလို့ ဖြစ်မှာပေါ့ . . .'

မိုးမိုးအေး ခပ်ပေါ့ပေါ့ပြန်ပြောလိုက်မိသည်။ ပြီးမှ သူ စကားစိမ်းပန်း မပန်ရသည်မှာ ရက်အတော်ကြာသွားပြီကို သတိထား မိသည်။ နုနုဝင်းတို့အိမ်မှာ စကားစိမ်းပင်ကြီးရှိသည်။ အရင်က နုနုဝင်း



စကားစိမ်းပန်းခူးလာပေးလေ့ရှိသည်။

စကားစိမ်းပန်းမှာ ပန်ထားလျှင် တစ်နေ့လုံး သင်းသင်းလေး မွှေးနေသည်ကို မိုးမိုးအေး သဘောကျသည်။ မပန်ရသည်မှာ ရက်အတော်ကြာသွားပြီ။

နံနက်ကျောင်းမတက်မီ အတန်းထဲဝင်သွားသောအခါ နုနုဝင်းကို တွေ့ရသည်။ အခြားမိန်းကလေးများ ပန်းပေးကြသော် လည်း နုနုဝင်းထံမှ ဘာပန်းမျှမရ။

'နုနုဝင်း . . . ဆရာမကို စကားစိမ်းပန်း မပေးတာ . . . အတော်ကြာပြီနော် . . .'

'ဆရာမမှာ ပန်းပေးမယ့်သူတွေ အများကြီးရှိတာပဲ . . .'

နုနုဝင်း ဖြေပုံလေသံမှာ တစ်မျိုးဖြစ်နေသည်ကို မိုးမိုးအေး သတိထားမိသည်။ သို့သော် မသိချင်ယောင် ဆောင်နေလိုက်သည်။

'သူ . . . တစ်ခုခု မကျေနပ်တာများရှိသလား . . . ဘာကို မကျေနပ်တာပါလိမ့် . . .'

မိုးမိုးအေး စဉ်းစားမရ။ ကျောင်းတက်ခေါင်းလောင်းထိုးပြီး သောအခါ ကျောင်းသားကျောင်းသူအားလုံး မတ်တပ်ရပ်၍ နှုတ် ဆက်ကြသည်။

'မင်္ဂလာပါ ဆရာမ . .'

'မင်္ဂလာပါ . . . ကလေးတို့ . . .'

မိုးမိုးအေး ကလေးများကို တုံ့ပြန်နှုတ်ဆက်သည်။ ပြီးတော့

စာစမသင်မီ ထုံးစံအတိုင်း မနေ့ကသင်ခဲ့သော သင်ခန်းစာများကို ပြန်မေးသည်။

'ငယ်တော့ကာ ချိုကိုင်လို့ . . ကြီးတော့ကာ ချိုမပါ . . . ဆိုတဲ့ အင်းလေးစကားထာကို သိရင်လက်တောင်ပါ . . .'

အားလုံးလက်ညှိုးထောင်ကြသည်။ သို့သော် နုနုဝင်းမပါ။

'နုနုဝင်း . . . ဖြေပါ . . .'

နုနုဝင်းအတွက် အလွန်လွယ်သောမေးခွန်း ဖြစ်ပါလိမ့်မည်။ သို့သော် -

'ကျွန်မ မသိပါဘူး ဆရာမ . . .'

နွယ်နွယ်ဝင်းက ဆရာမကို မကြည့်ဘဲ ခေါင်းငုံ့ထားသည်။

'ပြောင်းပြန်တွေတော့ ဖြစ်ကုန်ပြီ . . .'

မိုးမိုးအေး စိတ်ထဲမှာ ပြောလိုက်မိခြင်းဖြစ်သည်။ ယခင်က ဆိုလျှင် အတန်းထဲမှာ စာမေးတိုင်း နုနုဝင်းလက်မ မထောင်သည့်အခါ မရှိ။ မေးသမျှ ဒိုင်ခံဖြေနိုင်သည်။ ခုတော့ တစ်တန်းလုံးသိ၍ လက်ထောင်နေကြသည်ကို နုနုဝင်းမဖြေနိုင်။

'နုနုဝင်း နေကောင်းရဲ့လား . . .'

'ကောင်းပါတယ် ဆရာမ . . .'

မိုးမိုးအေး နားမလည်နိုင်အောင် ဖြစ်ရသည်။

'သူ . . အိမ်မှာ ဘာပြဿနာများရှိလို့လဲ . . .'

'စာမကျက်နိုင်ဘူးလား . . .'



တပည့်ငယ်အတွက် မိုးမိုးအေး စိတ်မကောင်းဖြစ်မိသည်။

အဆင်ပြေသည့်တစ်ညနေမှာ နုနုဝင်းတို့အိမ် သွားလည်ရန် ဆုံးဖြတ်ထားလိုက်သည်။

× × ×

'ဪ . . . ဆရာမ . . . လာပါ ထိုင်ပါ . . .'

နုနုဝင်း၏မိခင် ဒေါ်အေးရင်က ဆရာမမိုးမိုးအေး ရောက်လာသည်ကို ဝမ်းသာအားရ ကြိုဆိုလိုက်သည်။

'နုနုဝင်းရေ . . ဆရာမလာတယ်ဟေ့ . . .'

သမီးကိုလှမ်းခေါ်သည်။

နုနုဝင်း ထွက်လာသည်ကို မတွေ့ရ။

'ခုနပဲ အိမ်ထဲမှာရှိသေးတယ်။ နောက်ဘက်အပေါက်ကနေ သူ့သူငယ်ချင်း မြမြဌေးတို့အိမ်များ သွားလားမသိပါဘူး . . . လှမ်းခေါ်လိုက်ဦးမယ် ဆရာမ . . .'

'ဪ . . . နေပါစေ အဒေါ်ရယ် . . . မခေါ်ပါနဲ့။ ကျွန်မ အဒေါ်တို့မိဘတွေနဲ့ တွေ့ချင်လို့လာတာပါ . .'

'ဟုတ်ကဲ့ဆရာမ ပြောပါ . . .။ ဘာများရှိလို့လဲ . . .'

'နုနုဝင်း . . နေလို့မှကောင်းရဲ့လား . . .'

'ကောင်းပါတယ် . . ဆရာမ . .'

'သူ . . ညကော . . စာကြည့်ရဲ့လား . . '

'ကြည့်ပါတယ်ဆရာမ။ သမီးက စာကြည့်ဖို့တော့ မခိုင်းရဘူး'

'သူ အရင်ကဆိုရင် အတန်းထဲမှာ စာအတော်ဆုံးပဲ။ ဘယ်သူမှမဖြေနိုင်ရင် သူပဲ ဒိုင်ခံဖြေတာပဲ။ ဒီနေ့တော့ အများစု သိတာတောင် သူ့ကိုမေးတာ မဖြေနိုင်ဘူး။ သူ အိမ်မှာ မကျေနပ်စရာ စိတ်အနှောင့်အယှက်ဖြစ်စရာ ဘာများရှိလို့လဲ . . . '

'ဒီလိုတော့ ဘာမှမရှိပါဘူး ဆရာမ' ဒါပေမဲ့ ခုတလော ညည ကျရင် မြမြဌေးတို့အိမ်သွားသွားနေတယ်။ အဲဒီမှာ စာမကြည့်ဖြစ်ဘူးလား မသိဘူး . . . '

ထိုအချိန်မှာပင် နုနုဝင်း၏ဘခင် ဦးတင်ဆောင်နှင့် အစ်ကိုတောမှ လှည်းဖြင့်ပြန်ရောက်လာသည်။

'ဟော . . ဆရာမရောက်နေပါလား . . '

ဦးတင်ဆောင် လှည်းပေါ်မှဆင်းလာသည်။ သူ့သားက လှည်းမှနွားများကို ဖြုတ်ကျန်ခဲ့သည်။

'သမီးရော ဆရာမ ရောက်နေတာ မသိဘူးလား . . '

ဦးတင်ဆောင်က သမီးကို မမြင်၍မေးသည်။

ဒေါ်အေးရင်က ဆရာမရောက်လာရသည့်အကြောင်း ဦးတင်ဆောင်ကိုပြန်ပြောပြသည်။

'တစ်ခုတော့ရှိတယ် ဆရာမ . . ' ဟိုတစ်နေ့က . . သူ ကျောင်းပြန်လာတော့ အိပ်ရာပေါ်မှာ မှောက်ပြီး ရှိုက်ကြီးတငင်ငို



နေတယ် . . '

'ဟင် . . ဘာဖြစ်လို့လဲ . . '

ဒေါ်အေးရင်ပြောသည်ကို ဦးတင်ဆောင် အံ့ဩနေသည်။ မိုးမိုးအေးလည်း စိတ်ဝင်စားမိသည်။

ဒေါ်အေးရင် ဘာမျှမပြောသေးဘဲ ဦးတင်ဆောင်ကို လှမ်းကြည့်လိုက်သည်။

'သူ . . ဘာဖြစ်လို့ . . ငိုတာလဲ အဒေါ် . . '

ဒေါ်အေးရင်က ပြောရမှာ အားနာနေသည်။

'သူ . . . ဆရာမကို စိတ်ကောက်နေတာထင်ပါတယ် . . '

'ရှင်'

ကြားရသောစကားအတွက် မိုးမိုးအေး အံ့ဩသွားသည်။

'သူ . . . ဘာပြောလို့လဲ အဒေါ်ရယ် . . ။ ကျွန်မကို ပြောပြပါ . . '

ဒေါ်အေးရင် ဘယ်လိုပြောရမှန်းမသိ။ အပြောခက်နေသည်။

'ဟုတ်တယ်ဆရာမ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကလဲ ကျုပ်ကိုပြောဘူးတာရှိတယ် . . '

'ရှင် . . . ဘယ်လိုပြောတာလဲ . . '

ဦးတင်ဆောင် ပြောသည့်စကားကို မိုးမိုးအေး စိတ်ဝင်စားနေသည်။

'ဆရာမက မျက်နှာလိုက်တယ်တဲ့ . . .'

'ရှင် . . .'

မိုးမိုးအေး အံ့သြနေသည်။

'ဘယ်လိုမျက်နှာလိုက်တယ်လို့ သူပြောလဲ ဦး . .'

'အင်း . . . သူ့ကို ဆရာမက စာမမေးဘူးတဲ့။ စာမတော်တဲ့သူတွေ မဖြေနိုင်တာတောင် ဆရာမက ဖြေနိုင်အောင် မေးပြီး ချီးမွမ်းတယ်တဲ့။ သူ့ကိုတော့ နှိမ်ထားတယ်တဲ့ . . .'

'ဩော် . . .'

မိုးမိုးအေး စိတ်မကောင်းဖြစ်ရသည်။

'အဒေါ်ကိုပြောတာလဲ ပြောပါဦးအဒေါ် . . . ဘာမှ အားမနာပါနဲ့။ အမှန်အတိုင်းပြောပါ။ အမှန်ကိုသိမှ ကျွန်မဖြေရှင်းနိုင်မှာမို့ပါ . .'

'မနေ့ကတော့ ဆရာမသူ့ကို စာမေးတယ်တဲ့။ သူက မသိဘူးလို့ပြောလိုက်တယ်တဲ့ . . .'

မိုးမိုးအေး ခေါင်းညိတ်ပြသည်။

'ဒါပေမဲ့ သူသိတယ်တဲ့။ မဖြေချင်လို့ မဖြေတာတဲ့ . .'

'ရှင် . . .'

နုနုအေးမျက်နှာလေးကို မိုးမိုးအေး မြင်ယောင်နေသည်။ ဤသို့မကျေမနပ်ဖြစ်နေသည်ကို မသိခဲ့သည့်အတွက်လည်း ကိုယ့်ဘာသာ မကျေမနပ်ဖြစ်ရသည်။



ဦးတင်ဆောင်က မိုးမိုးအေးကို ခေါင်းညိတ်ပြပြီး သူသိထားသည်ကိုပါ ပြောပြသည်။

'ကျွန်တော့်ကိုလဲ သူပြောတာ ရှိသေးတယ်ဆရာမ . . .။ ဆရာမက ကျောင်းသားကျောင်းသူအားလုံး ပထမနေရာကို လုနိုင်အောင် ကြိုးစားရမယ်လို့ပြောတယ်တဲ့။ သူချည်း ပထမရနေတာကို . . . . မကျေနပ်လို့ ပြောတာတဲ့။

'ဩော် . . . ဖြစ်မှဖြစ်ရလေ . . . နုနုဝင်းရယ် . . .'

မိုးမိုးအေး နားလည်သွားပါပြီ။ မကျေမနပ် ခံစားနေရရှာမည့် တပည့်ငယ်အတွက်လည်း စိတ်မကောင်းဖြစ်မိသည်။

ကလေးများမှာ ပန်းကလေးများနှင့်တူသည်ဆိုသော်လည်း သက်မဲ့ပန်းကလေးများမှာ ခံစားချက်မရှိ။ ကလေးတို့မှာ ခံစားတတ်သော နှလုံးသားရှိသည်။ ထိုနှလုံးသားလေးကလည်း နုနယ်လွန်းသည်။ အတိမ်းမခံ။ ကိုင်တွယ်ရသည်မှာ သိမ်မွေ့လွန်းသည်ကို မိုးမိုးအေးသတိထားမိလာသည်။

'နုနုဝင်းက လိမ္မာတဲ့ကလေးပါ။ စာလည်းကြိုးစားတော့ စာတော်ပါတယ်။ ကျွန်မကိုလည်း သိပ်ချစ်ခဲ့တာပါ။ ကျွန်မအပြစ်ပါပဲ။ ကျွန်မ သတိမထားမိခဲ့ဘူး . . .'

မိုးမိုးအေး ဝန်ခံစကားဆိုသည်။

ဦးတင်ဆောင်နှင့် ဒေါ်အေးရင်က ဆရာမမိုးမိုးအေး၏ စိတ်မကောင်းဖြစ်နေသော မျက်နှာကို ကြည့်နေမိကြသည်။

'နုနုဝင်းအပေါ်မှာ ကျွန်မ ... မကောင်းတဲ့စိတ်မရှိဘူး ဆိုတာကိုတော့ ဦးနဲ့အဒေါ်က ယုံပါ ...'

မိုးမိုးအေး၏ အသနားခံသောလေသံဖြစ်သည်။

'ဟုတ်ကဲ့ပါ ဆရာမ ...'

'ယုံပါတယ် ဆရာမရယ် ...'

ဦးတင်ဆောင်ရော ဒေါ်အေးရင်ပါ တကယ်ယုံကြည်ကြပါသည်။

'ကျွန်မ စေတနာက ... ကလေးတွေအားလုံး စာတော်စေချင်တာပါ ...။ ကြိုးစားစေချင်တာပါ။ ကျွန်မ မေးလိုက်တိုင်း နုနုဝင်းပဲ ဒိုင်ခံဖြေနိုင်တာပါ ...။ ပြီးမှ မြမြဌေးပါ။ ဒါပေမဲ့ ကျန်တဲ့ ကလေးတွေက သူတို့ဖြေလိုက်ရင် ပြီးသွားပြီထင်ပြီး ရေသာခိုနေကြတယ် ...။ ဖြေနိုင်အောင်လဲ မကြိုးစားကြဘူး၊ ဖြေလဲမဖြေနိုင်ဘူး ...'

ဦးတင်ဆောင် ခေါင်းညိတ်သည်။

'အဲဒါကို သတိထားမိလာတော့ ဆရာဖြစ်သင် ကောလိပ်မှာ ကလေးတို့ကို ချီးကျူးခြင်းဖြင့် သင်ကြားမှုမှာ တက်ကြွစွာ ပါဝင်လာအောင် ဆောင်ရွက်ပါ .. လို့ ကလေးစိတ်ပညာမှာ သင်ခဲ့ရတာ သတိရလာတယ် ...။ အဲဒါနဲ့ မေးခွန်းမေးတိုင်း ရေသာခို ခေါင်းငုံ့ပြီး လက်မထောင်နိုင်တဲ့ ကလေးတွေကို ကျွန်မက မေးခွန်းလွယ်တာလေးတွေမေးတယ်။ မဖြေနိုင်ရင်လဲ ဖြေနိုင်အောင် ကူညီပေးတယ်။



ဖြေနိုင်တဲ့အခါကျတော့လဲ သာသာထိုးထိုးချီးမွမ်းပေးတယ် ...'

ဦးတင်ဆောင်ရော ဒေါ်အေးရင်ပါ သဘောပေါက်ကြောင်း ခေါင်းညိတ်ပြကြသည်။

'အခုဆိုရင် သူတို့အားလုံး အမြဲတမ်း အမေးခံနေရတော့ စာမကျက်ဘဲမနေဝံ့ကြဘူး။ စာကျက်လာကြတယ်။ ဖြေနိုင်တိုင်း ချီးမွမ်းခံရတော့လည်း အားတက်လာကြတယ်။ ဒါပေမယ့် ကျွန်မ သတိမထားမိတာက ညံ့တဲ့သူတွေတော်လာအောင် ဆွဲတင်နေတဲ့ အချိန်မှာ တော်တဲ့လူတွေကို စာမမေးဖြစ်ဘူး။ သူတို့ကို နှိမ်တာ မဟုတ်ပါဘူး။ သူတို့ကတော်ပြီးသားတွေမို့ စိတ်ချလို့ပါ။ ခုတော့ ကျွန်မလုပ်တာက ညံ့တဲ့လူတွေတော်ပေမယ့် တော်ပြီးသားလူတွေကို ညံ့အောင်လုပ်သလို ဖြစ်နေတယ်။ အဲဒီလိုတော့ ကျွန်မအဖြစ်မခံနိုင်ပါဘူး။ တော်တဲ့လူကိုလဲ ပိုတော်အောင် လုပ်ရမှာပါ ...'

ဦးတင်ဆောင် ခေါင်းညိတ်သည်။

'ပထမရအောင် အားလုံး ကြိုးစားဖို့ပြောတာလဲ နုနုဝင်းချည်း ပထမရနေတာကို သဘောမကျလို့ မဟုတ်ပါဘူး။ ကျန်တဲ့လူတွေလဲ အပြိုင်အဆိုင် ကြိုးစားစေချင်လို့ပါ။ ဒါမှပထမရပြီးသားလူကလဲ သူ့နေရာ အလုမခံရအောင် ပိုကြိုးစားရင်း ပိုတော်စေချင်တာပါ ...'

'ကျွန်တော် နားလည်ပါပြီ ဆရာမ ...'

ဦးတင်ဆောင် သဘောပေါက်သွားသည်။

'နုနုဝင်းရဲ့ နာကျင်နေတဲ့စိတ်ကလေး ပုံမှန်ပြန်ကောင်း

အောင် ကျွန်မကြိုးစားပါ့မယ် . . .'

'ကျွန်တော်တို့လဲ . . သူနားလည်အောင် ရှင်းပြပါ့မယ် ဆရာမ . . .'

'ဒီနေ့ညတော့ သူ့ကိုစာကြည့်ဖို့ ခိုင်းပေးပါဦး . . . မနက်ဖြန် သူ့ကိုစာမေးမယ်။ သူများ မဖြေနိုင်တာတွေ မေးမယ်လို့'

'ဟုတ်ကဲ့ပါ ဆရာမ . . .'

ဦးတင်ဆောင်နှင့် ဒေါ်အေးရင် နှစ်ယောက်လုံး ဝမ်းသာအားရ ကတိပြုကြသည်။

× × ×

'မင်္ဂလာပါ ဆရာမ . . .'

'မင်္ဂလာပါ ကလေးတို့ . . .'

နုနုဝင်း ရှေ့ဆုံးတန်းမှာရှိသော်လည်း ဆရာမကို မကြည့်။ ခေါင်းငုံ့လျက်။ ကျောင်းမတက်မီက အခြားကလေးများ ပန်းလာပေးကြသော်လည်း နုနုဝင်းထံမှ မျှော်လင့်မိသော စကားစိမ်းပန်းကို မိုးမိုးအေးမရ။

'စိမ်းကားနေတုန်းပါလား . . . တပည့်ရယ် . . .'

မိုးမိုးအေး စိတ်မကောင်း။

'ကဲ . . မနေ့က သင်ခဲ့တဲ့ တိုင်းရင်းသားစကားပုံတွေကို



ပြန်မေးမယ် . .။ အားလုံးကြည့်ခဲ့ကြရဲ့လား . .'

'ကြည့်ခဲ့ပါတယ် . . . ဆရာမ . . .'

ကလေးများ သံပြိုင်ဖြေကြသည်။ သို့သော် ထိုအထဲမှ
နုနုဝင်း မပါသည်ကို မိုးမိုးအေး မသိမသာ အကဲခတ်ကြည့်နေ၍
သိပါသည်။

'တိုင်းရင်းသားလူမျိုး ဆယ့်ရှစ်မျိုးရဲ့ စကားပုံတွေကို မေးမှာ
ပါ။ အဲဒီအထဲက တိုင်းရင်းသားလူမျိုး ငါးမျိုးကို ပြောရမယ် . .'

'သိပါတယ်ရှင် . . .'

'သိပါတယ်ခင်ဗျ . .'

တစ်တန်းလုံး လက်ညှိုးထောင်သည့်အထဲမှာ နုနုဝင်းလည်
ပါသည်။ ယောက်ျားလေးတစ်ယောက်ကိုမေးလိုက်သည်။ ဖြေနိုင်
သည်။

'နောက်ထပ် ကျန်တဲ့အထဲက . . ငါးမျိုး . . .'

နောက်တန်းမှ တစ်ယောက်ကိုမေးသည်။ ဖြေနိုင်သည်။

'ငါ့တပည့်တွေ တယ်တော်ပါလား . .'

မိုးမိုးအေး ချီးကျူးလိုက်သည်။

'နောက် တိုင်းရင်းသားငါးမျိုး . . .'

လက်ထောင်သူ ငါးယောက်သာရှိသည်။ နုနုဝင်းပါသည်။
မိန်းကလေး တစ်ယောက်ကိုမေးသည်။ ဖြေနိုင်သည်။

'နောက်ထပ်ကျန်တဲ့သုံးမျိုး . . .'

နုနုဝင်းနှင့် မြမြဌေး အပါအဝင် လက်သုံးချောင်းသာ ထောင်နိုင်သည်။ မြမြဌေးကိုမေးလိုက်သည်။ ဖြေနိုင်သည်။

'ကချင်စကားပုံသုံးမျိုး ပြောရမယ် ...'

တစ်တန်းလုံး လက်ညှိုးထောင်သည်။ နောက်ပိုင်းမှ ယောကျ်ားလေးတစ်ယောက်ကိုမေးသည်။ ဖြေနိုင်သည်။

'ငါ့တပည့်တွေ သိပ်တော်ပါလား။ အားလုံးစာကျက်ကြတယ်။ ဆရာမ ဝမ်းသာပါတယ်ကွယ် .. ဒီတစ်ခါ ကချင် စကားပုံထဲက .. ကလေးကျမှ လေ့ခါးထောင် .. ရန်သူပြန်မှ ဒူးလေးပြင် .. ဆိုတဲ့ စကားပုံနဲ့ဆင်တူတဲ့ မြန်မာစကားပုံကိုပြောပါ ...'

စာအုပ်ထဲမှာပါသည်မဟုတ်။ မိုးမိုးအေး စာသင်ရင်း ပြောခဲ့သည်။ လိုက်မှတ်ထားသူများသာ ဖြေနိုင်မည်။

ဆယ်ယောက်ခန့် လက်ညှိုးထောင်သည်။ နုနုဝင်းပါသည်။ မိန်းကလေးတစ်ယောက်ကို မေးလိုက်သည်။

'သူခိုးပြေးမှ ထိုးကွင်းထပါ ... ဆရာမ ...'

'ဟုတ်ပါတယ်။ နောက်ထပ်ရှိသေးတယ် ...'

'စစ်ရောက်မှ မြားချွန်ပါ ဆရာမ ...'

'မှန်ပါတယ် ... ကဲ ... ဒီတစ်ခါ ကရင်စကားပုံထဲက အတူတူလုပ်က အလုပ်တွင် ဆိုတာနဲ့ညီတဲ့ မြန်မာစကားပုံပြောရမယ်'

လက်ညှိုး ၇ ယောက်ထောင်သည်။ နုနုဝင်းပါသည်။

'မောင်ခင်အောင် ပြောပါ ...'



'စုပေါင်းညီညာ အောင်ကြောင်းဖြာ .. ပါဆရာ'

'မောင်ခင်အောင်တော်တယ် ..။ ဆက်ကြိုးစားပါ။ နောက်ထပ်ချင်းစကားပုံတစ်ခု သူများလက်နဲ့ မြွေဖမ်းချင် .. တဲ့။ အဲဒီစကားပုံနဲ့ ဆင်တူတဲ့ မြန်မာစကားပုံ ပြောရမယ် ...'

လက်ညှိုးသုံးချောင်းထောင်သည်။ တစ်ယောက်က နုနုဝင်း ကျန်နှစ်ယောက်က မြမြဌေးနှင့် မောင်တင်ဦး။ သုံးယောက်လုံး စာတော်သည်။

'မောင်တင်ဦး ဖြေပါ ..'

'သူများဗိုက်ငှားပြီး ဓားထိုးခံပါ ဆရာမ ...'

'ဟုတ်ပါတယ် ... မောင်တင်ဦးတော်တယ် ...။ ဒီတစ်ခါ မရှုစကားပုံမှာ အနင်းခံသောစပါးသန်သည်ဆိုတာနဲ့ ဆင်တူတဲ့ မြန်မာစကားပုံကိုပြောရမယ် ...'

လက်ညှိုးနှစ်ချောင်းသာတွေ့ရသည်။ နုနုဝင်းနှင့်မြမြဌေး။

'မြမြဌေး ဖြေပါ။ ကျန်တဲ့လူများ မသိရင် နားထောင်ပါ။ ကဲ ... ဖြေ ...။'

'နာနာဖွတ်မှ အဝတ်ဖြူ ...။ နာနာထောင်းမှ ဆန်ဖြူ ..'

'ဟုတ်ပါတယ်။ မြမြဌေးက တော်တော် တော်တာပဲ။ မသိတဲ့လူတွေမှတ်ထားကြနော် ...' ဒီတစ်ခါ အဇီးစကားပုံ။ တောင်ယာခုတ်မှားတစ်နှစ်။ မယားယူမှားတစ်သက်တဲ့။ အဲဒါနဲ့ညီတဲ့ မြန်မာစကားပုံ ...'

လက်ညှိုးတစ်ချောင်းသာ ထောင်သည်။

'ကဲ . . . ကျန်တဲ့ကလေးတွေက မှတ်ထားကြပါ။ နုနုဝင်း တစ်ယောက်ပဲ လက်ညှိုးထောင်တာတွေ့ရတယ်။ နုနုဝင်း ဖြေပါ . . '

'ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ယူမှားလျှင် တစ်သက်လုံး မှောက်၊ ဆရာမှားလျှင် တစ်သံသရာလုံးမှောက်ပါ ဆရာမ . . .'

'ဟုတ်တယ်ကွယ် . . ငါ့တပည့်က သိပ်တော်တာပဲ။ ဆရာမှားလို့ တစ်သံသရာလုံးမှောက်ခဲ့တဲ့အကြောင်း ဆရာမ ပြောခဲ့ပါတယ်။ ဘယ်သူက ဘယ်သူ့ကိုဆရာတင်လို့လဲ။ ဘယ်သူသိလဲ . . '

နုနုဝင်းတစ်ယောက်သာ လက်ညှိုးထောင်နိုင်၍ နုနုဝင်းကိုသာဆက်မေးရသည်။

'အဇာတသတ်မင်းသားက ဒေဝဒတ်ကို ဆရာတင်တာပါ ဆရာမ . . .'

နုနုဝင်းကိုကြည့်ပြီး ဆရာမ မိုးမိုးအေး သဘောကျစွာ ပြုံးလိုက်သည်။

'တော်လိုက်တဲ့ ငါ့တပည့်။ အသေအချာမှတ်ထားတာပဲ။ ဆရာဆိုတာ တပည့်အတွက် အခုဘဝရော နောင်သံသရာဘဝများစွာပါ ကောင်းအောင်လုပ်ပေးနိုင်မှ ဆရာကောင်း။ မှတ်မိပြီလား တပည့်တို့ . . .'

'မှတ်မိပါပြီ ဆရာမ . . .'

ကလေးများအားလုံး ဖြေကြသည်။ နုနုဝင်း ဆရာမကို



လှမ်းကြည့်နေသည်။ စာမေးခြင်းပြီး၍ နောက်ထပ် သင်ခန်းစာအသစ်ကို ဆက်သင်သည်။

× × ×

ညနေကျောင်းဆင်းတော့

'ဆရာမ . . . ဒီနေ့ညနေ အိမ်လာခဲ့ဦးနော် . . .'

နုနုဝင်းက ဆရာမကို ဖိတ်ခေါ်သွားသည်။

ညနေပိုင်းတွင် မိုးမိုးအေးတစ်ယောက် နုနုဝင်းတို့ အိမ်ရောက်သွားသည်။

'သမီးရေ . . . ဆရာမလာတယ်ဟေ့ . . .'

ဒေါ်အေးရင် လှမ်းပြော၍ နုနုဝင်း အိမ်ထဲမှ ပြေးထွက်လာသည်။

'လာ . . . ဆရာမ . . ထိုင်ပါ . . .'

နုနုဝင်း ဝမ်းသာအားရ ဆီးကြိုသည်။

အိမ်ရှေ့ကပြင်မှ တန်းလျားခုံမှာ မိုးမိုးအေး ထိုင်လိုက်သည်။ နုနုဝင်းမျက်နှာလေးက ပြုံးလို့ချိုလို့။

တန်းလျားခုံရှေ့မှ စားပွဲပေါ်မှာ စကားစိမ်းပန်းပွင့်များ ငှက်ပျောဖက်စိမ်းပေါ်တင်ထားသည်။ စကားစိမ်းပန်းနံ့လေး သင်းသင်းမွှေးနေ၏။

ဤမျှလွယ်လွယ်ကူကူ နုနုဝင်းစိတ်ကောက်ပြေသွားသည်ကို မိုးမိုးအေး ဝမ်းသာနေသည်။

'ငါ့တပည့်ကို ဖေဖေနဲ့ မေမေက ပြောပြလို့လား . . .'

'မဟုတ်ပါဘူး ဆရာမ။ မနေ့က ဖေဖေနဲ့မေမေကို ဆရာမ ပြောပြနေတော့ ကျွန်မ အိမ်ထဲမှာရှိတယ်။'

'အယ် . . . ဟုတ်လား . . .'

'ဟုတ်တယ်ဆရာမ။ ကျွန်မ နောက်ဘက်အပေါက်က အိမ်ထဲဝင်လာပြီး တံခါးကြားကနေ အသာလေး နားထောင်နေတာ' ဆရာမပြောတာတွေကြားရတော့ စိတ်မကောင်းလို့ ငိုနေတာ။ အသံ မထွက်အောင် မနည်းထိန်းထားရတယ်။ နုနုဝင်းပြောရင်းမှ မျက်ရည် ကျလာရုံမက ရှိုက်သံပါထွက်လာသည်။

"ဩော် မငိုပါနဲ့တော့ သမီးရယ် . . ."

"သမီး ဆရာမကို ကန်တော့ပြီးတောင်းပန်ပါရစေ. . ."

နုနုဝင်းမြေကြီးပေါ်မှာ ဒူးတုပ်လျက် ကန်တော့သည်။

"ဆရာမ ခွင့်လွှတ်ပါတယ် . . လာ . . လာ. ထပါ။ ဆရာမကလဲ သတိထားရမှာပါကွယ်။ ဆရာမကြောင့် ငါ့တပည့် စိတ်မကောင်းဖြစ်ရတာ။ ဆရာမကိုလဲ ကျေနပ်နော် . . . ။"

မိုးမိုးအေးက နုနုဝင်းပုခုံးလေးနှစ်ဘက်ကို ကိုင်၍ထူပေးသည်။

နုနုဝင်းကတော့ ဝမ်းပမ်းတနည်းငိုနေဆဲ။



"ဒီစကားစိမ်းပန်းတွေက ဆရာမအတွက် သမီးခူးထားတာ . . ."

ဒေါ်အေးရင်က ဆရာမနှင့် ပြေလည်သွားပြီဖြစ်သော်လည်း ငိုရှိုက်နေဆဲဖြစ်သော သမီးကိုကြည့်၍ ပြောပြနေသည်။

"စကားစိမ်းပန်းတွေကလဲ ပွင့်လိုက်တာဆရာမရယ်။ ဆရာမကို သိပ်ပေးချင်တာပဲ။ ဒါပေမဲ့ ဆရာမကို မကျေနပ်တော့ တအားပွင့်နေတဲ့ စကားစိမ်းပင်ကိုလဲ မကျေနပ်ဘူး။"

နုနုဝင်း၏ ပွင့်လင်းသောစကားကြောင့် မိုးမိုးအေး အသံထွက်ပြီးရယ်မိသည်။

နုနုဝင်း၏ မျက်နှာလေးပေါ်မှာလည်း မျက်ရည်များနှင့်အတူ အပြုံးပန်းများပွင့်လန်းလျက် -

□ □ □

# ကျောင်းဆရာနှစ်ယောက်

လွတ်လပ်ရေးရပြီးစကာလတွင် လက်ပံပင်ရွာမှာ မူလတန်းကျောင်း ဖွင့်ခွင့်ရ၍ မုံရွာမြို့မှ ဆရာဦးသာဦး ရောက်လာသည်။

ဦးသာဦးသည် လူပျိုလူလွတ်ဖြစ်၍ လက်ပံပင်ရွာရောက်ပြီး တစ်နှစ်ခန့်အကြာမှာပင် မမယ်သောင်ဆိုသူနှင့် အိမ်ထောင်ကျသည်။

လက်ပံပင်ရွာနှင့် ခြောက်မိုင်ခန့်အကွာတွင် မြေစိုရွာရှိသည်။ မြေစိုရွာမှ မူလတန်းကျောင်းတွင် မြေစိုရွာသား ဦးဘထိုက်က ကျောင်းဆရာဖြစ်၏။

ဆရာနှစ်ဦးလုံး ကိုယ်ရွာ ကိုယ့်ကျောင်းနှင့် အဆင်ပြေအခြေကျနေကြသည်။

သို့သော် မြေစိုရွာကျောင်းမှ ဆရာဦးဘထိုက်သည် မြေစိုရွာသူကြီးနှင့် မသင့်မတင့်ဖြစ်ရာမှ တိုင်ကြ တောကြ ပြဿနာတွေကြီးထွားလာကြသည်။



ထို့ကြောင့် ပညာအုပ်က မြေစိုရွာသား ဦးဘထိုက်ကို လက်ပံပင်ကျောင်းသို့ပြောင်းလိုက်သည်။

'လက်ပံပင်ရွာမှ ဦးသာဦးမှာ မြေစိုရွာသို့ ပြောင်းခဲ့ရသည်။

ဆရာနှစ်ဦးသည် အလုပ်ပြောင်းသော်လည်း နေအိမ်မပြောင်းနိုင်၍ နေ့စဉ် ခြေကျင်သွားပြီး ကျောင်းတက်ကြရသည်။

ထို့ကြောင့် နေ့စဉ် ခရီးလမ်းတွင် အသွားအပြန် နှစ်ကြိမ်ဆုံကြသည်။ ထိုသို့ဆုံတိုင်း ဆရာဦးသာဦးက ပြုံး၍နှုတ်ဆက်သည်။

ဆရာဦးဘထိုက်ကတော့ ပြန်မပြုံးရုံသာမက မျက်နှာထားကိုပိုတင်းပြလိုက်သည်။

'သူ ငါ့ကို ဘာလို့များ မကျေမနပ်ဖြစ်နေရတာပါလိမ့်"

ဆရာဦးသာဦး အံ့ဩမိသည်။

အမှန်ဆိုလျှင် ဦးသာဦးကသာ မကျေမနပ်ဖြစ်စရာ ရှိသည်။ ဦးဘထိုက်ပြောင်းရသည်က ရွာသူကြီးနှင့် မတည့်၍ဖြစ်သည်။

ဦးသာဦးပြောင်းရသည်က ဦးဘထိုက်ကို သူ့ကျောင်းသို့ပြောင်းပို့သောကြောင့် သူက ဦးဘထိုက်ကျောင်းသို့ပြောင်းရခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နေ့စဉ် လမ်းမှာ ဆုံနေရ၍ ဦးသာဦးက ဦးဘထိုက်နှင့် ရင်းနှီးချင်သည်။ ဆရာအချင်းချင်း တိုင်တိုင်ပင်ပင်ရှိချင်သည်။

ရွာနှစ်ရွာ၏ ခရီးအလယ်ခန့်တွင် ထနောင်းပင်ကြီးတစ်ပင်ရှိ၏။

ထိုထနောင်းပင်အောက်၌ ဝါးကွပ်ပျစ်တစ်ခုနှင့် သောက်ရေအိုးစင်ကလေးရှိသည်။

တစ်ညနေတွင် ထနောင်းပင်အောက်၌ ဆရာနှစ်ယောက်ဆုံမိကြသည်။ ဦးဘထိုက်ကို မြင်သည်နှင့် ဦးသာဦး စဉ်းစားမိ၏။

'ငါက အငယ်ပဲလေ၊ ငါကစပြီး နှုတ်ဆက်သင့်ပါတယ်'

ဦးသာဦးမှာ အသက်သုံးဆယ်ပင် မပြည့်သေး၊ ဦးဘထိုက်က အသက်လေးဆယ်ကျော်နေပြီ။

'ဆရာ ပြန်လာပြီလား'

ဦးသာဦးက စ၍နှုတ်ဆက်သည်။

'ခင်ဗျား မျက်စိ မပါဘူးလား'

ဦးဘထိုက်က ရန်လိုစွာ ပြန်မေး၍ ဦးသာဦး စိတ်ပျက်သွားမိသည်။

'ကျွန်တော်က ခင်မင်လေးစားတဲ့ အနေနဲ့နှုတ်ဆက်တာပါဆရာ'

ဦးသာဦးက ရိုးရိုးပင်ပြန်ပြောသည်။

'ကျုပ်ခင်ဗျားနဲ့ မခင်ချင်ဘူး၊ စကားလဲ မပြောချင်ဘူး'

ဦးဘထိုက်က ရုတ်တရက်ထပြီး ထွက်သွားသည်။ ဦးသာဦးတစ်ယောက်တည်း ကျန်ရစ်သည်။

'ဩော် . . ဖြစ်မှ ဖြစ်ရလေ'

ဒေါနှင့် မာန်နှင့် တစိုက်စိုက်သွားနေသော ဆရာဦးဘထိုက်



၏ နောက်ကျောကို လှမ်းကြည့်ရင်း ဦးသာဦး ပြုံးမိသည်။

× × ×

ဦးသာဦး ပြောင်းလာပြီးမှ မြေစိုက်ရှာမူလတန်းကျောင်းသည် စနစ်တကျဖြစ်လာသည်။

အတန်းများကို သူ့နေရာနှင့်သူ ခွဲထားသည်။ ယခင် ဦးဘထိုက် လက်ထက်ကတော့ ကျောင်းသားအားလုံးကို တစ်ပေါင်းတည်းထားသည်။

ဦးသာဦးက အတန်းများခွဲရုံသာမက သင်္ချာသင်ချိန်၊ ဖတ်စာသင်ချိန်၊ ပထဝီသင်ချိန်၊ မြေပုံဆွဲချိန် စသည်တို့ကိုပိုင်းခြားထားသည်။

ဆရာတစ်ယောက်တည်းနှင့် အတန်းများကို လှည့်လည်သင်ပြရ၍ အလုပ်တော့ရှုပ်သည်။ သို့သော် စနစ်ကျ၍ သင်ကြားမှုထိရောက်သည်။

လခထုတ်သည့်နေတွင် ပညာအုပ်က ကျောင်းတိုင်းကိုသားရေဘောလုံး တစ်လုံးစီ ထုတ်ပေးသည်။

ဦးသာဦး ကျောင်းသို့လာသောနေ့တွင် ဘောလုံးပါလာ၍ကလေးများ ဝမ်းသာပျော်ရွှင်ကြသည်။ သို့သော် ကျောင်းတွင်ဘောလုံးကွင်းမရှိသေး။

ကျောင်းနောက်ဖေးမှ မြက်တောကြီးကို ဦးသာဦးကလေးများနှင့်အတူ ရှင်းပစ်လိုက်သည်။

ပြီးတော့ ဂိုးတိုင်များ စိုက်ပေး၍ ဘောလုံးကွင်းလေးဖြစ်သွားသည်။

ယောက်ျားလေးများဝမ်းသာ ပျော်မြူးနေကြသည်။ ကျောင်းဆင်းချိန်တွင် ဆရာဦးသာဦးက ဒိုင်လူကြီးလုပ်၍ ကလေးများ ဘောလုံးကစားကြသည်။

'ဆရာ . . ဆရာ၊ ကျွန်မတို့ ကစားဖို့လဲ လုပ်ပေးပါဦး'

မိန်းကလေးများက တောင်းဆိုလာကြသည်။

'အေး . . ဟုတ်တာပေါ့'

ကျောင်းရှေ့မှ ကွက်လပ်တွင် ဦးသာဦးက ထုပ်ဆီးတိုးကွင်းလုပ်ပေးသည်။ ကစားနည်းကိုလည်း စည်းကမ်းတကျသင်ပေးသည်။ မိန်းကလေးများ ပျော်ရွှင်နေကြသည်။

ရွာသူကြီးနှင့်တကွ မိဘများကလည်း ဆရာသစ်ကိုသဘောကျနေကြသည်။

ဦးသာဦးရောက်စက ကျောင်းသူကျောင်းသား သုံးဆယ်ခန့်သာရှိသော ကျောင်းကလေးသည် သုံးလခန့်ကြာသောအခါ နှစ်ဆတိုး၍ ခြောက်ဆယ်ခန့် ဖြစ်လာသည်။

ဦးဘထိုက်ကတော့ သူရလာသော ဘောလုံးကို လက်ပံပင်ရွာ မူလတန်းကျောင်းသို့ ယူမသွားဘဲ သူ့သားများကစားဖို့ ပေးလိုက်သည်။



လက်ပံပင်ရွာ မူလတန်းကျောင်းမှာ ဆရာဦးသာဦး လက်ထက်ကကျောင်းသား ခုနှစ်ဆယ်ခန့်ရှိသော်လည်း သုံးလခန့်ကြာသောအခါ ကျောင်းသား လေးဆယ်ခန့်သာ ကျန်တော့သည်။

လက်ပံပင်ရွာ သူကြီးနှင့် ကျောင်းသားမိဘများသည် ဆရာသစ်ကို ကောင်းကောင်းမသင်၍ စိတ်ပျက်နေကြပြီ။

ထိုအချက်များ အားလုံးကြောင့်ပင် ဆရာဦးဘထိုက်သည် ဆရာဦးသာဦးကို မုန်းတီးနေဟန်တူပါ၏။

× × ×

ဦးသာဦး နေ့စဉ် သွားရပြန်ရသည်မှာ အချိန်ကုန် လူပင်ပန်းဖြစ်၍ အလုပ်ရှိရာ မြေစိုရွာသို့ အပြီးပြောင်းနေလိုက်သည်။

သူကြီးနှင့်တကွ ကျောင်းသားမိဘများသည် ဦးသာဦး ပြောင်းလာသည်ကို ဝမ်းသာအားရ ကြိုဆိုကြသည်။

ဦးသာဦးက မူလတန်းကျောင်းနှင့် ကပ်လျက်မှ ခြံဝင်းတစ်ခုကို ဝယ်ယူလိုက်သည်။ သူကြီးနှင့် မိဘများက ဝိုင်းဝန်း ကူညီ၍ လွယ်ကူသက်သာစွာပင် နေရေးထိုင်ရေး ပြည့်စုံသွားသည်။

ဦးဘထိုက်ကတော့ လက်ပံပင်ရွာသို့ ပြောင်းမနေနိုင်။

မြေစိုရွာမှာ သူပိုင်လယ်မြေများလည်း ရှိသေး၍ လယ်ယာလုပ်ငန်းကိုလည်း တစ်ဘက်မှ ဦးစီးနေရသေးသည်။

ထို့ကြောင့် မိသားစုနှင့်အတူ အခြေကျနေပြီဖြစ်သော မြေစိုရွာမှာပင်ဆက်နေသည်။ ကြာတော့လည်း လက်ပံပင်ရွာကျောင်းသို့ နေ့စဉ်မှန်မှန် မသွားနိုင်။

ခေါင်းကိုက်လို့ ခြေနာလို့ အကြောင်း အမျိုးမျိုးနှင့် ကျောင်းပျက်ရက်များလာသည်။

မြေစိုရွာတွင် ဦးသာဦးရထားသော ခြံကွက်မှာ ကျယ်၍ ဦးသာဦးနှင့် ဇနီး မမယ်သောင်တို့က ကွမ်းပင်များ စိုက်ထားကြသည်။

မြေကကောင်း၍ အဖြစ်မြန်သော ကွမ်းနွယ် ကွမ်းညွန့်များကို စင်တင်ပေးရသည်။ ကွမ်းရွက်နုတွေ ဝေနေသည်။

ဦးသာဦး၏ ကွမ်းခြံကို မြင်သူတိုင်း ချီးကျူးကြသည်။ ဦးဘထိုက်၏ အိမ်သည် ဦးသာဦး၏ ခြံနှင့် လမ်းမတစ်ခုသာခြားသည်။

ထို့ကြောင့် ဦးဘထိုက်၏ အိမ်မှ ဦးသာဦး၏ ကွမ်းခြံကို လှမ်းမြင်နေရသည်။

'တောက် . . . ဒီကောင် ဘာလုပ်လုပ် ဟန်ကျနေတာပါပဲလား၊ အင်း . . . သိကြသေးတာပေါ့'

ဦးဘထိုက်သည် ဦးသာဦးကို မုန်းတီး၍ ကွမ်းခြံကြီးကိုပါ ကြည့်မရအောင် ဖြစ်နေသည်။

× × ×



'အမယ်လေးတော် . . . ဒုက္ခပါပဲ၊ ကိုသာဦးရေ ကွမ်းပင်တွေကို လာကြည့်ပါဦး၊ အရွက်တွေဝါပြီး အညွန့်တွေ ညိုးကျကုန်ပြီ'

တစ်ညနေတွင် ဦးသာဦး၏ဇနီး မမယ်သောင်က အထိတ်တလန့် အော်၍ပြောသည်။

ဦးသာဦး ကွမ်းပင်များကို သွားကြည့်သည်။

'ဟ . . . ဟုတ်ပါရဲ့၊ ဘယ်လိုများဖြစ်လို့ပါလိမ့်'

လင်မယားနှစ်ယောက် ကွမ်းပင်များကို စိတ်မကောင်းစွာနှင့် လိုက်ကြည့်ကြသည်။

'အို . . . ကိုသာဦးရယ်၊ ဒီမယ် ကြည့်ပါဦး'

ကွမ်းပင်များ၏ အခြေကို ဓားထက်ထက်ဖြင့် ဖြတ်ထားသည်။

'ဟာ . . . ဟုတ်ပါရဲ့၊ အပင်တိုင်းကွာ၊ ရက်စိုက်လိုက်တာ ညအိပ်နေတုန်း ဝင်ဖြတ်သွားတာ ဖြစ်မှာပဲကွာ'

ဆရာကတော် မမယ်သောင် ညိုးနေသော ကွမ်းနွယ် ကွမ်းရွက်များကိုကြည့်၍ ငိုနေရှာသည်။

သို့သော် မကြာမီ ရက်ပိုင်းအတွင်းမှာပင် ကွမ်းပင် ငုတ်တိုများမှ အညွန့်အတက်များ ပြန်ထွက်လာကြသည်။

သန်မာသော ညွန့်သစ်နုတို့သည် စင်မြင့်ပေါ်သို့ သူ့ထက်ငါ အလုအယက် တက်လာကြသည်။

လအနည်းငယ်အတွင်းမှာပင် ယခင်ကထက်ပို၍ စည်ပင်

သော ကွမ်းခြံကြီး ပြန်ဖြစ်သွားသည်။ ကွမ်းရွက်များမှာ သန်မာကြီးထွား၍ မြင်သူတိုင်း အံ့ဩကြသည်။

အကျိုးပေးချင်တော့ ထိုအချိန် ကွမ်းခြံများ အရွက်ပါးချိန်ဖြစ်နေ၍ ဦးသာဦး၏ကွမ်းရွက်များ ဈေးကောင်းရလိုက်ပြန်၏။

'ဟင် . . . ဒီကောင် ဟန်ကျအောင် လုပ်ပေးရသလိုတောင် ဖြစ်နေပြီ'

ကြိတ်မနိုင်ခဲမရ ဖြစ်နေရသူက ဦးဘထိုက်။

သို့သော် ဒုတိယအကြိမ်ပြန်ဖြတ်ရန် မလွယ်တော့။ ဦးသာဦးက ခြံလုံအောင်ကာပြီး ခွေးလည်း မွေးထားလိုက်ပြီ။

'ဟင် . . . သိကြသေးတာပေါ့ သာဦးရာ'

× ⋉ ×

မမျှော်လင့်ဘဲ ပညာအုပ်ရောက်လာပြီး ကျောင်းကို စစ်ဆေးသောကြောင့် ဦးသာဦး ထိတ်လန့်သွားမိသည်။

မြေစိုရွာ၊ လက်ပံပင်ရွာ စသည်တို့မှာ မြို့နှင့် အလှမ်းကွာဝေး၍ အကြောင်းထူးမရှိဘဲ ပညာအုပ် လာလေ့မရှိ။

အခုတော့ အသိပေး အကြောင်းကြားခြင်းမရှိဘဲ ပညာအုပ်တစ်ယောက်တည်း ဆိုင်ကယ်နှင့် ရောက်လာသည်။

ပညာအုပ် ဆိုင်ကယ်နှင့် ရောက်လာသည်ကို ဦးဘထိုက်



သူ့အိမ်မှ လှမ်းမြင်ရ၍ ဝမ်းသာနေသည်။

'ဟင် . . မှတ်ထားလိုက်၊ အဲဒါ ဘထိုက်တဲ့၊ သာဦးရာ . . . မင်း (က) စာရင်း (ခ) စာရင်းတွေ ဘာမှ စနစ်တကျ လုပ်ရမှာ မဟုတ်သေးဘူး . . .'

'ဟင်း . . . ဟင်း . . ကလေးတွေနဲ့ ကစားလိုက် ပျော်လိုက်၊ လူအများကြိုက်အောင် လုပ်နေတဲ့ကောင်၊ ငါ့လက်ထက် စာရင်းတွေသာ ပြလို့တော့ မင်းဒုက္ခရောက်ပြီသာမှတ်'

ပညာအုပ်က ဦးသာဦးထံမှ (က) စာရင်း (ခ) စာရင်းတွေ တောင်းကြည့်သည်။ တကယ်ရှိသော ကျောင်းသားများနှင့် ကိုက်မကိုက် အမည်ခေါ်ပြီးတိုက်ကြည့်သည်။

'ဟင် . . တော်ပါသေးရဲ့'

ဦးဘထိုက်လက်ထက်က ကျောင်းသားအရေအတွက် များအောင်မရှိသော အမည်များကို ထည့်ထားခဲ့သည်။

ထိုစာရင်းစာအုပ်များကို ပယ်ဖျက်ပြီး လူနှင့်စာရင်း အမှန်အတိုင်းဖြစ်အောင် ဦးသာဦး အသစ်လုပ်ထားသည်မှာ တစ်လခန့်သာ ရှိသေးသည်။

တတိယတန်းနှင့် စတုတ္ထတန်း ကလေးများကို ပညာအုပ်က စာမေး၏။ သင်္ချာစစ်သည်၊ ပထဝီမြေပုံ ဆွဲအပြခိုင်းသည်။

ကလေးများမှာ မကြုံစဖူးမို့ သိပ်ကြောက်နေကြသည်။ သို့သော် စနစ်တကျသင်ထား၍ သင့်တင့်အောင်တော့ ဖြေနိုင်ကြပါ၏။

ပညာအုပ်က ကျောင်းပိုင်ပစ္စည်းများနှင့် စာအုပ်များကို စာရင်းနှင့်တကွ တိုက်ဆိုင် စစ်ဆေးပြန်သည်။

ဦးဘထိုက်လက်ထက်က လွှဲခဲ့သော ပစ္စည်းစာရင်း သူ့လက်ထက်မှာ ရရှိသော ပစ္စည်းစာရင်းများကို ဦးသာဦးတင်ပြသည်။

ပညာအုပ်က ကျောင်းကို စစ်ဆေးပြီးသည်နှင့် မြေစိုရွာ သူကြီးအိမ်သို့သွား၍ သူကြီးနှင့်တွေ့သည်။

ကျောင်းသား မိဘတစ်ဦး အမည်ခံ၍ တိုင်စာရသောကြောင့် ကျောင်းကို လာရောက် စစ်ဆေးခြင်းဖြစ်ကြောင်း ပြောပြသည်။

အကင်းပါးသော သူကြီးက နားလည်လိုက်ပါသည်။

'ဒီဆရာက သိပ်တော်ပါတယ် ပညာအုပ်မင်း၊ သူ့လက်ထက်ကျမှ ကျောင်းသားတွေလဲ နှစ်ဆလောက်တိုးလာတာပါ၊ ကလေးတွေလဲ တကယ်ပညာတတ်လာကြပါတယ် . . .

'ဒါကြောင့်မို့ ကျွန်တော်တို့ မိဘတွေအားလုံး သဘောကျနေကြတာ'

'တကယ်စစ်သင့်တာက လက်ပံပင်ရွာ မူလတန်းကျောင်းပဲ ပညာအုပ်မင်းရဲ့'

'အင်း . . . ကျွန်တော်လဲ အဲဒီလိုဖြစ်မယ်လို့ ထင်ပါတယ်၊ ကိစ္စမရှိဘူးလေ၊ ဒီနေ့ တစ်လက်စတည်း လက်ပံပင်ရွာကို ဆက်သွားလိုက်မယ်'



'ပညာအုပ်မင်း ထမင်းကိုတော့ ဒီမှာပဲ စားသွားပါ၊ အခုထမင်းစားချိန်လဲ ရောက်နေပါပြီ'

သူကြီးက ပညာအုပ်ကို ထမင်းကျွေးသည်။

ဆရာဦးဘထိုက်၏တူ ရွာဆော် ထွန်းကျော်သည် သူကြီးအိမ်မှာ ကူညီလုပ်ကိုင်ပေးရင်း ထမင်းစားပြီးလျှင် ပညာအုပ် လက်ပံပင်ရွာ မူလတန်းကျောင်းကို သွားမည်ကို သိလာရသည်။

ထို့ကြောင့် သူကြီး မသိအောင် ဦးလေး ဦးဘထိုက် အိမ်သို့ ပြေး၍ သတင်းပေးသည်။

'ဟင် . . . အဲဒါမှ ဒုက္ခပဲ'

ဦးဘထိုက်တစ်ယောက် ခေါင်းရော ရင်ပါ ပူလောင်သွားသည်။

စပါးပွဲစား မြအေးအိမ်သို့ ပြေးပြီး စက်ဘီးငှားရသည်။ စက်ဘီးရသည်နှင့် ခရီးပိုနီးသော မြေလမ်း(လှည်းလမ်း) အတိုင်း လက်ပံပင်ရွာသို့ အမြန်ဆုံးနင်းရသည်။ မြောင်းပေါင်လမ်းမှ သွားလျှင် လမ်းကောင်းသည်။ သို့သော် ခရီးပိုဝေးသည်။ ပညာအုပ်က ဆိုင်ကယ်နှင့် မြောင်းပေါင်အတိုင်း သွားလိမ့်မည်။ ကိုယ်က စက်ဘီးနှင့်မို့ ပိုနီးသော ခရီးကို ရွေးရသည်။

'အင် . . . ဒုက္ခပဲ၊ ကိုယ့်ရှူး ကိုယ်ပတ်တော့ ဖြစ်တော့မှာပဲ၊ ဒီနေ့ ငါက ကျောင်းမသွားတော့ ကျောင်းသားတွေလဲရှိမှာမဟုတ်ဘူး . . .'

'လက်ပံပင်ရွာ ရောက်ရောက်ချင်း ကလေးတွေကို

အိမ်ပေါက်စေ့ လိုက်ခေါ်ရမှာပဲ၊ အချိန်မှ မီပါ့မလား'

စက်ဘီးကို အမြန်နင်းသည်။ လမ်းကကြမ်း၍ စက်ဘီးကလည်း သိပ်မကျွမ်းသောကြောင့် ခဏအတွင်းမှာပင် မောလာသည်။

အရေးထဲမှ နဖူးချွေးများ စီးကျလာသည်။ ချွေးများ မျက်စိထဲကိုဝင်တော့ လမ်းကို ကောင်းကောင်း မမြင်ရ၊ လက်တစ်ဖက်ဖြင့် မျက်လုံးမှ ချွေးများကို သုတ်လိုက်ရသည်။

ထိုအချိန်တွင် စက်ဘီးက လှည်းလမ်းကြောင်းထဲမှာ နင်းနေရသည်မို့ လက်ကိုင်က နည်းနည်းတိမ်းသွားသည်။

စက်ဘီး၏ ခြေနင်းက လှည်းလမ်းကြောင်းဘေးမှ ခရောင်းမြေမာနှင့် ဝင်တိုက်မိသွားသည်။

'ဒုန်း .. ဒိုင်း ... ဂွမ်း'

စက်ဘီးရော လူပါ လမ်းဘေးသို့ ပစ်လဲကျသွားသည်။

'အမယ်လေး သေပါပြီဗျာ၊ ဒုက္ခပါပဲ'

ဦးဘထိုက်နာသော်လည်း အမြန်ထရသည်။ ဒူးပြဲသွားသည်။ တံတောင်ဆစ် ပွန်းသွားသည်။

သို့သော် နာသည်ကို အရေးမစိုက်နိုင်။ အချိန်နောက်ကျမည်စိုး၍ စက်ဘီးကို အမြန်ထူရသည်။ အလျင်လိုမှ စက်ဘီးက ချိန်းကြိုးကျနေပြန်၏။

' ပြ ... ပြဿနာပါလား'



ချိန်းကြိုးကို အမြန် ပြန်တင်ရသည်။

' ပညာအုပ် ထမင်းစားတာ ကြာပါစေဗျာ'

ဦးဘထိုက် စက်ဘီးပေါ် ပြန်တက်၍ အမြန်နိုင်ဆုံးဖြစ်အောင်အားစိုက်ပြီးနင်းသည်။

'သူက ဆိုင်ကယ်နဲ့ဆိုတော့ ဒီလမ်းက လာလို့မရဘူး၊ လမ်းကောင်းတဲ့ မြောင်းပေါင်အတိုင်း ကွေ့ပတ်သွားရမှာ၊ သူသွားရမယ့် ခရီးက ပိုဝေးလို့ တော်ပါသေးရဲ့ . . .

'ဒါပေမယ့် ဆိုင်ကယ်က မြန်တော့ ငါ့ထက်များ အရင်ရောက်နေမလား၊ သူ့ဆိုင်ကယ်ကြီး လမ်းမှာ ပျက်နေပါစေဗျာ . . .'

ဦးဘထိုက် စိတ်ထဲက ဆုတောင်းနေမိသည်။

'ကျောင်းသားတွေကို ကျောင်းခေါ်ကြိမ်စာရင်းနဲ့ တိုက်စစ်ရင်ဒုက္ခပဲ၊ လေးဆယ်လောက် လျော့နေပြီ။ အို .. ဒါကတော့ ရွာဆိုတာ ဒီလိုပဲ၊ ပဲရိတ် ဂျုံရိတ် လိုက်ကြတယ်လို့ ညာရမှာပဲ'

ကိုယ့်အတွေးနှင့် ကိုယ် စိတ်အေးသွားရသည်။

'ဟာ .. အရေးကြီးတာက ပစ္စည်းစာရင်း စာအုပ်စာရင်း ပရိဘောဂစာရင်းတွေ။ အို ဒါလဲ ကိစ္စမရှိပါဘူး၊ ဟိုကောင်လုပ်ခဲ့တာ စနစ်တကျရှိတာပဲ . . . .'

'နောက်ရတဲ့ ပစ္စည်းတွေ ရောက်ရောက်ချင်း အမြန်ထပ်ဖြည့်ရမယ်'

ဦးဘထိုက် စက်ဘီးကို ပိုမြန်အောင် နင်းသည်။ သို့သော်

လမ်းက ကြမ်းလွန်း၍ စိတ်ထင်တိုင်း မပေါက်၊ နောက်တစ်ကြိမ် လဲမှာလည်းကြောက်ရသေးသည်။

'ဩော် . . . ဒုက္ခ ဒုက္ခ၊ သူများမနာလို ကိုယ်တို ဆိုတာလို ဖြစ်တော့မှာပဲ ထင်တယ် . . .'

ဦးဘထိုက် နောင်တစိတ်ဖြင့် တွေးမိသည်။

လက်ပံပင်ရွာကို လှမ်းမြင်ရသောအခါ ဦးဘထိုက် အတော် မောနေပြီ။

'အင်း . . ရွာထဲရောက်တာနဲ့ ကျော်မြနဲ့ စံခတို့ ညီအစ်ကို ဆီဝင်ပြီး ကလေးတွေ လိုက်အခေါ်ခိုင်းရမှာပဲ . .

'ငါကတော့ ကျောင်းကို အမြန်ပြေးပြီး တံခါးတွေဖွင့်ထားမှ ဖြစ်မယ် . .'

ဦးဘထိုက် ရွာထဲရောက်သောအခါ တစ်ကိုယ်လုံး ချွေးများရွှဲ၍ ဟောဟဲလိုက်အောင် မောနေပြီ။

ကျော်မြတို့ အိမ်ရောက်တော့ ကျော်မြရော စံခပါ မရှိ။ မြစ်ထဲရေသွားချိုးနေကြသည် ဟု သူတို့အမေက ပြောသည်။

'ဟာ . . . အဲဒါမှ ဒုက္ခပဲ'

စိန်ရင်နှင့် မြခက်တို့အိမ် ပြေးပြီးကလေးတွေ အမြန် လိုက်ခေါ်ခိုင်းရပြန်သည်။

ကျော်မြနှင့် စံခကိုလည်း လိုက်ခေါ်ပြီး ကျောင်းကို အမြန် လွှတ်ပေးဖို့ သူတို့အမေကို ပြောရသည်။



လူမောသည်ထက် စိတ်မောသည်က ပိုဆိုးသည်။

ကျောင်းဆီသို့ စက်ဘီးဖြင့် အမြန်နင်းသွားရင်း လမ်းဘေး အိမ်များမှ ကလေးများကို အော်ဟစ် ခေါ်ခဲ့ရသေးသည်။

ကျောင်းကို မြင်ရပြီ၊ ကျောင်းတံခါး အမြန်ဖွင့်ပြီး လုပ်စရာ ရှိတာလေးတွေ အမြန်လုပ်ထားရမည်။

ကျောင်းရှေ့သို့ရောက်အောင် စက်ဘီးကိုကွေ့၍ ဝင်လိုက် သည်။

'ဟိုက် . . .'

ကျောင်းရှေ့တွင် ဆိုင်ကယ်တစ်စီး။

သော့ခတ်ထားသော ကျောင်းတံခါးပေါက် အနီးတွင် ရပ်နေသည်က ပညာအုပ်မင်း။

ဦးဘထိုက် မျက်လုံးများ ပြာဝေသွားသည်။ သွေးကြောများ အားလုံး ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။

ဝေးလံ၍ မြို့နယ် အစွန်အဖျားတောင်ခြေမှာရှိသော မီးသွေးဖုတ်ရွာသို့ ဦးဘထိုက် ပြောင်းရွှေ့ခံရသည်။

မြေစိုရွာမှ မီးသွေးဖုတ်ကို နေ့စဉ်သွားပြီး ကျောင်းတက်၍ မရ။ မီးသွေးဖုတ်ရွာတွင် သွားနေဖို့ဆိုသည်ကလည်း ဦးဘထိုက်မှာ လယ်တွေကို ပစ်သွား၍မဖြစ်။

'အို. ဒီလောက် ဝေးတဲ့ခေါင်တဲ့နေရာကိုတော့ ဒုက္ခခံပြီး မသွားတော့ဘူး၊ ကိုယ့်လယ်ပဲ ကိုယ်လုပ်စားတော့မယ် . . .'

ဦးဘထိုက် ကျောင်းဆရာအလုပ်မှ ထွက်လိုက်သည်။

မြေစိုရွာမှာ ဦးသာဦး၏ မူလတန်းကျောင်းကလေးတွင်ကား စာသင်သံ၊ စာအံသံ၊ ကလေးများ၏ ပျော်ရွှင်စွာဆော့ကစားသံ၊ ခေါင်းလောင်းသံတို့နှင့် စည်စည်ညံလျက်။

ဦးသာဦး၏ ကွမ်းခြံကြီးမှာလည်း ရွက်သစ်နုတို့ ဝေစည်လျက်။

❐ ❐ ❐

# စေတနာနှင့် ပြေပါလေ

မနက်ခင်း မိုးလေး တပြိုက် ရွာပြီး နေပွင့်လာ၍ လောကတစ်ခွင် သစ်လွင် လန်းဆန်းနေသည်။ မုတ်သုန်မိုးဦးကာလဖြစ်၍ ပင်ပျိုပင်အို အားလုံးစိမ်းစိုနေသည်။

ကြည်လင်သော မိုးရေပုလဲမိုးစက်ကလေးများ သစ်ရွက်တွင် ခိုတွဲနေသည်။ ထို မိုးစက်ကလေးများကို နေခြည်ပက်ဖြန်းသောအခါ ရောင်စဉ်တန်းကလေးများ ပြိုးပြိုးပြက်ပြက် တလက်လက်။

ကျောင်းသူ ကျောင်းသားများ ကျောင်းတံခါးမကြီးမှ ဝင်လာမစဲ တသဲသဲ။ ကျောင်းဝင်းတစ်ခုလုံးမှာလည်း ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမတို့၏ ကျောင်းအစိမ်းရောင်သည် မိုးဦးသစ်ပင်များနှင့် အပြိုင် စိုလွင်နေသည်။

လုံချည်စိမ်းနှင့် အကျႌဖြူ။

ကျောင်း၏ အလှ။ မြို့၏အလှ။ နိုင်ငံ၏အလှ။

'မင်္ဂလာပါ ဆရာကြီး'

'အေး . . . အေး . . . မင်္ဂလာပါ တပည့်တို့'

ကျောင်းဝင်းအတွင်းသို့ လှည့်ပတ်ကြည့်နေသော ကျွန်တော့်ကိုတွေ့သည့် ကျောင်းသူကျောင်းသားများက နှုတ်ဆက်ကြသည်။

အစဉ်အလာအရ နှုတ်ဆက်ခြင်းဖြစ်သလို တကယ့်မင်္ဂလာလည်းဖြစ်ပါ၏။

သူတို့၏ မျက်နှာကလေးများသည် နုပျိုလန်းဆန်းနေသည်။ နံနက်နေခြည်အောက်မှ ပန်းကလေးများ။

အချို့က ကျွန်တော်သိသော မျက်နှာကလေးတွေ၊ အချို့က ကျွန်တော် မသိသော မျက်နှာအသစ်ကလေးတွေ။

အရွယ်ကြီးလျက် အသစ်ဖြစ်သော မျက်နှာလေးများမှာ အလယ်တန်းကျောင်းများမှ (၈) တန်းအောင်ပြီး ကျွန်တော့်ကျောင်းသို့ပြောင်းလာကြသော ကလေးများ။ ကျွန်တော်တို့ ရင်ခွင်သို့ ပြောင်းရွှေ့ခိုဝင်လာကြသည့် သားသမီး အသစ်များ။

ကျောင်းဆရာဘဝကို ကျွန်တော် မြတ်နိုး စုံမက်ရသည့် အကြောင်းများတွင် ဤအချက်လည်းပါသည်။ တစ်နှစ် တစ်နှစ်မှာ အသစ် အသစ်သော ကလေးများ၏ နုပျိုလန်းဆန်းမှုကို တွေ့ရခြင်းဖြင့် ကျွန်တော်မှာလည်း နှစ်စဉ် ပြန်သစ်ပြီး ပြန်လည် နုပျိုနေသလို ခံစားရသည်။

ကျွန်တော်တို့ ဆရာ၊ ဆရာမဆိုသည်မှာတပည့်အားလုံးကို



အသစ်အဟောင်းမရွေး ချစ်ခင်သည်။ ကိုယ့်ရင်ခွင် ရောက်လာလျှင် ကိုယ့်သားသမီးသာ ဖြစ်သည်။

'မင်္ဂလာပါ ဆရာကြီး'

'ဩော် . . . ဟုတ်ကဲ့၊ မင်္ဂလာပါ ဆရာမ'

ဆရာ၊ ဆရာမများလည်း ရောက်လာကြပြီ။

ခဏအတွင်းမှာပင် တစ်ကျောင်းလုံး စည်ကားမြိုင်ဆိုင်စွာနှင့် ကျက်သရေရှိလှသည်။

လာနေကြဆဲ၊ ကျောင်းဝန်းထဲသို့ ဝင်နေကြဆဲ၊ အတန်းများဆီသို့ သွားနေကြဆဲ။

အချို့က ကိုယ်ပိုင်ကားနှင့်၊ အချို့က ကျောင်းကားနှင့် အချို့က စက်ဘီးနှင့်၊ အချို့ကခြေကျင်။

လာကြပုံ မတူဘဲ ဆင်းရဲချမ်းသာ အလွှာကွဲသော်လည်း ဆရာဆိုသည်မှာ တပည့်အားလုံးကို ခွဲခြားခြင်းမရှိ။ အားလုံးကို ချစ်ခင်ရသည်။ တူညီမျှတစွာ စေတနာ ထားရသည်။

ကျောင်းဝင်းတစ်ပတ် လှည့်ကြည့်ပြီး ကျွန်တော့် ရုံးခန်းထဲသို့ ဝင်ခဲ့သည်။

ခဏအတွင်းမှာပင် ကျောင်းအပ်သူများ၊ ရောက်လာကြသည်။ မိဘပါသောကလေးများ၊ မိဘမပါသောကလေးများ၊ ထူးထူးခြားခြား သူ့ကျောင်းမှ လေးတန်းအောင်သော ကျောင်းသူကျောင်းသားလေးများကို ကိုယ်တိုင်ခေါ်ဆောင်ပြီး လာအပ်သော မူလတန်း

ကျောင်းအုပ်ဆရာကြီးနှင့် သူ့တပည့်များ။ သင့်ရာအပ်ပို့ ဆရာတို့ မချို့ဝတ်ငါးဖြာ ဆိုသည်ကို ကျေပွန်သော ဆရာဖြစ်သည်။ ကျွန်တော် လေးစားလိုက်မိပါ၏။

ကျောင်းဖွင့်၍ တစ်ပတ်ခန့် ကြာပြီဖြစ်သော်လည်း ကျောင်း အပ်သူများမှာ ရှိနေကြဆဲပင် ဖြစ်၏။ အချို့မှာ နယ်မြေကန့်သတ်ချက် ကိုကျော်လွန်၍ အားနာစွာနှင့် ငြင်းပယ်နေရသည်။

ကျောင်းတက်ရန်အတွက် ပထမခေါင်းလောင်း ထိုးသံကြား ရသည်။

အပြင်ဘက်တွင် ဆူညံစွာ ဆော့ကစားနေကြသော ကျောင်းသူကျောင်းသားများ သက်ဆိုင်ရာ အတန်းများသို့ ဝင်ကြပြီ။ အသံများ ကြားနေရဆဲ။ ကျွန်တော်လည်း ကျောင်းအပ်သူများနှင့် စာရင်းရှင်းနေရဆဲ။

ဒုတိယခေါင်းလောင်းထိုးသံ ကြားပြီးသောအခါ တစ် ကျောင်းလုံး ငြိမ်တိတ်သွားကြပြီ။ အံ့သြစရာနှင့် ကြည်နူးကျေနပ် စရာ။

စောစောကပင် ဆူညံနေသော မတစ်ထောင် သားသမီးများ သည် ဤဝင်း၊ ဤအဆောက်အအုံများ အတွင်းမှာပင် ရှိနေကြပါ လျက် ငြိမ်တိတ်သွားကြပြီ၊ ကျောင်းတက်ချိန်စည်းကမ်းအရဖြစ်သည်။ ထို့ကြောင့်လည်း 'အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက' ဟု ဆော ်ပုဒ် ပြုထားရခြင်းဖြစ်သည်။ ကျောင်း၌ လိုက်နာခဲ့ကြရသော



ကျောင်းစည်းကမ်းကို အခြေပြုပြီး ကြီးသည်အထိ စည်းကမ်းရှိ သွားကြလျှင် စည်းကမ်းရှိသော လူမျိုး၊ စည်းကမ်းရှိသော တိုင်းပြည် ဖြစ်လာပေမည်။

ကျောင်းဖွင့်စမို့ အတန်းပိုင်ဖြစ်သော ဆရာ၊ ဆရာမအချို့မှာ အတန်းမဝင်နိုင်ကြသေး။

ကျောင်းမှ တာဝန်ယူရောင်းချပေးရသော ပြဋ္ဌာန်းစာအုပ်၊ လေ့ကျင့်ခန်း ဗလာစာအုပ်များ တွက်ချက် ထုတ်ယူနေကြသည်။

ဆရာ မရောက်သေးသော အတန်းများကို သက်ဆိုင်ရာ အတန်းခေါင်းဆောင် (မော်နီတာ) များက အုပ်ထိန်းထားကြသည်။

'ဆရာမ . . . ဆရာမ'

ရုံးစာရေးကြီးထံမှ စာအုပ်များကို စာရင်းနှင့် ထုတ်ယူရေ တွက်နေသော ဆရာမ ဒေါ်မိမိခင်ကို ကျောင်းသားတစ်ယောက် လှမ်းခေါ်နေသည်။

'ဟဲ့ . . မင်းထွန်း၊ ဘာဖြစ်လို့ ခေါ်နေတာလဲ၊ ငါဒီမှာ အလုပ်ရှုပ်နေတာ မတွေ့ဘူးလား'

ဆရာမ မလာခင် ကျွန်တော်အတန်းကို ထိန်းထားတာ ကျောင်းသားနှစ်ယောက်က လူပါးဝလို့ ဆရာမ'

ကိုးတန်း(ခ)မှ အတန်းပိုင်ဆရာမနှင့် သူ့အတန်းခေါင်း ဆောင်တို့ ပြောဆိုနေကြသည်ကို ကျွန်တော်နားစွင့်လိုက်မိသည်။

'ဘာပြောတယ်၊ ဘယ်လို လူပါးဝတာလဲ'

'ကျောင်းတက်ပြီ စကားမပြောရဘူးဆိုတာကို နားမထောင်ဘူး၊ ဆရာမ၊ ကျွန်တော်က သွားပြောတော့ မင်းက ဆရာမဟုတ်ဘူးတဲ့'

'အံမယ် . . သူတို့က လူပါးဝလိုက်တာ'

ဆရာမ ဒေါ်မိမိခင်က မကျေနပ်။

'ငါ့ကို ဆရာမက အတန်းခေါင်းဆောင်အဖြစ် တာဝန်ပေးထားတာလို့ ကျွန်တော်ပြောတယ် ဆရာမ၊ မရဘူး၊ မင်းငါတို့ကို ဘာမှ ဆရာလုပ်ဖို့ မလိုဘူးတဲ့'

'အေး . . . သိကြသေးတာပေါ့၊ ငါနဲ့ တွေ့မယ်၊ ရော . . ဒီစာအုပ်တွေ မင်းယူခဲ့'

ဆရာမ ဒေါ်မိမိခင် ထွက်သွားပုံမှာ ဒေါသပါသည်ကို ကျွန်တော်သတိထားလိုက်မိပါ၏။ သို့သော် ကျွန်တော် ခင်မင်လေးစားသော မိတ်ဆွေတစ်ယောက်က သူ့သားကို ကျောင်းအပ်ရန်ရောက်လာ၍ ကျွန်တော် အာရုံပြောင်းသွားသည်။

ကျွန်တော့် မိတ်ဆွေ၏ သားမှာ ရှစ်တန်းအောင်ပြီး ကိုးတန်းတက်ရန်ဖြစ်သည်။ နယ်မြေခွဲတမ်းမှာလည်း အကျုံးဝင်သူဖြစ်သည်။ လိုအပ်သော စာရွက်စာတမ်းများလည်း ပါသည်။ ကျွန်တော် လွယ်လွယ်ပင် ထောက်ခံ၍ စာရင်းသွင်းရန် စာရေးသို့ လွှဲပေးလိုက်သည်။

မိတ်ဆွေနှင့် အေးအေးဆေးဆေး စကားပြောနေကြစဉ် အရွယ်နှင့်မလိုက်အောင် မျက်မှန်ထူထူ တပ်ထားသည့် ပိန်ပိန်ပါးပါး



ကျောင်းသားတစ်ယောက် ဝင်လာပြီး ကျွန်တော့်စားပွဲရှေ့မှာ လက်ပိုက်၍ရပ်နေသည်။ မှုန်မှိုင်းနေသောမျက်နှာက တစ်စုံတစ်ခုကို မကျေနပ်သောပုံ။

သူ့ကို ကျွန်တော်သိပါသည်။ ရှစ်တန်းအောင်ပြီး ရောက်လာသော ကိုးတန်းကျောင်းသားအသစ်။ ရှစ်တန်းမှာ လေးဘာသာဂုဏ်ထူးနှင့် အောင်ခဲ့သူဖြစ်၍လည်းကောင်း၊ သူ၏ ထူးခြားသောပုံသဏ္ဍာန်ကြောင့်လည်းကောင်း ကျောင်းအပ်စဉ်ကတည်းက ကျွန်တော်ထူးထူးခြားခြား မှတ်ထားမိခဲ့သည်။

'ပြောပါတပည့်၊ ဘာကိစ္စရှိလို့လဲ'

'ကျွန်တော်ကိုးတန်းဘီက ကျောင်းသားပါ'

'အေး ဟုတ်ပြီ၊ ပြော'

သူက အတန်းထဲတွင် သူနှင့် မော်နီတာ ပြဿနာဖြစ်ရပုံမှ တစ်ဆင့် အတန်းပိုင်ဆရာမက သူ့ကို ရိုက်ပုံများကိုပြောပြတိုင်ကြားသည်။

ဆရာမကို ကျောင်းအုပ်ဆရာကြီးထံ ပြန်တိုင်သော ကျောင်းသားဖြစ်သည်။ သူမတရား အရိုက်ခံရပုံကို တိုင်ကြားခြင်းဖြစ်သော်လည်း ငိုယို၍ပြောကြားခြင်းမဟုတ်သလို ဒေါသနှင့်လည်း မဟုတ်၊ တည်တည်ငြိမ်ငြိမ်ရှိသည်။

အာဂကျောင်းသားဖြစ်မည်ဟု ကျွန်တော် သတိထားလိုက်သည်။

စောစောပိုင်းက ဒေါ်မိမိခင် ဒေါသတကြီးထလိုက်သွားသည်ကို ပြန်သတိရမိသည်။

ကျောင်းလာအပ်သော ကျွန်တော့် မိတ်ဆွေမှာ ကျောင်းသား ပြောသည်ကိုနားထောင်ပြီး အတော်ပင် စိတ်မချမ်း မသာဖြစ်သွားဟန်တူသည်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်မိပါသည်။

ကျောင်းသား တိုင်ကြားပြောဆိုနေပုံမှာ အမှန်အတိုင်းဖြစ်မည်ဟု ကျွန်တော်ယူဆလိုက်ပါသည်။

သို့သော် သေချာအောင် မေးမြန်းစုံစမ်းရဦးမည်။

'အေး . . . အေး၊ ဆရာကြီး သေသေချာချာမေးပါဦးမယ်၊ ငါ့တပည့် အခုတန်းထဲကို ပြန်သွားနိုင်ပြီ'

'ဟုတ်ကဲ့ ဆရာကြီး'

ကျောင်းသား ပြန်ထွက်သွားပါသည်။

ကျွန်တော် သက်ပြင်းတစ်ချက် ချမိသည်။

ကျွန်တော့် မိတ်ဆွေကတော့ ကျောင်းအုပ်ချုပ်ရေးနှင့်ဆိုင်သောကိစ္စဖြစ်၍ ဘာမျှ ဝေဖန်ပြောကြားခြင်းမရှိပါ။

ကျွန်တော့်မိတ်ဆွေပြန်သွားသည်နှင့် စောစောက အရိုက်ခံရသောကျောင်းသား ပြောင်းလာသည့် အလယ်တန်းကျောင်းအုပ် ဆရာကြီးထံသို့ တယ်လီဖုန်း လှမ်းဆက်လိုက်ပါသည်။ ထိုကျောင်းအုပ်မှာ ကျွန်တော်နှင့် ရင်းနှီးခင်မင်သူဖြစ်ပါသည်။ ထိုဆရာကြီးမှာ ကျောင်းအုပ်ဖြစ်သော်လည်း အရေးကြီးသော



အတန်းများတွင် သူကိုယ်တိုင် သင်ကြားသင်သူဖြစ်သည်။

တစ်ဖက်မှ ကျောင်းအုပ်ကြီးက သူ့တပည့်သည် လူတော်ဖြစ်ရုံသာမက လူကောင်းလည်းဖြစ်ကြောင်း၊ မဟုတ်မမှန်သည်ကို လိမ်ညာ၍ မပြောတတ်ကြောင်း ထောက်ခံပြောဆိုပါသည်။

ကျွန်တော်လက်ခံပါသည်။ သို့သော် လူဆိုသည်မှာ မည်မျှရင့်ကျက်သူဖြစ်စေ သံယောဇဉ်ရှိကြောင်း၊ ထိုသံယောဇဉ်ကို အကြောင်းပြုပြီး စေတနာ အသာအလျော့ ရှိတတ်ကြောင်းကို ကျွန်တော်သတိထားပါသည်။ ယခုဖြစ်သည်မှာ ကျောင်းသားချင်း မဟုတ်တော့ပါ။ ဆရာမနှင့် ကျောင်းသားဖြစ်နေသည်။ မျက်မြင်သက်သေကို မေးကြည့်ချင်သည်။

ကျွန်တော် ပြုံးလိုက်မိသည်။ စိတ်ချရသော မျက်မြင်သက်သေ ကို စဉ်းစားမိသောကြောင့်ဖြစ်သည်။ ထိုအတန်းတွင် ကျွန်တော့်သမီးရှိသည်။

× × ×

ညစာ စားပြီးတော့ သမီးစာမကြည့်ခင် ဧည့်ခန်းမှာ ကျွန်တော်နှင့် ဆုံမိကြသည်။

'ကဲ . . သမီး၊ မနက်က သမီးတို့ အတန်းထဲမှာ ဆရာမ ဒေါ်မိမိခင်နဲ့ မောင်ကျော်အောင်ဆိုတဲ့ ကျောင်းသားနဲ့ ဘယ်လိုဖြစ်

ကြတယ်ဆိုတာ ဖေဖေ့ကိုပြောပြစမ်းပါ။ ဒေါ်မိမိခင်နဲ့ သမီးနဲ့ ခင်မင်ရင်းနှီးတာကို ဖေဖေသိတယ်၊ ဒါပေမယ့် ဘက်မလိုက်နဲ့၊ အမှန်အတိုင်းပြောပြ၊ သမီးပြောတာ မှန်မမှန်ဆိုတာကိုလဲ ဖေဖေက စုံစမ်းဦးမှာ၊ ကဲ . . . သမီး သိသမျှပြောပြစမ်းပါဦး’

‘ဟုတ်ကဲ့ ဖေဖေ၊ စဖြစ်တာက ဆရာမနဲ့မဟုတ်ပါဘူး၊ မော်နီတာ မင်းထွန်းနဲ့ ဖြစ်တာပါ၊ ဆရာမကသူမရှိတုန်းအတန်းကို ထိန်းဖို့၊ ပြောမရရင် ရိုက်ဆိုပြီး မင်းထွန်းကိုကြိမ်လုံး ပေးခဲ့ပါတယ်’

‘ဟုတ်ကဲ့လား သမီး’

ရွယ်တူကျောင်းသား အချင်းချင်း ရိုက်ရန် အာဏာလွှဲ၍ ကြိမ်လုံးပေးသည်ကို ကျွန်တော် လက်ခံဖို့ အတော်ခက်သွားပါသည်။

‘ဟုတ်ပါတယ် ဖေဖေ၊ မင်းထွန်းက ကျော်အောင်နဲ့ မျိုးသန့် ဆိုတဲ့ ကျောင်းသားနှစ်ယောက်ကို စကားပြောလို့ဆိုပြီး ခေါင်းကို ကြိမ်လုံးနဲ့ တစ်ချက်စီ ခေါက်ပါတယ်’

‘သမီး မြင်လား’

‘မြင်ပါတယ် ဖေဖေ၊ သမီးတို့ခုံနဲ့ အဲဒီကောင်လေးတွေခုံက ဘေးတိုက်ဖြစ်နေလို့မြင်ပါတယ်၊ ခေါက်တဲ့အသံကိုတောင်သမီးတို့နေရာက ကြားရတယ်’

‘အင်း . . ပြောပါဦး’

‘အဲဒီတော့ ကျော်အောင်ဆိုတဲ့ ကောင်လေးက မင်းဘာလို့ ငါတို့ ခေါင်းကိုရိုက်ရတာလဲလို့မေးတယ်။ မင်းတို့စကားပြောနေလို့တဲ့၊



မင်းထွန်းကပြန်ပြောတယ်။ ငါတို့စကားပြောနေကြတာမဟုတ်ဘူးကွ သင်္ချာတွက်နေကြတာ၊ သူတွက်တာမှားလို့ ငါကရှင်းပြနေတာတဲ့၊ ကျော်အောင်ကပြန်ပြောတယ်။ မလိုချင်ဘူး၊ ကျောင်းတက်ရင် စကားမပြောရဘူးလို့ ဆရာမက မှာထားတယ်။ ပြောရင်တော့ ခေါက်မှာပဲတဲ့၊ မင်းထွန်းပြန်ပြောတယ်။ အဲဒီတော့ ကျော်အောင်က မင်းဆရာမဟုတ်ဘူး၊ ငါတို့ကို ခေါက်ခွင့်မရှိဘူး၊ နောက်တစ်ခါလုပ်ရင် ငါမခံဘူးလို့ပြောတယ်။ ဒါနဲ့ မင်းထွန်းက ဒါဆရာမခိုင်းတာကွ၊ မင်းတို့ ကျောင်းသားသစ်တွေ လူပါးမဝနဲ့ဆိုပြီး ဆရာမဆီသွားတိုင်တယ်’

‘ကျော်အောင်က မင်းထွန်းကို ဘာပြန်လုပ်သေးလဲ’

‘မလုပ်ပါဘူး ဖေဖေ’

‘အဲဒီတော့ ဆရာမက . .’

‘ဆရာမ လိုက်လာပြီး ကျော်အောင်ကို မတ်တတ်ရပ်ခိုင်းတယ်၊ မင်းတို့ ကျောင်းသားသစ်တွေ လူပါးမဝနဲ့၊ မင်းထွန်းက မော်နီတာ၊ စကားပြောရင်ရိုက်ဖို့ ငါခိုင်းလို့ ရိုက်တာ . .

မင်းက ဘာဖြစ်လို့ ဒီလောက် စွာနေရတာလဲ တဲ့။ ကျော်အောင်ကိုမေးတယ်။ ကျော်အောင်က မဟုတ်ဘူးဆရာမ၊ သူက ကျောင်းသားချင်း ဖြစ်နေတော့ သူရိုက်တာကို ကျွန်တော်မခံနိုင်ဘူး၊ ရိုက်စရာရှိရင် ဆရာမ ရိုက်ပါ၊ ကျွန်တော်ခံနိုင်တယ်တဲ့။ အဲဒါနဲ့ ဆရာမက ဟင် . . ဒါဖြင့် ရိုက်တယ်ဟယ် . . ရိုက်တယ်ဆိုပြီး

ကျော်အောင်ကို ကြိမ်လုံးနဲ့ ငါးချက် ဆက်ရိုက်တယ်၊ သမီးတို့ဖြင့် ဆရာမ ဒေါသကြီးနေတာ မြင်ရတော့ ကြောက်လိုက်တာ ဖေဖေရယ်၊ ဒါပေမယ့် အဲဒီကောင်လေးက လုံးဝမငိုဘူး၊ လက်ပိုက်ပြီးခံတယ်၊ ဆရာမလဲ သူ့နေရာသွားထိုင်ရော . . အဲဒီကောင်လေး အခန်းထဲက ထွက်သွားတယ်။ ခဏနေတော့ အတန်းထဲ ပြန်ဝင်လာပြီး သူ့နေရာမှာ ထိုင်တယ်၊ စာအုပ်ထုတ်ပြီး ရေးစရာရှိတာ ဆက်ရေးနေတယ်'

သမီးပြောသည်ကိုနားထောင်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။

'ဆရာဟာ တပည့်ကိုရိုက်ခွင့်ရှိတယ်ဆိုပေမယ့် ကောင်းစေချင်တဲ့ စေတနာနဲ့ ကောင်းကျိုးတစ်ခုခု ရဖို့သာ ရိုက်သင့်တယ်၊ ဒေါသအာဃာတနဲ့ ရိုက်ခွင့်မရှိဘူးကွ'

ကျွန်တော့်ဆရာလည်းဖြစ်၊ ကျောင်းအုပ်ကြီးလည်းဖြစ်သော ဆရာဦးသိန်း ဆုံးမ ပြောကြားခဲ့သော စကားများကို ကျွန်တော် ကြားယောင်နေမိသည်။

× × ×

နောက်တစ်နေ့မနက် မထမဆုံးစာသင်ချိန်တွင် ဆရာမ ဒေါ်မိမိခင်နှင့် မောင်ကျော်အောင်တို့ ကျွန်တော့်ရုံးခန်းသို့ ရောက်လာကြသည်။



ကျွန်တော်စိုးရိမ်မိသည်။ ကျွန်တော်က ဘယ်သူ့ကိုမှ မဖိတ်ခေါ်သေးခင် ပြဿနာက ကျွန်တော့်ဆီကို လာနေပြီကို ဆီးကြိုရတော့မည်။

'ဆရာကြီး မနေ့က ဒီကျောင်းသားနဲ့ ကျွန်မနဲ့ ဖြစ်တဲ့ကိစ္စ ပြောချင်လို့ပါ'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ဆရာမက ဘာမျှမပြောသေးခင် ပါးပေါ်မှာ မျက်ရည်များ စီးကျလာသည်။

'မနေ့က သူ့ကိုရိုက်ပြီးကတည်းက ကျွန်မ တစ်နေ့လုံး စိတ်ဆင်းရဲနေပါတယ်၊ ညကျတော့လဲ သေသေချာချာစဉ်းစားလေ ကျွန်မ မှားသွားပြီဆိုတာ နားလည်လေမို့ ကျွန်မငိုမိပါတယ်၊ ကျွန်မ သားလေးသာ ဒီလိုခံရရင် . . လို့တွေးမိတော့လဲ ကျွန်မ မောင်ကျော်အောင်ကို သိပ်သနားမိတယ်၊ ဒါကြောင့် မောင်ကျော်အောင်ရှေ့မှာပဲ ကျွန်မလွန်သွားတာကို ဆရာကြီးဆီ ပြောပြချင်လို့ သူ့ကိုပါခေါ်လာတာပါ၊

'ဪ . . . ကောင်းပါတယ် ဆရာမရယ်၊ ကျွန်တော် သိပ်ဝမ်းသာပါတယ်'

မောင်ကျော်အောင်ကို လှမ်းကြည့်တော့ သူ့မျက်နှာလေးက အေးဆေးတည်ငြိမ်နေပါသည်။

'ကဲ . . ငါ့တပည့်ကလဲ ကျေနပ်ပါနော်၊ ဟုတ်လား'

ကျွန်တော်လှမ်းပြောလိုက်တော့မှ သူခေါင်းကလေးမော့လာပါသည်။

'ကျွန်တော် ကျေနပ်ပါတယ်၊ ကျွန်တော့်ကြောင့် ဆရာကြီးရောဆရာမပါ စိတ်အနှောင့်အယှက်ဖြစ်ရရင်လဲ ခွင့်လွှတ်ပါ'

သူက နေရာမှထပြီး ကြမ်းပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်၍ ကျွန်တော့်ကို ကန်တော့ပါသည်။

'အို . . သိပ်လိမ္မာတဲ့ ကလေးပါလားကွာ'

ကျွန်တော့်ရင်ထဲမှာ ကြည်နူးရလွန်း၍ မျက်ရည်ရစ်ဝဲမိသည်ကို ထိန်းချုပ်နိုင်ရန် ဆုတွေပေးနေရပါသည်။

'ဆရာမကိုလဲ ကန်တော့ပါတယ်'

'အို . . မကန်တော့ပါနဲ့ သားရယ်၊ ဆရာမကို မကန်တော့ပါနဲ့'

ဒေါ်မိမိခင် ရှိုက်ကြီးတငင် ငိုပါသည်။

သို့သော် ကလေးက ကန်တော့နေပါပြီ။

'ကန်တော့ပါစေ ဆရာမရယ်၊ ဆရာမ သူတို့ကို မေတ္တာ၊ စေတနာထားပြီး ဆယ်တန်းအောင်တဲ့အထိ သင်ပေးရဦးမှာပါ . . .'

ဒေါ်မိမိခင်က ကန်တော့နေသော ကျောင်းသားကိုကြည့်ပြီး မျက်ရည်များကျနေဆဲ။

သူ့ရင်ထဲမှာတော့ မေတ္တာ၊ စေတနာနှင့် ဆုများပေးနေပါလိမ့်မည်။

□ □ □

# ကလေးတို့ ဆရာမ

မူလတန်း ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးချစ်သည် ကျောင်းသို့ ယူသွားရမည့် ပစ္စည်းများကို ခြင်းထဲသို့ထည့်ရင်း စားပွဲပေါ်မှ နာရီကို လှမ်းကြည့်လိုက်သည်။

'ဟော . . ခုနှစ်နာရီတောင် ထိုးပြီးပြီ။ သမီးရေ . . အိပ်ရာဘေးက မေမေ့မျက်မှန် ယူခဲ့စမ်းပါဟေ့'

ဒေါ်အေးချစ်၏ အသံက အလျင်စလိုဖြစ်၏။

ခင်ပွန်းဖြစ်သူ ဦးဘငွေက ကော်ဖီတစ်ခွက်ကို အေးအေးဆေးဆေးသောက်ရင်း ဒေါ်အေးချစ်ကို လှမ်းကြည့်လိုက်သည်။

ဒေါ်အေးချစ်က ခေါက်ထီးကိုယူ၍ ခြင်းထဲသို့ထည့်လိုက်သည်။

'ဟဲ့ . . ငါ့ရေနွေးဓာတ်ဘူးလဲ မရောက်သေးပါလား'

'လာမယ် . . လာမယ် အစ်မရေ၊ ဒီမှာ ထည့်နေပြီ'

နောက်ဖေး မီးဖိုထဲမှ မထွေးက လှမ်းအော်သည်။

'ဩော် . . . ညည်းတို့ဟာကလဲ၊ စောစောစီးစီးက ထည့်မထားကြဘဲကိုး၊ ခုနှစ်နာရီခွဲလို့မှ ကျောင်းမရောက်ရင် ဟိုမှာ မင်းမဲ့တိုင်းပြည်ဖြစ်ပြီး ပြဿနာတွေက ရှုပ်ကုန်ဦးမယ်'

'မင်းကြည့်ရတာ ပင်ပန်းလိုက်တာ မချစ်ရာ . . တစ်နေ့ တစ်နေ့ ပြေးဟာ လွှားဟာ၊ မတစ်ထောင် သားသမီးတွေနဲ့ အော်ဟာ ဟစ်ဟာ၊ စိတ်ရှုပ်စရာ။ လုပ်သက်လဲအနှစ်သုံးဆယ် ပြည့်နေပြီပဲဟာ . . ပင်စင် ယူပါ ပြောတာလဲမရဘူး'

ဦးဘငွေသည် ထိုင်နေရင်းမှ ဒေါ်အေးချစ်အတွက် မသက်မသာဖြစ်မိသည်။

ဒေါ်အေးချစ်သည် ပျာယာ ပျာယာ ရောက်လာသော မထွေးထံမှ ဓာတ်ဘူးကို ယူ၍ခြင်းထဲသို့ ကိုယ်တိုင် ထည့်သည်။

'ကဲ . . . ကဲ . . . ကော်ဖီလာသောက်လှည့်ဦး၊ အေးကုန်တော့မယ်'

ဒေါ်အေးချစ်က နံရံပေါ်မှ သော့တွဲကို ဖြုတ်ယူ၍ ခြင်းထဲမှ အိတ်ထဲသို့ သေသေချာချာထည့်၏။

လုပ်စရာအားလုံးပြီးပြီမို့ စားပွဲပေါ်မှ ကော်ဖီပန်းကန်လှမ်းယူလိုက်သည်။ ထိုင်ပင် မထိုင်နိုင်။ နည်းနည်းပင် အေးနေပြီဖြစ်သော ကော်ဖီကို ခပ်မြန်မြန်လေး သောက်လိုက်သည်။

'ငါ့ဆိုင်မှာ ရောင်းကောင်းတဲ့နေ့ဆိုရင် မင်းတစ်လအတွက် ရတဲ့လခဟာ ငါ့တစ်နေ့စာတောင် မမီဘူး'



ဒေါ်အေးချစ်က ကော်ဖီသောက်နေရင်းမှ ဦးဘငွေကို လှမ်းကြည့်လိုက်သည်။

'မင်းလိုလဲ ပျာယီးပျာယာ မပြေးရဘူး၊ ကိုယ့်ဆိုင် ကိုယ်ကြိုက်တဲ့အချိန် သွားရုံပဲ၊ လုပ်ရတာလဲ မပင်ပန်းဘူး၊ ဝယ်သူလာရင် ရောင်းလိုက်ရုံပဲ'

ဦးဘငွေပြောသည်ကို ကြားသော်လည်း ဒေါ်အေးချစ် ပြန်၍မပြောအား၊ ပြောခဲ့ပေါင်း၊ ငြင်းခဲ့ပေါင်းလည်းများပြီ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ ကိုယ့်အလုပ်ကို သူစိတ်မဝင်စား သလိုသူ့အလုပ်ကိုလည်း ကိုယ်စိတ်မဝင်စား။ ကျောင်းဆရာမ အလုပ်သည် မချမ်းသာမှန်း၊ မကြီးပွားမှန်းအစကတည်းကသိပြီးသား။ သို့သော် ဤအလုပ်ကို လုပ်ရသည်မှာ ပျော်သည်၊ ကြည်နူးသည်။ မိမိကိုယ်ကို ကျေနပ်သည်။ ကျောင်းပိတ်ရက်တွင် ကိုယ်နာ ခေါင်းနာ ဖြစ်တတ်သော်လည်း ကျောင်းဖွင့်၍ ကလေးတွေကြားမှာ အော်ကာ ဟစ်ကာ နေရလျှင် ဒေါ်အေးချစ်တို့ ကျန်းမာသည်။

ဝါသနာ၊ စေတနာ၊ အနစ်နာတွေပါသော်လည်း ကြီးကျယ်ရာ ကျမည်စိုး၍ ဒေါ်အေးချစ် မပြောလို။ သို့သော် ဒေါ်အေးချစ် ပြောရဲတာ တစ်ခုတော့ရှိသည်။ ဤအလုပ် ဤဝန်းကျင်၏ ပျော်စရာ ကြည်နူးစရာကလေးများတွင် သာယာတတ်နေမိသည်ကတော့ အမှန်။

ကော်ဖီသောက်၍ပြီးသည်နှင့် ဒေါ်အေးချစ် ခြင်းကိုဆွဲ လိုက်သည်။

'ကဲ . . သွားမယ် ကိုဘငွေ'

ခုနှစ်နာရီခွဲအမီ ကျောင်းသို့ရောက်ရန် ခပ်သုတ်သုတ် ထွက်သွားသည်။

'သွား . . . သွား မစေတနာကြီး'

ဦးဘငွေက ခပ်ငေါ့ငေါ့ပြန်ပြောပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့နေ၏။

သူ့အလုပ်မှာ ဈေးထဲတွင် အထည်ဆိုင်၊ ကိုယ်ပိုင်အလုပ်၊ ကိုယ်ကြိုက်သည့်အချိန်မှ သွား၍ရသည်။

× × ×

'မင်္ဂလာပါ ဆရာမကြီး'

ကျောင်းပေါက်ဝမှ စောင့်နေကြသော ကျောင်းသူလေး နှစ်ဦးနှင့် ကျောင်းသားလေး သုံးယောက်က လက်ပိုက်၍ ရိုရိုသေသေ နှုတ်ဆက်ကြသည်။

ယနေ့ တာဝန်ကျအသင်းမှ ကလေးများဖြစ်သည်။ သန့်ရှင်းရေးလုပ်ရန် စောစောရောက်နေကြခြင်းဖြစ်သည်။

လုံချည်စိမ်းနှင့် အင်္ကျီဖြူ ဆင်တူဝတ်ထားကြသော ကလေးများကို မြင်ရရုံနှင့် ဆရာမကြီး၏ရင်မှာ အေးမြလန်းဆန်းရပြီ၊

'အေး . . . အေး . . . မင်္ဂလာပါ သားတို့ သမီးတို့၊ ဟဲ့ မောင်အောင်ငွေ၊ ရော့ . . . တံခါးဖွင့်'



ဆရာမကြီးက သော့တွဲကို ထုတ်ပေးသည်။

မောင်အောင်ငွေ ခေါင်းကိုငုံ့၍ လက်နှစ်ဖက်ဖြင့် ရိုရို သေသေ ယူ၏။ ပြီးတော့ ဝင်းတံခါးသော့ကို ဖွင့်၏။

ကျောင်းသူလေးတစ်ဦးက ဆရာမကြီးလက်မှ ခြင်းကို ရိုရို သေသေ လှမ်း၍ ယူလိုက်သည်။

ဤဆက်ဆံမှုကလေးများ၏ အလှအပနှင့် ကြည်နူးစရာကောင်းပုံကို ကိုဘငွေတစ်ယောက် ခံစားတတ်မည်မဟုတ်ဟု တွေး၍ ဆရာမကြီး ပြုံးမိသည်။

'မောင်အောင်ငွေက ဝင်းတံခါးဖွင့်ပြီး ကျောင်းတံခါးဆက်ဖွင့်သည်။ ပြီးတော့ ပြတင်းပေါက်တွေ ဖွင့်သူဖွင့်၊ ဆရာမကြီး ရုံးခန်းကို ရှင်းသူရှင်း၊ ကျောင်းထဲမှာ အမှိုက်လှည်းသူ လှည်း၊ လုပ်ရှာကြသည်။

ဆရာမကြီးလည်း ရုံးခန်းဖွင့်ပြီးကတည်းက မနားရ။ မနေ့က ဦးထုပ်မေ့ခဲ့သူ၊ ဖိနပ်ကျန်ခဲ့သူ၊ လွယ်အိတ်ပျောက်နေသူ၊ ထီးပျောက်နေသူတို့ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။ ငိုသူက ငိုလာသည်။ မိဘအချို့က လိုက်လာ၍ စွာကျယ်စွာကျယ် ပြောနေသည်။ ရုံးခန်းမှာ လက်ခံသိမ်းဆည်းထားသမျှကို သူ့အရှင်နှင့် သူ့ဥစ္စာ မှန်ကန်အောင် ထုတ်ပေးရသည်။ ရသူများ စိတ်အေးသွားကြပြီ။ မရသေးသူများအတွက် မေးမြန်းရ ရှာဖွေပေးရသည်။ အချို့က ဘယ်မှာကျန် ့မှန်းပင်မသိ။

ပစ္စည်းပျောက်မှုများ ရှင်းသွားပြီ။

တဖြည်းဖြည်းနှင့်ကျောင်းထဲတွင် ကျောင်းသူကျောင်းသားတွေ များများလာပြီဖြစ်ကြောင်းကို အသံဖြင့် ဆရာမကြီးသိ၏။ ပြေးကြ၊ လွှားကြ၊ အော်ကြ၊ ဟစ်ကြ၊ စကြ၊ နောက်ကြ၊ ပြောင်ကြ၊ ရန်ဖြစ်ကြ၊ ရယ်သူရယ်၍ ငိုသူငိုကြ။ နောက်ထပ် အမျိုးစုံသော အမှုများ ဆရာမကြီးထံသို့ ရောက်လာကြပြန်သည်။

'အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရသည်' ဆိုသောစကားမှာ အချို့သောသူများအတွက် မှန်ချင်မှန်မည်။ ဆရာမကြီး ဒေါ်အေးချစ်အတွက်ကတော့ တစ်နေ့တည်းမှာပင် အမှုပေါင်းများစွာ။ ထို့ကြောင့် သင်ကြားရေးကိစ္စကို အသာထား၍ တရားသူကြီး လုပ်ရသည်။ ဤအမှုများသည် ရက်ချိန်းပေး၍ ရသည် မဟုတ်။ ခုထိုင် ခုစစ်၍ ခု အပြစ်ပေးရသည်။

ကလေးတစ်ယောက် ငို၍ဝင်လာသည်။ သူ့ပါးစပ်မှာလည်း သွေးများ ပေနေသည်။

'ဟဲ့ ကလေး . . . ဘာဖြစ်တာလဲ၊ လာစမ်း လာစမ်း၊ ပြောစမ်း'

'ဟီး . . . အီး . . . ရွှေကြိုင်ရယ်၊ ချစ်ဦးရယ်၊ ဟာလီယားရယ် ဝိုင်းလုပ်ကြတယ်၊ ဟီး . . . အီး'

'ဟုတ်လား၊ သွားခေါ်စမ်း . . . သွားခေါ်စမ်း၊ ဟဲ့ကလေးတွေ . . . ခေါ်ခဲ့ကြစမ်း'



'ဟုတ်တယ် ဆရာမကြီး၊ သူ့ကို တမင်သက်သက် အနိုင်ကျင့်တာ၊ ချစ်ဦးနဲ့ ဟာလီယာက ကိုင်ပေးပြီး ရွှေကြိုင်က လက်သီးနဲ့ ထိုးတယ် ဆရာမကြီး'

ကလေးတစ်ယောက်က မစစ်မေးရဘဲနှင့် သက်သေခံလာ၏။

မကြာမီပင် လူဆိုးကလေး သုံးယောက် ရောက်လာသည်။ ဆရာမကြီးက စစ်ဆေးသည်။ မှန်သည်၊ နှစ်ယောက်က ချုပ်ပေး၍ တစ်ယောက်က ထိုးသည်။ ဆရာမကြီး တော်တော် စိတ်ဆိုးသွားသည်။ အထိုးခံရသောကလေးမှာ သူတို့ထက်ငယ်သည်။

'ရွှေကြိုင် . . . မင်း ဘာလို့ ထိုးရတာလဲ ပြောစမ်း'

'သူက ကျွန်တော့်ကို မကြောက်ဘူးဆိုလို့'

'ဘာကွ . . .'

ဆရာမကြီး၏အသံက ဒေါသကြောင့် ကျယ်လောင်သွားသည်။

'မင်းကို ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ဟင် . . . မင်းက ဘာကောင်မို့လဲ'

ရွှေကြိုင် မဖြေ။

'မင်းက လူမိုက်လား၊ ဟင် . . . ဓားပြလား၊ လူဆိုးလား'

ဆရာမကြီး ဒေါသကြီးနေပြီကို သိ၍ ရွှေကြိုင် ခေါင်းငုံ့နေသည်။

'ကိုယ့်ထက်ငယ်တဲ့ ကလေးကို မင်းက အနိုင်ကျင့်လို့ တယ်စွာတဲ့ကောင်ပါလား၊ မင်းကို ကျောင်းထုတ်ပစ်ရမလား'

ရွှေကြိုင်က ခေါင်းယမ်းပြသည်။

'မင်း နောက် ဒါမျိုးလုပ်ဦးမလား ပြောစမ်း'

'မလုပ်တော့ပါဘူး ဆရာမကြီး'

မင်းထက်ကြီးတဲ့ ကျောင်းသားက မင်းကို ဒီလိုလုပ်ရင် ခံနိုင်မလား ဟင် . . .'

'မခံနိုင်ပါဘူး ဆရာမကြီး'

'မင်းမှာ အပြစ်ရှိသလား မရှိဘူးလား'

'ရှိပါတယ်'

'လာခဲ့၊ လက်ပိုက်ထားစမ်း'

ဆရာမကြီးက ဗီရိုပေါ်မှ ကြိမ်လုံးလှမ်းယူ၍ ရွှေကြိုင်ကို သုံးချက်ရိုက်၏။

'ကြောက်ပါပြီ ဆရာမကြီး၊ ကြောက်ပါပြီခင်ဗျ၊ ကြောက်ပါပြီဗျ'

ရွှေကြိုင် တင်ပါးကိုပွတ်၍ မျက်ရည်ကျနေပြီ။

'ဟင်း . . . ကျွန်တော့်ကို မကြောက်လို့ ဆိုတဲ့ကောင်၊ ကောင်းကောင်း သတိထား၊ နောက်တစ်ခါဆိုရင် မင်းကို အရေကျွံအောင်ရိုက်မယ်၊ နောက်လုပ်ဦးမလား ရွှေကြိုင်၊ ပြောစမ်း'

'မလုပ်တော့ပါဘူး ဆရာမကြီး'



ရွှေကြိုင်က ရှုံ့မဲ့ရှုံ့မဲ့နှင့်ဖြေသည်။

'သွား မင်း သွားတော့၊ လာခဲ့ ဟိုနှစ်ကောင်'

ချစ်ဦးနှင့် ဟာလီယားသည် လက်ပိုက်၍ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှေ့သို့ တိုးလာကြသည်။

'သုံးယောက်နဲ့တစ်ယောက် ကလေးကို အနိုင်ကျင့်တဲ့ ဇရာမသူရဲကောင်းကြီးတွေ၊ ချစ်ဦး . . . ရှေ့တိုးစမ်း'

'ကြောက် . . . ကြောက်ပါပြီ ဆရာမကြီး'

ချစ်ဦးမှာ တုန်တုန်လှုပ်လှုပ် ဖြစ်နေပါပြီ။

'နောက်ကို အနိုင်ကျင့်ချင်ဦး'

'ဗျာန်း . . .'

'ကြောက်ပါပြီ ဆရာမကြီး'

'နောက်ကို အနိုင်ကျင့်ဦးမလား'

'ဗျာန်း . . .'

'မကျင့်တော့ပါဘူး ဆရာမကြီး . . . ဟီး . . အီး . .'

'လာခဲ့ နောက်တစ်ယောက်'

ဟာလီယားမှာ မရိုက်ခင်ကပင် မျက်ရည်ကျနေပြီ။

'အမယ် . . . ကိုယ့်ကျတော့ ကြောက်တတ်လိုက်တာ ဟင်'

'ဗျာန်း . . .'

'ကြောက်ပါပြီ ဆရာမကြီး'

'နောက် လုပ်ဦးမလားဟင်'

'ဗျန်း . . .'

'မလုပ်တော့ပါဘူး ခင်ဗျ ဟီး . . . . အီး . . .'

'နောက်တစ်ခါဆိုရင် မင်းတို့သေဖို့သာပြင်ထား၊ သွားကြ'

ရွှေကြိုင်နှင့် ဟာလီယားတို့ ဖင်ကိုပွတ်၍ ထွက်သွားကြသည်။

'လာ . . . ကလေး . . . လာဦး'

ဆရာမကြီးသည် အထိုးခံရသော ကလေးကို မျက်ရည်သုတ်ပေးသည်။ ပါးစပ်ကို ရေဖြင့် ဆေးပေးသည်။

မ တစ်ထောင် သားသမီးများတွင် လိမ္မာသူတွေ ပါသလို၊ ဆိုးသောသူတွေလည်း ပါတတ်၏။ လွန်ခဲ့သော ဆယ့်ငါးနှစ်က အခုလိုပင် ရိုက်ခဲ့ရသော ကျော်ဝင်းကို ဆရာမကြီး သတိရမိသည်။

ထိုအချိန်က မူလတန်းကျောင်းအုပ် ဖြစ်ခါစ။ ကျော်ဝင်းက ကျောင်းသားဆိုး။ တစ်နေ့တွင် ကလေးတစ်ယောက်ကို လက်သီးဖြင့် ထိုး၍ ကြိမ်ဖြင့် သုံးချက် ချလိုက်ရ၏။

လွန်ခဲ့သည့်နှစ်က ကျော်ဝင်း ဆရာမကြီးကို လာကန်တော့သည်။ ဒုရဲအုပ် ဖြစ်နေပြီ။

'ဟဲ့ . . . မင်း အခု ဆိုးသေးသလား'

ဟု မေးတော့ . . .

'အခု လူဆိုးတွေကို ဖမ်းတဲ့အလုပ် လုပ်နေပြီ ဆရာမကြီး'



ဟု ကျော်ဝင်းကဖြေ၍ ဆရာတပည့်နှစ်ယောက် ရယ်ကြရသေးသည်။

'ဆရာမကြီးခင်ဗျ၊ ဆရာမကြီးခင်ဗျ'

ကလေးတစ်ယောက် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့်ဖိ၍ ဝင်လာပြန်သည်။ ဆရာမကြီး ထိတ်လန့်သွားမိ၏။ နောက်မှ ခင်မောင်မှန်းသိ၍ စိတ်အေးရသည်။

ခင်မောင်သည် အတိုင်အတော အလွန်ထူ၍ မူယာမာယာလည်း အလွန်များကြောင်း ဆရာမကြီး သိထားသည်။

'ဘာဖြစ်တာလဲ ခင်မောင် . . . ပြောစမ်း'

'တင်ငွေရယ်ခင်ဗျ၊ ကျွန်တော် စာရေးနေတာကို တမင်သက်သက် ကိုယ်စောင်း တိုက်ချလိုက်တာ ကျွန်တော် ခုံပေါ်က လွင့်ကျသွားတာ'

'အခု မင်းဘယ်လိုဖြစ်သွားလို့ ရင်ဘတ်ကို ဖိထားရတာလဲ'

'ကျွန်တော် အခု အသက်ရှူလို့ မရဘူးခင်ဗျ'

'ဟုတ်လား . . . အသက်ရှူလို့မရရင် . . အခု ဘယ်လိုလုပ်ပြီး အသက်ရှင်နေတုံး'

'ကျွန်တော့်ရင်ထဲက အောင့်နေတယ်ခင်ဗျ'

'ဒါဖြင့် မင်းကို ဆေးရုံပို့ရမလား'

'တင်ငွေကို ရိုက်ပါခင်ဗျ'

ဆရာမကြီး ပြုံးချင်သော်လည်း ချုပ်ထိန်းထားလိုက်သည်။

'အေး . . အေး . . ကျောင်းတက်တော့ ဆရာမကြီး ခေါ်ရိုက်လိုက်မယ်၊ သွား . . . သွား'

ခင်မာင်သည် ရင်ဘတ်ကို လက်ဖြင့်ဖိ၍ ထွက်သွားသည်။ ဆရာမကြီး၏ အခန်းအပြင်သို့ ရောက်သောအခါ . . .

'ဗဟဲ့ . . ဟေ့ . . . တင်ငွေကို ကျောင်းတက်ရင် ဆရာမကြီးက ရိုက်မယ်တဲ့ကွ'

ခင်မောင် အော်ဟစ်၍ ခုန်ပေါက်ပြေးသွားသည်။

ဆရာမကြီး ပြုံးနေသည်။

နောက်ထပ် အကြီးများ ဘောလုံးကန်ရာမှ ကလေးငယ်၏ ခေါင်းကို မှန်သောအမှု၊ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးများက နောက်ပြောင်သည့်အမှု၊ သူငယ်တန်းမှ ခဲတံလုမှု စသည်တို့ကို ဖြေရှင်းပြီးသောအခါ ရှစ်နာရီထိုး၍ ကျောင်းတက်ခေါင်းလောင်း တီးလိုက်သည်။

ခုမှ သက်သာတော့မည်။ သူ့ဆရာနှင့် သူ့အတန်း စာသင်ကြတော့မည်။ ဆရာ ဆရာမများမှာ သူ့အိမ်ထောင်၊ သူ့ကိစ္စများနှင့်မို့ ကျောင်းချိန်မီရုံမှ အနိုင်နိုင် ရောက်လာကြသည်။

ဆရာမကြီးသည် တရားသူကြီး ကုလားထိုင်မှ ထလိုက်သည်။ စည်ပင်သာယာ အလုပ်ခွင် ဝင်ရဦးမည်။

ကျောင်းထဲမှ ဈေးဆိုင်များကို လိုက်ကြည့်ရသည်။ ရောင်းသောအစာများ ကျန်းမာရေးနှင့် ညီရဲ့လား၊ လက်လုပ်ချဉ်တွေ ပါသလား၊ မတန်တဆ ရောင်းနေသလား၊ ကလေးများ အကျင့်ပျက်စေမည့် မဲထုပ်တွေ ရောင်းနေသလား၊ အစားအစာများကို ယင်မနား



အောင် ဖုံးအုပ်ရဲ့လား၊ မသင့်တော်သည်များကို တားမြစ်ရသည်။ အားနာသော်လည်း ရှေ့မျက်နှာ နောက်ထား၍ ပြောဆိုရသည်။

အချို့ ဈေးသည်များက ဆရာမကြီး လွန်သွားလျှင် မဲ့ရွဲ့ပြကြသည်။ မမြင်ရသော်လည်း ဆရာမကြီး သိပါသည်။ ဆရာမကြီးကွယ်ရာတွင် သူတို့က ဒေါ်အေးချစ်မဟုတ်၊ ပေါ်ပူမုန်းဟု ခေါ်ကြသည်။ ပူချင်ပူ မုန်းချင်မုန်း၊ ကလေးများအတွက် ပူ၍ ကလေးများအတွက် အမုန်းခံရခြင်း ဖြစ်သည်။

ဈေးဆိုင်များကို ကြည့်ပြီးသောအခါ စာသင်ခန်းများကို လှည့်ကြည့်ရသည်။ ပထမတန်းက ဆူနေသည်။ အတန်းတွင်းသို့ လှမ်းကြည့်သည်။ ဆရာမကိုမမြင်၊ ဘေးကအခန်းတွေ အနှောင့်အယှက် ဖြစ်နေပြီ။ ဆရာမကြီး အတန်းထဲသို့ ဝင်လိုက်သည်။ ကလေးများအားလုံး မတ်တတ်ရပ်ကြသည်။

'မင်္ဂလာပါ ဆရာမကြီး'

'မင်္ဂလာပါ တပည့်တို့၊ ထိုင်ကြ ထိုင်ကြ၊ မင်းတို့ ဆရာမ မလာဘူးလား'

'မလာဘူး ခင်ဗျ၊ ခွင့်စာပေးလိုက်ပါတယ်'

ကျောင်းသားတစ်ယောက်က လာပေးသည်။ ကလေးနေမကောင်း၍ မနက်ပိုင်း ဆေးခန်းသွားရန် ခွင့်တောင်းထားသည်။

'အေး . . အေး . . မင်းက စောစောကမှ ဆရာမကြီးကို လာမပေးဘဲကိုး'

အစားလွှတ်ပေးစရာ ဆရာအပိုမရှိ။ ဆရာမကြီးကိုယ်တိုင် ပင် ဝင်ရမည်။

'ကဲ . . . ဆရာမကြီးကို ကဗျာ ဆိုပြကြကွယ်'

ကလေးများ ဝမ်းသာသွားကြသည်။ အားလုံး မတ်တတ်ရပ်ကြသည်။ သူတို့ဆရာမ သင်ထားသော ကဗျာများကို တစ်ပုဒ်ပြီး တစ်ပုဒ် သံပြိုင်ဆိုကြသည်။ ကိုယ်ဟန်အမူအရာတွေ လုပ်ကြသည်။ နားထောင်၍လည်းကောင်းသည်။ ကြည့်၍လည်းကောင်းသည်။ ချစ်စရာလည်းကောင်းသည်။ ပျော်စရာလည်း ကောင်းသည်။ ဆရာမကြီး ထိုင်နေရာမှ ထလိုက်သည်။ ကလေးများနှင့်အတူ ဟန်အမူအရာ လုပ်ကြည့်သည်။ ပို၍ စိတ်ပါလာသည်။ အသံပါ ထွက်၍ လိုက်ဆိုသည်။ ဆရာမကြီးပါ ပါလာ၍ ကလေးများ ပိုပြီး တက်ကြွလာသည်။ အသံတွေ ပိုကျယ်လာသည်။ ကလေးတွေ မျက်နှာကပြုံးလို့။ ဆရာမကြီးလည်း ပြုံးလို့။

ရသမျှ ကဗျာတွေအားလုံး ကုန်ပြီ။ ကလေးများ မောပြီ၊ ဆရာမကြီးလည်း မောပြီ။

'ကဲ . . . လက်ရေးလှ ရေးရအောင် စာအုပ်ထုတ်ကြ'

ဆရာမကြီးက သင်ပုန်းကြီးပေါ်မှာ ရေးပြသည်။ ကလေးများက လက်ရေးလှစာအုပ်မှာ ကူးရေးကြသည်။

'ဟိုကလေး ဘာလို့မရေးတာလဲ'

'ခဲတံကျိုးနေလို့'

'ဟိုကလေးကရော'



'ခဲတံမချွန်ရသေးလို့'

'ခဲတံ အသစ်စက်စက်ကို ထောင်ပြသည်။'

'ဟိုတစ်ယောက်ကရော'

'ခဲတံ တုံးနေလို့'

'ကဲ . . . မင်းတို့ခဲတံယူခဲ့ကြ'

ဆရာမကြီးက ရုံးခန်းမှ ခဲတံချွန်စားကို သွားအယူခိုင်းပြီး ချွန်ပေးသည်။

'ဟော . . . မင်းတို့ကရော'

'ကျွန်တော်တို့ကိုလဲ ချွန်ပေးပါ'

ဆရာမကြီး၏ ပတ်လည်မှာ တစ်တန်းလုံးမှ ခဲတံတွေ ဝိုင်းနေသည်။

'ဟဲ့ . . . ဒီခဲတံက ချွန်နေသားပဲ'

'ထပ်ချွန်ပေးပါ'

ဆရာမကြီးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ နည်းနည်းကလေး ထပ်ချွန်ပေးလိုက်သည်။ ကျေနပ်သွားသည်။

ခဲတံအားလုံး ချွန်ပြီးပြီ၊ ဆရာမကြီးလည်း လက်ညောင်းပြီ၊ ကလေးများ လက်ရေးလှ ရေးကြသည်။

နှစ်ချိန်ကုန်ပြီးမှ ဆရာမရောက်လာ၍ သူ့အတန်းနှင့်သူ ဆရာမ ပြန်အပ်ခဲ့ရသည်။ ရုံးခန်းသို့ပြန်လာ၍ လုပ်ငန်းများ လုပ်ရသည်။

× × ×

နေ့ကျောင်းဆင်းသောအခါ ဆရာ၊ ဆရာမများ အားလုံး ဆရာမကြီး၏ရုံးခန်းမှာ စုစုရုံးရုံး ထမင်းစားကြသည်။

ကိုယ့်ထမင်းဘူး၊ သူ့ထမင်းဘူး ပေါင်းလိုက်တော့ ဟင်းမျိုးစုံ စားရသည်။ လူစုံတော့ စကားစုံလည်း ကြားရသည်။ ရပ်ကွက်ထဲမှ အကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း၊ သူ့အတန်း ကိုယ့်အတန်းမှ ကလေးများအကြောင်း၊ သူ့သားသမီး ကိုယ့်သားသမီး အကြောင်း၊ ရုပ်ရှင်အကြောင်း၊ ဗွီဒီယိုအကြောင်း၊ ရပ်ကွက်ထဲမှအကြောင်းမှစ၍ အစုံပါသည်။

နေ့ခင်း ကျောင်းပြန်တက်တော့ စတုတ္ထတန်းတွင် ဆရာမကြီး သင်္ချာ နှစ်ချိန်ဝင်ရသည်။

သင်္ချာနှစ်ချိန်ပြီးတော့ လေ့ကျင့်ခန်းစာအုပ်များ စစ်နေစဉ် ဆရာမကြီးမှာထားသော လက်သမားဆရာ ရောက်လာသည်။

ပျက်နေသော အိမ်သာများကို ပြန်ပြင်ပေးရန် ဆရာမကြီးက လိုက်ပြသည်။ လက်သမား စိတ်ညစ်သွားသည်။ ညစ်ပတ်နေသော အိမ်သာပျက်များကို ပြင်ရမှာ ရွံ့နေသည်။

'ကဲ . . . မနက်ဖြန်ခါ ကျွန်မကိုယ်တိုင် ပြောင်နေအောင် ဆေးပေးမယ်၊ သန်ဘက်ခါမှ လာပြင်ပေ့ါ ဟုတ်လား'

လက်သမား အားနာသွား၍ ခေါင်းညိတ်သည်။ လိုအပ်သည်တို့ကို ခန့်မှန်းတွက်ချက်ရသည်။ လက်သမား ပြန်သောအခါ ကျောင်းဆင်းရန် ဆယ်မိနစ်သာ ကျန်တော့သည်။



အခုမှ ဖိမ်ထုတ်လိုက်ရဦးမည်။ ဆရာမကြီးသည် နေကြာစေ့ လှော် အလွန်ကြိုက်၏။ နေကြာစေ့တစ်ထုပ်ကို ဖောက်၍စားသည်။

တစ်စေ့၊ နှစ်စေ့၊ သုံးစေ့၊ လေးစေ့ . . .။

ငါးမိနစ်၊ ဆယ်မိနစ်။

ကျောင်းဆင်းခေါင်းလောင်းထိုးသည်။

ကျောင်းသားများသည် ကျောင်းတံခါးများမှ အပြေးအလွှား ထွက်သွားကြသည်။ ရေကာတာမှ ရေများ ဖွင့်လိုက်သည်နှင့်တူသည်။ ဆရာ၊ ဆရာမများမှာလည်း ကျောင်းသားများနှင့် နင်လားငါလား ဝင်းတံခါးအပြင် ရောက်သွားကြသည်။

သူတို့လည်း လင်ကိစ္စ၊ မယားကိစ္စ၊ သားကိစ္စ၊ သမီးကိစ္စနှင့် ကိစ္စများမြောင်သော အိမ်ထောင်တာဝန်များ ရှိကြပေလိမ့်မည်။ တချို့က ဆရာမကြီးကို အားနာ၍ လှည့်ကြည့် လှည့်ကြည့် လုပ်နေသည်။

'သွား . . သွား . . သွားကြ၊ ရတယ် . . ရတယ်'

ဆရာမကြီးက လက်ပြ၍ နှင်လွှတ်သည်။

ဆရာမကြီးနှင့် တာဝန်ကျအသင်းမှ ကျောင်းသူကျောင်းသား အချို့ တံခါးများကိုပိတ်ရင်း စာသင်ခန်းများကို လိုက်ကြည့်ကြသည်။

'ဟောဒီမှာ ထမင်းချိုင့်တစ်ခု'

'ဟောဟိုမှာ လွယ်အိတ်တစ်လုံး'

'ခုံပေါ်မှာ ခဲတံတစ်ချောင်း'

'ခုံအောက်မှာ ရေဘူးကလေး'

'ကဲ . . . ကျောင်းခန်းအပြင် ကြည့်ကြစမ်း'

'သရက်ပင်အောက်မှာ ဖိနပ်တစ်ရန်'

ပိတောက်ပင်အောက်မှာ ကြိုးခုန်တဲ့ကြိုး'

အားလုံး ရုံးခန်းအတွင်းမှာ သိမ်းရသည်။ မနက်ဖြန် သူအရှင်နဲ့ သူ့ဥစ္စာမှန်အောင် ပြန်ပေးရဦးမည်။

'ကဲ . . . တံခါးတွေပိတ်ပြီးရင် ထွက်ကြ'

ကျောင်းတံခါးကို သော့ခတ်သည်။ ဝင်းတံခါးကို သော့ခတ်သည်။ တစ်နေ့တာဝန် ကျေပွန်ပြီ။

ဆရာမကြီး အိမ်ကိုပြန်တော့မည်။

'မင်္ဂလာပါ ဆရာမကြီး . . .'

အသင်းတာဝန်ကျ ကလေးများက နှုတ်ဆက်သည်။

'အေး . . အေး . . မင်္ဂလာပါ သားတို့ သမီးတို့'

ဆရာမကြီး အိမ်သို့ပြန်လာခဲ့ပြီ။

'မင်္ဂလာပါ ဆရာမကြီး . . .'

လမ်းဘေးအိမ်မှ ကလေးတစ်ယောက်က နှုတ်ဆက်သည်။

'အေး . . . အေး . . . မင်္ဂလာပါ တပည့်ရယ် . . .'

'မင်္ဂလာပါ ဆရာမကြီး . . .'

နောက်တစ်အိမ်မှ မောင်နှမနှစ်ယောက်က သံပြိုင် နှုတ်ဆက်နေကြပြန်သည်။

'မင်္ဂလာပါ ကလေးတို့ရယ် . . . မင်္ဂလာပါ'



'မင်္ဂလာပါ ဆရာမကြီး . . .'

နောက်တစ်အိမ်မှ သားသည်မအေ တပည့်ဟောင်းတစ်ယောက်က ကလေးနို့တိုက်ရင်း လှမ်းနှုတ်ဆက်နေသည်။

'အေး . . အေး မင်္ဂလာပါ၊ ကလေးနေကောင်းရဲ့လားဟဲ့'

'ကောင်းပါတယ် . . . ဆရာမကြီး'

'မင်္ဂလာပါ ဆရာမကြီး'

နောက်တစ်အိမ် . . . နောက်တစ်အိမ် . . .

ဆရာမကြီး၏ အိမ်အပြန် လမ်းတစ်လျှောက်လုံးမှာ မင်္ဂလာသံများ ညံလျက် . . .

ဆရာမကြီး၏ မျက်နှာမှာ ပြုံးလျက်၊ ရွှင်လျက်၊ လှပလျက် . . . ။

□ □ □

စံပြန် (၁၉၇၆ ဧပြီလ)

# ရိုက်သောဆရာ၏ ကြင်နာသောနှလုံးသား

ကူမဲမြို့သို့ စာပေဟောပြောရန် ရောက်သည်။ အထက်တန်းကျောင်းတွင် ဟောပြောရမည်ဆို၏။ ကျွန်တော်တို့ မော်တော်ကားသည် ကျောင်းဝင်းအတွင်းသို့ ဝင်ခဲ့သည်။

ကျောင်းရှေ့တွင် ကျောင်းအုပ်ဆရာကြီးနှင့်အတူ ဆရာ၊ ဆရာမများ၊ မြို့ခံလူကြီးများ စောင့်ကြိုနေကြသည်။

ကျွန်တော်တို့ ကားပေါ်မှ ဆင်းကြသည်။

'ဟော့ကောင်ကြီး၊ ငါဖြင့် မင်း ပါလာမယ်ဆိုလို့ ဝမ်းသာလိုက်တာကွာ'

'ဗျာန်း'

ကျောင်းအုပ်ဆရာကြီးသည် ပြောပြောဆိုဆိုပင် ကျွန်တော့်ကျောပြင်ကို ဗျောတင်နှက်လိုက်ပါသည်။

ကျွန်တော်လည်း မမျှော်လင့်ဘဲ ငယ်ဆရာကို တွေ့ရသောကြောင့် ဝမ်းသာအားရ ဖြစ်မိသည်။ သို့သော် ဆရာ့ရှေ့မှောက်ရောက်သော တပည့်ပီပီ အလိုလိုပင် သေသေဝပ်ဝပ် ဖြစ်နေ၏။



'ဆရာ . . . ဒါက စာရေးဆရာမင်းကျော်'

'ဒါက ဆရာမောင်နေဝင်း'

'ဒါက တပ်ကြပ်မောင်ထူး၊ အခု ဗိုလ်မှူး အငြိမ်းစားပါ'

'ဒါက တက္ကသိုလ်မြစိမ်းပါဆရာ'

ကျွန်တော်က ဆရာ့ကို အတူပါလာသည့် စာရေးဆရာများနှင့် မိတ်ဆက်ပေးသည်။ ဆရာက ကျွန်တော်တို့အဖွဲ့ကို မြို့ခံလူကြီးများ၊ ဆရာ၊ ဆရာမများနှင့် မိတ်ဆက်ပေးသည်။

ဆရာ့မျက်နှာမှာ ပျော်ပြုံးနေ၏။

'ကဲ . . . လာကြ၊ အဆင်သင့်ပဲ ထမင်းပြင်ထားတယ်၊ ထမင်း အရင်စားလိုက်ကြရအောင်'

ဆရာက ကျွန်တော်တို့အဖွဲ့ကို ထမင်းပွဲပြင်ထားသော အခန်းဆီသို့ ခေါ်သွား၏။

'မင်းကို ဒီလိုမြင်ရတာ ငါ ဝမ်းသာလိုက်တာကွာ'

ဆရာ၏ ဝမ်းသာစကားများမှာ ထပ်နေပါပြီ။

ထမင်းကျွေးတော့လည်း ဆရာသည် တခြား စာရေးဆရာများကို ဟင်းများထည့်ပေးသည့်နည်းတူ တပည့်ဖြစ်သူ ကျွန်တော့်ပန်းကန်ထဲသို့လည်း ထည့်ပေးနေ၏။

'ဟော့ကောင် ဆနိုက်ကြော်တွေ စားလေကွာ၊ ငါကိုယ်တိုင်ကြော်ထားတာကွ'

'ဟော့ ဒါက နွားနို့ခဲကြော်လေကွာ၊ အားရပါးရ စားစမ်းပါကွ'

ယခုအခါ အကြင်နာ စေတနာတို့ဖြင့် ကျွန်တော့်ကို ဧည့်ခံ ကျွေးမွေးနေသော ကျွန်တော့်ဆရာ . . .။

ယခင်အခါက . . .

× × ×

ကျွန်တော် ဆယ်တန်းကျောင်းသားဘဝ။

'ကဲ . . . မင်းမှာ အပြစ်ရှိသလား၊ မရှိဘူးလား ပြောစမ်း'

ဆရာ့မျက်နှာက တင်းသလို ဆရာ့လေသံက မာ၏။

'ရှိပါတယ်ဆရာ'

ကျွန်တော် ဝန်ခံရသည်။

'အပြစ်ရှိတယ်ဆိုရင် မင်းလုပ်တဲ့အပြစ်ဟာ ရိုက်သင့်သလား မရိုက်သင့်ဘူးလား ပြော'

'ရိုက်သင့်ပါတယ် ဆရာ'

'ကဲ . . . ဒါဖြင့် ဟိုဘက်လှည့်'

ဆရာက စားပွဲပေါ်မှ ကြိမ်လုံးရှည်ကြီးကို ဆွဲယူလိုက်သည်။ ကျွန်တော် ကြောက်မိသော်လည်း စိတ်ကိုတင်းထားလိုက်၏။

'လက်ပိုက်ထားလိုက်စမ်း၊ လက်ကိုထိသွားလိမ့်မည်'

ဆရာက ကြိမ်လုံးကို လွှဲမြှောက်လိုက်သောကြောင့် ကျွန်တော် လျှင်မြန်စွာ လက်ပိုက်လိုက်ရ၏။



'ရွှမ်း'

ကြိမ်လုံးနှင့်တင်ပါးထိရာမှ စူးရှသောအသံ ထွက်လာသည်။ ကျွန်တော် စိတ်တင်းထားသည့်ကြားမှပင် ခါးကော့၍ သွားမိ၏။ ကြိမ်လုံးကျသည့်နေရာတစ်လျှောက်မှာ ပူခနဲဖြစ်သွားပြီး စူးရှစွာ နာကျင်သော ဝေဒနာကို ဆိုးဆိုးရွားရွား ခံစားရသည်။

'ရွှမ်း'

နောက်တစ်ချက်။

ပို၍ ခါးသီးစွာ နာကျင်၏။

'ရွှမ်း'

တတိယအချက်။

နာကျင်လွန်း၍ အသားများ တဆတ်ဆတ် တုန်လာ၏။

'သွား'

ကျွန်တော် ရုံးခန်းထဲမှ ထွက်လာတော့ တင်ပါးနှစ်ဖက်စလုံးတွင် မီးစများဖြင့် ထိုးထားသလို ပူခြင်း၊ စပ်ခြင်း၊ နာခြင်း ဝေဒနာများကို ခံစားနေရသည်။ နာကျင်လွန်းလှသော တင်ပါးကို ကလေးငယ်တစ်ယောက်လိုပင် လက်ဖြင့်ပွတ်သပ်ချင်လှပါသည်။

သို့သော် ဆယ်တန်းကျောင်းသားကြီး ဖြစ်နေပြီမို့ ရှက်သောကြောင့် စိတ်ကိုအတင်းထိန်းချုပ်ထား၏။

အတန်းထဲသို့ ဝင်လာသောအခါ အားလုံးက ကျွန်တော့်ကို ကြည့်နေကြ၏။ ကျွန်တော်တို့အတန်းနှင့် ရုံးခန်းမှာနီး၍ စာစောက

ရိုက်သည့်အသံများကို ကြားကြပေလိမ့်မည်။

တင်ပါးက နာရသည့်အထဲမှာ မျက်နှာတစ်ခုလုံး ထူပူနေအောင် ရှက်ရပြန်သည်။ သို့သော် ရှက်သည့်စိတ်သည် နာသည့်ဝေဒနာကို မလွှမ်းနိုင်ပါ။

ကျွန်တော့်ခုံနေရာသို့ ဝင်ထိုင်သောအခါ နောက်မှ စာရေးခုံနှင့်တင်ပါးကို ခပ်ဖိဖိလေး ထိပွတ်ပြီး သွားရသည်။ လက်ဖြင့် ပွတ်သည်လောက် မညင်သာသော်လည်း စပ်ဖျဉ်းဖျဉ်း နာကျင်နေသောဝေဒနာမှာ နည်းနည်းတော့ သက်သာသွား၏။

× × ×

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဆရာကို စိတ်နာစရာမရှိ။ အမှန်တော့လည်း ကျွန်တော်ကျူးလွန်သောအပြစ်မှာ ဆရာ ရိုက်သင့်သည်။

ဆရာက ကျွန်တော်တို့ကို ဆယ်တန်းစာမေးပွဲ အောင်စေချင်သည်။ သူကိုယ်တိုင် ကြိုးကြိုးစားစား သင်ပေးရုံမက၊ ညတွင် ကျွန်တော်တို့ ဆယ်တန်းကျောင်းသူ ကျောင်းသားများကို ကျောင်းသို့ခေါ်ပြီး စာကျက်ခိုင်းသည်။ ကျွန်တော်တို့တုန်းက ဆယ်တန်းကျောင်းသားမှာလည်း များလှသည်မဟုတ်။ အားလုံးမှ နှစ်ဆယ့်ရှစ်ယောက်။

ညတိုင်း ၇ နာရီမှ ၉ နာရီအထိ ကျောင်းမှာပင် စာကျက်ရ



သည်။ ဆရာက သူကိုယ်တိုင်စောင့်၏။ စာကျက်ရင်း နားမလည်သည်ရှိ၍ မေးလျှင်ရှင်းပြသည်။ မည်သူ့ကိုမျှ ညစာကြည့်ချိန် ဖျက်ကွက်ခွင့်မပြု။ ရုပ်ရှင်ကြည့်ချင်လျှင် စနေတစ်ရက်သာ ကြည့်ခွင့်ရသည်။

ထိုနေ့ညကတော့ ကျွန်တော်က နေမကောင်းဟု အကြောင်းပြပြီး ဆရာ့ကို ခွင့်တိုင်သည်။

'အင်း . . . ဟုတ်တယ်၊ မင်းကြည့်ရတာ မျက်နှာညှိုးနေတယ်၊ ပြစမ်း'

ဆရာက နဖူးကို စမ်းကြည့်သည်။

'ကိုယ်ကတော့ မပူပါဘူး။ ပင်ပန်းလို့ အားနည်းတာနေမှာပါ၊ နေဦး . . . ဆရာ ဆေးပေးဦးမယ်'

ဆရာက ဆေးဖြူပြားလေးနှစ်လုံးပေးသည်။

'အိမ်ကျတော့ ဒါကိုသောက်ပြီး အိပ်လိုက်တော့၊ စာမေးပွဲကအရေးကြီးပေမယ့် ကျန်းမာမှ စာကြိုးစားနိုင်မှာ၊ အိပ်သာအိပ်လိုက်ပါကွာ၊ နေကောင်းတော့ ပိုကြိုးစားတာပေါ့'

ဆရာ၏ စေတနာ၊ အကြင်နာကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်မိ၏။ အမှန်တော့ ကျွန်တော် နေကောင်းပါသည်။ ရုပ်ရှင်ကြည့်ချင်၍ ဆရာ့ကိုညာပြီး ခွင့်တိုင်ခြင်းဖြစ်သည်။

ရုပ်ရှင်ကလည်း ကျွန်တော် အလွန်သဘောကျသော တာဇံတား။

'ဆရာ့စေတနာကို အားနာ၍ ရုပ်ရှင်သွားရမည်ကို ဝန်လေး

နေမိ၏။ လမ်းသို့ရောက်မှပင် ချီတုံချတုံ ဖြစ်နေရသေးသည်။

ဆရာကတော့ တကယ် နေမကောင်းဘူးမှတ်လို့ ဆေးတောင် ပေးလိုက်ရှာတယ်၊ ငါရုပ်ရှင်သွားရင် ဆရာ့စေတနာကို စော်ကားသလို ဖြစ်တော့မှာပဲ'

ကျွန်တော် အိမ်မှာပင် စာပြန်ကြည့်တော့မည်ဟု ဆုံးဖြတ် လိုက်၏။

ရုပ်ရှင်ရုံဘက်သို့ သွားနေသော ခြေလှမ်းကို ရပ်လိုက်သည်။

ထိုအချိန်မှာပင် ရုပ်ရှင်ရုံမှ ရေခင်းသံ ဓာတ်ပြားဖွင့်သည်ကို ကြားရသည်။ ဤဓာတ်ပြားဖွင့်ပြီးလျှင် ရုပ်ရှင်ပြတော့မည်။

နမူနာကြည့်ထားမိသော တာဇံဇာတ်ကားကလည်း အလွန် ကောင်း၏။ တာဇံ နွယ်ကြိုးဖြင့်လွဲ၍ သစ်ပင်တစ်ပင်မှ တစ်ပင် ကူး သွားသည်များကို ကျွန်တော် သဘောကျလှသည်။ ရေထဲတွင် မိကျောင်းနှင့် သတ်ခန်း၊ ကုန်းပေါ်တွင် ကြံ့နှင့်သတ်ခန်းများလည်း ပါသည်။

ကျွန်တော့် ခြေထောက်များသည် လေးလံစွာဖြင့်ပင် ရုပ်ရှင် ရုံဆီသို့ ရွေ့ရှ သွားနေကြပြန်၏။

ကျွန်တော်ရုပ်ရှင်ရုံရောက်တော့ လူအားလုံး ရုံထဲဝင်ကြပြီ။

ကျွန်တော် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်၏။ ဆရာက မကြာမကြာ ရုပ်ရှင်ရုံသို့လာပြီး ကျောင်းပြေးများကို စောင့်တတ်သည်။

ဆရာ၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။



ကျွန်တော် လက်မှတ်အမြန်ဝယ်ပြီး ရုံထဲသို့ ဝင်ခဲ့၏။ ခုံတွင် ထိုင်မိသောအခါ ရုပ်ရှင် စတင်ပြနေပြီ။

ကျွန်တော် အလွန်သဘောကျသော တာဇံကား။

ဆရာ့ကိုလည်း မေ့သွားပြီ၊ ဆယ်တန်းစာမေးပွဲကိုလည်း မေ့သွားပြီ။

သစ်ပင်ပေါ်မှ တာဇံ၏အိမ်ကလေးမှာ စိတ်ကူးယဉ်စရာ ကောင်းလှ၏။ သစ်ပင်တစ်ပင်မှ တစ်ပင်သို့ နွယ်ကြိုးနှင့် လွှဲသွား သော တာဇံမှာ အားကျစရာ ကောင်းလှ၏။ ကျားသစ်ရေကို မလုံမလဲ ဝတ်ထားသည်ကပင် ထူးခြားသောအလှ၊ လူဖြူမလေး ရေကူးသည့် အခန်းကိုတော့ သိပ်ကြိုက်။

'ဟာ . . . မိကျောင်းကြီးလာပြီ၊ ကောင်မလေးတော့ ဒုက္ခ'

တာဇံ၏ တောသံပေးသော အော်သံကို ကြားရသည်။ ထိုအသံကို စိတ်ထဲမှာ မှတ်ထားလိုက်၏။ အပြင်ရောက်လျှင် အော် ကြည့်ရမည်။

သစ်ပင်ပေါ်မှ တာဇံသည် ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။ မိကျောင်းနှင့် သတ်သည်။ တာဇံ နိုင်၏။ ကြံ့ကြီးနှင့် သတ်တော့လည်း တာဇံနိုင်၏။ လူရိုင်းများနှင့် တိုက်တော့လည်း တာဇံနိုင်၏။ ဆင်ကြီး တွေက တာဇံဘက်မှ ကူသည်၊ ပါးနပ်လိမ္မာသော ချင်ပန်ဇီ မျောက် ကလေးကလည်း တာဇံဘက်မှကူ၏။ ဇာတ်လမ်းတစ်ခုလုံး စိတ်ဝင် စားစရာ ကောင်းသည်။ သဘောကျစရာတွေချည်း ဖြစ်သည်။

ဇာတ်ကားပြီး၍ ပြီးကြောင်း စာတန်းပေါ်လာသည်ကိုပင်
...နှပ်။ ထပ်၍ကြည့်နေချင်သေးသည်။

လူတွေအားလုံး ရုံထဲမှ ပြန်ထွက်နေကြပြီ။

'ဟူး . . . ကောင်းလိုက်တာကွာ'

ကျွန်တော် လေးလံစွာ ထ၍ ရုံထဲမှ ထွက်လာခဲ့၏။

ရုပ်ရှင်ရုံအပေါက်မှ အပြင်ဘက်သို့ရောက်သည်နှင့် တွေ့
...ရသည်က ကျွန်တော့်ကို ရပ်စောင့်နေသော ဆရာ။

'ဟာ . . . သွားကရော . . .'

စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ဖြစ်နိုင်မည်ဆိုလျှင် တာဇံလိုအော်ပြီး နွယ်ကြိုးဖြင့်လွှဲ၍
...နက်ကြီးထဲမှာ ပျောက်ကွယ်သွားလိုက်ချင်၏။

'ဘယ်လိုလဲ၊ နေကောင်းရဲ့လား'

ဆရာ့မေးပုံက အေးအေး မှန်မှန်။ သို့သော် ကျွန်တော့်နား
...တော့ မိုးကြိုးသံ။

'မနက်ဖြန်မနက် ကျောင်းမတက်ခင် ရုံးခန်းကို လာခဲ့'

ဆရာ ထွက်သွားလေပြီ။

နာပြီ။ တာဇံလည်း မကယ်နိုင်၊ ချင်ပန်ဇီလည်း မကယ်နိုင်၊
...ကြီးတွေလည်း မကယ်နိုင်။

× × ×



ဆရာက ရိုက်ပြီးသည့်နေ့ ညမှစ၍ ကျွန်တော့်ကို အိမ်ပြန်
အိပ်ခွင့်မပေးတော့ပါ။ ဆရာ့အိမ်မှာပင် စာကျက်ပြီး ဆရာ့အိမ်မှာပင်
အိပ်ရသည်။ ဆရာ၏ညီနှင့်အတူ ကျွန်တော်တို့သူငယ်ချင်း လေးယောက်
ဖြစ်၏။

ညပိုင်းတွင် အိပ်ချင်၍ ငိုက်လျှင် ဆရာက ကော်ဖီ ဖျော်
တိုက်၏။ မနက်ကျတော့ စောစောနိုး၍ စာကျက်ခိုင်းပြန်၏။ စာကျက်
ပြီးတော့ ဆရာကိုယ်တိုင် ကြော်သောထမင်းကြော်ကို စားရ၏။

ထိုသို့ ဖိဖိစီးစီး လုပ်ပေး၍လည်း ထိုနှစ်က ကျွန်တော်တို့
ဆယ်တန်းစာမေးပွဲအောင်ခဲ့ကြသည်။

ခုတော့ စာပေဟောပြောရန် ရောက်လာသောတပည့်ကို
ဆရာက ဝမ်းပန်းတသာ ကြိုဆိုနေသည်။ သူကိုယ်တိုင် ကြော်ထား
သော ဆနိုက်ကြော်များ၊ နွားနို့ခဲကြော်များကို ကျွေးနေပြန်သည်။

ဆရာ၏ မေတ္တာ၊ စေတနာ၊ အကြင်နာတို့ကြောင့် ကျွန်တော့်
ရင်မှာ သာယာကြည်နူးရလွန်းသည်။

ထမင်းစား၍ပြီးတော့ ဟောပြောပွဲမစမီ ဆရာ့ကိုကျွန်တော်
ရှိသေစွာ ကန်တော့၏။

ဆရာက တတွတ်တွတ်နှင့်ဆုတွေ တစ်သီကြီး ပေးနေ
သည်။

ထိုနေ့က ဟောပြောပွဲမှာ တာဇံနှင့်ကျွန်တော့်အကြောင်းများ
ပါဝင်သွားပါ၏။

တစ်ချိန်က ရိုက်သူရော အရိုက်ခံရသူပါ စိတ်မကောင်းခဲ့ရ
သာအဖြစ်သည် ယခုတော့လည်း ကြည်နူးစရာ၊ ပျော်စရာ။

ရှေ့ဆုံးမှ နားထောင်နေသော ဆရာ ခေါင်းတညိတ်ညိတ်နှင့်
တိဖြစ်လျက်၊ ဂုဏ်ယူလျက်။

□ □ □

စပယ်ဦး (၁၉၈၆ နိုဝင်ဘာလ)

# ပန်းခင်းအလှဖျက်သူများ

သူတို့အားလုံးကို ကျွန်မကြောက်နေသည်။ သူတို့အုပ်စုနှင့် တွေ့လျှင် အလိုလိုနေရင်း စိတ်ထဲမှာ သိမ်ငယ်လာသည်။ စကားယှဉ်ပြိုင်ပြောလျှင် မပြောခင်က ရှုံးပြီး ငိုချင်စိတ် ဖြစ်လာလို့ ကိုယ့်ကိုယ်ကို မကျေမနပ် ဖြစ်ရသည်။

'မငိုဘူး . . . ဘာလို့ ငိုရမှာလဲ'

ကိုယ့်စိတ်ကိုယ် တင်းရသည်။

'လူဟာ လူ့အသိုင်းအဝိုင်းကို ချစ်နေရမှာ၊ အားကိုးနေရမှာ။ ခုတော့ သူတို့အသိုင်းအဝိုင်းက မုန်းစရာ၊ ကြောက်စရာ။ တစ်ကောင်ကြွက် မျက်နှာငယ် လူသစ်တစ်ယောက်ကို လူဟောင်းတွေက အုပ်စုဖွဲ့ပြီး အသာစီး ယူလိုက်ကြတာ၊ မညှာမတာ စာနာစိတ် ကင်းလိုက်ကြတာ . . .'

ခုမှ ထောင့်ကြီးကွင်းရွာ မူလတန်းကျောင်းလေးကို လွမ်းမိသည်။ ကျွန်မ နေခဲ့သော ကာလတစ်လျှောက်လုံး ဆရာမကြီးနှင့် ရွာသူရွာသားများက လိုလေသေးမရှိ ဂရုစိုက်ကြသည်။ ကလေးများ

ကလည်း ချစ်ကြသည်။ ကျောင်းကိုလာတိုင်း ဆရာမအတွက် ဟင်းချက်စရာ၊ စားစရာတစ်ခုခု ပါစမြဲ။ အနည်းဆုံး ပန်းလေးတစ်ပွင့်တော့ ယူလာစမြဲ။

သို့သော် ထောင့်ကြီးကွင်းရွာမှာက ဘယ်ကိုပဲကြည့်ကြည့်၊ ရေပတ်လည် ဝိုင်းနေသည်။ လမ်းလျှောက်စရာဆို၍ ကျောင်းပေါ်မှာပဲရှိသည်။ ကျောင်းပေါ်က ဆင်းလျှင် ရေ၊ သွားစရာရှိလျှင် လှေ။ ကျွန်မကလည်း ရေနှင့်လှေကို အသေကြောက်၊ ရေကူးကလည်း လုံးဝမတတ်။ ထောင့်ကြီးကွင်းမှာ ရေကို ကြောက်ရသည်။ အခုပြောင်းလာသည့် ကျောင်းမှာတော့ လူကို ကြောက်ရသည်။

ပြောင်းခွင့်ရတုန်းကတော့ ရန်ကုန်မြို့ပေါ်မှာ မိဘနှင့်အတူနေရမည်မို့ ဝမ်းသာခဲ့ရသည်။ ကျွန်မတို့အိမ်က မဟာရန်ကုန်၏ အစွန်အဖျားမြို့နယ်၊ အစွန်အဖျားရပ်ကွက်တစ်ခုပါ။ အမေက မကျန်းမာ၊ အဖေက ပင်စင်စား။ ပင်စင်လစာလေးက သုံးရာ။ ညီမလေးက စာရေးမလုပ်ပြီး အိမ်ကိုထောက်ရင်း စာပေးစာယူနှင့် ဘွဲ့ယူဖို့ ကြိုးစားနေရရှာသည်။ အခုဆိုလျှင် ကျွန်မလစာလေးပါ ပေါင်းစားရမှာမို့ အိမ်အတွက် အဆင်ပြေသွားသည်။ မိအိုဖအိုကိုလည်း အနီးကပ် ပြုစုနိုင်ပြီ။

ပြောင်းရသည့် ကျောင်းကလည်း ကျွန်မတို့မြို့နယ်ထဲက အလယ်တန်းကျောင်း။ အလုပ်ဝင်ကြောင်း သတင်းသွားပို့စဉ်က ဆရာကြီးနှင့်တွေ့သည်။ အသက်ကြီးပြီး အေးဆေးသိမ်မွေ့သည်။



ကျွန်မအတွက် ဝမ်းသာစရာ၊ အားတက်စရာ။

သို့သော် ကျောင်းမဖွင့်ခင် အကြိုအစည်းအဝေးခေါ်သည့်နေ့တွင် ကျွန်မစိတ်ညစ်ရပြီ။ အတန်းများ ခွဲဝေကြသည်။ ကျွန်မက ဘွဲ့ရ အလယ်တန်းပြမို့ ငါးတန်းဝင်ရမည်ဟု ဆိုသည်။ ဤအချိန်မှစ၍ ဤကျောင်းမှ နာမည်ကြီးအုပ်စု ဆရာမတစ်သိုက်၏ အနိုင်ကျင့်သည်ကို ကြုံတွေ့ရပါသည်။

ငါးတန်းမှာ အတန်းခြောက်တန်း ရှိသည်။ သူတို့က သူတို့စိတ်ကြိုက် တစ်တန်းစီ ခွဲဝေယူကြသည်။ ကျွန်မက နောက်ဆုံးကျန်သော 'ဂျီ'တန်းကို ယူရသည်။

'ဖြစ်ပါ့မလား၊ ဂျီတန်းက နှစ်ကျ အဆိုးတွေချည့်ပဲ၊ ဆရာမလေးက အခုမှ အသစ်ဝင်လာတာ၊ ပြီးတော့ ငယ်လဲ ငယ်သေးတယ်'

ဆရာကြီးက ကျွန်မအတွက် စိုးရိမ်သည်။

'အို း . . . ဘာလို့မဖြစ်ရမှာလဲ ဆရာကြီးကလဲ၊ ငယ်ပေမယ့် ဆရာမဖြစ်နေပြီပဲ၊ ဒီလောက်တော့ နိုင်အောင် ထိန်းနိုင်ရမှာပေါ့'

အသက်ကြီးကြီး၊ မျက်မှန်ထူထူ၊ နှာခေါင်းပြားပြား၊ နှုတ်ခမ်းပါးပါး ဆရာမကြီးက ထပြောသည်။ ပြောသည့်အသံကလည်း ရန်တွေ့သံလို စူးစူးစွာစွာ . . .

'အမှန်ကတော့ အဲဒီအတန်းကို ဆရာမကြီး ဒေါ်သိန်းစိ ကိုင်ဖို့ကောင်းတာ'

ဆရာကြီးဘေးမှာ ထိုင်နေသောဆရာက လှမ်းပြောသည်။

အသက်ကခပ်ငယ်ငယ်၊ အသားဖြူဖြူ လူပုံချောချော။ သို့သော် မျက်နှာက ထက်မြက်ဟန်ရှိသည်။

'အို ... ဒါကတော့ ဘယ်တရားမလဲ၊ ဆိုးတဲ့အတန်း ဆိုရင် ဆရာတို့က ကျွန်မပဲ မျက်စိကျနေ၊ ကျွန်မဘက်ကလဲ စဉ်းစားဦးမှပေါ့'

ဒေါ်သိန်းစီ မျက်နှာက တင်းသလို လေသံကလည်း မာထန်နေသည်။

'ဟုတ်ပါတယ်၊ မမစီက ဘီတန်းပဲ ကောင်းပါတယ်၊ နောက်ပြီး ဂျီတန်းကလဲ နှစ်ကျတွေဆိုပေမယ့် ဆရာကြီးပြောသလောက် မဆိုးပါဘူး'

ထပြောသော ဆရာမကို ကျွန်မ လှမ်းကြည့်လိုက်သည်။ ခပ်ငယ်ငယ်ပင် ဖြစ်သည်။ သို့သော် သူ့မျက်နှာ မာတင်းနေသည်က သူ့အလှကို ပြန်ဖျက်နေသည်ဟု ကျွန်မ သတိထားမိ၏။ အေးဆေးသိမ်မွေ့မှုလေးနှင့် ပေါင်းစပ်လိုက်လျှင် မည်မျှချစ်စရာကောင်းသော မျက်နှာလေး ဖြစ်သွားမည်နည်း။ ကျွန်မတွေးနေမိသည်။ သူဝတ်ထားသော လုံချည်က ပြောင်ပြောင်လက်လက် အရောင်ထွက်နေသော ထိုင်းဆစ်ကျောင်းစိမ်း၊ အကျႌက ပွင့်ဖောက်ဇာအဖြူ။ သူ့ရှေ့မှာလည်း စတီးခြင်းနှင့် ခြင်းထဲမှာ သုံးဆင့်စတီးချိုင့်နှင့်။ ပြည့်ပြည့်စုံစုံ ရှိပြီး ဝတ်နိုင်စားနိုင်သော ဆရာမမှန်း သိသာပါသည်။

'အေးလေ .. ဒီလောက်ချောပြီး ပြည့်ပြည့်စုံစုံ ရှိတော့လဲ



မာန်တက်မယ်ဆိုရင် တက်သင့်ပါတယ်'

ကျွန်မ သူ့ကို ငေးကြည့်နေမိပါသည်။

'ဒီလိုဆိုရင်လဲ အဲဒီအတန်းကို ဆရာမ ဒေါ်ခင်ဆွေပဲ ယူလိုက်ပါလားဗျာ'

ဆရာကြီးပြောသည့်လေသံက အေးအေးလေး ဖြစ်သည်။

'အို ... ဘယ်ဖြစ်ပါ့မလဲ ဆရာကြီးကလဲ၊ ကျွန်မက အေတန်းကို ယူထားပြီးသား၊ အေတန်းက အရေးကြီးတဲ့ကလေးတွေချည့်ပဲ'

ဒေါ်ခင်ဆွေက သူ့ရုပ်ကလေးနှင့်မလိုက်အောင် ဆတ်ဆတ်ထိမခံ ကက်ကက်လန်။

အရေးကြီးတဲ့ကလေးဆိုတာ ဘယ်လိုကလေးတွေလဲ၊ ဘာကြောင့် အရေးကြီးတာလဲ။ ထိုအချိန်က ကျွန်မ မသိ။

'ဟုတ်ပါတယ်၊ အေတန်းက မဆွေ့မှ ဖြစ်မှာ'

ဒေါ်သိန်းစီက အပြန်အလှန် ထောက်ခံပေးသည်။

'ဒါဖြင့် ဆရာမ ဒေါ်မြကြည်က ဘယ်အတန်းလဲ'

ဆရာကြီးဘေးမှ ဆရာက လှမ်းမေးသည်။

'ကျွန်မ ဘယ်အတန်းမှ အတန်းပိုင် မကိုင်ဘူးလို့ ပြောပြီးသား ကြိုက်သလို လုပ်ကြ'

အခန်း၏ဘာဘက်အစွန်မှာ တစ်ယောက်တည်း သီးခြားထိုင်နေသော ဆရာမက ထိုင်လျက်မှ လှမ်းပြောလိုက်သည်။

'အို . . .'

ကျွန်မက သူ့မျက်နှာကို လှမ်းကြည့်ပြီး ဟိုအုပ်စုထက် ပို ကြောက်သွားမိသည်။

ရုပ်က အဆိုးကြီးမဟုတ်သော်လည်း မျက်နှာထားက ဆိုးသည်။ တစ်လောကလုံး မည်သူ့မျှ ဂရုမစိုက်ဘူးဆိုသောပုံမျိုး။

'အခု ခွဲထားတဲ့အတိုင်းပဲ ကောင်းပါတယ်'

'နှစ်ကျတွေဆိုတော့ အတွေ့အကြုံ ရှိပြီးသားမို့ ဆရာမ အသစ်အတွက် ပိုတောင် အဆင်ပြေနိုင်ပါတယ်'

အုပ်စုထဲက ဆရာမနှစ်ယောက်က ထပြောကြသည်။

အဓိပ္ပာယ်ကတော့ အတူတူပင် ဖြစ်ပါသည်။ သူတို့အုပ်စု အလိုကျ ဖြစ်ဖို့။ နောက်ဆုံးတွင်မှာတော့ သူတို့အလိုကျအတိုင်းပင် ဖြစ်သွားပါ၏။

ကျွန်မသိလိုက်ပါပြီ။ ကျွန်မ အတန်းပိုင် ကိုင်ရမည့်အတန်းက နှစ်ကျတန်း။ မည်သူမျှ မကိုင်ချင်သော အဆိုးတန်း။

'ကိစ္စမရှိပါဘူးလေ . . . ငါက လူသစ်ပဲ၊ ဒီလောက်တော့ ခံရမှာပေါ့'

ကျွန်မ အသင့်အတင့် နှလုံးသွင်းလိုက်ပါသည်။ မည်သူမျှ မယူချင်သော မျက်နှာငယ်နေကြသည့် ကလေးများကို ကျွန်မ စေတနာ မေတ္တာထားရန် ဆုံးဖြတ်လိုက်ပါသည်။

အတန်းခွဲပြီးပြီဖြစ်၍ ဘာသာရပ် ခွဲဝေကြပြန်သည်။ အုပ်စု



အဖွဲ့ဝင်များ သူတို့အချင်းချင်း ခေါင်းချင်းဆိုင်ပြီး တီးတိုးတိုင်ပင်ကြပြန်သည်။ သူတို့မှာ အစကတည်းက အကြံအစည် ရှိပြီးသား၊ အပေးအယူပါ ရှိပြီးသား။ ထိုင်ကြပုံကိုက တစ်ပေါင်းတစ်စုတည်း။ ကျွန်မက သူတို့နောက်မှာ တစ်ယောက်တည်း။ မျက်နှာဆိုးသော ဆရာမကလည်း ညာဘက်ခြမ်းမှာ တစ်ယောက်တည်း။

'ကျွန်မကတော့ မြန်မာစာ တစ်ဘာသာတည်းပဲ၊ ကျန်တာ ကြိုက်သလို ခွဲကြ'

ဒေါ်မြကြည်က ထိုင်ရာမထ လှမ်းပြောသည်။ မျက်နှာရော လေသံပါ မာတင်းနေသည်။

ကျွန်မ နားလည်လိုက်ပါသည်။ သူက ဟိုအုပ်စုနှင့်မတည့်၍ သီးခြားကွဲနေသော သင်းကွဲကျားသစ်မ . . .။

အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာ အသီးသီး ခွဲဝေယူကြသည်။ ကျွန်မအတွက် ကျန်နေသည်က ပထဝီ။

'ကျွန်မ သင်္ချာအဓိကနဲ့ ဘွဲ့ရခဲ့လို့ ဖြစ်နိုင်ရင် သင်္ချာပဲ ယူပါရစေ'

မဝံ့မရဲနှင့် ကျွန်မ ပြောကြည့်ပါသေးသည်။

'သင်္ချာက သူ့ဟာနဲ့သူရှိပြီးသား ဖြစ်နေပြီပဲ၊ ဘယ်ရမလဲ'

ဒေါ်သိန်းစီက ထပြောသည်။

'ကျွန်မက ပထဝီကို ရှစ်တန်းအထိပဲ သင်ခဲ့ဖူးတာမို့ ဘာသာရပ် မကျွမ်းကျင်မှာစိုးလို့ပါ'

ထပ်ပြီး စောဒက တက်ကြည့်ပါသေးသည်။ တကယ်ပင် ပထဝီသင်ရမည်ကို ကျွန်မကြောက်နေပါသည်။

'မနှစ်က ပထဝီ ဘယ်သူသင်လဲ'

ဆရာကြီး မေးသည်ကို သူတို့ မည်သူမျှ မဖြေကြပါ။ ငြိမ်နေကြသည်။

'ဆရာမ ဒေါ်ခင်ဆွေ သင်တာ မဟုတ်လား'

ဆရာစိုးက လှမ်းမေးသည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မအရင်က အင်္ဂလိပ်စာ သင်တာပါ၊ မနှစ်ကမှ ဆရာ မရှိလို့ ပထဝီ သင်တာပါ'

'ဒီလိုဆိုရင် ဟိုဆရာမကလေးက အသစ်လဲဖြစ်၊ ဘာသာရပ်ကလဲ မကျွမ်းကျင်တာ ဖြစ်နေတော့ ပြန်စဉ်းစားကြပါဦး'

'အို . . . ဒါကတော့ ကျွန်မတို့လဲ မကျွမ်းကျင်ပေမယ့် ဝင်ခဲ့ရတာပါပဲ၊ စာအုပ်ဖတ်ပြီး သင်ရင် ရပါတယ်'

ဒေါ်ခင်ဆွေက အင်္ဂလိပ်စာ မဝင်ရမှာကို စိုးနေပါသည်။

ကျွန်မသိပါသည်။ အင်္ဂလိပ်စာက ဈေးကောင်းသော ဘာသာ ကျောင်းသားနှင့်ကျောင်းသားမိဘများ အလေးထားသည့် ဘာသာ။

'ဟုတ်ပါတယ်၊ ပထဝီက မခက်ပါဘူး၊ မဆွေပြောသလိုပဲ ဖတ်သင်ရင် ရပါတယ်'

ဒေါ်သိန်းစီကလည်း သူယူထားသော သင်္ချာကို ပြောင်းပေးရမှာ စိုးနေသည်။ သင်္ချာကလည်း ဈေးကောင်းသောဘာသာ၊ တန်ဖိုးရှိတဲ့ဘာသာ။



နောက်ဆုံးတော့ ကျွန်မ ပထဝီသင်ဖို့ အတည်ဖြစ်သွားပါသည်။

ဤမျှနှင့်မပြီးသေး။ အတန်းလိုက် ဘာသာရပ်များ အချိန်ဇယားဆွဲရာတွင် သူတို့က ခြောက်တန်းကိုလည်း ဝင်ရသူ ပါနေ၍ အတန်းတစ်တန်းမှာတစ်ချိန်လိုနေသည်။ ကျွန်မပဲ မဲကျပြန်သည်။

'ငါးတန်း (ဒီ)မှာ သမိုင်းတစ်ချိန် ဝင်ပေးပါ' . . . ဟူ၍

ကျွန်မအတွက် တစ်ပတ်မှာ သုံးရက်က ခြောက်ချိန်အပြည့် ဝင်ရမည်။ သမိုင်းကလည်း ကျွန်မ မကျွမ်းကျင်သောဘာသာ။

ပြန်ပြောလျှင်လည်း သူတို့ကို နိုင်မှာမဟုတ်၍ ကျွန်မ ငိုချင်လာသည်။ မျက်လုံးအိမ်မှာ ဝဲလာတော့မည့် မျက်ရည်ကို ကျွန်မကြိုးစားပြီး ထိန်းချုပ်နေရသည်။

ထိုအချိန်တွင် သင်းကွဲကျားသစ် ဒေါ်မြကြည် သူ့နေရာမှ ထလိုက်သည်။

'မျှမျှတတတော့ စဉ်းစားကြပေါ့၊ ဒီဆရာမအသစ်က ဘယ်သူမှ မဝင်ချင်တဲ့ အတန်းလဲ ယူထားရတယ်၊ ဘယ်သူမှ မယူချင်တဲ့ ဘာသာလဲ သူ မကျွမ်းကျင်ဘဲနဲ့ သင်ရတယ်၊ နောက်ထပ်ပြီး မပေးသင့်ဘူး၊ မလွဲသာလို့ ပေးရင်လဲ သူကျွမ်းကျင်တဲ့ သင်္ချာပဲ ဖြစ်သင့်တယ်၊ လူသစ်ကို ဝိုင်းပြီး ညစ်သလိုဖြစ်ရင် ဘယ်ကောင်းမလဲ၊ ဆရာကြီး စဉ်းစားပါ'

ဒေါ်မြကြည် ပြန်ထိုင်သွားသည်နှင့် တစ်ဖက်အုပ်စုမှ

တစ်ယောက်ပြီးတစ်ယောက် ထပြောကြသည်။ သူတို့ မှုမှုတတ စဉ်းစားကြခြင်းဖြစ်ကြောင်း၊ ညစ်တယ်လို့ မပြောသင့်ကြောင်း၊ မလွှဲသာလို့ စဉ်းစားရတာဖြစ်ကြောင်း၊ ဒေါ်မြကြည်ကတော့ သူ ပြောသင့်သည်ကို ပြောပြီးပြီဆိုသောသဘောနှင့် ခပ်တင်းတင်း ထိုင်နေသည်။ မည်သူ့ဖြေရှင်းချက်ကိုမှ အရေးစိုက်နေသောပုံမရှိ။

ဆရာကြီးနှင့် သူ့ဘေးကဆရာ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြသည်။ နောက်ဆုံးတွင် မလွှဲသာမရှောင်သာ ကျွန်မကို တစ်တန်း ထပ်ဝင်ပေးရမည်ဆိုလျှင်လည်း သင်္ချာသာပေးရန် ဆရာကြီးက ပြောသည်။ ငါးတန်း(ဗီ)မှာ သမိုင်းအစား သင်္ချာဖြစ်သွားပါသည်။

× × ×

ကျောင်းဖွင့်သည့်နေ့မှာ ကျောင်းကို စောစောရောက်သွားသည်။ ဆရာများ နားနေခန်းမှာ တစ်ယောက်တည်းထိုင်နေသော ဆရာမ ဒေါ်မြကြည်ကို တွေ့ရသည်။ ထုံးစံအတိုင်း မျက်နှာထားကတော့ ခပ်တင်းတင်း။

'မမ အစောကြီး ရောက်နေပြီလား'

ကျွန်မက ပြုံးပြီး နှုတ်ဆက်သည်။

'ဒီနေ့ အသင်းဂျူတီရှိတယ်'

သူက အပြုံးမပါဘဲ ပြန်ပြောသည်။



'ဟိုနေ့က အစည်းအဝေးမှာ မမ ဝင်ပြောလို့ တော်သေးတယ်၊ သိပ်ကျေးဇူးတင်တာပဲ'

ကျွန်မက ရင်ထဲရှိသည့်အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောချလိုက်သည်။

'အင်း . . . ကျွန်မဝင်ပြောတာ သိပ်မတရားဘူး ထင်လို့ပါ၊ ဆရာမကို စည်းရုံးတာ မဟုတ်ဘူး၊ စည်းရုံးစရာလဲ မလိုဘူး၊ အုပ်စုဖွဲ့ပြီး လက်ဝါးကြီးအုပ်တာ ကျွန်မ မုန်းတယ်၊ ဒီမှာ အစက အဲဒါမျိုး မရှိဘူး၊ ဒေါ်ခင်ဆွေ ရောက်လာမှ ဒေါ်သိန်းစီနဲ့ပေါင်းပြီး အုပ်စုဖွဲ့တာ။ ဒေါ်ခင်ဆွေမိဘက ရွှေဆိုင်ရှိတော့ ချမ်းသာတယ်၊ ကျန်တဲ့လူတွေကိုလဲ သူက ပေးနိုင်ကမ်းနိုင်တော့ ဩဇာရှိတာပေါ့။ အေတန်းကို အတင်းရအောင်ယူတာလဲ အဲဒီမှာ အရေးကြီးတဲ့လူတွေရဲ့ သားသမီးတွေရှိတယ်။ ချမ်းသာတဲ့ မိဘတွေရဲ့ သားသမီးတွေ ရှိတယ်။ အဲဒီကလေးတွေကို ဒေါ်ခင်ဆွေက အိမ်ခေါ်ပြီး ကျူရှင်ပေးတယ်။ ကျွန်မက သူတို့လုပ်တာတွေအားလုံးသိနေတော့ စက်ဆုပ်တယ်။ သူတို့ကလဲ ကျွန်မဆိုရင် သိပ်မုန်းတယ်။ သူတို့လုပ်ချင်သလိုမှ လုပ်လို့ မရဘဲကိုး။ ဆရာမလဲ ကျွန်မကို ရင်းရင်းနှီးနှီးမနေရင်ကောင်းမယ်၊ ဆရာမကိုပါ မုန်းမယ်၊ ကျွန်မကလဲ ဆရာမအတွက် အမြဲတမ်း အကာအကွယ် ပေးနိုင်မှာမဟုတ်ဘူး။ ဆရာမက ရုပ်ကလေးချောသလောက် သဘောလဲ ကောင်းပုံရတယ်။ ဒါပေမယ့် ဆရာကြီးကို ကြည့်၊ သဘောကောင်းတယ်၊ အေးတယ်၊ အဲဒီတော့ ပျော့တယ်၊

သူတို့က ဂရုမစိုက်ဘူး၊ ဆရာကြီးဘေးက ထိုင်တဲ့ ဆရာစိုးကိုတော့ ဂရုစိုက်တယ်။ ဒါတွေနောက်တော့ ဆရာမ သိလာမှာပါ။ ဆရာစိုးက အထက်တန်းပြဆရာ၊ အင်္ဂလိပ်စာသင်တာ သိပ်တော်တယ်၊ သူက သဘောကောင်းပေမယ့် ထက်တယ်၊ ဆရာမလဲ သဘောကောင်းချင်တော့ ကောင်းပေါ့။ ပျော့ညံ့ရင်တော့ သူများအနိုင်ကျင့်တာ ခံရမှာပဲ'

ဒေါ်မြကြည် ကျွန်မကိုပြောပုံ လေသံက ခပ်မာမာပင်ဖြစ်၏။ သို့သော် ရိုးသည်၊ ရှင်းသည်၊ စေတနာ မှန်သည်။

ဒေါ်မြကြည်က သူ့အသင်းတာဝန်အတွက် ကျောင်းဂိတ်ဘက်ကို ထွက်သွားသည်။

ကျွန်မ သူ့ကို လေးစားအားကျစိတ်နှင့် ငေးကြည့်ကျန်ခဲ့သည်။ ဝတ်မှုံဦး မဂ္ဂဇင်း (၁၉ဂဂ စက်တင်ဘာလ)

သူ့လို သတ္တိရှိချင်လိုက်တာ။

× × ×

ကျောင်းဖွင့်သည့်နေ့တွင် ကျွန်မ အတန်းပိုင်ကိုင်ရသော ကလေးများက ထင်သလောက် မဆိုးကြပါ။ ကျွန်မ စေတနာကြောင့်လားမသိ။ ကျွန်မကို ချစ်ကြသည်။ ကျွန်မစကားကို နားထောင်ကြသည်။ ယခင်နှစ်က သိပ်ဆိုးသည်ဆိုသော ကလေးနှစ်ယောက်သည် ကျွန်မ ကျောင်းလာလျှင် ထီးလာယူကြ၊ ဆွဲခြင်း လာယူကြနှင့် ထူးထူး



ခြားခြား လိမ္မာနေသည်ကို တွေ့ရ၍ ဝမ်းသာရသည်။

ပထဝီ သင်ရသည်က ကျွန်မအတွက် အများကြီး အခက်အခဲရှိပါသည်။ အထူးသဖြင့် မြေပုံဆွဲသည့်ကိစ္စ။ ကျွန်မ ကြိုးစားပါသည်။ ကျောင်းပိတ်ရက်များမှာ မြေပုံအဆွဲ ကျင့်ပါသည်။ သို့သော် ကျွန်မပုံများ မကောင်းသေးသည်ကို ကျွန်မ သိပါသည်။

ရှေ့ဆုံးခုံမှ မိန်းကလေးတစ်ယောက်က ကျွန်မပုံကိုကြည့်ပြီး သူ့ဘေးနားမှမိန်းကလေးကို ပြောပြနေသည်။ ပြောပုံအမူအရာ မြင်ရုံနှင့် ကျွန်မကို ကဲ့ရဲ့နေမှန်း သိသာပါသည်။

'ဆရာမ ဒေါ်ခင်ဆွေကမှ တော်တာ'

သေချာသွားပါသည်။ တိုးတိုးပြောသော်လည်း ကျွန်မ အသေအချာ ကြားလိုက်ရသည်။ ရုတ်တရက် ကျွန်မရင်ထဲမှာ အောင့်သွားပါသည်။ သို့သော် စိတ်အေးအေးထားပြီး စဉ်းစားကြည့်တော့လည်း သူပြောသည်မှာ ဟုတ်ပါသည်။ ကလေးဆိုတာ မှန်တာပြောတတ်တာပဲဟု ကျွန်မ ခွင့်လွှတ်လိုက်ပါသည်။ တစ်ခုပဲ စိုးရိမ်မိသည်။ သင်သောဆရာကို အထင်သေးပြီး ဘာသာရပ်ကို စိတ်မဝင်စားလျှင် သူ နစ်နာမည်။

သူက ကျွန်မပုံကိုကြည့်မဆွဲ။ စာအုပ်ထဲမှပုံကိုသာ ကြည့်ဆွဲသည်။ ထမင်းစား နားချိန်တွင် သူက သူဆွဲသောပုံ ကျွန်မကို လာပြသည်။

'အို . . . သမီးဆွဲလာတဲ့ပုံက ကောင်းလိုက်တာ၊ ဆရာမ

ဆွဲပြတဲ့ပုံထက် အများကြီးသာတယ်၊ ဆရာမက ပထဝီကို အရင်က မသင်ဖူးဘူး၊ ခုမှ ပုံဆွဲတာကို မနည်းပြန်ကျင့်ပြီး သင်နေရတာ'

သူ့ကို ချီးမွမ်းလိုက်၍ မိန်းကလေး ဝမ်းသာသွားသည်။ သူ့မျက်လုံးများက ဂုဏ်ယူခြင်းနှင့်အတူ ကြည်လင်သွားသည်။ ကျွန်မကိုလည်း ခင်မင်စိတ် ဖြစ်သွားဟန် တူပါသည်။

'ဆရာမ ဒေါ်ခင်ဆွေက ပုံဆွဲသိပ်တော်တာ ဆရာမရဲ့၊ မြန်လဲမြန်တယ်၊ သူ့ပုံတွေက လှလဲ လှတယ်'

ကလေးမက ဒေါ်ခင်ဆွေ ချီးမွမ်းခန်းဖွင့်နေသည်။

'ဟုတ်လား၊ ကောင်းတာပေါ့ကွယ်၊ သူက ကျွမ်းကျင်မှာကိုး'

ကျွန်မ အလိုက်သင့် ချီးကျူးလိုက်ပါသည်။

'ဒါပေမယ့် အင်္ဂလိပ်စာသင်တာတော့ မကောင်းဘူး ဆရာမရဲ့'

'အို . . . ကိုယ့်ဆရာမကို အဲဒီလို မပြောရဘူးကွယ့်'

ကျွန်မက ယန့်တားလိုက်သည်။

'ဟုတ်တယ် ဆရာမရဲ့၊ ဘာတွေမှန်းလဲ မသိဘူး၊ နားမလည်ဘူး'

'အစမို့ ဖြစ်မှာပေါ့ကွယ်၊ နောက်တော့ ရှင်းသွားမှာပေါ့'

ကလေးမက ခေါင်းယမ်းပြသည်။

'သူဘာဖြစ်လို့ ပထဝီကနေ အင်္ဂလိပ်စာ ပြောင်းသင်ချင်တာလဲ သိလားဆရာမ'



ကျွန်မက ခေါင်းယမ်းပြသည်။

'သူက အင်္ဂလိပ်စာသင်တဲ့ ဆရာစိုးကို လိုချင်နေတာ ဆရာမရဲ့'

'အို . . . ဟဲ့၊ အဲဒီလို မပြောရဘူး၊ မဟုတ်တာတွေကွယ်'

ကျွန်မက တကယ်ကို ဟန့်တားလိုက်ခြင်း ဖြစ်ပါသည်။ စကားရှုပ်မှာလည်း စိုးမိသည်။

'ဟုတ်တယ် ဆရာမရဲ့၊ ဆရာမက အသစ်မို့ မသိတာ၊ ဆရာမတွေအားလုံး သိတယ်၊ ကျွန်မအဒေါ်က ရှစ်တန်း မြန်မာစာပြ ဆရာမ ဒေါ်မြမြလေ၊ အဒေါ်က ပြောတာ။

ဆရာစိုးကလဲ ဆရာမကို ဥစ္စာပေါ ရုပ်ချောမို့ စိတ်ဝင်စားတယ်တဲ့။ ဒါပေမဲ့ ဖွင့်တော့မပြောသေးဘူးတဲ့။

'အို . . . ဒုက္ခပါလား'

ကလေးမှာ ပြောလေကဲလေဖြစ်၍ ကျွန်မ စိတ်ရှုပ်လာမိသည်။

'ကဲ . . . တော်ပါတော့ ကလေးရယ်၊ ရော့ . . . ရော့ သမီးစာအုပ်ပြန်ယူသွား'

ကျွန်မ စကားကို အတင်းဖြတ်ပြီး စာအုပ်လှမ်းပေးလိုက်သည်။

'ဆရာမက ဒေါ်ခင်ဆွေထက် ပိုလှတယ်။ ဆရာမနဲ့ ဆရာစိုးနဲ့ ပိုလိုက်တယ်။ ဆရာစိုးက အင်္ဂလိပ်စာသင်တာ နာမည်ကြီးတယ်။ စိတ်ရင်းလဲကောင်းတယ် . . .'

စာအုပ်လှမ်းယူရင်းနှင့် ပြောဖြစ်အောင် ပြောသွားလိုက်သေးသည်။

'ဒီကလေးမ မလွယ်ပါလား'

ကျွန်မ သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။

× × ×

ကျွန်မစိတ်ထဲမှာ မကျေမနပ် ဖြစ်မိသည်။ ဒေါ်ခင်ဆွေ ဤသို့ မလုပ်သင့်။ ပထဝီကို သူမသင်ချင်လို့ ကျွန်မကို လွှဲပေးသွားခြင်း ဖြစ်သည်။ ကျွန်မ မကျွမ်းကျင်သော်လည်း သူတို့ပြောသည့်အတိုင်း စာအုပ်ကိုဖတ်ပြီး အသေအချာ ပြင်ဆင်သည်။ အထူးသဖြင့် ကျွန်မကို ဒုက္ခပေးသည်က မြေပုံ။ မြန်မာပြည်မြေပုံကိုပင် ကျွန်မ တူအောင် ဆွဲတတ်ခဲ့သည် မဟုတ်။ ခုမှ ကျောင်းပိတ်တိုင်း အိမ်မှာ မြေပုံဆွဲ ကျင့်ရသည်။ ကျွန်မ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး သင်ပါသည်။

သူ အတန်းပိုင်ကိုင်သော (အေ)တန်းကို ဝင်သောအခါ သင်ပုန်းကြီးပေါ်မှာ မြေပုံနှစ်ပုံ ဆွဲထားသည်ကို တွေ့ရသည်။ ကျွန်မ သင်နေသော သင်ခန်းစာမှ မြေပုံနှစ်ပုံဖြစ်သည်။ ဆွဲထားသည်ကလည်း စနစ်တကျ မြေဖြူရောင်စုံနှင့်။ ထိုကဲ့သို့ သေသပ်လှပအောင် ကျွန်မ မဆွဲတတ်ပါ။ မနေ့ကပင် ဤအတန်းထဲမှာ ဆွဲပြခဲ့သေးသည်။ ကျွန်မ



ပုံများက မကောင်းပါ။

'ဒီပုံတွေ ဘယ်သူဆွဲတာလဲ'

ကလေးများကို မေးကြည့်သည်။ 'ဆရာမ ဒေါ်ခင်ဆွေ ဆွဲတာ' ဟု ကလေးများက ဖြေကြသည်။

'ဒီပုံတွေအကြောင်း ရှင်းရောပြသေးလား'

သိချင်၍ ကျွန်မ ထပ်မေးလိုက်သည်။

'အင်္ဂလိပ်စာကို အရင်သင်ပြီးမှ ဒီပုံတွေကို ဆွဲပြီး ရှင်းပြသွားတာပါ'

အတန်းခေါင်းဆောင်ဖြစ်သော ကလေးက ဖြေသည်။

ကျွန်မကို သက်သက်ချိုးနှိမ်ပြီး သူက ပိုတော်ကြောင်း တတ်ကြောင်း ဝင့်ကြွားသွားခြင်း ဖြစ်ပါသည်။

ကလေးများက သူတို့အတန်းပိုင်ဆရာမ သူတို့အပေါ်မှာ စေတနာထားသည်ဟု ကျေးဇူးတင်ကြမည်။ တော်သည် တတ်သည် ဟုလည်း အထင်ကြီးကြမည်။ ကျွန်မကိုတော့ အထင်သေးကြမည်။

လုံးဝ မလုပ်သင့်သော အလုပ်။

သူ့ရုပ်ရည်လေး ဖြူဖြူသန့်သန့်နှင့် ဤမျှအထိ စိတ်ထား ညံ့လိမ့်မည်ဟု ကျွန်မမထင်ခဲ့။

ကျွန်မစိတ်ထဲမှာ တင်းကျပ်နေအောင် ခံပြင်းမိသည်။ မကျေနပ်စိတ်ကြောင့် ကျွန်မလက်များ တုန်လာသည်။ စာလည်း သင်၍မရတော့ပါ။ ထိုအတန်းတွင် သင်စရာလည်း မလိုတော့ဟု

ထင်၍ ဆရာများ နားနေခန်းကို ပြန်လာခဲ့သည်။

ဘဝတူ ဆရာမချင်း ကလေးတွေ အထင်သေးအောင် လုပ်ရက်လိုက်တာ။

မကျေနပ်ရာမှ ကျွန်မရှက်လာသည်။ ဝမ်းနည်းလာသည်။ စိတ်ကိုထိန်းချုပ်ထားသည့်ကြားမှပဲ မျက်ရည်များကျလာသည်။ ဒေါသနှင့်ဝမ်းနည်းမှု ပေါင်းစပ်သည့် မျက်ရည်။

ကျွန်မစားပွဲပေါ်လက်တင်ပြီး လက်ပေါ်ကို မျက်နှာအပ်ထားလိုက်သည်။

'ဩော် . . ဆရာမ တစ်ယောက်တည်းလား'

ကျွန်မမျက်ရည်ကို လက်ခုံနှင့်သုတ်ပြီး လှည့်ကြည့်လိုက်သည်။ ဆရာစိုး။

'ဘာဖြစ်လို့လဲ ဆရာမ၊ နေမကောင်းဘူးလား'

သူ့မေးပုံက ကြင်ကြင်နာနာမို့ ကျွန်မ ပိုပြီး ဝမ်းနည်းလာသည်။ မျက်ရည်ကို မထိန်းနိုင်အောင် ဖြစ်မိသည်။

'အို . . . ဘာဖြစ်လို့လဲ ဆရာမ၊ စာသင်ရတာ ဘာအခက်အခဲရှိလို့လဲ'

ကျွန်မ အားရအောင် ငိုပစ်လိုက်ပြီးမှ သူ့ကို အကြောင်းစုံ ပြောပြလိုက်ပါသည်။

'ဟာ . . . မလုပ်သင့်ဘူးဗျာ၊ အဲဒီလို လုံးဝမလုပ်ရဘူး'

သူလည်း စိတ်မကောင်းဖြစ်သွားသည်။



'သူကတော့ သူ့ကိုယ်သူ ဆရာမထက်သာတယ်ဆိုပြီး ကလေးတွေ အထင်ကြီးအောင် လုပ်လိုက်တာပဲ၊ သာမန်အားဖြင့် သူက နိုင်သွားတယ် ထင်ရပေမယ့် တကယ်ကတော့ မနိုင်ပါဘူး ဆရာမရယ် . . . သူ ရှုံးသွားတယ်'

'ရှင် . . . '

ဆရာစိုး ပြောသည်ကို ကျွန်မ နားမလည်ပါ။

'ဟုတ်တယ် ဆရာမရဲ့ . . . နိုင်ချင်ရင် ရှုံးတတ်တယ်။ ခုလဲ ကလေးတွေက မသိလို့ သူ့ကိုအထင်ကြီးချင်ကြီးမယ်၊ ဒါပေမယ့် သူ စိတ်ထားမလှတာ ပေါ်သွားတယ်၊ အဲဒါကို ကျွန်တော်တို့ သိတဲ့ လူတွေက အထင်သေးသွားတော့ သူ ရှုံးပြီပေါ့'

ဆရာစိုးပြောမှ ကျွန်မရင်ထဲမှာ မကျေမနပ် ခံစားနေရသည်များ ပေါ့ပါးသွားပါသည်။

ကျွန်မက ဆရာစိုးကို ခင်မင်လေးစားစွာ မော့ကြည့်လိုက်ပါသည်။

သူက ကျွန်မကိုကြည့်ရင်း ကြင်နာစွာ ပြုံးပြီး ခေါင်းတစ်ချက် ညိတ်ပြသည်။

'အဲဒါပဲ ဆရာမ၊ ရုပ်ဘယ်လောက်ပဲလှလှ စိတ်ထားမလှရင် မလှတော့ဘူး၊ ဆရာ ဆရာမ အလုပ်ဆိုတာ စိတ်ထားလှဖို့ အလွန်လိုပါတယ်။ အနိုင်ယူရတဲ့ အလုပ်မျိုး မဟုတ်ဘူး၊ အနစ်နာခံရတဲ့ အလုပ်။ သူများမလှတာနဲ့ ကိုယ်မလှ မဖြစ်ပါစေနဲ့ ဆရာမရယ်၊ အတန်းဝင်လိုက်ပါ'

ဆရာစိုးက ကျွန်မကိုပြောရင်းနှင့် ဆရာများ နားနေခန်းထဲမှ ထွက်သွားသည်။

ကျွန်မ ထိုင်ရာမထပြီး နဖူးပေါ်မှ ဆံပင်များကို သပ်တင်လိုက်သည်။

ကျွန်မ လှချင်ပါသည်။ သို့သော် . . .

ဆရာမတစ်ယောက်၏ စိတ်ထားလှ၍ လှသောအလှ။

□ □ □

# လျှို့ဝှက်ချက်

ဤကျောင်းတွင် ယခင်က အလယ်တန်းပြ ဆရာမအဖြစ် စတင် အလုပ်ဝင်ခဲ့ရသည်။ ခုတော့ ဤကျောင်းမှာပင် ကျောင်းအုပ်ဆရာမကြီးအဖြစ် ပြန်ရောက်လာရပြန်သည်။

ကျောင်းတက်ချိန်ဖြစ်၍ ကျွန်မတစ်ယောက်တည်း ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်သည်။

ကျောင်းကြီးသည် များစွာပြောင်းလဲ တိုးတက်နေပါ၏။ ယခင်က ထရံကာ၊ ဝါးကပ်မိုး အဆောင်ကလေးများသာ ရှိသည်။ ယခုတော့ အုတ်ကာ၊ သွပ်မိုး ကျောင်းဆောင်ကြီးများ ဖြစ်နေကြနေပြီ။

ကျောင်းသူ ကျောင်းသားတွေကလည်း ယခင်ကထက် သုံးဆခန့် ပိုများလာသည်။ ဆရာတွေ၊ ဆရာမတွေကလည်း အများကြီး သို့သော် သိဟောင်းကျွမ်းဟောင်း ဆရာဟောင်းတွေ တစ်ယောက်မျှ မရှိကြတော့။ ပြောင်းသူ ပြောင်း၊ ထွက်သူထွက်၊ နားသူ နားကြပြီ။ ရေဟောင်းတို့ ရွေ့လျားသည်တွင် ရေသစ်များ ဆက်လက် စီးဆင်းနေကြသည်။ ဆရာ၊ ဆရာမလေးတွေမှာ အသက်ငယ်ငယ်များ၏။

ကောင်းပါသည်။ ငယ်ရွယ်နုပျိုတော့ သွက်လက်သည်၊ ထက်မြက်သည်။ တက်ကြွသည်။

'ဆရာမကြီး ရှင့်'

နောက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ ဆရာမတစ်ယောက် စာသင်ခန်းထဲမှ ထွက်လာသည်။ ကျွန်မရှေ့သို့ ရောက်သည်နှင့် လက်ကလေးပိုက်၍ ရပ်နေပုံမှာ ကျောင်းသူကလေးနှင့်ပင် တူသေးတော့။

'ဆရာမကြီး ကျွန်မကို မှတ်မိလားရှင့်'

ဤအသံနှင့် ဤပြောပုံကို ကျွန်မ ရင်းနှီးသလို ရှိပါသည်။ မျက်နှာကို သေသေချာချာ ကြည့်လိုက်တော့ . . .

'အို . . . မင်း . . . သန်းရင်၊ သန်းရင် မဟုတ်လား'

'ဟုတ် . . . ဟုတ်ပါတယ် ဆရာမကြီးရှင့်'

ပြောရင်း သူ့မျက်နှာမှာ မျက်ရည်များ ရစ်ဝဲလာသည်။

'အို . . . ဘာဖြစ်လို့ မျက်ရည်တွေ ဝဲနေရတာလဲကွယ်'

'ဆရာမကြီးက မှတ်မိတော့ ဝမ်းသာလွန်းလို့ပါရှင်'

'အေး . . . ဟုတ်ပါရဲ့ကွယ်၊ ဝမ်းသာစရာ၊ ဒါနဲ့ ငါ့တပည့်က ဒီကျောင်းမှာ ဆရာမပြန်ဖြစ်နေတာ ကြာပြီလား'

'ဟုတ်ကဲ့ . . ရှစ်နှစ်လောက် ရှိပါပြီရှင့်'

'အို . . . ကြာပြီပေါ့၊ ဒါနဲ့ အိမ်ထောင်တွေ ဘာတွေရော ကျပြီလား'



'ကလေးသုံးယောက် ရှိပါတယ်ရှင့်'

ဆရာ့ရှေ့မှောက် ရောက်နေသော တပည့်ဖြစ်နေသည့် သန်းရင်ခမျာ ငယ်မူလေးတွေ ပြန်ပေါ်လာပါသည်။

'ငါ့တပည့်က ခုတော့ ဆရာမကြီးတောင် ဖြစ်နေပြီနော်'

ကျွန်မ ရင်ထဲက ကြည်နူးနေမိသည်။

'ဆရာမကြီးမှာရော သားသမီးတွေ ရှိလာရှင့်'

သန်းရင် ငယ်စဉ်က အလွန် အမေးအမြန်းထူသည်ကို ကျွန်မ သတိရမိသည်။

'ရှိတာပေါ့ကွယ်၊ အများကြီးပဲ ဆရာမရဲ့ တပည့်တွေဟာ ဆရာမရဲ့ သားသမီးတွေချည်းပေါ့'

ကျွန်မကို တွေတွေငေးငေးကြည့်၍ စဉ်းစားရင်းမှ သန်းရင် သဘောပေါက်သွားဟန် တူပါသည်။

'ဒါဆို ကျွန်မလဲ ဆရာမ သမီးပေါ့နော်'

'ဒါပေါ့ ဟုတ်တာပေါ့'

'အို . . . ဝမ်းသာလိုက်တာ ဆရာမကြီးရယ်'

သန်းရင်၏ မျက်လုံးများတွင် ဝင်းလက်သော အရောင်ကလေးများ ယှက်သန်းသွားသည်ကို ကျွန်မ သတိထားလိုက်မိပါ၏။

'ကျွန်မတို့ ဒီကျောင်းကို ဆရာမကြီး ကျောင်းအုပ်အဖြစ်နဲ့ ရောက်လာမယ် ကြားကတည်းက ဝမ်းသာနေကြတာရှင့်၊ ပြီးတော့ တပည့်ဟောင်းတွေက ဆရာမကြီးကို ကန်တော့ပွဲလေးတစ်ခုနဲ့ ဂုဏ်ပြုဖို့ စီစဉ်ထားကြတယ်၊ အဲဒါ ကျွန်မတို့ကို ခွင့်ပြုပါရှင့်'

'ဩော် . . . အေး၊ ကောင်းပါတယ်ကွယ်၊ တပည့်ဟောင်းတွေကို တစ်ပေါင်းတစ်စည်းတည်း တွေ့ရတာပေါ့၊ ကဲ . . ကဲ ငါ့တပည့်ရဲ့ သားသမီးတွေ အတန်းထဲက စောင့်နေကြလိမ့်မယ်၊ သွားလိုက်ဦး၊ ဆရာမလဲ လှည့်ပတ် ကြည့်လိုက်ဦးမယ်'

'ဟုတ်ကဲ့ရှင့်'

သန်းရင်သည် သူ့စာသင်ခန်းဆီသို့ ခပ်သုတ်သုတ်လေး မြန်ဝင်သွားပါသည်။

× × ×

ကျွန်မ ဆက်လျှောက်လာရင်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က သန်းရင်၏ ပုံကလေးကို မျက်စိထဲမှာ မြင်ယောင်နေမိသည်။

ထိုအချိန်က ကျွန်မ ပဋ္ဌမတန်းကို အတန်းပိုင် ကိုင်ရသည်။ အတန်းထဲကို စ ဝင်တော့ ကျွန်မရင်များ ခုန်နေသည်။ ဒူးများကလည်း အားမရှိသလို ဖြစ်နေ၏။

'အို . . . ဒါဟာ ငါ့ထက် အသက်အများကြီးငယ်တဲ့ ကလေးတွေပဲ'

စိတ်ကိုတင်းပြီး မျက်နှာကို ခပ်တည်တည် ထားလိုက်သည်။

'မင်္ဂလာပါ ဆရာမ'

သူတို့က မတ်တတ်ထပြီး ပြိုင်တူညီညီ နှုတ်ဆက်လိုက်ကြ



တော့ တင်းထားရသော ခပ်တည်တည်များ လန့်ဖျပ် ပျောက်ပျယ်ပြေးကြပြီ။

ကျွန်မ အတန်းရှေ့ရောက်ပြီဖြစ်သော်လည်း ခပ်ကြောင်ကြောင်ဖြစ်နေ၍ ရုတ်တရက် အထိုင်မခိုင်းမိသေး။ သူတို့ အားလုံးမှာ မတ်တတ်ရပ်နေကြဆဲ။

'ဟီ . . . ဟီ၊ ဆရာမက အသစ်ပော့၊ ဘာမှ ကြောက်မနေနဲ့'

အသံကြားရာသို့ မသိမသာ လှမ်းကြည့်လိုက်တော့ ဆံရစ်ဝိုင်းကြီးနှင့် ဆံထုံးကို ပြောင်နေအောင် ထုံးထားသော မိန်းကလေးက သူ့ဘေးမှ ကောင်မလေးကို ပြောနေခြင်းဖြစ်၏။

'ဘယ်လိုကြီးလဲ အေ့၊ အထိုင်လဲ မခိုင်းဘူး'

သူ့အသံပင်ဖြစ်၏။ ထိုအခါကျမှ ကျွန်မ သတိရပြီး သူတို့ကို အထိုင်ခိုင်းရသည်။

ထိုဆံရစ်ဝိုင်းကြီးမှာ သန်းရင်ဖြစ်သည်။

အတန်းထဲတွင် သူ့ပုံမှာ အများနှင့်မတူ၊ တစ်မူထူးခြားနေ၏။ သူသည် ကျောင်းသူကျောင်းသားများအားလုံးတွင် အစွာဆုံး၊ အသံအကျယ်ဆုံးနှင့် အချက်အချာဆုံးလည်း ဖြစ်သည်။ မိန်းကလေးများကိုသာမက ယောကျ်ားလေးများကိုပါ ဩဇာပေးသည်။ ယောကျ်ားလေးများက မခံ၊ သူ့ကို တစ်ခွန်းချင်း ပြန်ပြော၏။ ထိုအခါမျိုးတွင် . . .

'ဆရာမရှင့်'

ခပ်နွဲ့နွဲ့ကြီးခေါ်ပြီး တိုင်ပါတော့သည်။ သူတိုင်သည်ကို အရေးတယူမလုပ်လျှင် မကျေနပ်၊ သူတိုင်တိုင်း အရေးယူရမည်က လည်း မဖြစ်နိုင်။

သန်းရင်သည် အသက် ဆယ့်သုံးနှစ်ခန့်သာ ရှိသေးသော် လည်း ရိုးကြီးဂေါင်ဂင် အဆက်အပေါက်မျိုး ဖြစ်၏။ မျက်နှာပေါက် ကလည်း ခပ်ကြမ်းကြမ်း ဖြစ်သည်။ ပါးရိုးကြီးသည်၊ မျက်လုံးပြူသည်။ နှဖူးကျယ်သည်၊ မေးချွန်သည်၊ သွားပုံ လာပုံကျတော့လည်း ကြမ်း သည်။

သူ့ကို တစ်ခုတော့ အားကိုးရ၏။ ကျောင်းရောက်သည်နှင့် အတန်းထဲမှာ အမှိုက်လှည်းသည်။ ဆရာမစားပွဲကို ရှင်းပြီး စားပွဲပေါ် မှ ပန်းအိုးတွင် နေ့စဉ် ပန်းအသစ်လဲသည်။

'ဟဲ့ . . . သန်းရင်၊ ဒီပန်းတွေက နေ့စဉ် ဝယ်ရတာလား'

ကြာတော့ ကျွန်မက အားနာလာသည်။

'မဟုတ်ပါဘူး ဆရာမ၊ ကျွန်မတို့ခြံထဲက ခူးလာတာပါ။

ဘာဖြစ်လို့လဲရှင့်

'ဩော် . . . အားနာလို့ပါကွယ်'

'ဟင့် . . . ဆရာမကလဲ'

သန်းရင်က ခပ်ချွဲချွဲနွဲ့လိုက်၍ ကျွန်မ ပြုံးမိသည်။ သူသည် အတန်းထဲမှာ အရေးပါချင်သည်။ ဆရာမက သူ့ကို ချစ်ခင်စေချင်



သည်။

သူနှင့် ဘေးချင်းကပ်၍ ထိုင်သည့် ခင်စိုးဆိုသော မိန်းကလေးကတော့ သန်းရင်နှင့် ဆန့်ကျင်ဘက်။ ဖြူဖြူနုနု၊ နွဲ့နွဲ့ယဉ်ယဉ်၊ ချောချောလေး။ နေပုံကလည်း သီးခြား ခပ်အေးအေး။ ဆရာမကိုလည်း တစ်ခွန်းမေးလျှင် တစ်ခွန်းသာဖြေသည်။

သန်းရင်ကတော့ စကားများသည်။ အမေးအမြန်းထူသည်။ နေရာတကာလည်း ပါသည်။ ပြောဆို မာန်ငေါက်၍လည်း အနာ အမှတ်မရှိ။ ခေါက်၍ ရိုက်၍လည်း မကျေမနပ်မဖြစ်။ အပြုံးမပျက်၊ အခေါ်မပျက်။

ခင်စိုးကတော့ အရိုက်အနှက် မခံနိုင်သူ ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် အတန်းပိုင်ဆရာမကို လာပြောသည်။

သူ့မှာ နှလုံးရောဂါရှိသည်။ လန့်တတ်သည်။ ထို့ကြောင့် သူ့ကိုရိုက်နှက် မာန်ငေါက်ခြင်း မပြုရန် ဆရာဝန်က မှာထားသည်ဟု ဆို၏။

ခင်စိုး၏အဖေမှာ အသားဖြူဖြူနှင့် ရည်ရည်မွန်မွန် ရှိသည်။ ပြောဆိုပုံကလည်း တည်ကြည်သည်။ မြင်းခြံမြို့၏ လူချမ်းသာစာရင်း ဝင် ကုန်သည်ကြီးဖြစ်၏။

'အဲဒါ ဆရာမရယ် အခွင့်အရေး တောင်းတာတော့ မဟုတ် ပါဘူး၊ သူ့မှာရောဂါနဲ့မို့ မရိုက်ဖို့ တောင်းပန်တာပါ၊ နောက်ပြီး သူ့မှာ နှလုံးရောဂါရှိကြောင်းကိုလဲ သူ မသိပါစေနဲ့ ဆရာမရယ်'

ထိုလူကြီး၏တောင်းပန်ချက်ကို ဆရာကြီးကလည်း အလေးအနက်ထားသည်။

မကျန်းမာသော ကလေးမို့ ခြွင်းချက်ဖြင့် ဆက်ဆံရန် သတိပေးသည်။

ကျွန်မတို့ကျောင်းမှာ စည်းကမ်း တင်းကျပ်သည်။ ဆရာများက ကြိုးကြိုးစားစားသင်သည်။ သို့သော် ခိုင်းသောအိမ်စာ မလုပ်ခဲ့လျှင်၊ ကျက်ခိုင်းသောစာ ကျက်မလာလျှင် ရိုက်သည်။ ထို့ကြောင့် အောင်ချက်ကောင်း၍ နာမည်ကြီးသည်။

ခင်စိုး၏မိဘများသည် သူ့သမီးကို ကျွန်မတို့ကျောင်းမှာလည်း ထားချင်သည်။ အရိုက်ခံရလျှင် ဒုက္ခဖြစ်မှာလည်း စိုးရိမ်နေသည်။ ထို့ကြောင့် လာတောင်းပန်ခြင်းဖြစ်လိမ့်မည်။

ခင်စိုးကိုယ်တိုင်ကလည်း အရိုက်ခံရမည်ကို အတော်ကြောက်ဟန်တူပါသည်။ အိမ်စာခိုင်းသမျှ ပြီးအောင်လုပ်ခဲ့သည်။ ကျက်ခိုင်းသောစာဟူသမျှ ရအောင် ကျက်လာသည်။ အပြစ်ကင်းအောင် နေသည်။ တော်ပါသေးသည်။ သူ့ကိုပင် ကျေးဇူးတင်ရဦးမည်။ အကယ်၍ သူ့မှာ အပြစ်ရှိပါလျက်နှင့် မရိုက်လျှင် ကျွန်မသိက္ခာကျမည်။ ကျန်သည့်ကလေးများ အထင်အမြင်သေးလိမ့်မည်။

သန်းရင်သည် ခင်စိုးနှင့်လည်း ရင်းနှီးခင်မင်အောင် ကြိုးစားပါသည်။ ခင်စိုးကို ကူညီလုပ်ဆောင်ပေးသည်။ အနစ်နာခံ၍ ပေါင်းသည်။



သို့သော် ခင်စိုးက သန်းရင်ကို သဘောကျပုံ မရပါ။ အရောမဝင်အောင် ရှောင်သည်။ သန်းရင်ပေးသော မုန့်ကို မစားသလို သူ့မှာပါသော မုန့်ကိုလည်း သန်းရင်အား ဝေမျှပေးလေ့ မရှိပါ။

ကျောင်းနားချိန်တွင် သန်းရင်က ခေါ်ပြောသော်လည်း ခင်ခင်မင်မင် မရှိလှပါ။

နောက်တော့ သူ မကြိုက်မှန်းသိ၍ ထင်ပါ၏။ သန်းရင်ကလည်း ခပ်တန်းတန်းပင် ဆက်ဆံသည်ကို ကျွန်မ သတိထားမိပါ၏။

တစ်နေ့ . . .

အတန်းထဲမှာ သင်္ချာပုစ္ဆာများကို တွက်ခိုင်းထားသည်။

တစ်ယောက်ပြီးတစ်ယောက် လာပြကြသည်ကို ကျွန်မ စစ်ဆေးပေးနေပါသည်။

'ဝုန်း . . . ဒိုင်း . . . ခွမ်း'

ကျွန်မနှင့် အနီးဆုံးဖြစ်သည့် ရှေ့ဆုံးခုံမှ အသံများ ထွက်ပေါ်လာ၍ ကြည့်လိုက်ရာ သန်းရင်နှင့်ခင်စိုးတို့ ရန်ဖြစ်နေကြသည်ကို တွေ့ရသည်။

သန်းရင်က တွန်းပစ်၍ ခင်စိုး ဖင်ထိုင်ကျသွားရာမှ ကွန်ပါဘူးဖြင့် သန်းရင်ကို ပြန်ပေါက်လိုက်ခြင်းဖြစ်သည်။

'ဟဲ့ . . . နင်တို့ ဘယ်လိုဖြစ်ကြတာလဲ ပြောစမ်း'

ကျွန်မက လှမ်းမေးလိုက်ပါသည်။

'တောသူမက လူပါး၀လို့'

ခင်စိုးက မကျေမနပ်နှင့် ဖြေသည်။

'နင် ငါ့ကို တောသူမလို့ မပြောနဲ့၊ ဟင်း . . . နင့်ကိုငါ မလုပ်ချင်လို့ လုပ်လိုက်ရင် သေတောင်သွားဦးမယ်'

သန်းရင်က ကျွန်မ မေးမြန်းနေဆဲမှာပင် ဆက်ပြီး ကြိမ်းမောင်းနေသည်။ အေးအေးကလေး နေတတ်သော ခင်စိုးကလည်း ဒီနေရာမှာတော့ မခံ။

'လုပ်ကြည့်စမ်း . . . လုပ်ကြည့်စမ်း'

'ဟဲ့ . . . ဒါက ဘယ်လိုဖြစ်နေကြတာလဲ ဟင်၊ တယ် ကဲ နေကြပါလား'

နှစ်ယောက်စလုံး ကျွန်မကိုပင် ပမာမခန့် ဖြစ်လာကြ၍ ကျွန်မ ဒေါသဖြစ်ရသည်။

'သူ ဆဂ္ဂာမ သူ၊ ကျွန်မကို သိပ်နှိမ်တယ်၊ အဆင့်အတန်း သိပ်ခွဲတယ်၊ ဟင်း . . . ငါ ဆရာမရှေ့မှာမို့'

'အံမယ် သတ္တိရှိရင် နင် လုပ်ကြည့်ပါလား'

ခင်စိုးက ရှေ့တိုးလိုက်ပြန်သည်။

'ဟော့ . . . ဟော့ . . .'

ကျွန်မ အော်နေဆဲမှာပင် သန်းရင်က ခင်စိုး၏ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းပစ်လိုက်သည်။ ခင်စိုး ထိုင်ခုံပေါ်သို့ လဲကျသွားသည်။



'သန်းရင်၊ နင်ဘာလို့ ဒီလိုလုပ်ရတာလဲ ဟင်'

ကျွန်မ ပြောနေဆဲမှာပင် ဆက်ပြီး လက်ပါသော သန်းရင်ကို ကျွန်မ သည်းမခံနိုင်အောင် ဖြစ်မိသည်။

'နင် ဒါ ဆရာမကို မလေးမခန့် စော်ကားတာလား ဟင် သန်းရင်ပြောစမ်း'

'ဩော . . . သူပြောနေတာတော့ ဆရာမ မကြားဘူးလား'

သန်းရင်က ကျွန်မကိုပင် ရန်လိုသောမေးခွန်းဖြင့် တုံ့ပြန်လာသည်။

'တိတ်စမ်း၊ နင် ငါ့ပြန်မပြောနဲ့'

ကျွန်မ စားပွဲပေါ်တွင် အသင့်ရှိသောတုတ်ကို ဆွဲကိုင်၍ မတ်တတ်ရပ်လိုက်သည်။

'ပြောမှပဲ ဆရာမ၊ ကိုယ့်ကို နှိမ်နေတာတော့ ဘယ်တော့မှ မခံဘူး'

'သန်းရင်၊ တိတ်စမ်းလို့ ပြောနေတာ မကြားဘူးလား'

ကျွန်မက သန်းရင်ကို တုတ်ဖြင့် ရွယ်လိုက်သည်။ ခြိမ်းခြောက်ရုံသာ ဖြစ်ပါ၏။ တကယ်ရိုက်ရန် မဟုတ်ပါ။

သို့သော် သန်းရင်က . . .

'ရိုက်စမ်းပါ ဆရာမ၊ သေအောင်ရိုက်လိုက်ပါ၊ မကြောက်ပါဘူး'

'သန်းရင်'

ကျွန်မက ထပ်အော်လိုက်သည်။

'ရိုက်ပါ ဆရာမရဲ့၊ ရိုက်လေ . . . ရိုက်'

'ဟာ . . ကဲဟယ် . . ကဲဟယ်'

တစ်တန်းလုံး၏ရှေ့မှာ ကျွန်မကို တစ်ခွန်းချင်း ပြန်အော်နေသည့်အတွက် စိတ်ကို မထိန်းနိုင်တော့ဘဲ တအားကဲနေသော သန်းရင်ကို နှစ်ချက်ဆင့်၍ ရိုက်ပစ်လိုက်မိပါသည်။

'ဟီး . . . အီး . . . အတူတူရန်ဖြစ်တာ တစ်ယောက်တည်း အရိုက်ခံရတယ်၊ ငါက တောသူမဆိုတော့ အနှိမ်ခံရတာပေါ့'

ဒေါသအလျောက် ရိုက်ပြီးမှ ကျွန်မ မှားမှန်းသိပါသည်။

သန်းရင်ပြောတာမှန်သည်။ အတူတူရန်ဖြစ်သည်ကို နှစ်ယောက်လုံးရိုက်မှ တရားမည်။ သန်းရင်က ဆရာမကို ပြန်လှန်ပြော၍ နှစ်ချက်ရိုက်လျှင်၊ ရန်ဖြစ်သည့်အတွက် ခင်စိုးကို တစ်ချက်တော့ ရိုက်မှ တရားမျှတရာ ကျလိမ့်မည်။

သို့သော် ခင်စိုးကိုရိုက်ဖို့ ကျွန်မ ခက်နေသည်။

ကြည့်လိုက်တော့ ဖြူဖြူနုနု၊ နွဲ့နွဲ့လေး၊ သူ့နှုတ်ခမ်းလေးတွေမှာ ဖြူဖပ်ဖြူရော်ဖြစ်၍ တဆတ်ဆတ် တုန်လှုပ်နေ၏။ သူ ထိတ်လန့်နေပြီ ထင်ပါသည်။

သူ့အဖေကလည်း တောင်းပန်ထားသည်။ ဆရာကြီးကလည်း သတိပေးထားသည်။

မရိုက်လျှင် သန်းရင် ကျေနပ်မည် မဟုတ်။ ကျန်သည့်



ကျောင်းသူကျောင်းသားများကလည်း သန်းရင်ဘက်မှ စိတ်မကောင်းဖြစ်သည့် မျက်နှာများနှင့် ကျွန်မကို ကြည့်နေကြသည်။

'ရိုက်ပါ ဆရာမ၊ ကျွန်မကိုလဲ ရိုက်ပါ'

ခင်စိုးက အရိုက်ခံရန် ကျွန်မရှေ့သို့လာ၍ ကျောလှည့်ပေးလိုက်သည်။

သန်းရင်အပါအဝင် ကျောင်းသူကျောင်းသား အားလုံးက ကျွန်မနှင့်ခင်မျိုးထံသို့ လှမ်းကြည့်နေကြသည်။

ကျွန်မ ရိုက်ကိုရိုက်ရမည့် အခြေအနေသို့ ရောက်သွားသည်။ ကာယကံရှင် ကိုယ်တိုင်ကလည်း အရိုက်ခံနေပါလျက်နှင့် မရိုက်လျှင် ဘက်လိုက်မှုမှာ သိသာလွန်းသည်ဟု ကျောင်းသူကျောင်းသားများ မကျေမနပ် ဖြစ်ကြတော့မည်။

ခင်စိုးကတော့ ကျွန်မရှေ့မှာ ကျောပေးထားလျက် . . .

သူ့မှာ နှလုံးရောဂါရှိသည်ကို သူ မသိ။

'မကျန်းမာတဲ့ကလေးကိုတော့ ခြွင်းချက်နဲ့ ဆက်ဆံရမှာပေါ့'

ဆရာကြီး၏ သတိပေးစကားကို ကြားယောင်မိသည်။

သူ့ဖခင်က တောင်းပန်ထားပါလျက်၊ ဆရာကြီးက သတိပေးထားပါလျက် ကျွန်မရိုက်၍ တစ်ခုခု ဖြစ်သွားလျှင် . . .။

'အို . . . သွားစမ်း . . . သွားစမ်း'

ကျွန်မက ခင်စိုးကို တွန်းဖယ်ပစ်ခဲ့ပြီး အတန်းထဲမှ ထွက်လာခဲ့ပါသည်။

ကျွန်မကို ကြည့်နေကြမည့် သန်းရင်၏ မျက်လုံးများနှင့် ကျောင်းသူကျောင်းသားများ၏ မျက်လုံးများကို ကျွန်မ ရင်မဆိုင်ဝံ့ပါ။ သူတို့မျက်လုံးများသည် ကျွန်မကို သရော်နေကြလိမ့်မည်။ ရှုတ်ချနေကြလိမ့်မည်။

ကျွန်မကိုယ်ကျွန်မ ကျေးသားနှင့်ရင်သား မခွဲခြားသော ဆရာမ၊ စေတနာကောင်းသော ဆရာမ ဖြစ်စေရမည်ဟု ကြိုးစားခဲ့ပါ၏။ ရသလောက်လည်း ရခဲ့ပါသည်။ ခုတော့ သွားပြီ၊ အားလုံးသွားပြီ။

အချိန်ပြောင်း၍ အခြားအတန်းသို့ပြောင်းပြီး ဝင်ရသော်လည်း စာသင်၍မရ။ ထိုနေ့ တစ်နေ့လုံး ကျွန်မ နေမထိ ထိုင်မသာ ဖြစ်နေရသည်။ ဘယ်နား သွားသွား၊ ကိုယ့်လိပ်ပြာ ကိုယ်မလုံ၊ ကိုယ့်ကိုယ်ကို စက်ဆုပ်မိခြင်းသည် စိတ်ပျက်စရာ အကောင်းဆုံး ဖြစ်ကြောင်း ကျွန်မ ခံစား နားလည်ရသည်။

ညရောက်တော့လည်း အိပ်၍မရ။ သန်းရင် မျက်နှာကိုသာ မြင်ယောင်၍ စိတ်မကောင်း ဖြစ်နေမိသည်။ သူ၏ ခွဲခွဲနွဲ့နွဲ့အသံကြီးကို ကြားယောင်နေမိသည်။ စွာကျယ်စွာကျယ် လုပ်သော်လည်း အတန်းထဲတွင် လူမှုဝန်ထမ်းစိတ် အရှိဆုံးမှာ သူသာဖြစ်၏။ ကျောင်းရောက်သည်နှင့် အတန်းသန့်ရှင်းရေး လှည်းကျင်းမည်။ အတန်းထဲမှ သောက်ရေအိုးကို ရေဖြည့်မည်။ ဆရာမစားပွဲရှင်းမည်။ ပန်းအိုးတွင် ပန်းလဲမည်။ ဆရာမလာလျှင် ဆီးကြို၍ ဆွဲခြင်းယူမည်။

ထို့ကြောင့်ပင် ထင်ပါ၏။ အတန်းထဲတွင် အများနှင့် မသင့်ဟု ယူဆရသော်လည်း ခုလိုအရေးမှာတော့ တစ်တန်းလုံးက သူ့ဘက်မှ စိတ်မကောင်းဖြစ်ကြသည်ကို မြင်ရသည်။



ကျွန်မကို တပည့်များ မုန်းသွားကြတော့မည်။ အထင်သေးကြတော့မည်။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်။ သူတို့ ကျွန်မကို ချစ်ခင်နေမှ ကျွန်မ၏ သင်ကြားမှုများကို စိတ်ဝင်စားလိမ့်မည်။

ကျွန်မ ရှည်ရှည်ဝေးဝေးတွေး၍ စိတ်မကောင်း ဖြစ်နေမိပါ၏။

နောင်တွင် စနစ်ကျသော အပြစ်ပေးခြင်းမဟုတ်ဘဲ မည်သည့်တပည့်ကိုမှ ဒေါသအလျှောက် မရိုက်တော့ပါဟု ကျွန်မ ဆုံးဖြတ်လိုက်သည်။

နောက်တစ်နေ့မနက်တွင် မျက်နှာပူစွာနှင့် ကျွန်မ အတန်းထဲသို့ ဝင်ခဲ့ရသည်။

'မင်္ဂလာပါ ဆရာမ'

ကလေးများက ထုံးစံအတိုင်းပင် နှုတ်ဆက်ကြသည်။

သူတို့ကို အထိုင်ခိုင်းပြီး ရှေ့ဆုံးတန်းကို လှမ်းကြည့်လိုက်တော့ ခင်စိုးကို တွေ့ရသော်လည်း သန်းရင်မရှိ။

အတန်းထဲတွင် အမှိုက်များ ရှုပ်ပွနေသည်။ လှည်းကျင်းမည့်သူမရှိ။ သင်ပုန်းကြီးပေါ်တွင်လည်း မနေ့က ရေးခဲ့သည့်စာများ အပြည့်။ ဖျက်မည့်သူ မရှိ။ အသိသာဆုံးကတော့ ကျွန်မ၏ စားပွဲပေါ်မှ ပန်းအိုးလေး။ မနေ့က ပန်းများမှာ ညှိုးခြောက်၍ ခေါင်းငိုက်စိုက်ကျနေကြပြီ။

ပန်းအိုးအနားမှာတော့ ခွင့်စာလေးတစ်စောင်။ သန်းရင်၏စာဖြစ်သည်။ သူ့အမေ နေမကောင်း၍ဟု အကြောင်းပြပြီး ခွင့်တိုင်ထားသည်။

သူ ကျောင်းမလာချင်၍ ဖြစ်မည်ထင်ပါ၏။ ကျွန်မကို မတွေ့ချင်တော့၍ ကျောင်းမတက်ချင်အောင် ဖြစ်သွားလေပြီလား၊ ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းမှထွက်သွားတော့မှာလား။ ထိုသို့ဆိုလျှင်တော့ ကျွန်မ၏ ပယောဂကြောင့် တပည့်ငယ်တစ်ယောက်၏ဘဝ အပြောင်းအလဲ ဖြစ်ရတော့မည်။

တစ်နေ့လုံး စိတ်မကောင်း ဖြစ်နေရပြန်ပါသည်။

ညနေ ကျောင်းဆင်းတော့ မြို့အစွန်မှ ခြံထဲရှိ သန်းရင်တို့အိမ်သို့ ကျွန်မ လိုက်သွားသည်။ အမှန်ပင် သူ့အမေ နေမကောင်းဖြစ်နေသည်ကို တွေ့ရပါ၏။ သန်းရင် ဆီးကြိုဆက်ဆံပုံကလည်း ကျွန်မကို မကျေမနပ်ဖြစ်နေသော သဘောမတွေ့ရပါ။

'သန်းရင်ကို ရိုက်မိပြီး မနေ့က တစ်နေ့လုံး ဆရာမ စိတ်မကောင်းဖြစ်နေမိတယ်၊ ဒီနေ့ ကျောင်းမလာတော့ ဆရာမကို မကျေနပ်လို့များလား ဆိုပြီး လိုက်လာတာပါ'

ကျွန်မက ညင်သာသောလေသံဖြင့် ပြောမိသည်။

'အို . . . မဟုတ်ပါဘူးရှင့်၊ ကျွန်မလဲ မနေ့က တစ်နေ့လုံး စိတ်မကောင်း ဖြစ်နေတာပါ၊ ကျွန်မက အတန်းထဲမှာ ဆရာမကို ပြန်ပြောနေတော့ ဆရာမ ရိုက်သင့်ပါတယ်။ အဲဒါကို ကျွန်မ



တောင်းပန်ပါတယ် ဆရာမရယ်'

လုံးဝ မျှော်လင့်မထားသည့် စကားများကို သန်းရင်ထံမှ ကြားရ၍ ကျွန်မ ဝမ်းသာမိသည်။ သန်းရင်သည် ကျွန်မ ထင်ထားသည့်ထက်ပင် ပိုတော်သော တပည့်ဖြစ်၏။ ငယ်ရွယ်သူဖြစ်ပါလျက် ကိုယ့်ဘက်မှ အမှားကို ရဲရဲ့စွာ ပြန်မြင်နိုင်ခဲ့သည်။

'အို . . . ခွင့်လွှတ်ပါတယ် တပည့်ရယ်၊ ဆရာမကိုလည်း စိတ်မဆိုးနဲ့နော်'

'ဟင့်အင်း . . . မဆိုးပါဘူးရှင့်'

ကျွန်မရင်ထဲမှာ ကြည်နူးစိတ်များနှင့် သန်းရင်တို့အိမ်မှ ပြန်လာခဲ့ပါသည်။

နောက်တစ်နေ့မနက် အတန်းထဲကို ဝင်သွားသောအခါ တစ်ခန်းလုံး လှည်းကျင်းရှင်းထားသည်ကို တွေ့ရ၏။

ကျွန်မ၏စားပွဲပေါ်မှ ပန်းအိုးကလေးမှာလည်း ပန်းပွင့်ကလေးများ ဝေဆာလှပလျက်။

'မင်္ဂလာပါ ဆရာမ'

နှုတ်ဆက်ကြသောအသံများတွင် သန်းရင်၏အသံသည် အကျယ်ဆုံး။

× × ×

ကျွန်မ၏ကျောင်းမှာပင် ကျွန်မ၏တပည့်ဟောင်းများက ကန်တော့ပွဲလေးတစ်ခု ကျင်းပသည်။

ယခင်က ကလေးများမှာ ယခုတော့ အသက်သုံးဆယ်ကျော် လူကြီးများ ဖြစ်နေကြပြီ။

ကန်တော့ပွဲသို့ ကျွန်မရောက်သွားတော့ အားလုံး မတ်တတ် ရပ်ပြီး . . .

'မင်္ဂလာပါ ဆရာမ'

ဟု သံပြိုင် နှုတ်ဆက်ကြသည်။

'အို . . .'

ကျွန်မရင်ထဲမှာ ကြည်နူးလွန်း၍ မျက်ရည်များပင် လည်မိသည်။

ပြီးတော့ ကျွန်မကို အားလုံး ကန်တော့ကြသည်။

ကျွန်မမှာ တစ်ယောက်ချင်း တွေ့ဆုံမေးမြန်းရသည် တချို့ ရုပ်များမှာ လွယ်လွယ်နှင့်မှတ်မိသော်လည်း၊ အချို့မှာ ငယ်ပုံကို မနည်း ဖမ်းယူရသည်။

ထိုကန်တော့ပွဲတွင် အလုပ်အများဆုံးမှာ သန်းရင်ဖြစ်သည်။ ဤပွဲ ဖြစ်မြောက်အောင်လည်း သူပင် ကမကထလုပ်၍ စီစဉ်ကြောင်း တပည့်များပြောမှ ကျွန်မသိရသည်။

'ဪ . . ဟဲ့၊ ခင်စိုးတစ်ယောက် မတွေ့ပါလား'

သန်းရင်နှင့်တွဲ၍ ခင်စိုးကို ကျွန်မ သတိရသည်။



'သူက ဆရာဝန်တစ်ယောက်နဲ့ အိမ်ထောင်ကျနေပါတယ် ဆရာမ'

သန်းရင်က ဖြေသည်။

'ဪ . . . အေး၊ ကောင်းတာပေါ့ကွယ်၊ သူ့မှာ နှလုံး ရောဂါရှိတယ်၊ ဆရာဝန်နဲ့ဆိုတော့ အဆင်ပြေတာပေါ့'

အခုတော့ ဤစကားကို ကျွန်မ ပြောရပြီထင်ပါ၏။

သန်းရင်က ကျွန်မကိုကြည့်၍ပြုံးသည်။ သူ့အပြုံးမှာ အဓိပ္ပာယ်ပါသည်ဟု ကျွန်မ သိလိုက်သည်။

'သူ့မှာ နှလုံးရောဂါ မရှိပါဘူး ဆရာမ၊ သူ့အဖေက သူ့သမီး ကို ရိုက်မှာစိုးလို့ ဆရာမတို့ကို ညာတာပါ'

'ဟင် . . . ဟုတ်ရဲ့လား သန်းရင်ရယ်၊ ဘယ်လိုသိတာလဲ'

ကျွန်မက မယုံနိုင်သေးပေ။

'ဆရာမကြီးကလဲ၊ ကျွန်မသိတာပေါ့။ နောက်နှစ်တွေကျတော့ ခင်စိုးနဲ့ ကျွန်မ သိပ်ခင်သွားတယ်လေ။ အဲဒီတော့မှ ခင်စိုးက ဘယ်သူ့မှ မပြောရဘူးဆိုပြီး ကျွန်မကို ပြောတာ'

'ဪ . . . ဒါဆို သူလဲ သိနေတာပေါ့နော်'

အနှစ် နှစ်ဆယ်ကျော်ကြာမှ အမှန်ပေါ်သော ကျွန်မကို လှည့်စားခဲ့သည့် လျှို့ဝှက်ချက် ဖြစ်ပါ၏။

'ဒါဖြင့် အဲဒါကိုသိလိုက်ရတော့ ငါ့တပည့် စိတ်ထဲမှာ ဆရာမ ကို နားလည်သွားမှာပေါ့နော်'

'ဟုတ်ပါတယ်၊ ရှင်းသွားတာပေါ့၊ ဒါပေမယ့် အစကတည်းကလဲ ဆရာမရဲ့စိတ်ထားကို ကျွန်မ နားလည်ပါတယ်။ ကျွန်မ ဆရာမဖြစ်လာတာလဲ ဆရာမကြီးကို အားကျလို့၊ ဆရာမကြီးလို ဖြစ်ချင်လို့ပါ'

'ဩော် . . . ကောင်းလိုက်တာကွယ်'

ထိုနေ့ည ကန်တော့ပွဲလေးသည် တပည့်ဟောင်းများနှင့် တွေ့ဆုံရ၊ ပြောရဆိုရမှု ပျော်စရာ၊ ကြည်နူးစရာ ကောင်းပါသည်။ သို့သော် ထိုတပည့်ဟောင်းများတွင် ခင်စိုးတစ်ယောက် မပါချေ။

❐ ❐ ❐

မြတ်လေး မဂ္ဂဇင်း (၁၉၈၆ ဩဂုတ်လ)

# မည်သူသာ၍ လှသနည်း

ကျောက်ချောရွာ မူလတန်းကျောင်း၏ တတိယတန်းတွင် ဆရာ မရှိ၍ တစ်တန်းလုံး ဆူညံနေသည်။ စကားပြောသူ ပြော၊ ငြင်းသူ ငြင်း၊ ရန်ဖြစ်သူ ဖြစ်နှင့် တစ်တန်းလုံး စည်းပျက် ကမ်းပျက် ဖြစ်နေသည်။

'ဆရာကြီး လာပြီဟေ့'

သိန်းဇော်၏ အချက်ပေးသံကြောင့် တစ်တန်းလုံး ပြေးကြလွှားကြနှင့် ဖြစ်သွားသည်။ ခဏအတွင်းမှာပင် ကိုယ့်နေရာကိုယ် လျှင်မြန်စွာ ရောက်ရှိသွားကြသည်။ ကျောင်းအပြင်ထွက်၍ ဆော့နေသော အောင်ဌေးနှင့်လှဝင်းသာလျှင် ဆရာကြီးရောက်မှ ပြေးဝင်လာ၍ တစ်ချက်စီ အရိုက်ခံရသည်။

'ဗျန်း . . . ဗျန်း . . . '

'အားလုံး ငြိမ်ကြစမ်း'

ဆရာကြီးက စားပွဲခုံကို ကြိမ်ဖြင့် နှစ်ချက်ရိုက်၍ အော်ပြောလိုက်သည်။

တစ်တန်းလုံး ငြိမ်သွားသည်။

'မင်းတို့အတန်း စည်းကမ်းကို မရှိဘူး၊ ကျောင်းတက်နေပြီ မသိဘူးလား၊ တစ်တန်းလုံး ဆူပွက်နေတာပဲ။ ဟိုဘက်အတန်းမှာ စာသင်နေတာ မတွေ့ဘူးလား၊ ဆရာ မရှိရင်လဲ ကိုယ့်ဘာသာ စာရေးကြ စာဖတ်ကြ၊ ငြိမ်ငြိမ်လေး နေကြပေါ့။ ဟိုနောက်ဆုံးခုံက ကောင်ကွေ၊ လှဝင်းတို့လူသိုက် ကောင်းကောင်း သတိထား၊ မင်းတို့ အကဲဆုံးပဲ'

အားလုံး ငြိမ်နေကြသည်။ မိန်းကလေးများမှာ ဆရာကြီးကို ကြောက်လွန်း၍ ခေါင်းငုံ့နေကြသည်။

'မင်းတို့အတန်းကို ပြောစရာရှိတယ်၊ မနက်ဖြန်ခါကျရင် မင်းတို့အတန်းမှာ ဆရာမအသစ် ရောက်လိမ့်မယ်'

'ဟယ် . . . ဝမ်းသာလိုက်တာ'

'ဟာ . . . ဟန်ကျတာပဲ'

'ဆရာမက လှသလား မသိဘူး'

'ဆရာမက သဘောကောင်းပါစေဗျာ'

'ဗျန်း . . . ဗျန်း . . .'

တစ်ယောက်တစ်မျိုး ပြောကြသည့် ဆူညံသော အသံများ ထွက်လာ၍ ဆရာကြီးက စားပွဲကို ကြိမ်ဖြင့် နှစ်ချက်ရိုက်လိုက်သည်။

'တိတ်ကြစမ်း'

တစ်တန်းလုံး ငြိမ်သွားပြန်သည်။ သို့ရာတွင် ကျောင်းသူ



ကျောင်းသားများ၏ ရင်ထဲမှာတော့ ဘောင်ဘင်ခတ်နေဆဲ ဖြစ်၏။

'မင်းတို့ အဲသည်လိုသာ ဆူနေရင် ဆရာမ စိတ်ပျက်ပြီး ပြန်သွားလိမ့်မယ် သိလား'

ဆရာကြီး၏စကားကြောင့် တစ်တန်းလုံးမှာ ပို၍ပင် တိတ်သွားသည်။ မရောက်လာသေးသော ဆရာမ ပြန်သွားမည်ကို စိုးရိမ်နေကြသည်သို့ပင် ဖြစ်၏။ ဆရာမရှိသော အတန်းမှာ မျက်နှာငယ်သည်။ စာလည်းမသင်ရ၊ အဆူအရိုက်ကိုသာ ခံနေရသည်။ ထို့ကြောင့် ကလေးတို့မှာ ဆရာ ငတ်ကြ၏။

'မနက်ဖြန်ခါ ကျောင်းစောစော လာကြ၊ သပ်သပ်ရပ်ရပ် ဖြီးလိမ်း ဝတ်ဆင်ခဲ့ကြ၊ ကြားလား'

'ဟုတ်ကဲ့'

ဖြေသံများက တက်ကြွနေသည်။

'အတန်းထဲမှာလဲ အမှိုက်မရှိအောင် လှည်းကျင်းထားကြ၊ ဆရာမ စိတ်ပျက်မသွားအောင် ငြိမ်ငြိမ်နေကြ၊ ကြားလား'

'ဟုတ်ကဲ့'

'ဆရာမ လာရင် ဘယ်လိုနှုတ်ဆက်မလဲ၊ လုပ်ကြစမ်း'

'မင်္ဂလာပါ ဆရာမ'

တစ်တန်းလုံး မတ်တတ်ထ၍ ညီညီညာညာ ဆိုလိုက်ကြသည်။ ဆရာကြီး ပြုံးသွားသည်။

'အေး . . . ကောင်းတယ်၊ အခု ငြိမ်ငြိမ်လေး စာရေးနေ

ကြ၊ စာဖတ်နေကြ၊ သူများအတန်းကို အနှောင့်အယှက် မဖြစ်စေနဲ့။ ဆရာကြီး လုပ်စရာရှိသေးတယ်၊ ဆူနေရင်တော့ လာရိုက်မယ်၊ အားလုံးကြားကြလား'

'ကြားပါတယ် ဆရာကြီး'

ဆရာကြီး ပြန်ထွက်သွားသည်။

ဆရာကြီး အတန်းမှ ဝေးသည်နှင့် တစ်ပြိုင်နက် ဆရာမ အသစ်အကြောင်း ပြောကြဆိုကြ၊ ထင်မြင်ချက် အမျိုးမျိုး ပေးကြနှင့် ဆူညံသံများ ထွက်ပေါ်လာပြန်သည်။

× × ×

ထွေးယဉ်သည် ရေမိုးချိုးပြီး သပ်သပ်ရပ်ရပ် ဖြီးလိမ်းပြင်ဆင်၍ ကျောင်းသို့ စောစောထွက်ခဲ့သည်။ လက်ထဲတွင်လည်း အိမ်အပင်မှပွင့်သော နှင်းဆီပန်း လှလှတစ်ပွင့်ကို ယူလာခဲ့သည်။

'မိညိုရေ . . . မိညို'

အိမ်တစ်အိမ်ရှေ့တွင်ရပ်၍ လှမ်းခေါ်လိုက်သည်။

'ဟော ထွေးယဉ် လာပြီဟေ့'

မိညိုသည် လွယ်အိတ်ကိုလွယ်၍ ပြေးထွက်လာသည်။

'ဟဲ့ကောင်မ၊ ကြည့်စမ်း ပြင်ထားလိုက်တာ လှလို့ပလို့၊ လက်ထဲမှာလဲ နှင်းဆီပွင့်နဲ့ . . .'



'အယ် . . . ညည်းကရော သနပ်ခါးတွေ လိမ်းထားလိုက်တာကို ဖွေးလို့၊ ခေါင်းကလဲ ဆီကိုရွှဲလို့၊ လက်ထဲက စံပယ်ပန်းကုံးက ဝယ်လာတာလား'

'အေး . . . ငါ မနက်အစောကြီး ကိုသိန်းထိုက်တို့ခြံသွားပြီး ဝယ်ထားတာ'

'ဆရာမကို ပေးဖို့လား'

'ဆရာမ လှလှလေးဆိုရင် ပေးမယ်၊ မလှရင်တော့ မပေးဘူး၊ ငါ့ဘာသာ ပန်ပစ်မယ်'

'အေး. . . ဟုတ်တယ်၊ ငါလဲ ဆရာမ လှလှလေး ဖြစ်စေချင်တာပဲ၊ ဒါပေမယ့် မလှလဲ ပေးတော့ပေးမှာပါပဲ၊ ညည်းလိုတော့ မလုပ်ချင်ဘူး'

'ငါကတော့ ဆရာမကို လှလဲလှစေချင်တယ်၊ သဘောလဲ ကောင်းစေချင်တယ်'

'အေးအေ . . . ပြောင်းသွားတဲ့ဆရာမ ဒေါ်ခင်တိုးက လှတော့လှတယ်၊ ဒါပေမယ့် သူက တို့ကို သံယောဇဉ်မရှိဘူးနော်'

'အင်း'

ထွေးယဉ်က ခပ်လေးလေး ထောက်ခံလိုက်မိသည်။

ဒေါ်ခင်တိုး ရောက်လာစက ထွေးယဉ်တို့ အလွန်ပျော်သည်။ ဆရာမလေး၏ အလှအပကို ငေးမောကြည့်နေမိသည်။ အသားကလေးကဖြူ၍ နှုတ်လမ်းလေးက နီနေသည်။ လက်သည်းကို

ညိုပုပ်ပုပ်အရောင် ဆိုးထားသည့်အတွက်တော့ အံ့ဩမိကြသည်။

ဒေါ်ခင်တိုးသည် မျက်လုံးလှသည်။ နှာတံလှသည်။ မျက်ခုံးနေရာတွင် မျက်ခုံးမွေးမရှိဘဲ လိမ္မော်ရောင် ဖြစ်နေခြင်းတစ်ခုသာလျှင် ထွေးယဉ်တို့အတွက် အဆင်မပြေ ရှိရသည်။ ထိုလိမ္မော်ရောင်မျက်ခုံးမွေးကို မလှဟု ပြောသူရှိသလို လှသည်ဟု ပြောသူလည်းရှိသည်။ ထိုမျက်ခုံးမွေး လှ မလှ ငြင်းရင်း မိညိုနှင့်ခင်လှ ရန်ဖြစ်ပြီး တစ်လခန့်ကြာအောင် မခေါ်ဘဲ ဖြစ်ရသည်ကို တွေးမိ၍ ပြုံးရသေးသည်။

'ဟော့ ကောင်မ၊ တစ်ယောက်တည်း ဘာတွေ ပြုံးနေတာတုံး'

ထွေးယဉ်ပြုံးသည်ကို မိညိုမြင်သွားသည်။

'ဆရာမ ဒေါ်ခင်တိုးရဲ့လိမ္မော်ရောင် မျက်ခုံးမွေး လှ မလှ ညည်းနဲ့ခင်လှ ရန်ဖြစ်တာကို စဉ်းစားမိလို့'

'အဟင်း . . . ဟင်း . . ဟင်း. . . ဟုတ်တယ်နော်'

မိညိုက သဘောကျစွာ ရယ်နေသည်။

'ဆရာမက လှတော့ လှပါတယ်။ ဒါပေမယ့် မျက်နှာထားက သိပ်တင်းတာပဲ၊ ငါတို့ စာပြတဲ့အခါဆိုရင် ဖယ်စမ်း၊ ဖယ်စမ်း၊ နောက်ဆုတ်စမ်း၊ ငါ့အနား မကပ်ကြနဲ့၊ နင်တို့ကိုယ်က ချွေးစော်နံတယ်လို့လဲ အမြဲပြောတယ်'

မိညိုက မကျေမနပ် ဖြစ်နေသည်။

'ရုပ်လှသလောက် အရိုက်ကလဲ သိပ်ရက်စက်တာပဲ၊ ခေါင်းကို ခေါက်လိုက်တာများ ဒေါင်ခနဲ'



'ဒေါ်ခင်တိုးလို ရက်ရက်စက်စက် မခေါက်ရင် ပြီးတာပဲ'

မိညိုနှင့် ခင်လှက ဒေါ်ခင်တိုးအကြောင်းကို ဆက်ပြောနေကြသည်။ ထွေးယဉ်ကတော့ ဘာမျှဝင်မပြော။ သို့သော် သူတို့ပြောသည်များကို နားထောင်ရင်း ဒေါ်ခင်တိုးအကြောင်းကို စဉ်းစားနေမိသည်။

ကလေးများက ဒေါ်ခင်တိုးကို ချစ်ကြသော်လည်း ဒေါ်ခင်တိုးက ကလေးများကို မချစ်တတ်ပါ။

'ငြိမ်ငြိမ်နေကြစမ်း၊ နင်တို့ စည်းကမ်းကို မရှိဘူး။ နင်တို့ရွာကို ငါ မလွှဲသာလို့ လာရတာ၊ တစ်နှစ် မြန်မြန်ပြည့်စေချင်လှပြီ၊ ဒါမှ ပြောင်းရမှာ' ဟု ဒေါ်ခင်တိုး မကြာခဏ ပြောတတ်သည်။

ကြာသောအခါတွင် ကလေးများကလည်း ဆရာမကို ရောက်စကလို မချစ်တော့ပါ။ တဖြည်းဖြည်းနှင့် ဆရာမအတွက် ပန်းယူလာသူ နည်းလာသည်။ နောက်တော့ ဆရာမကို ပန်းပေးသူ လုံးဝ မရှိတော့ပါ။

'နင်တို့က ကောက်ရိုးမီးလို ဟာမျိုးတွေ၊ ရောက်စကတော့ ပန်းတွေယူလာလိုက်ကြတာ၊ ခုတော့ တစ်ပွင့်တောင် မမြင်ရဘူး။ နင်တို့ကလဲ ငါ့ကို မေတ္တာရှိမှာ မဟုတ်ဘူး။ ငါလဲ နင်တို့ကို မေတ္တာ မရှိပါဘူး'

ဆရာမ၏မျက်နှာမှာ မာနဖြင့် တင်းမာနေသလို ဆရာမ၏ စကားသံများမှာလည်း ဒေါသဖြင့် ခက်ထန်နေသည်။

ဆရာမ ပြောင်းရတော့မည်ဟု ကြားသောအခါ ထွေးယဉ်တို့ စိတ်မကောင်းဖြစ်မိကြသေးသည်။ သို့သော် ဆရာမ၏မျက်နှာမှာ ပျော်တပြုံးပြုံး ဖြစ်နေသည်။ အမိန့်စာရပြီးနောက်တစ်နေ့မှာပင် ဝမ်းသာအားရ မြို့သို့ ပြန်သွားသည်။

ကောင်းတော့ကောင်းပါသည်။ ထွေးယဉ်တို့ လွမ်းလွမ်းဆွေးဆွေး ခံစားမနေလိုက်ရပါ။

ကျောင်းထဲသို့ ရောက်သောအခါ ထွေးယဉ်တို့ သန့်ရှင်းရေး လုပ်ကြသည်။ ဆရာမ၏စားပွဲ ကုလားထိုင်တို့ကိုလည်း ဖုန်များမရှိအောင် သုတ်ထားကြသည်။

ဆရာမအသစ် ရောက်တော့မည်မို့ တစ်တန်းလုံး ပျော်ရွှင်နေကြသည်။ အားလုံးမှာ သပ်သပ်ရပ်ရပ် ဖြီးလိမ်းဝတ်ဆင်လာကြသည်။ မျက်လုံးများကလည်း ဆရာကြီး၏ ရုံးခန်းဆီသို့ မကြာခဏ လှမ်းကြည့်ကြ၏။ ဆရာမရောက်လာပြီလားဟု စူးစမ်းသော အကြည့်များဖြစ်သည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီး အားလုံး အတန်းတွင်းသို့ ဝင်ကြရသည်။

'ဆရာမ လာပြီဟေ့၊ ဆရာကြီးရုံးခန်းထဲ ဝင်သွားတယ်'

လှဝင်းက ပြတင်းပေါက်မှ ပြေးကြည့်၍ ပြောသည်။

'လှလားဟဲ့'

မိညိုက လှဝင်းကို အလျင်စလို မေးလိုက်သည်။



လှဝင်းက မျက်နှာကိုမဲ့၍ ခေါင်းယမ်းပြသည်။

'မလှပါဘူး၊ အသားကလဲ မည်းသေး'

'တကယ်လား'

မိညိုက ထပ်မေးသည်။

'မဟုတ်ရင် ငါ့လည်ပင်းကို ဖြတ်ပစ်လိုက်၊ တော်ကြာ နင်မြင်ရလိမ့်မယ်'

မိညို စိတ်ပျက်သွားသည်။

'တော်ပြီ၊ ငါ့ပန်းကုံး မပေးတော့ဘူး'

မိညိုက သူ့ခေါင်းမှ ရောင်ပေစူးလေးတွင် စံပယ်ပန်းကုံးကို ရစ်ခွေ၍ ပန်လိုက်သည်။

'ဟယ် . . . မိညိုရယ်'

ထွေးယဉ် ဤမျှသာပြောနိုင်သည်။

'လာပြီ . . . လာပြီ'

လှဝင်းက ပြောရင်းမှ သူ့ခုံသို့ ပြေးထိုင်သည်။ အားလုံး ငြိမ်နေကြသည်။ ဆရာမအသစ်ကို မြင်ချင်လှပြီ။ ဆရာကြီးနှင့် ဆရာမ ဝင်လာသည်။ မိညိုက သူ့ဘေးမှ ထွေးယဉ်ကို ပခုံးနှင့် မသိမသာ တိုက်ပြီး မဲ့ပြသည်။ လှဝင်းပြောသည်မှာ မှန်သည်။ ဆရာမသည် အသားညိုသည်။ မလှပါ။ သို့သော် ရုပ်ဆိုးသည်တော့လည်း မဟုတ်ပါ။

'ကဲ . . . ဆရာမကို နှုတ်ဆက်ကြပါ'

ဆရာကြီးက ပြောသည်နှင့် တစ်ပြိုင်နက် တစ်တန်းလုံး မတ်တတ်ရပ်ကြသည်။

'မင်္ဂလာပါ ဆရာမ'

ညီညီညာညာ နှုတ်ဆက်လိုက်ကြသည်။

'မင်္ဂလာပါ ကလေးတို့၊ ထိုင်ကြပါ'

ရုပ်မလှသော်လည်း ဆရာမ၏အသံက ချိုသာသည်။

'ကဲ . . . ဒါမင်းတို့အတန်းကို သင်မယ့် ဆရာမ ဒေါ်ညိုညို တဲ့'

မိညိုက သူနှင့်နာမည်ချင်းဆင်နေ၍ ထွေးယဉ်ကို လက်ကုတ်ပြီး ပြုံးပြလိုက်သည်။ ထွေးယဉ်ကတော့ မိညိုကို ဂရုမစိုက်နိုင်၊ ဆရာကြီးပြောသည်ကိုသာ အာရုံစိုက်နေသည်။

'အတန်းထဲမှာ မဆူနဲ့၊ မဆော့နဲ့၊ စာသင်ရင် အသေအချာ နားထောင်ကြ၊ ကြားလား'

'ဟုတ်ကဲ့'

'ကဲ . . . ဆရာမ၊ ပြောမရရင်တော့ ရိုက်သာရိုက် ဆရာမ'

ဆရာကြီးက ဆရာမဘက်သို့လှည့်၍ ပြောသည်။ ဆရာမက ပြုံးနေသည်။

'ပြုံးလိုက်တော့လဲ ချစ်စရာအကောင်းသား၊ ဆရာမ ကြည့်ရတာ သဘောကောင်းမယ် ထင်ပါရဲ့'

ထွေးယဉ် တွေးနေမိသည်။



'ကဲ . . . ကျွန်တော် သွားမယ် ဆရာမ'

ဆရာကြီးက သွားမည်ပြုသည်။

'ဆရာကြီးကို နှုတ်ဆက်ကြပါ ကလေးတို့'

တစ်တန်းလုံး မတ်တတ်ရပ်လိုက်ကြသည်။

'မင်္ဂလာပါ ဆရာကြီး'

'အေး . . . အေး . . မင်္ဂလာပါ တပည့်တို့'

ဆရာကြီး ထွက်သွားသည်။

'ဆရာမ ကလေးတို့နဲ့တွေ့ရတာ ဝမ်းသာပါတယ်။ ဆရာမက ဒီအတန်းမှာ အတန်းပိုင် ကိုင်ရမယ်၊ ကလေးတို့က လိမ်လိမ်မာမာ စာကြိုးစားကြပါ၊ ကစားချိန်မှာ ပျော်ပျော်ရွှင်ရွှင် ကစားကြပါ။ စာသင်ချိန်မှာကျတော့လဲ စိတ်ပါလက်ပါ အာရုံစိုက်ကြ၊ နားမလည်တာရှိရင် ဆရာမကို မေးပါ။ ဆရာမအသစ်ဆိုပြီး ကြောက်မနေကြနဲ့'

ဒေါ်ခင်တိုးလို 'နင်တို့' ဟု မပြောဘဲ 'ကလေးတို့' ဟု ပြောသည်ကို ထွေးယဉ် နားထဲမှာ သာယာနေမိသည်။

'အခု ကျောင်းခေါ်ကြိမ် ခေါ်မယ်နော်'

ဆရာမက နာမည်စာရင်း ခေါ်သည်။ တစ်ယောက်ပြီး တစ်ယောက် ထ၍ ထူးကြသည်။ မိညို၏နာမည်ကို ခေါ်သောအခါ မိညိုက 'ရှိပါတယ် ဆရာမ' ဟု မထူးဘဲ 'ရှိပါတယ်' ဟု အသံပြတ်နှင့် ထူးသည်။

အလှအပကို အလွန်ကြိုက်သော မိညို၊ ကိုယ်တိုင်က

အသားညိုပါလျက် အသားဖြူသည်ကို အလွန်အထင်ကြီးသော မိညို သည် ဆရာမကို ဒေါ်ခင်တိုးလောက် မလှ၊ ဒေါ်ခင်တိုးလောက် အသားမဖြူ၍ မကျေမနပ် ဖြစ်နေသည်။

'မောင်လှဝင်း'

ဆရာမက လှဝင်း၏နာမည်ကို ခေါ်သည်။ ထူးသံ ထွက်မလာ။

'မောင်လှဝင်း ရှိသလား'

'ဟော့ကောင်၊ မင်းကို ဆရာမ ခေါ်နေတယ်'

'ခင်ဗျာ'

လှဝင်း၏ထူးသံကြောင့် တစ်တန်းလုံး ရယ်ကြသည်။

'မောင်လှဝင်း ဘာလုပ်နေလဲ'

'ဒီကောင် သိန်းဇော်က ဆရာမကို မလှဘူးတဲ့၊ ပြောနေလို့ ဆရာမ'

လှဝင်း၏အဖြေကြောင့် တစ်တန်းလုံး ဝါးခနဲ ရယ်ကြပြန် သည်။ သိန်းဇော်က လှဝင်း၏ပေါင်ကို လှမ်းထုရင်း မကျေမနပ် ဖြစ်နေသည်။ ဆရာမ မျက်နှာပျက်သွားသည်။ သို့သော် ဆရာမသည် မျက်နှာကိုပြန်ပြင်ပြီး ပြုံးလိုက်သည်။

မောင်သိန်းဇော်ပြောတာ မှန်သားပဲကွယ့်၊ ဆရာမကလဲ လှမှမလှဘဲ'

'ဆရာမ၊ ဒီကောင် အောင်ဌေးကလဲ ဆရာမကို အသားမဖြူ



လို့တဲ့'

'မဟုတ်ဘူး ဆရာမ၊ အဲဒါ သူပြောတာ'

'ဘယ်သူ ပြောပြောကွယ်၊ ကိစ္စမရှိပါဘူး၊ မှန်တာပြောကြတာ ပဲဟာ၊ ဆရာမကလဲ အသားမှ မဖြူဘဲကိုး'

ထွေးယဉ်သည် ဆရာမကို ပို၍အားနာသွားမိသည်။ ကဲလွန်း သော လှဝင်းကိုလည်း မကျေမနပ် ဖြစ်မိသည်။ ဆရာမက ကျန် သောကလေးများ၏နာမည်ကို ဆက်၍ခေါ်သည်။ တစ်တန်းလုံးတွင် နှစ်ယောက်သာ ပျက်ကွက်သူ ရှိသည်။

'ကလေးတို့ သိပ်တော်တာပဲ၊ ကျောင်းပျက်တဲ့သူ နှစ်ယောက် ပဲရှိတယ်၊ ကျောင်းမှန်မှန်တက် စာမခက်တဲ့၊ ကျောင်းမပျက်ကြနဲ့နော်'

'ဟုတ်ကဲ့ပါ ဆရာမ'

နောက်ဆုံးမှ ဝုန်းခနဲ အသံထွက်ပေါ်လာသည်။ တစ်တန်း လုံး လှည့်ကြည့်ကြသည်။ လှဝင်းက တွန်းပစ်လိုက်၍ သိန်းဇော် ခုံပေါ်မှ ကျသွားခြင်းဖြစ်သည်။

'မောင်လှဝင်း၊ ဒီကိုလာစမ်း'

ဆရာမ၏အသံက မာသည်။ မျက်နှာက တင်းနေသည်။ မဟုတ်သော်လည်း တည်သည်။ တစ်တန်းလုံး ငြိမ်တိတ်နေသည်။ လှဝင်း အတန်းရှေ့သို့ ထွက်လာသည်။

'ဆရာကြီးရုံးခန်းက စားပွဲပေါ်မှာ ကြိမ်လုံးတွေ့ခဲ့တယ်၊ သွားယူစမ်း'

ဆရာမအသံက ပြတ်သည်။ လှဝင်းသွားယူရသည်။

တစ်တန်းလုံးသည် ဆရာမကို ကြောက်ရွံ့စွာနှင့် ကြည့်နေကြသည်။ မိညိုသည် ကိုယ်ကို တည့်တည့်ပြင်၍ ထိုင်လိုက်သည်။ လှဝင်းသည် ကြိမ်လုံးကိုယူ၍ ပြန်လာသည်။ ကြိမ်လုံးသည် ရှည်၍ လက်ဆကောင်းလှ၏။ လှဝင်းသည် ကြိမ်လုံးကို ဆရာမစားပွဲပေါ် တင်ပြီး သူ့နေရာမှာ ပြန်ထိုင်လိုက်သည်။ ဆရာမက ကြိမ်လုံးကိုကိုင်၍ မတ်တတ်ရပ်လိုက်သည်။

'မောင်လှဝင်း ထစမ်း'

လှဝင်း ထရပ်လိုက်သည်။ ကြောက်ရွံ့စိတ်ဖြင့် မျက်နှာငယ်နေသည်။ ဆရာမအသစ်မို့ သွေးတိုးစမ်း၍ မလေးမခန့်ပြုသော်လည်း ခုတော့ ကြောက်နေပြီ။ ဆရာမသည် လက်ထဲမှ တုတ်ကို တဆဆ လုပ်နေသည်။ အားလုံး ကြောက်နေကြ၏။

'မောင်လှဝင်း အတန်းရှေ့ကို ထွက်ခဲ့ပါ'

လှဝင်း ကြောက်ရွံ့စွာဖြင့် ထွက်လာ၏။

'အဲဒီမှာ ရပ်၊ လက်ပိုက်ထား'

လှဝင်း၏ ပုဆိုးအနားကလေးများ လှုပ်နေသည်။ လှဝင်း ဒူးတုန်နေပြီ။ ဆရာမက ကြိမ်လုံးကို မြှောက်၍ကိုင်လိုက်သည်။ လှဝင်း မျက်နှာပျက်နေပြီ။ တစ်တန်းလုံး ငြိမ်တိတ်နေ၍ ထွေးယဉ်သည် သူ၏ရင်ခုန်သံကိုပင် ပြန်ကြားနေရသည်။

'ဒါဘာလဲ မောင်လှဝင်း၊ ပြောစမ်း'



ဆရာမက အတန်းထဲရှိ နံရံပေါ်မှ အင်္ဂလိပ်စာလုံး ကားချပ်ပေါ်တွင် ကြိမ်လုံးဖြင့် ထောက်ပြ၍ မေးလိုက်သည်။

'ဂျီ . . . ဂျီ ပါ ဆရာမ'

လှဝင်းက ကြောက်ကြောက်ရွံ့ရွံ့နှင့်ဖြေသည်။

'ဟုတ်တယ်၊ ဒီစာလုံးကို ပြောပါဦး'

ဆရာမက စာလုံးတစ်လုံးကိုပြောင်း၍ ထောက်ပြလိုက်သည်။

'ကေပါ ဆရာမ'

'ဟုတ်တယ်၊ မောင်သိန်းဇော် လာခဲ့'

ထွေးယဉ် မသိမသာ သက်ပြင်းချလိုက်မိသည်။

'အဲဒီမှာရပ်ပြီး လက်ပိုက်ထားပါ၊ ဒါဘာလဲ'

'ဗီပါ ဆရာမ'

'ဒီစာလုံးရော'

'အက်စ်ပါ ဆရာမ'

'အေး . . . ဟုတ်တယ်၊ မင်းတို့ကို ဆရာမ ပြောထားမယ်၊ ဒီတုတ်ကို ထောက်တံအဖြစ်နဲ့သာ ဆရာမသုံးချင်ပါတယ်၊ ရိုက်တဲ့ တုတ်အဖြစ်နဲ့ မသုံးပါရစေနဲ့၊ အားလုံးကြားလား'

'ဟုတ်ကဲ့ ဆရာမ'

'ကဲ . . . မင်းတို့နှစ်ယောက် ကိုယ့်နေရာ ကိုယ်သွားထိုင်ပါ၊ ငြိမ်ငြိမ်နေပါ'

လှဝင်းနှင့် သိန်းဇော်တို့ နေရာတွင် ပြန်ထိုင်ကြသည်။ ခုမှပင် တစ်တန်းလုံး စိတ်သက်သာရာ ရသွားကြသည်။

'ကဲ . . . ဆရာမတို့ သင်္ချာ စသင်ကြရအောင်၊ စာအုပ်တွေ ထုတ်ကြ'

ဆရာမက နှစ်တန်းသင်္ချာကို ပြန်လည် ဆန်းစစ်သည့် သင်္ချာ ပုစ္ဆာများ ပေးသည်။ လွယ်ကူ၍ အားလုံးတွက်နိုင်ကြသည်။ ဆရာမ ကို သွားပြကြရသည်။ စာပြနေသူများအထဲမှ မျက်လုံးပြူးပြူး၊ ပါးမို့မို့ နှင့် ချစ်စဖွယ်ဖြစ်နေသော မိညို၏ပါးကို ဆရာမ ချစ်စနိုးကိုင်၍ . . .

'သမီးနာမည်က မိညိုတဲ့လား' ဟု မေးသည်။

ကျောင်းနာမည်စာရင်း ခေါ်စဉ်က အမည်ချင်းဆင်၍ မှတ်ထားဟန် တူပါသည်။

'ဟုတ်ပါတယ် ဆရာမ'

မိညိုက ဖြေသည်။

'သမီးတွက်တာ အားလုံးမှန်တယ်၊ သိပ်တော်တာပဲ'

ဆရာမက ချီးကျူးသောအခါ မိညို စိတ်မကောင်းဖြစ်မိ သည်။ သူ့တွင် ဆရာမကို ပေးစရာ ပန်းမရှိတော့သောကြောင့် ဖြစ်သည်။ ဆရာမသည် တစ်ယောက်ချင်း၏ စာအုပ်များကို အသေအချာ စစ်ပေးသည်။

'ကလေးတို့ တော်ပါတယ်၊ ကောင်းကောင်း တွက်တတ်ကြ ပါတယ်၊ အမှားများတဲ့နှစ်ပုဒ်ကိုလဲ ဆရာမ တွက်ပြမယ်၊ အသေအချာ



ကြည့်ကြနော်'

ဆရာမ သင်ပုန်းကြီးပေါ်တွင် တွက်ပြပါသည်။ ဆရာမ တွက်ပြပုံမှာ ရှင်းလင်းလွယ်ကူ၍ ကလေးများ နားလည်ကြသည်။ ခေတ္တ ကျောင်းဆင်းသောအခါ ပန်းပွင့်ပါသူများက ဆရာမကို ဝမ်းသာအားရ သွားပေးကြသည်။ ဆရာမ၏ စားပွဲပေါ်တွင် ပန်းပွင့် တွေနှင့် ဝေနေသည်။ ပန်းတို့၏အလယ်၊ ကလေးများ၏အလယ်မှ ဆရာမ၏မျက်နှာလေးသည် ပြုံးချိုနေသည်။ မိညိုကတော့ သူ့ခုံတွင် ထိုင်၍ မျက်ရည်များ ကျနေသည်။

'ဟော့ . . . ဘာလို့ ငိုနေတာလဲ'

ထွေးယဉ်က မေးသည်။

'ငါ့စံပယ်ကုံးကို ပန်ပစ်မိလို့ ဆရာမကို ပေးစရာမရှိတော့ဘူး'

ညည်းပဲ မလှလို့ မပေးတော့ဘူးဆို၊ ခုတော့ လှသွားပြီလား'

ထွေးယဉ်၏စကားကြောင့် မိညို ပို၍စိတ်မကောင်းဖြစ်သွား သည်။ ခုံပေါ်တွင် မျက်နှာအပ်၍ ငိုနေသည်။

'ဟော့ . . . မိညို၊ မငိုပါနဲ့၊ ငါက စတာပါ၊ ဆရာမသိရင် စိတ်မကောင်းဖြစ်နေဦးမယ် မနက်ဖြန်ခါကျတော့ ပေးပေါ့'

မိညိုက ဆရာမ မြင်မည်စိုး၍ မျက်ရည်များကို သုတ်ပစ် သည်။

သို့သော် ရှိုက်သံတစ်ချက် ထွက်သွားလိုက်မိ၏။

'ဟဲ့ . . . မညို ငိုနေတာလား'

ဆရာမက လှမ်းမေးသောကြောင့် မိညို ပို၍ ဝမ်းနည်းပြီး ပါးပေါ်တွင် မျက်ရည်များ ကျလာသည်။

'အို . . . မညို ဘာလို့ ငိုတာလဲ ကလေးရယ်'

ဆရာမ၏အသံက ကြင်နာလွန်းသည်။

မိညိုက မဖြေ၊ ငို၍သာ နေသည်။

ဆရာမက ထွေးယဉ်ကို လှမ်းကြည့်လိုက်သည်။ မေးသည့်သဘော။

'သူ ဆရာမကို ပန်းပေးစရာ မရှိလို့ပါ ဆရာမ'

'အို . . . ဖြစ်ရလေ ကလေးရယ်'

ဆရာမ စိတ်မကောင်းဖြစ်သွားပါသည်။

'မငိုပါနဲ့ကွယ်၊ ကလေးတို့ရဲ့စေတနာကို ဆရာမ သိပါတယ်၊ ဆရာမ ဒီရွာလေး ရောက်လာရတာ ကလေးတို့နဲ့ တွေ့ရတာ သိပ်ကောင်းတာပဲကွယ်'

ကြည်နူးစိတ်ကြောင့် ထင်ပါ၏။ ဆရာမမျက်လုံးတွင် မျက်ရည်များ ရစ်ဝဲလာသည်။ ဆရာမသည် နဖူးမှ ချွေးဥကလေးများကို လက်ကိုင်ပဝါငယ်ဖြင့် သုတ်ရင်း မျက်လုံးကိုပါ လက်ကိုင်ပဝါဖြင့် တို့လိုက်သည်။

လှဝင်းသည် ဆရာမကို ငေးကြည့်နေမိရာက ထ၍ထွက်သွားသည်။ မိညိုသည် မျက်ရည်များကို လက်ဖမိုးဖြင့် တို့၍ သုတ်ပစ်လိုက်သည်။



'ဆရာမ'

လှဝင်းသည် ရုံးခန်းထဲမှ ခပ်လာသော ရေတစ်ခွက်ကို လက်ဝါးပေါ်တွင်တင်၍ ဆရာမကို ရိုသေစွာ ပေးလိုက်သည်။

'အို . . ကျေးဇူးတင်လိုက်တာ မောင်လှဝင်းရယ်၊ ဆရာမ ရေသောက်ချင်နေတာနဲ့ အတော်ပဲ'

ဆရာမသည် လှဝင်းခပ်ပေးသော ရေတစ်ခွက်ကို အားလုံး ကုန်အောင် သောက်လိုက်မိသည်။

'ထပ်ယူဦးမလား ဆရာမ'

'တော်ပါပြီကွယ်၊ ကလေးတို့က လိမ္မာလိုက်တာ'

ဆရာ၊ ဆရာမတို့၏ ချီးကျူးခြင်းကို တစ်ခါမျှ မခံရဖူးဘဲ ဆူပူခြင်း၊ ရိုက်နှက်ခြင်းကိုသာ ခံခဲ့ရသော လှဝင်းသည် ယခုတစ်ခါ ဆရာမ၏ ချီးကျူးခြင်းကို ခံရသောအခါ ဝမ်းသာကြည်နူး၍ မဆုံးအောင် ဖြစ်နေမိသည်။ သိန်းဇော်သည် စာရွက်တစ်ရွက်ကိုကိုင်၍ သူ၏ခုံမှ ထလာသည်။

'ဆရာမ'

'ရှင်'

'ကျွန်တော်ဆွဲထားတဲ့ပုံလေး ဆရာမကို လက်ဆောင်ပေးချင်လို့'

သိန်းဇော်က စာရွက်ကလေးကို ဆရာမ၏စားပွဲပေါ်တွင် တင်လိုက်သည်။ ဆရာမနှင့်အတူ ဘေးမှကလေးများပါ ဝိုင်းကြည့်ကြ

သည်။

'အို . . . စာသင်နေတဲ့ ဆရာမလေး ပုံပါလား၊ တယ်ဟုတ်ပါလား၊ မောင်သိန်းဇော်က ပန်းချီဝါသနာပါတယ်ထင်တယ် ဟုတ်လား'

'ဟုတ်တယ် ဆရာမ၊ သူ့ကို ကျွန်တော်တို့က ပန်းချီသိန်းဇော်လို့ ခေါ်ကြတယ်'

ဆရာမဘေးတွင် ရပ်နေသော အောင်ဌေးက ပြော၍ ဆရာမ ပြုံးမိသည်။

'ဒီလိုဆိုရင် မောင်သိန်းဇော် ဆက်ကြိုးစား၊ ပန်းချီပြိုင်ပွဲတွေမှာ ဆုရနိုင်တယ်၊ ဆရာမလဲ ကူညီမယ်၊ ဒါပေမယ့် ကျောင်းတက်နေတဲ့အချိန်မှာတော့ ပန်းချီမဆွဲနဲ့နော်'

'ဟုတ်ကဲ့၊ မဆွဲပါဘူး ဆရာမ'

'ဒီပန်းချီကားကို ဆရာမသေတ္တာအတွင်းဘက်မှာ ကပ်ထားမယ်၊ ဒါမှ ဆရာမ သေတ္တာဖွင့်တိုင်း ငါ့တပည့်ရဲ့ လက်ရာကို မြင်ရအောင်'

သူ့ပန်းချီကားလေးကို ဆရာမက အမြတ်တနိုး ထားမည်ဆို၍ သိန်းဇော် ဝမ်းသာမဆုံးအောင် ဖြစ်နေမိသည်။

'ဒီလို ချစ်စရာကောင်းတဲ့ ကလေးတွေနဲ့ တွေ့ရတာ ဝမ်းသာစရာ ကောင်းလိုက်တာ'

ဟူသောအတွေးဖြင့် ကြည်နူးမှုကြောင့် ဆရာမလေး၏



မျက်လုံးများမှာ တောက်ပနေကြသည်။ မျက်နှာမှာလည်း ပြုံးချိုနေသည်။

မိညိုသည် သူ့ခုံတွင်ထိုင်နေရာမှ ဆရာမလေး၏ မျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။ ဆရာမလေး၏ မျက်နှာသည် စေတနာ အကြင်နာတို့ဖြင့် အေးမြနေသည်။ မေတ္တာစိတ်ဖြင့် ကြည်လင်နေသည်။

ခုတော့ မိညို မြင်ရပါပြီ။ အသားမဖြူသော်လည်း စေတနာဖြူသော ဆရာမလေး၊ ရုပ်မလှသော်လည်း စိတ်လှသော ဆရာမလေး၊ မိညို ဆုံးဖြတ်လိုက်ပါသည်။

'မနက်ဖြန်မှစပြီး ဆရာမလေးအတွက် ပန်းလှလှလေးများ နေ့စဉ်ယူခဲ့မယ်' . . . ဟူ၍ -

❒ ❒ ❒

စာပေလုပ်သား မဂ္ဂဇင်း (၁၉၈၄ ဖေဖော်ဝါရီလ)

# ကလေးစိတ်ပညာ

အောင်မိုးသည် ကျွန်တော်တို့ အတန်းဘေးမှ ကာထားသော ဝါးထရံကို သူ့မှာပါသည့် မောင်းချခါးနှင့် လှီး၍ အပေါက်ဖြစ်အောင် လုပ်နေသည်။

ထိုးဖောက်သောနေရာသည် အောင်မိုး၏ရှေ့မှာ ထိုင်သော မောင်ထွေး၏ခုံနှင့်နီးနေသည်။

'ကိုအောင်မိုး မလုပ်ပါနဲ့ဗျာ၊ ဆရာက ကျွန်တော်ဖောက်တယ် ထင်ပြီး ရိုက်လိမ့်မယ်'

မောင်ထွေးက အောင်မိုးကို တောင်းပန်သည်။ အောင်မိုးက မောင်ထွေးကို တစ်ချက် လှမ်းကြည့်လိုက်၏။ မောင်ထွေးက ဘာမျှ ထပ်မပြောဝံ့။

အောင်မိုးက ထရံကို ဆက်၍ လှီးဖြတ်သည်။ အပေါက် ကျယ်ကြီး ဖြစ်သွား၏။ အောင်မိုးဖောက်နေသည်ကို ကျွန်တော် အပါ အဝင် အတန်းထဲမှ ကျောင်းသားတော်တော်များများ မြင်ပါသည်။



'မင်းတို့အထဲက ဒီထရံကို ငါဖောက်တယ်လို့ ပြောရဲတဲ့ ကောင် ပြောကြည့်စမ်း၊ ပြောတဲ့ကောင် ဒီမှာကြည့်၊ သေပြီသာ မှတ် ပေတော့'

အောင်မိုးက သူ့လက်ထဲမှ မောင်းချခါးကိုပြ၍ ကျွန်တော် တို့အားလုံးကို ကြိမ်းသည်။ ကျွန်တော်တို့ ဘာမျှမပြောဝံ့။

ကျွန်တော်တို့ သတ္တမတန်းတွင် အောင်မိုးသည် အသက် အကြီးဆုံးနှင့် ရန်အစွာဆုံးဖြစ်သည်။ သူသည် ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း အားလုံးတွင် တစ်နှစ်စီ ကျခဲ့သော ကျောင်းသားဆိုး တစ်ယောက်ဖြစ်သည်။ ကျွန်တော်တို့အားလုံး သူ့ကိုကြောက်ရသည်။ သူက စိတ်မထင်လျှင် မထင်သလို ဆဲဆိုရုံမက ထိုးကြိတ် ကန်ကျောက် လုပ်တတ်သည်။ သူနှင့် ဘယ်သူမျှ ရန်မဖြစ်ချင်။ သူက ဆရာကြီး၏ ရုံးခန်းသို့ အကြိမ်ကြိမ် ရောက်ဖူးသည်။ အရိုက်ခံရသည်မှာ အောင်မိုး အတွက် မဆန်း။ ထို့ကြောင့် နောက်ထပ် အရိုက်ခံရမည်ကိုလည်း ရှက်ကြောက်ခြင်းမရှိ။

ကျောင်းတက်သောအခါ အတန်းပိုင်ဆရာ ဦးထွန်းမင်း အတန်းထဲသို့ ဝင်လာသည်။ နာမည်စာရင်း ခေါ်ပြီးသောအခါ ဆရာက စာသင်ရန် မတ်တတ်ရပ်လိုက်သည်။

မောင်ထွေး၏ဘေးမှ ထရံပေါက်ကြီးကို ဆရာ မြင်သွားသည်။

'ဟာ . . . ဟိုထရံ ပေါက်နေပါလား'

ဆရာညွှန်ပြရာသို့ ကျွန်တော်တို့အားလုံး ကြည့်လိုက်ကြ သည်။

'မနေ့က ဒီနေရာ အကောင်းကွ၊ ဒါ တမင်ဖောက်ထားတဲ့ လက်ရာ၊ ကဲ . . . မင်းတို့အထဲက ဘယ်သူဖောက်လဲ ပြောစမ်း'

ဆရာ၏လေသံက တင်းမာသည်။ ဆရာ ဒေါသဖြစ်နေဟန် တူသည်။ ကျွန်တော်တို့အားလုံး ခေါင်းငုံ့၍ ငြိမ်တိတ်နေကြသည်။

'မင်းတို့က ငါ့ကို ဆရာအသစ်ဆိုပြီး စမ်းတာလား၊ ဒါမျိုး လုပ်လို့တော့ မရဘူး၊ ကဲ . . . ကိုယ်မလုပ်ရင်လဲ ဘယ်သူလုပ်တာလဲ၊ ပြောကြ'

ဆရာက ယခုနှစ်မှ ကျွန်တော်တို့ကျောင်းသို့ ရောက်လာခြင်း ဖြစ်သည်။ ယခင်ရက်များတွင် ဆရာ ဤသို့ဒေါသနှင့်ပြောသည် ဆိုသည်ကို ကျွန်တော်တို့ တစ်ကြိမ်မျှ မကြုံခဲ့ဖူးပါ။ ကျွန်တော်တို့ ဆရာ့ကို ကြောက်၍ ငြိမ်နေကြပါသည်။

'ဘာလဲကွ၊ မင်းဘို့က တစ်တန်းလုံး ညှိခံမယ်ဆိုတဲ့ သဘော လား၊ ကဲ . . . ဒီတစ်ခါ နောက်ဆုံး ထပ်မေးမယ်။ ဒီထရံကို ဘယ်သူ ဖောက်သလဲ၊ ပြောကြ'

ဆရာ၏လေသံမှာ ပိုပြီး မာကျော၍ ဆရာ၏မျက်နှာမှာ လည်း ပိုပြီးတင်းလာသည်။

ကျွန်တော်တို့ တစ်တန်းလုံး ငြိမ်နေလိုက်သည်မှာ ကိုယ့် ရင်ခုန်သံကိုပင် ကိုယ်ပြန်ကြားနေရသည်။

ထရံပေါက်နှင့် အနီးဆုံးဖြစ်သော မောင်ထွေးသည် သူ့ကို ထင်မှာ ကြောက်ရွံ့သောကြောင့် ခေါင်းကို ပို၍ငုံ့ထားသည်။



'ဟား . . ဟား . . ဟား . . . ဟား'

ဆရာ၏ရယ်သံကြောင့် ကျွန်တော် ထိတ်လန့်သွားမိသည်။

'ငါက ကလေးစိတ်ပညာကို ဂုဏ်ထူးနဲ့အောင်လာတာကွ၊ မင်းတို့ မပြောပေမယ့် ဘယ်သူဖောက်တယ်ဆိုတာ ငါသိနေပြီ'

ဆရာက ကျွန်တော်တို့အားလုံးကို တစ်ယောက်စီ လိုက် ကြည့်သည်။ ဆရာ့မျက်လုံးများမှာ စူးရှလှသည်။ ကျွန်တော် ဆရာ့မျက်စိနှင့် အကြည့်ချင်း ဆုံမိသည်နှင့် ရင်ထဲမှာ တုန်သွားသော ကြောင့် မျက်လွှာချပြီး ခေါင်းကိုငုံ့နေလိုက်မိသည်။

နောက်တစ်ကြိမ်မှာ ကျွန်တော် ကြောက်ရွံ့စွာနှင့် မျက်လွှာ ကို ပင့်ကြည့်လိုက်သောအခါ ဆရာသည် ရှေ့ခုံတန်းမှ လူများကို တစ်ယောက်စီ လှမ်းကြည့်နေသည်။

မောင်ထွေးထံသို့ ရောက်သောအခါ ဆရာ့အကြည့်က ပို၍ ကြာသည်။ မောင်ထွေးကတော့ ဆရာ့ကို လုံးဝမကြည့်၊ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။

'ဟိုကောင် ထစမ်း'

ဆရာက မောင်ထွေးကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

'ဟာ . . .'

ကျွန်တော့်ရင်ထဲမှာ တုန်လှုပ်သွားမိ၏။ ဆရာသည် အပြစ် မရှိသော မောင်ထွေးကို ထင်နေပြီ။

'မောင်ထွေး၊ ငါပြောနေတာ မကြားဘူးလား၊ ဘာ ခုမှ

ခေါင်းငုံ့နေရတာလဲ၊ ထစမ်း'

မောင်ထွေး ကြောက်ကြောက်ရွံ့ရွံ့နှင့် မတ်တတ် ထရပ်သည်။ သူ့လက်များ တုန်နေသည်ကို ကျွန်တော် မြင်နေရပါ၏။ အောင်မိုး ကြောင့် မောင်ထွေးခံရတော့မည်။ ကျွန်တော် မောင်ထွေးကို သနား၍ အောင်မိုးကို မကျေမနပ် ဖြစ်မိသည်။

'မောင်ထွေး၊ မင်း ဖောက်တယ်မဟုတ်လား၊ မှန်မှန်ပြောစမ်း'

'ကျ . . ကျ . . . ကျွန်တော် မဖောက်ပါဘူး ဆရာ'

မောင်ထွေး၏အသံမှာ ငိုသံပါနေသည်။

'မောင်ထွေး၊ မင်း ငါ့ကို ညာလို့မရဘူးဆိုတာ နားမလည် ဘူးလား၊ မင်း ဖောက်တယ်မဟုတ်လား ပြောစမ်း'

ဆရာ့အသံက ပို၍ ကျယ်လောင်လာသည်။

'ကျ . . ကျွန်တော် . . . မဟုတ်ပါဘူး ဆရာ'

'ဒါဖြင့် ဘယ်သူလဲ ပြော'

မောင်ထွေးက ခေါင်းငုံ့နေသည်။

ကျွန်တော့်စိတ်ထဲမှာ မောင်ထွေး အမှန်အတိုင်း ထုတ်ပြော လိုက်စေချင်သည်။ သို့ရာတွင် မောင်ထွေးထံမှ ဘာသံမှ ထွက်မလာပါ။

'ဒီထရံပေါက်က မင်းနားမှာ ကပ်နေတာပဲကွ၊ မပြောနိုင်ရင် မင်းဖောက်တာ သေချာပြီပေါ့'

'မ . . . . မဟုတ်ပါဘူး ဆရာ'

'ကဲ . . . တစ်ယောက် သွားစမ်း၊ ဆရာကြီးရုံးခန်းထဲက



ကြိမ်လုံးသွားယူခဲ့'

ရှေ့မှ ကျောင်းသားတစ်ယောက် ထွက်သွားပါသည်။

ဆရာက ကျွန်တော်တို့ တစ်တန်းလုံးကို လှမ်းကြည့်လိုက် ပြန်သည်။ ကလေးစိတ်ပညာကို ဂုဏ်ထူးနှင့်အောင်သည်ဆိုသော ဆရာ့ကိုလည်း ကျွန်တော် မကျေနပ်ပါ။

'ကဲ . . . မောင်ထွေး၊ လက်ပိုက်'

'ကျ . . . ကျ . . . ကျွန်တော် မဟုတ်ပါဘူး ဆရာ'

'မင်း မဟုတ်ရင် ဘယ်သူလုပ်တယ်ဆိုတာ မင်း သိရမှာပေါ့၊ မင်းဘေးမှာပဲ . . .'

မောင်ထွေး ဘာမျှမပြော။ ကျွန်တော့်ရင်ထဲမှာ ပူလောင် နေပါသည်။ အပြစ်မရှိသော မောင်ထွေး အရိုက်မခံစေချင်ပါ။ အမှန် တရားကို ကျွန်တော် ဖော်ထုတ်ချင်သည်။ သို့ရာတွင် အောင်မိုး၏ ရန်ကိုလည်း ကျွန်တော် စိုးရိမ်မိသည်။ အောင်မိုးနှင့် ရင်ဆိုင်ရမည် လား။ ပြောသင့် မပြောသင့် မဝေခွဲနိုင်အောင် ဖြစ်နေမိသည်။

'ကဲ . . . ကြာတယ်၊ မောင်ထွေး လက်ပိုက်စမ်း၊ လက်ကျိုး သွားလိမ့်မယ်'

မောင်ထွေး လက်ပိုက်လိုက်သည်။ ဆရာက ကြိမ်လုံး အပေါ်သို့လွှဲ၍ မြှောက်လိုက်ပါသည်။

ကျွန်တော် ရုတ်တရက် နေရာမှ ထရပ်လိုက်ပါသည်။ အောင်မိုး စိတ်ဆိုးချင် ဆိုးပါစေ၊ ရန်လုပ်ချင်လည်း လုပ်ပါစေ၊

အမှန်ကို သိလျက်နှင့်တော့ မောင်ထွေး အရိုက်ခံရမည်ကို ကြည့်မနေနိုင်ပါ။

သို့ရာတွင် မတ်တတ်ရပ်လိုက်သည်မှာ ကျွန်တော် တစ်ယောက်တည်းမဟုတ်။ ရှေ့ဘက်မှာနှစ်ယောက်။ တစ်ယောက်က မိန်းကလေး။ ကျွန်တော့်နောက်ခုံမှလည်း တစ်ယောက် ထရပ်သည်ကို ကျွန်တော် မသိ။

'မောင်ထွေး မဟုတ်ပါဘူး ဆရာ'

ဆရာ မရိုက်ခင် ကျွန်တော့်ရှေ့မှ လင်းအောင်က အချိန်မီအောင် အမြန်ပြောလိုက်သည်။

'ကျွန်တော် ဖောက်တာပါ ဆရာ'

ကျွန်တော် နောက်သို့လှည့်ကြည့်လိုက်သောအခါ အောင်မိုးကိုယ်တိုင် ထ၍ ဝန်ခံနေသောကြောင့် အံ့ဩသွားမိသည်။

ဆရာက ကျေနပ်စွာ ပြုံး၍ သူ့လက်ထဲမှ တုတ်ကို ချလိုက်ပါသည်။

'ကဲ . . . မောင်ထွေး၊ သွားထိုင်တော့'

မောင်ထွေးသည် မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်ပစ်ပြီး သူနေရာသို့ ပြန်လာသည်။

'မောင်ထွေးမဟုတ်မှန်း ဆရာ သိပါတယ်'

ဆရာ့မျက်နှာသည် ပကတိ တည်ကြည်လေးနက်နေ၏။

စောစောကမြင်ရသော ခက်ထန်မှုများ၊ ဒေါသများ မရှိတော့ပါ။



'ဒါပေမယ့် ဖောက်တဲ့လူကို မောင်ထွေး သိလိမ့်မယ်လို့ ဆရာထင်တယ်၊ မောင်ထွေးကို ရိုက်မယ်လုပ်တာကတော့ မောင်ထွေးကိုယ်တိုင် ဖော်လိမ့်မယ် . . .၊ ဒီလို မောင်ထွေးက မဖော်ရဲရင်လဲ မင်းတို့အထဲက မဟုတ်မခံ မှန်ရာကိုပြောရဲတဲ့ သတ္တိရှိသူတစ်ယောက်ယောက်တော့ ပေါ်လာလိမ့်မယ်လို့ ဆရာထင်တယ်။ တစ်တန်းလုံး ကိုသာရိုက်မယ်ဆိုရင် မင်းတို့ မဖော်ဘဲ ညီခံသွားတာမျိုး ဖြစ်နိုင်တယ်။ ဒါပေမယ့် . . . အပြစ်မရှိတဲ့ မောင်ထွေးတစ်ယောက်တည်းကို အရိုက်ခံရမှာကျတော့ မောင်ထွေးအတွက် မခံချင်စိတ်နဲ့ သတ္တိရှိရှိပြောတဲ့လူ ပေါ်လာနိုင်တယ်၊ အခု ဆရာထင်တာထက် ပိုပြီး အမှန်ကိုပြောမယ်ဆိုတဲ့ သတ္တိရှိသူသုံးဦး ပေါ်လာတယ်။ မိန်းကလေးတစ်ယောက်တောင် ပါသေးတယ်။ ဒီသုံးယောက်ရဲ့ သတ္တိမျိုးက ဘာခေါ်မလဲဆိုရင် မဟုတ်မခံ မှန်သောသတ္တိ ခေါ်တယ်ကွ၊ ကဲ . . . ရှေ့ကသုံးယောက် ထိုင်ကြပါ။'

ဆရာက အထိုင်ခိုင်း၍ ကျွန်တော်တို့ ထိုင်လိုက်ကြပါသည်။

'နောက်တစ်ယောက်ကတော့ ဆရာမျှော်လင့်တာထက် ပိုပြီး ဝမ်းသာစရာကောင်းတယ်၊ ကဲ . . . မောင်အောင်မိုး ဒီထရံကို မင်းဖောက်လိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

'အေး . . . ဟုတ်ပြီ၊ မောင်အောင်မိုးဟာ ကျောင်းပစ္စည်းကို ဖျက်ဆီးတာ မကောင်းဘူး၊ အပြစ်ရှိတယ်။ ဒါပေမယ့် ကိုယ့်အပြစ်

ကို ဝန်ခံတာကတော့ ကောင်းတယ်။ ကိုယ့်အတွက် သူများနစ်နာမှာ စိုးရိမ်တာလဲ ကောင်းတဲ့စိတ်ပဲ၊ ဆရာ ချီးကျူးပါတယ်။ ဆရာ ဒီအတန်းကိုကိုင်ပြီး တစ်ပတ်လောက်မှာကတည်းက မောင်အောင်မိုး ကို ဆရာ သတိထားမိတယ်။ မောင်အောင်မိုးဟာ စာမကြိုးစားဘူး၊ ဆိုးဆိုးပေပေ နေတယ်၊ လုပ်တယ်၊ ခဏခဏ အတိုင်ခံရတယ်။ ဒါနဲ့ မောင်အောင်မိုးအကြောင်းကို ဆရာ စုံစမ်းကြည့်တယ်။ မောင်အောင်မိုး မှာ အမေမရှိဘူး။ မောင်အောင်မိုးအဖေက မောင်အောင်မိုးကို သိပ်ချစ် လို့ ပညာတော်စေချင်တယ်။ ဒါပေမယ့် သူကိုယ်တိုင်က မော်တော် ယာဉ်မောင်းတစ်ယောက်ဆိုတော့ အိမ်မှာကြပ်ကြပ်မတ်မတ် ဂရု မစိုက်နိုင်ဘူး။ သူ ဖြစ်စေချင်သလို မောင်အောင်မိုးက စာမတော်တဲ့ အခါမှာ ဒေါသဖြစ်ပြီး ဆူပူကြိမ်းမောင်းတယ်၊ ရိုက်တယ်။ မောင်အောင်မိုးအတွက် အိမ်မှာရော ကျောင်းမှာပါ အရိုက်ခံနေရ တယ်။ အမှန်တော့ မောင်အောင်မိုးဟာ သနားစရာ ကောင်းပါတယ်'

အမှန်ကတော့ မောင်အောင်မိုးနှင့် နှစ်ယောက်တည်းသာ ပြောဖို့ကောင်းသော စကားများဖြစ်ပါသည်။ သို့သော် မောင်အောင်မိုး ကိုယ်တိုင်သာမက ကျောင်းသူကျောင်းသားများပါ သိစေချင်၍ ဆရာ ဦးထွန်းမင်းက အတန်းထဲမှာ ပြောလိုက်ခြင်း ဖြစ်သည်။

အောင်မိုး ခေါင်းငုံ့၍ ငြိမ်သက်စွာ နားထောင်နေသည်။ သူ၏ပါးပေါ်တွင် မျက်ရည်များ စီးကျနေသည်။ ယခင်က အကြိမ်ကြိမ် အရိုက်ခံရသည်ကို မျက်ရည်မကျခဲ့သော အောင်မိုးသည် ယခု



မျက်ရည်ကျနေ၍ ကျွန်တော် အံ့ဩမိသည်။

'မောင်အောင်မိုး အဖေနဲ့ မနေ့ကပဲ ဆရာတွေ့ပြီး အကျိုး အကြောင်း ရှင်းပြခဲ့ပြီးပါပြီ၊ ဒီကနေ့ဆိုရင် သူလဲ မောင်အောင်မိုး ကို ရိုက်တော့မှာ မဟုတ်ပါဘူး။ မောင်အောင်မိုး စာတော်အောင် ကြိုးစားမလား'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်'

'အေး . . . ဟုတ်ပြီ၊ တကယ်တော့ မောင်အောင်မိုးဟာ လူဆိုးကလေး မဟုတ်ပါဘူး၊ ပင်ကိုစိတ်ရင်း ကောင်းပါတယ်၊ ဒီကနေ့မှာ မောင်အောင်မိုး ကျောင်းမှန်မှန်တက်ပြီး စာမှန်မှန် ကျက်ရမယ်၊ ဟုတ်လား'

'ဟုတ်ကဲ့ ဆရာ'

'အေး . . . အဲဒါဆိုရင် စာတော်လာမှာပေါ့၊ နောက်ကို ခုလို မကောင်းတဲ့လုပ်ငန်းတွေကို လုပ်ဦးမလား၊ မောင်အောင်မိုး'

'မလုပ်တော့ပါဘူး ဆရာ'

'ကျောင်းသူ ကျောင်းသားတွေ ရှေ့မှာ မောင်အောင်မိုး ဆရာ့ကို ကတိပေးမလား'

'ကျွန်တော် ကတိပေးပါတယ် ဆရာ'

'မောင်အောင်မိုး ကတိတည်ပါစေ၊ ဒီအပြစ်မျိုးဟာ ကျောင်း ထုတ်ပစ်နိုင်တယ်၊ ဒီတစ်ခါတော့ ဆရာတို့ ခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင်တော့ ဆရာလည်း မတတ်နိုင်ဘူး'

ဆရာက ထရံပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။

'နေ့လယ် ကျောင်းဆင်းချိန်ကျရင် ဒီထရံကို ဆရာနဲ့ မောင်အောင်မိုး ပြန်ဖာရမယ်၊ ကြားလား'

'ကျွန်တော့်ဘာသာ ဖာပါ့မယ် ဆရာ'

အောင်မိုး၏ ပြောင်းလဲမှုအတွက် ကျွန်တော်တို့အားလုံး တအံ့တသြ ဖြစ်ကြရပြန်သည်။

ဆရာက အောင်မိုးကိုကြည့်၍ ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ပိုကောင်းပါတယ် ငါ့တပည့် ထိုင်တော့'

ဆရာ၏ ကလေးစိတ်ပညာဆိုသည်ကို ကျွန်တော် နားလည်သလိုလို ထင်လိုက်မိပါ၏။

□ □ □

လှုငယ် မဂ္ဂဇင်း (၁၉၈၆ ဧပြီလ)

# ကျောင်းဆရာနှင့် မြို့အုပ်မင်း

မောင်ငြိမ်းချမ်း ကျောင်းဆရာလုပ်နေသော ကျောက်မီးရွာသို့ လက်ထောက်မြို့ပိုင် ဦးသိန်းထွန်း ရောက်လာသည်။ ပုသိမ်ကြီးမြို့နယ်၏ တိုက်နယ်ခွဲအဖြစ် လက်ထောက်မြို့ပိုင်ရုံးဖွင့်ရန် ဖြစ်သည်။

သူလည်း မောင်ငြိမ်းချမ်းနှင့် ကံတူအကျိုးပေး ဖြစ်၏။ မောင်ငြိမ်းချမ်းက ဘာမျှ မပြည့်စုံသော အလယ်တန်းကျောင်းတစ်ကျောင်း ပေါ်ပေါက်လာအောင် ကြိုးပမ်းနေရသည်။ လက်ထောက်မြို့ပိုင် ဦးသိန်းထွန်းမှာလည်း တစ်ခါမျှ ရုံးမဖွင့်ဖူးသေးသော ရွာတွင် တိုက်နယ်ခွဲရုံး ပေါ်ပေါက်လာအောင် ကြိုးပမ်းရမည် ဖြစ်သည်။

ဦးသိန်းထွန်းက ကျောက်မီးရွာ တောင်ဘက်ထိပ်တွင်ရှိ မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေးမှ အိမ်ကလေးတစ်လုံးကို ရုံးခန်းဖွင့်ရန် ငှားလိုက်သည်။ ထိုရုံးသည်ပင် သူနေသော အိမ်လည်းဖြစ်၏။

သုံးရက်ကြာသောအခါ မန္တလေးမှ သွပ်ပြားဆိုင်းဘုတ်တစ်ခု ရောက်လာသည်။ ထိုဆိုင်းဘုတ်ကို သူ ငှားထားသည့်အိမ်ကလေးမှာ ချိတ်ဆွဲလိုက်သည်။

## ပုသိမ်ကြီးမြို့နယ်ခွဲ လက်ထောက်မြို့ပိုင်ရုံး ကျောက်မီးရှာ

ဆိုင်းဘုတ်တင်ပြီးသည်နှင့် လက်ထောက်မြို့ပိုင်ရုံး ပွင့်သွားပြီ။ နောက်တော့ ဗီရို၊ စားပွဲ၊ ကုလားထိုင်များ၊ ဖိုင်တွဲစင်များနှင့် စာရွက်စာတမ်းများ ရောက်လာသည်။

ရွာသူရွာသားများက လက်ထောက်မြို့ပိုင် ဦးသိန်းထွန်းကို မြို့အုပ်မင်းဟု ခေါ်ကြသည်။ ဦးသိန်းထွန်းရုံးကိုလည်း မြို့ပိုင်မင်းရုံးဟု ခေါ်ကြသည်။ သို့သော် မြို့အုပ်မင်းရုံးမှာ မြို့အုပ်မင်းသာရှိသည်။ စာရေးကြီးမရှိ၊ စာရေးလေး မရှိ၊ ရုံးအကူပင်မရှိ။

မြို့အုပ်မင်းမှာ အိမ်ထောင်မရှိ၍ မိသားစုလည်းပါမလာ။ ထမင်းစားတော့ မောင်ငြိမ်းချမ်းနှင့်အတူ ဘကြီးမှုံအိမ်မှာ လခပေးစားသည်။

မောင်ငြိမ်းချမ်းမှာ မြို့အုပ်မင်းထက် ခြောက်လခန့်စော၍ ကျောက်မီးရှာမှာ ရောက်နေသောကြောင့် ရွာခံ ဖြစ်နေပြီ။ မြို့အုပ်မင်း လိုအပ်သည်များကို ဝန်ထမ်းအချင်းချင်း အကူအညီပေး၍ မောင်ငြိမ်းချမ်းနှင့် မြို့အုပ်မင်းတို့ ရင်းနှီးခင်မင်သွားကြသည်။

မောင်ငြိမ်းချမ်းက ထမင်းလခ ပေးစားသော ဘကြီးမှုံအိမ်မှာပင်နေသည်။ ဘကြီးမှုံအိမ်နှင့် ဦးသိန်းထွန်း၏ရုံးက နီးသည်။

နှစ်ဦးစလုံးကလည်း တစ်ယောက်သမားများ ဖြစ်၍



အတွဲညီ နေကြသည်။ ညနေစာ ထမင်းအတူစားပြီး ကားလမ်းအတိုင်း လမ်းလျှောက်ရင်း စကားပြောကြသည်။ ညကျတော့ မြို့အုပ်မင်းရုံး (သို့မဟုတ်) ဦးသိန်းထွန်းအိမ်မှာ ထိုင်ကြသည်။ ကျောင်းဆရာ မောင်ငြိမ်းချမ်းက မယ်ဒလင်တီးတတ်၍ ဦးသိန်းထွန်းက သီချင်းဆိုသည်။ ရွာထဲမှ လူငယ်အချို့ လာရောက် နားထောင်ကြ၏။ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် ဟန်ကျနေသည်။

လူချင်း ခင်မင်မှုနှင့် တာဝန်အရပါ မြို့အုပ်မင်းသည် မောင်ငြိမ်းချမ်း၏ အလယ်တန်းကျောင်းကိစ္စကိုလည်း အကူအညီများစွာ ပေး၏။ ဦးသိန်းထွန်းက မောင်ငြိမ်းချမ်းထက် အသက်ငါးနှစ်ခန့်ကြီး၍ မောင်ငြိမ်းချမ်း လေးစားအားကိုးရသည်။

ဦးသိန်းထွန်း ကားလမ်းအတိုင်း လမ်းလျှောက်သွားလျှင် ကားပိုင်ရှင်များ၊ ထုံးလုပ်ငန်းရှင်များ၊ မီးသွေးလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်များ၊ သားငါးအရောင်းဆိုင်များက ခေါ်ကြ နှုတ်ဆက်ကြသည်။

'မြို့အုပ်မင်း၊ ဘယ်ကြွမလို့လဲ ခင်ဗျ'

'မြို့အုပ်မင်း လက်ဖက်ရည် သောက်သွားပါဦး ခင်ဗျ'

မြို့အုပ်မင်း ဆိုင်ဝင်ပါဦး ခင်ဗျ'

မြို့အုပ်မင်း ပြုံးပြီး လက်မြှောက်ပြခြင်းဖြင့် တုံ့ပြန်နှုတ်ဆက်သည်။

မောင်ငြိမ်းချမ်း ရွာထဲဖြတ်သွားလျှင် ကလေးများက ခေါ်ကြ နှုတ်ဆက်ကြ၏။

'ဆရာကြီး . . . ဆရာကြီး'

'ဗျား . . . ဗျား'

အိမ်တိုင်းစေ့ ကလေးများက လှမ်းခေါ်ကြ၍ အိမ်တိုင်းစေ့မှာ 'ဗျာ' ထူးနေရသည်။

ကလေးများမှာ သူတို့ခေါ်၍ ဆရာကြီးက ထူးလျှင် ဝမ်းသာကြသည်။ မထူးလျှင် မထူးမချင်း လှမ်းအော် ခေါ်ကြသည်။ ခေါ်တိုင်း မောင်ငြိမ်းချမ်း ထူးသည်။

'ဩော် . . . ကိုယ့်ဘဝနှင့် ကိုယ်၊ သူ့ဘဝနှင့် သူ'

× × ×

မြို့အုပ်မင်းမှာ မောင်ငြိမ်းချမ်းနောက်မှ ကျောက်မီးရွာကို ရောက်သော်လည်း ကျောက်မီးနှင့် ဝန်းကျင်ရွာ အားလုံးကို မောင်ငြိမ်းချမ်းထက် ပို၍နှံ့စပ်သည်။ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်သည်။

အမတော်ကြေး ထုတ်ပေးဖို့၊ ဘဏ်ချေးငွေပေးဖို့၊ အခွန်ကောက်ဖို့၊ ချေးငွေ တောင်းခံဖို့၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကိစ္စများ ဆောင်ရွက်ဖို့၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဖို့ မြို့အုပ်မင်း အလုပ်တွေက များသည်။ ရုံးမှာ ထိုင်နေရသည်ထက် ခရီးသွားရသည်က ပိုများသည်။ ခရီးသွားတိုင်းလည်း ခရီးစရိတ်ရသည်။



မောင်ငြိမ်းချမ်းမှာလည်း တပည့်ရှိသော အိမ်တိုင်းကို အရောက်သွားရန် ဆုံးဖြတ်ထားသော ဆရာ ဖြစ်သည်။ မောင်ငြိမ်းချမ်း၏တပည့် အလယ်တန်းကျောင်းသားများမှာ ကျောက်မီးရွာမှချည့် မဟုတ်။ ပတ်ဝန်းကျင် ရွာများအားလုံးမှ လာရောက်ကြခြင်း ဖြစ်သည်။ ကျောက်မီးရွာနှင့်နီးသော ငွေတောင်၊ ထုံးဘို၊ ရွှေစာရံ၊ မြို့တော၊ သုံးအိမ်၊ လက်ကောင်း၊ ဘန်ကွဲ၊ ကံတိုင်းရှည် စသည့်ရွာများကို မောင်ငြိမ်းချမ်း ရောက်ပြီးပြီ။

နည်းနည်းဝေးသော အုန်းချော၊ ကျောက်ချော၊ ကျွဲနဖားရွာရှည်၊ သန့်စင်ကုန်း၊ ဗိုလ်တက်ကုန်း၊ အောင်ပင်လယ် စသည့်ရွာများကို မောင်ငြိမ်းချမ်း မရောက်သေး။ ရောက်အောင်သွားရဦးမည်။ ထိုသို့ သွားခြင်းဖြင့် ကျောင်းသားများ၊ ကျောင်းသားမိဘများနှင့် ပိုမိုရင်းနှီးပြီး ပို၍ နားလည်မှုရသည်။ ထိုရင်းနှီးမှု နားလည်မှုသည် တပည့်များကို ဆုံးမပြုပြင်ရာတွင်လည်းကောင်း၊ ပညာသင်ကြားရာတွင်လည်းကောင်း အထောက်အပံ့ကောင်း ရသည်။ သို့သော် မြို့ပိုင်ကြီးလိုတော့ ရွာများသို့ ခရီးသွားခြင်းဖြင့် ခရီးစရိတ်မရ။

သူ့ခရီးနှင့် သူ၊ ကိုယ့်ခရီးနှင့် ကိုယ်။

× × ×

ဝါတွင်းဖြစ်၍ ဥပုသ်နေ့မှာ ကျောင်းပိတ်သည်။ ခုတစ်ပတ်

ကျောင်းပိတ်ရက်တွင် ရွာရှည်ရွာမှ ကျောင်းသားများက သူတို့ရွာသို့ အလည်လာရန် ဖိတ်ခေါ်ထားကြသည်။ လက်ကောင်းရွာအနီးမှ ကားလမ်းအထိလှည်းဖြင့် လာကြိုကြမည်ဟု ဆိုသည်။ ဦးလှမင်း၊ ဒေါ်ခင်ဌေး၊ ဒေါ်ခင်စန်းနှင့် နောက်မှရောက်သော ဆရာမ အသစ်ကလေး ခင်စန်းရီလည်းလိုက်မည်။

လူအများနှင့်မို့ ပျော်စရာကောင်းမည့်ခရီးဖြစ်သောကြောင့် မောင်ငြိမ်းချမ်း မြို့အုပ်မင်း ဦးသိန်းထွန်းကို သတိရမိသည်။

'ကျွန်တော်တို့အဖွဲ့ ရွာရှည်ရွာကို သွားကြမလို့ဗျ၊ ဦးသိန်းထွန်း လိုက်ခဲ့ပါလား၊ ရွာရှည်ရွာကို မရောက်ဖူးသေးဘူး မဟုတ်လား'

မောင်ငြိမ်းချမ်း၏ အမေးကြောင့် ဦးသိန်းထွန်းက ပြုံးပြီး လက်သုံးချောင်း ထောင်ပြသည်။ သူ့နောက်မှလာပြီး ရွာရှည်ရွာကို သုံးခေါက် ရောက်ပြီဆို၍ မောင်ငြိမ်းချမ်း အံ့ဩသွားသည်။

'ဒါပေမယ့် လိုက်ခဲ့ပါမယ်၊ လယ်သမားတွေ ဘဏ်ချေးငွေ ပြန်ဆပ်ဖို့ အလုပ်လဲ ရှိပါတယ်၊ ခင်ဗျားတို့အဖွဲ့နဲ့ဆိုတော့ ပျော်စရာလဲ ကောင်းတာပေါ့'

မောင်ငြိမ်းချမ်း ဝမ်းသာသွားပါသည်။

× × ×

ဥပုသ်နေ့တွင် မောင်ငြိမ်းချမ်းတို့ ကျောက်မီးရွာမှ အမှတ်



(၁၁)လိုင်းကားစီး၍ သွားကြသည်။

ထိုကားမှ စပယ်ယာသည် အပြောအဆို ရိုင်းသူဖြစ်၏။

'ဟိုအဒေါ်ကြီး၊ တောင်းခ ပေးရမယ်နော်'

'မပေးနိုင်ပေါင်တော်၊ လူတစ်ယောက် တောင်းတစ်လုံးတော့ ပါမှာပေါ့'

'မပေးနိုင်လို့ မရဘူး၊ မပေးနိုင်ရင် ခင်ဗျား ဆင်း၊ နောက်ကား ပြောင်းစီး'

အဒေါ်ကြီးက မကျေမနပ်ပြောပြီး ပေးလိုက်ရသည်။

ထိုစပယ်ယာသည် နှုတ်ထွက်လည်း ကြမ်းတမ်း ရိုင်းစိုင်းသူ ဖြစ်၏။

မျက်နှာချင်းဆိုင်မှ မောင်းသွားသော ကားတစ်စင်းကို လမ်းဘေးချ မမောင်း၍ ရိုင်းစိုင်းသော အသုံးများနှင့် အော်ဟစ်ဆဲဆို လိုက်သည်။

ကားပေါ် ပါသူအားလုံးကြား၍ မောင်ငြိမ်းချမ်း ဆရာမလေးများကို အားနာမိသည်။ ဦးသိန်းထွန်းမျက်နှာ တင်းသွားသည်။

'ဟိုဆရာကြီး ရှေ့တိုးရပ်ဗျ၊ နောက်က လူတင်စရာ ပိတ်နေပြီ'

'သုံးအိမ် ဆင်းမှာ'

လူကြီးက ပြန်ပြောသည်။ သုံးအိမ်က ရောက်ခါနီးပြီ။

'ဆင်းတော့ ရပ်ပေးမယ်၊ ရှေ့တိုးပါ'

'အခု မင်းမှာ တက်မယ့်လူမှမရှိဘဲ၊ ရှိတော့ တိုးပေးမှာပေါ့'

'မရှိရှိ တိုးဆို တိုးလိုက်ပေါ့ဗျ၊ ခင်ဗျားကို ပြောရတာ သိပ်လက်ပေါက်ကတ်တာပဲ'

မောင်ငြိမ်းချမ်း စိတ်ပျက်မိသည်။ ဤလိုင်းတွင် ကားဖြင့်သွားနေသည်မှာ ကြာပြီ။ ဤကဲ့သို့ ရိုင်းစိုင်းသော စပယ်ယာကို မတွေ့ဖူးသေး။ အားလုံးနီးပါး ယဉ်ကျေးကြပါသည်။ 'ဒီလူ ဒီနယ်သားမှ ဟုတ်ရဲ့လား၊ ဘယ်က ရောက်လာတဲ့လူလဲ' မောင်ငြိမ်းချမ်း စဉ်းစားနေမိသည်။

သုံးအိမ်တွင် ကားရပ်သောအခါ လူကြီး ဆင်းသွားသည်။

အသက်လေးဆယ်ခန့် လူတစ်ယောက် တက်လာသည်။

'ကားခ'

'ပေးမှာပေါ့ကွ၊ ဒီမှာ မင်း မမြင်ဘူးလား၊ လက်နှစ်ဖက်စလုံး ဆွဲကိုင်ထားရတာ'

တက်လာသူကလည်း မာသည်။

'လက်တစ်ဖက်ကိုင်ထားရင် တစ်ဖက်က ပေးလို့ရတာပဲဗျ'

'ငါဘယ်မှ ဆင်းမပြေးဘူး ဟေ့ကောင်၊ ပိုက်ဆံလေး တစ်ကျပ်နဲ့ ဒီလောက် လောဘတက်မနေနဲ့၊ မဆင်းခင် ပေးရင်ပြီးတာပဲ မဟုတ်လား'

'ဘယ်သူမဆို ကားပေါ်တက်ရင် ကားခ ပေးရတာပဲ။ ခင်ဗျားကျတော့မှ ကတ်သီးကတ်သက် လုပ်နေတာ'



'ဟာ . . . ဒီကောင် မိုက်ရိုင်းလှချည်လား'

ကားစီးသူက စိတ်မရှည် ဖြစ်လာသည်။

'မိုက်ရိုင်းတာက ခင်ဗျား ဗျ'

စပယ်ယာကလည်း ပြန်အော်သည်။

ကျွန်တော်တို့ ခရီးသည်အားလုံး နားပူစိတ်ပျက် ဖြစ်လာသည်။

'မိုက်ရိုင်းတော့ မင်း ဘာလုပ်ချင်သေးလဲကွာ ကဲ . . .'

'ဘာလဲ၊ ခင်ဗျား လူမိုက်စကား ပြောတာလား၊ ဟင်း . . . ခင်ဗျားလိုလူကို ကျုပ်က . . .'

'ဟေ့ လူတွေ၊ ရပ်စမ်း . . . တိတ်စမ်း'

လက်ထောက်မြို့ပိုင် ဦးသိန်းထွန်း၏အသံမှာ ကားတစ်စင်းလုံး ဟိန်းထွက်သွားသည်။

အားလုံး ဦးသိန်းထွန်းကို လှမ်းကြည့်ကြသည်။

'ကျွန်တော် ပုသိမ်ကြီးမြို့နယ် လက်ထောက်မြို့ပိုင် သိန်းထွန်း ကျောက်မီးမြို့နယ်ခွဲ အုပ်ချုပ်ရေးတာဝန် ယူထားတာ၊ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ကျွန်တော့်မှာ တာဝန်ရှိတယ်၊ ခင်ဗျားတို့ သိပ်မိုက်ရိုင်းတဲ့လူတွေ၊ ဒီကားပေါ်မှာ ခင်ဗျားတို့နှစ်ယောက်တည်း မဟုတ်ဘူး၊ ဒီမှာ လူကြီးလူကောင်းတွေပါတယ်၊ ဆရာ ဆရာမတွေပါတယ်၊ ပိုက်ဆံပေးပြီး နားအေးအေး မစီးရဘူး'

စကားများသူ နှစ်ယောက်သာမက တစ်ကားလုံး ငြိမ်တိတ်နေသည်။

ဦးသိန်းထွန်း၏ အချိန်ကိုက် ဝင်ရောက်ပြောဆိုပုံ လေသံနှင့် စကားလုံးသုံးပုံများကို ငြိမ်းချမ်း သဘောကျသွားသည်။

'ကားစပယ်ယာ . . .'

ဦးသိန်းထွန်းက လူစွာ စပယ်ယာကို လက်ညှိုးနှင့်ထိုးပြီး စိုက်ကြည့်နေသည်။ စပယ်ယာ မျက်စိမျက်နှာ ပျက်နေပြီ။

မင်း တစ်ချိန်လုံး ကားပေါ်ပါတဲ့ လူတွေကို မာရေကျောရေ ပြောလာတာ ရန်လိုလာတာ ကားစီးတဲ့လူတိုင်း စိတ်ပျက်နေကြပြီ။ ပြစမ်း . . . စပယ်ယာလိုင်စင်'

'ကျွန်တော် မပါခဲ့ပါဘူးဆရာ၊ အိမ်မှာ ကျန်ခဲ့တယ်'

'မင်း . . . ငါ့ကို မညာနဲ့နော်၊ မှန်တဲ့အတိုင်းပြော'

စပယ်ယာထံမှ ဘာသံမျှ ထွက်မလာ။

'ဟေ့ကောင် . . . အောင်ကျော်၊ မင်း သိပ်ပြဿနာများတဲ့ ကောင်၊ တော်ပြီ မနက်ဖြန်ကစပြီး မင်း မလိုက်နဲ့တော့'

တစ်ချိန်လုံး ငြိမ်နေခဲ့သော ကားမောင်းသူက ခုမှ မကျေမနပ် နှင့် သူ့စပယ်ယာကို လှမ်းပြောလိုက်သည်။ ဤမှာတင် ကိစ္စပြတ်သွား ပြီ။

ခရီးသည်အားလုံးလည်း ခုမှ နားအေးပါးအေး၊ ကားစီးရ သည်။ မကြာလိုက်ပါ။ လက်ကောင်း ရောက်လာသည်။

မောင်ငြိမ်းချမ်းတို့အဖွဲ့ ကားပေါ်မှ ဆင်းကြသည်။

'မြို့အုပ်မင်း ပြောလိုက်တာ သိပ်ကောင်းတာပဲ'



ကားထွက်သွားပြီးနောက် ဒေါ်ခင်ဌေးက စ၍ ချီးကျူးသည်။

'ဟုတ်တယ်။ ကျွန်မဖြင့် တစ်ချိန်လုံး စိတ်ညစ်နေတာ'

ဒေါ်ခင်စန်းရီက ထောက်ခံသည်။

'ဟုတ်တယ်ဗျ၊ ကျွန်တော်လဲ မကျေနပ်နေတာ၊ ဒါပေမယ့် ကျွန်တော်တို့ပြောရင် ဒီလို ခံမှာမဟုတ်ဘူး၊ မြို့ပိုင်ဆိုတော့မှ လူစွာ တွေ ငြိမ်ကျသွားတာ၊ အာဏာရှိတယ်ဆိုတာ ဒါမျိုးပြောတာ၊ ဒါကြောင့် မို့ လူတွေ သဘောကျတာ'

မောင်ငြိမ်းချမ်းကပါ အားပါးတရ ချီးကျူးလိုက်၍ ဦးသိန်းထွန်း ပြုံးသည်။

'သဘောမကျပါနဲ့ ဆရာရယ်၊ အာဏာဆိုတာ ပူတယ်ဗျ၊ မတွေ့ဘူးလား၊ ဒေါသကြီးနေတဲ့ လူတွေကို သူတို့ထက်ပိုပြီး လွှမ်း အောင် မာရေကျောရေ ပြောရတာ၊ ခြိမ်းခြောက် ဟိန်းဟောက် လုပ်ရ တာ မကောင်းပါဘူး။ မလုပ်ရင် မဖြစ်တော့လို့ လုပ်ရတာပါ။ တကယ် ကျတော့ ခင်ဗျားတို့ ဆရာ ဆရာမတွေကမှ မေတ္တာနဲ့ အသက်မွေး ရလို့ အေးချမ်းတာပါ'

ဦးသိန်းထွန်း၏စကားမှာ လူကြီးဆန်ရုံမက လေးနက်သော အဓိပ္ပာယ်လည်း ပါသည်ကို မောင်ငြိမ်းချမ်း နားလည်လိုက်ပါသည်။

'ဆရာ'

'ဆရာမ'

ခပ်လှမ်းလှမ်းမှ သစ်ပင်ရိပ်တွင် လှည်းရပ်ထားသော

ကျောင်းသားနှစ်ယောက် ပြေးလာကြသည်။ ရာကျော်နှင့် မြင့်အောင်။ သူတို့၏ ဆရာ ဆရာမများကို တွေ့ရ၍ ဝမ်းသာနေကြသည်။

'ကျွန်တော်တို့က ဆရာတို့ ဆရာမတို့ မလာတော့ဘူး မှတ်လို့ စိတ်ညစ်နေကြတာ'

'လာမှာပေါ့ကွ၊ မင်းတို့ကို သေချာပြောထားတာပဲ၊ မလာပဲ ဘယ်နေပါ့မလဲ'

မောင်ငြိမ်းချမ်းတို့ ဆရာ ဆရာမများနှင့် တပည့်နှစ်ယောက် ပြုံးပျော်နေကြသည်ကို ဦးသိန်းထွန်း ဘေးမှကြည့်၍ သဘောကျနေသည်။

ကလေးများ လှည်းကို အမြန်ကောက်ပြီး တောလမ်းအတိုင်း ရွာရှည်သို့ သွားကြသည်။

လမ်းတွင် မိကျောင်းပန်းများကို တွေ့၍ ဆရာမလေးများ သဘောကျနေကြသောကြောင့် ကလေးနှစ်ယောက်က သူတို့ ဆရာမများအတွက် ဆင်းခူးပေးကြသည်။

ဆရာမလေး သုံးယောက်၏ ခေါင်းများတွင် မိကျောင်းပန်းများနှင့် ဖွေးနေ၏။

'အုံးကျင်နဲ့ တင်တင်မြင့် လိုက်ကြိုချင်တာ၊ ကျွန်တော်တို့က မခေါ်ခဲ့လို့ ရွာပေါက်က စောင့်နေမယ်တဲ့'

'ဟိုကရွာလား မင်းတို့ရွာက'

ကိုလှမင်းက မှိုင်းညို့ညို့ သစ်ပင်အုပ်များနှင့် ရွာလေးဆီသို့



လက်ညှိုးထိုး၍ မေးသည်။

'ဟုတ်တယ် ဆရာ၊ ဟို ဘုရားဖြူဖြူလေးက ရွာထိပ်ပေါ့၊ ဟို သစ်ပင်တွေကြားထဲက သွပ်မိုးဘုံဆောင်က ဘုန်းကြီးကျောင်း ဆရာ'

ရာကျော်က ရှင်းပြသည်။

'ဟဲ့ . . . ဟိုက ပြေးလာနေတာ တင်တင်မြင့်နဲ့ အုံးကျင် မဟုတ်လား'

ဒေါ်ခင်စန်းက ခပ်ဝေးဝေး လယ်ကွင်းဆီမှ မိန်းကလေး နှစ်ယောက်ကိုပြသည်။

'ဟုတ်တယ် ဆရာမ၊ ဟုတ်တယ်'

မြင့်အောင်က လှမ်းကြည့်ရင်း ပြောသည်။

'ဆရာမ . . . ဆရာမ'

မိန်းကလေးနှစ်ယောက်က အော်ခေါ်ရင်း ပြေးလာနေကြသည်။

ခဏအတွင်းမှာပင် လယ်ကွက်နှစ်ကွက်အကွာသို့ ရောက်လာကြသည်။

'ဟဲ့ . . . မပြေးနဲ့၊ ဖြည်းဖြည်းလာကြ'

ဆရာမများက လှမ်းအော်သည်။

'ဟယ် . . . ဆရာမတို့က မိကျောင်းပန်းတွေ ပန်ထားတာ လှလိုက်တာ'

မိန်းကလေးများက သူတို့ဆရာမများကို တအံ့တသြ ချီးကျူးနေသည်။

'ဟာ . . . ဆရာတို့လဲ နှစ်ယောက်စလုံး လိုက်လာကြတယ်၊ ဟန်ကျတာပဲ'

မြို့ပိုင် ဦးသိန်းထွန်းမှာ ဆရာ၊ ဆရာမများနှင့် တပည့်များ ဝမ်းသာအားရ နှုတ်ဆက်နေကြသည်ကိုကြည့်ပြီး ပြုံးနေသည်။ သူ့ကိုတော့ မည်သူမျှ နှုတ်ဆက်မည့်သူ၊ ဆီးကြိုမည့်သူ မရှိ။

ရွာထဲရောက်သည်နှင့် မြို့ပိုင်ဦးသိန်းထွန်းက ရွာလူကြီးအိမ်သွားသည်။ မောင်ငြိမ်းချမ်းတို့အဖွဲ့က တပည့်များအိမ် သွားကြသည်။

မြို့ပိုင်ဦးသိန်းထွန်းက ရွာလူကြီးများကို စုစည်းခေါ်ပြီး ဘဏ်ချေးငွေများ ပြန်ဆပ်ကြရန် လူကြီးများက စည်းရုံးနှိုးဆော်ကြရန် ရှင်းလင်းပြောကြားသည်။

မောင်ငြိမ်းချမ်းတို့ ဆရာ၊ ဆရာမများက တပည့်တို့၏ မိဘများနှင့် တွေ့ဆုံ၍ တပည့်များအကြောင်း၊ တပည့်တို့၏ပညာရေးအကြောင်းများကို ပြောဆိုသည်။

ရာကျော်တို့အိမ်က ထမင်းကျွေးရန် ပြင်ဆင်သောအခါ မောင်ငြိမ်းချမ်းက ဦးသိန်းထွန်းကို သွားအခေါ်ခိုင်း၍ ဦးသိန်းထွန်းပါလာသည်။

ဖွယ်ဖွယ်ရာရာနှင့် စုံလင်စွာ ပြင်ဆင်ထားသော ဟင်းများကို ကြည့်ပြီး ဦးသိန်းထွန်းပြုံးသည်။



'ကွာပါ့ကွာ၊ ဒီရွာကို ဒါနဲ့ဆိုရင် ကျွန်တော်ရောက်တာ လေးခေါက်ရှိပြီ၊ ဒီလို ထမင်းပွဲမျိုး ခုမှမြင်ဖူးတော့တယ်၊ အဲဒါပေါ့ ဆရာ ဆရာမဆိုတော့ ဘယ်လောက်စေတနာထားကြသလဲ'

မြို့ပိုင်ဦးသိန်းထွန်းက အားရပါးရ ပြောလိုက်သည်။

'မဟုတ်ပါဘူး ခင်ဗျာ၊ မြို့ပိုင်ကြီးအတွက်လဲ ပါပါတယ်၊ မြို့ပိုင်ကြီးကိုလဲ ကျွန်တော်တို့ရွာက စေတနာထားပါတယ်'

ရာကျော်၏ဖခင် လယ်သမားကြီးက ပြောတတ်၍ တော်ပါသေး၏။

ထိုနေ့က မနက်စာကို ရာကျော်တို့အိမ်နှင့် တင်တင်မြင့်တို့အိမ် နှစ်အိမ်ဆက်ပြီး နှစ်ခါ စားရသည်။

တောင်းပန်သော်လည်း မရ၊ ချက်ထားပြီး မစားလျှင် စိတ်မကောင်းဟုဆို၍ မှိတ်ကျိတ် စားကြရသည်။

စားပြီး၍မှ နာရီဝက်ကြာသေး၊ အုံးကျင် အမေ မျက်ရည် စက်လက်နှင့် ရောက်လာသည်။

အုံးကျင် အိမ်မှာ ငိုနေကြောင်း၊ သူ့အိမ်မှာလည်း ချက်ထားကြောင်း၊ သို့သော် သူတို့က ဆင်းရဲ၍ မိုးကျော်တို့ တင်တင်မြင့်တို့အိမ်လောက် ဟင်းမကောင်းသောကြောင့် ဆရာ ဆရာမများ ဟင်းကောင်း စားစေချင်၍ မခေါ်ဘဲ နေရကြောင်း၊ ခုမှ သူ့အိမ်က မကျွေးရသည်ကို ဝမ်းနည်း၍ ငိုနေခြင်းဖြစ်ကြောင်း ပြောပြသည်။

'ကဲ . . . ခင်ဗျားတို့ လိုက်သွားကြ၊ ကျွန်တော်တော့ ဘယ်လိုမှ စားလို့ မရတော့ဘူး'

ဦးသိန်းထွန်းက ရှောင်ထွက်ရန် ကြိုးစားသည်။

'ဟာ . . . မြို့အုပ်မင်း၊ ဒီလိုတော့ ဘယ်ရမလဲ၊ အတူလာကြတာပဲ၊ ခံစရာရှိရင် အတူတူပေါ့'

'ဟုတ်တယ် . . . ဟုတ်တယ်'

ခင်စန်းရီ ပြောသည်ကို ဒေါ်ခင်ငွေးနှင့် ဒေါ်ခင်စန်းက ထောက်ခံသည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ စားနိုင်သလောက် လိုက်စားကြပါ'

တင်တင်မြင့် အဖေကပါ တိုက်တွန်းနေသည်။

'ကဲ . . . မြို့ပိုင်ကြီး၊ လာပါဗျာ လိုက်ခဲ့ပါ'

သုံးအိမ်ပြောင်း၍ သုံးခါစားပြီးတော့ မြို့ပိုင်ကြီးရော ဆရာ၊ ဆရာမများပါ မအီမသာ ဖြစ်နေကြပြီ။

ဆရာမများက မအုံးကျင်တို့အိမ်တွင်လည်းကောင်း၊ မြို့အုပ်မင်းနှင့် မောင်ငြိမ်းချမ်းတို့ ဆရာများက မိုးကျော်တို့အိမ်မှာလည်းကောင်း ထမင်းလုံးစီရန် တစ်ရေးအိပ်ကြရသည်။

အိပ်ရာမှနိုးတော့ မြင့်အောင် စောင့်နေသည်။ သူတို့အိမ်မှာ လက်ဖက်ရည်သောက်ရန် လာခေါ်၍ လိုက်သွားကြရသည်။

ဖန်ခွက်ရှည်ကြီးများနှင့် ထည့်ထားသည့် နွားနို့ခွက်ကြီးများကို မြင်သောအခါ အားလုံး လန့်သွားကြသည်။

'ကြောက်ပါပြီဗျာ၊ နောက်တော့ ခင်ဗျားတို့ ဆရာ ဆရာမအဖွဲ့နဲ့ မလိုက်ရဲတော့ပါဘူး'



မြို့ပိုင်ဦးသိန်းထွန်း စကားကြောင့် အားလုံးရယ်ကြသည်။

ဖန်ခွက်ကြီးများအတွင်းမှ နည်းနည်းစီသာခွဲ၍ တောင်းတောင်းပန်ပန် သောက်ကြရသည်။

'ကျွန်တော် ဒီရွာကို အလုပ်တာဝန်နဲ့ သုံးခေါက် ရောက်ပြီးပါပြီ။ တစ်ကြိမ်ကတော့ ဒီရွာမှာ တစ်နေ့လုံးနေရမှာမို့ မနက်စာ စီစဉ်ပေးဖို့ ရွာလူကြီးတွေကို ပြောရတယ်၊ ကျွန်တော်တစ်ယောက်တည်းအတွက်ပါပဲ'

မြို့ပိုင်ဦးသိန်းထွန်း၏ လေသံနှင့် မျက်နှာ အမူအရာက အလေးအနက် ပြောနေခြင်းဖြစ်၍ မောင်ငြိမ်းချမ်းတို့အားလုံး နားထောင်နေကြပါသည်။

'စီစဉ်ပေးပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ကို ကျွေးတာ တာဝန်အရ ကျွေးတာ၊ ရင်းနှီးအောင် ပေါင်းတတ်လို့ စေတနာပါတယ်ဆိုရင်တောင် အဲဒီစေတနာက တာဝန်နဲ့ တွဲနေတယ်၊ ဆရာ ဆရာမတွေကို ဒီနေ့လို ကျွေးတာကျတော့ တာဝန်မပါဘဲနဲ့ စေတနာနဲ့ အတင်းကိုကျွေးတာ'

ဆရာမလေး သုံးယောက်က ပြုံးနေကြသည်။

'တချို့နေရာတွေမှာ အာဏာရှိတဲ့လူဟာ ဩဇာရှိတယ် . . အားကျစရာတွေ ရှိတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ ဆရာ ဆရာမတွေက စေတနာ မေတ္တာရှင်တွေဆိုတော့ အခုလို တုံ့ပြန်တဲ့စေတနာ မေတ္တာကို မြင်ရတာ သိပ်ကြည်နူးဖို့ကောင်းပါတယ် . . .'

မြို့ပိုင်ဦးသိန်းထွန်း၏စကားကြောင့် ကိုယ့်အလုပ်ကိုယ် မြတ်နိုးဂုဏ်ယူမိခြင်းနှင့်အတူ လူကြီးပီပီ သုံးသပ်ပြောဆိုတတ်သော မြို့ပိုင်ကြီးကိုလည်း ပို၍ လေးစားသွားမိ၏။

□ □ □

စာပေမဂ္ဂဇင်း (၁၉၉၀ နိုဝင်ဘာလ)

# မျက်နှာမွဲကြီး ရယ်လိမ့်မည်

ညွန့်အောင် . . .။

ကျုပ် သူ့ကို သိပ်မုန်းသည်။ နာမည်နှင့်လိုက်အောင် ညွန့်သည်။ လုပ်ပါ . . အောင်မြင်နေချိန်မှာတော့ ညွန့်နိုင်ကြသည်ပေါ့။

လူကဖြင့် အသက်တွက်လျှင် ကျုပ်သား အငယ်ဆုံးလောက်ပင် မရှိ။ မှန်သည်။ ကျုပ်သား အငယ်ဆုံးက အသက်သုံးဆယ် ရှိနေပြီ။

တောတွင်လှရွာကို မူလတန်း ကျောင်းအုပ်အဖြစ်နှင့် သူ ရောက်လာမှ ကျုပ်အတွက် အရှက်တကွဲ အကျိုးနည်းဖြစ်ရသည်။

သူ့ကျောင်းမှာ လက်ထောက်ဆရာ လေးယောက် ရှိပါလျက် နှင့် လေးတန်းကို သူကိုယ်တိုင် သင်သည်။ သူ့ရွာက ကြီး၍ ကျောင်းသားလည်း များသည်။ မိဘများကလည်း စီးပွားရေး အဆင်ပြေ၍ အမြင်ကျယ်ကြသောကြောင့် ကျောင်းသားများက ပညာရေးမှာ စိတ်ဝင်စားသည်။ မနှစ်က လေးတန်းမှာ သူ့ကျောင်းက လူလေးဆယ်

စာမေးပွဲ သွင်းသည်။ တန်းလုံးကျွတ်အောင်သည်။ ယခုနှစ်မှာ ငါးဆယ်ကျော် သွင်းသည်။ တန်းလုံးကျွတ်အောင်သည်။

ညွန့်အောင်၏နာမည် ဟိုးလေးတကျော် ဖြစ်သွားသည်။

အမှန်ကတော့ သူ့ကျောင်းက ကျောင်းသားတွေ အောင်တာ ဘာမျှမဆန်း။ သူ့ကျောင်းသားများက ကျောင်းသားအစစ်တွေ။ ကျောင်းမှန်မှန်တက်သည်။ စာမှန်မှန်ကျက်သည်။ သူက အချိန်ပို ခေါ်လျှင် အားလုံးလာသည်။

ကျုပ်မှာသာ ခက်သည်။

ကြည့်ပါ။ ကျုပ်ရွာနာမည်ကိုက လျှော်နက်ကုန်း။ ရှော်သည်ရော၊ နက်သည်ရော၊ ကုန်းသည်ပါ ဘာတစ်ခုမျှ မကောင်း။ မိဘတွေက လက်လုပ်လက်စား။ တောင်ခြေရွာမို့ တောင်ပေါ်တက်ပြီး ထင်းခုတ်၊ ဝါးခုတ်နှင့် ထမင်းတစ်လုတ် စားရရေး အပြေးအလွှား လုပ်ရသူတွေ။ ပညာရေးကိုလည်း ဘယ်သူမျှ စိတ်မဝင်စား။ စာသင်ကျောင်းပင် ဆောက်မပေးနိုင်၍ ဘုန်းကြီးကျောင်းမှာ ကပ်နေရသည်။

ရွာမှာ အိမ်ခြေကလည်း နည်း၍ ကျောင်းသားလည်း နည်းသည်။ တစ်ကျောင်းလုံးမှ ကျောင်းသား ခြောက်ဆယ်ကျော်။ ဤမျှရှိသည်ပင် ဘုန်းကြီးကျောင်းနှင့်တွဲနေ၍ ဖြစ်သည်။ ဘုန်းကြီး ကျောင်းသားများပါ ပေါင်းပြီး ရေတွက်ထားရသည်။ သူတို့က မနက် ဆိုလျှင် ဘုန်းကြီးအတွက် ဆွမ်းခံထွက်ရသည်။ ပြန်ရောက်လျှင် ဘုန်းကြီးဆွမ်းကပ်ရသည်။ နေ့လယ်ရောက်မှ ကျောင်းသားပီပီ



ဖြစ်ကြသည်။

ကျန်သည့် ကျောင်းသားများကလည်း ဘာမျှမထူး။ မိဘနှင့် ထင်းခုတ်လိုက်ရသည်။ ဝါးခုတ် လိုက်ရသည်။ နွားကျောင်းရသည်၊ ဆိတ်ကျောင်းရသည်။ ကျောင်းဆိုသည်မှာ သူတို့ကို ထမင်းပေးသော နေရာမဟုတ်။ ထို့ကြောင့် တက်ချင်သည့်ရက် တက်ပြီး ပျက်ချင်သည့်ရက် ပျက်ကြသည်။ စာကျက်ဖို့ဆိုသည်ကတော့ အဝေးကြီး။

ကျုပ်လည်း စေတနာရှိပါသည်။ ညွန့်အောင်လို အချိန်ပိုခေါ်ပြီး သင်ချင်ပါသည်။ သို့သော် ကျုပ်ကျောင်းမှာက အချိန်ပိုထား၍ ကျောင်းကိုပင် မှန်မှန်တက်ချင်ကြသည်မဟုတ်။ စာမေးပွဲနီးမှ ကျောင်းမှန်မှန်တက်ဖို့ မနည်းချော့သင်နေရသော အဖြစ်။

သူသင်ရသော ကျောင်းနှင့် သူသင်ပေးရသော ကလေးမျိုး ဆိုလျှင် ကျုပ်လည်း သင်ပြလိုက်ချင်သည်။ ဆရာလုပ်လာတာ အံတိုရုံမက ရှေ့သွားနှစ်ချောင်းပင် ကျိုးကုန်ပြီ။

ကျုပ်ရွာမှာ လူများက အကျိုးအကြောင်း ဆက်စပ်ပြီး ဘာမျှ မသိ။ အထူးသဖြင့် ညီမောင်၊ သူခေါင်းဆောင်ပြီး ကျုပ်ကို ပညာအုပ်ဆီ စာရေးပြီး တိုင်သည်။ လေးတန်းတစ်ယောက်မျှ မအောင်သည်မှာ ၂ နှစ် ရှိပြီဖြစ်ကြောင်း . . .။ သူ့သား အကြီးကောင်ကိုလည်း ညွန့်အောင် ကျောင်းပို့သည်။ သွားပေါ့။ သူက ကုန်စုံဆိုင်ဖွင့်ပြီး ဆင်းရဲသားများကို အမြတ်ကြီးစားနေရ၍ စက်ဘီး ဝယ်နိုင်သည်ကိုး။

သူ့သားက သုံးမိုင်ခရီးကို နေ့စဉ် စက်ဘီးနှင့်သွားတက်သည်။ သား အငယ်က ကျုပ်ဆီမှာ။

ပညာအုပ်က ကျုပ်ကျောင်းကို လာစစ်မည်ဟုဆိုသည်။ လာပေါ့၊ စစ်ပေါ့။ ကျုပ်ကလည်း မိဘများ အသုံးမကျပုံ။ ကလေးများကို ကျောင်းမှန်မှန် မလွှတ်ပုံ၊ ကလေးများပညာ သင်ကြားရေးမှာ စိတ်မဝင်စားပုံ စုံနေအောင် ပြောရမည်။ ဤကြားမှပင် အလုပ်ဖြုတ်လျှင်လည်း ဖြုတ်ပေါ့။ ကျုပ်ပင်စင်သွားဖို့ သုံးနှစ်သာ လိုပါတော့သည်။ သူ မဖြုတ်နိုင်ပါဘူး။ ကျုပ် လုပ်ခဲ့သည်က အများကြီး၊ ကျုပ်လည်း အရင်က နာမည်ကောင်း ရခဲ့သည်မှာ အများကြီး။

ခုမှ ညွန့်အောင် ... ညွန့်အောင်နှင့် ဆရာညွန့်အောင် ဖြစ်နေကြသည်။ ဟင်း .. ဟင်း သူက နာမည်သိပ်ကြီးနေသည်။ မြို့နယ်ကလည်း ချီးမွမ်း၊ ဆုတွေပေး။ ရွာကလည်း ချီးမွမ်း၊ ဆုတွေ ပေး။

ကျုပ်ရွာကတော့ ကျုပ်ကို အပြင်းအထန် ရှုတ်ချပြီး ညွန့်အောင်ကို အကြီးအကျယ် ချီးမွမ်းနေကြသည်။ ယခုနှစ်တွင် စက်ဘီးမရှိသော ကလေးနှစ်ယောက်ပါ ညွန့်အောင် ကျောင်းသို့ ပြောင်းသွားကြသည်။ သုံးမိုင်ခရီးကို ခြေကျင်သွားသည်။ ဧရာမ သူရဲကောင်းလေးများ ...။ သုံးတန်းအထိ ကျုပ် သင်ခဲ့ရသည်မို့ နှမြောစရာတော့ အကောင်းသား။ တော်လည်း တော်ကြသည်။ ကျုပ်က ယခုနှစ်မှာ သူတို့နှစ်ယောက်ကို အားကိုးထားသည်။ သူတို့က



ညွန့်အောင်ကျောင်းသွားကြပြီ။ သိပ်နာသည်။ ကျုပ်ကျောင်းမှာ နေလျှင်လည်း အောင်မည့်ကလေးများ။ ညွန့်အောင်က အချောင် နာမည်ရဦးမည်။ ကျုပ်ဆီမှာ ကျန်ခဲ့သည့် လေးတန်းနှစ်ယောက်က တကယ့် ခဲမှုးစေ့တွေ။ မည်မျှပင် လက်ပူအောင် ပွတ်သော်လည်း မပြောင်မလက်နိုင်သူတွေ။ ကျုပ် နာမည် ထပ်ပျက်ဦးမယ်။

တောတွင်လှရွာကို ညွန့်အောင် ရောက်လာကတည်းက ကျုပ်အတွက် နာမည်ပျက်ဖို့ချည့်ဖြစ်နေသည်။ ကျုပ် ညွန့်အောင်ကို မုန်းသည်။ သိပ်မုန်းသည်။

× × ×

ယနေ့ ပညာအုပ် လာမည်။ စာသင်ခန်းများကို ကျောင်းနှင့် တူအောင် တတ်နိုင်သမျှ ပြင်ဆင်ထားရသည်။

ဆရာတော် ဘုန်းကြီးက အားပေးပါသည်။ ပညာအုပ်လာလျှင် ကျောင်းသားများ ကျောင်းမှန်မှန် မတတ်ကြောင်း၊ မိဘများက လက်လုပ်လက်စားဖြစ်၍ ပညာရေးမျက်စိ မပွင့်ကြောင်း သူပြောပေးပါမည်ဟု ဆိုသည်။

သို့သော် ရွာသူရွာသား မိဘများကလည်း ယနေ့မှ ညီမောင် ခေါင်းဆောင်ပြီး တက်ကြွနေကြသည်။ ပညာအုပ်ကို ဧည့်ခံရန် နွားနို့၊ လက်ဖက်ရည်ချို၊ ရေနွေးကြမ်းနှင့် မုန့်ချပ်များ ပဲလှော်သုပ်များ

အဆင်သင့် လာပို့ကြသည်။ ကျုပ်ပင် ဘာမျှ လုပ်စရာမလို။ ကျောင်းကိုလည်း စုံစုံညီညီ ရောက်လာနေလိုက်ကြသေးသည်။

သူတို့မိဘများ တာဝန်ကျေပါသည်။ တက်တက်ကြွကြွရှိပါသည်ဟု သက်သေပြနေကြသယောင်။

ကျုပ်ကိုတော့ ကျောင်းမှန်မှန်မတက်သော ဆရာ၊ စာကောင်းကောင်းမသင်သော ဆရာ၊ ကလေးများ၏ပညာရေးမှာ စိတ်မဝင်စားသောဆရာဟု တိုင်ထားကြသည်။

လုပ်လိုက်ကြစမ်း . . .။ သည်စစ်ပွဲမှာ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့တော့မည်။

× × ×

လာပြီ၊ ပညာအုပ် ဦးခင်ရွှေ။ စက်ဘီးများနှင့် နောက်လိုက်က သုံးယောက်ပါသေးသည်။

တောက် . . . ဒီကောင်လေး မုန်းပါတယ်ဆိုမှ အသံမြည်အောင် လေလည်လိုက်သေး . . . ဆိုသည်မျိုး ဖြစ်နေပြီ။ မကြည့်ချင်မှ မြင်လျက်သား။

ညွန့်အောင် ပညာအုပ်နှင့်အတူ ပါလာသည်။

သူ စက်ဘီးပေါ်က ဆင်းဆင်းချင်း ကျုပ်ကို ပြုံးပြသည်။ ကျုပ် ပြန်မပြုံးရုံသာမက မျက်နှာကိုပိုတင်းပြလိုက်သည်။



မှတ်ထား . . .။

သူ့မျက်နှာ ဘယ်လိုဖြစ်သွားသည် မသိ။ ကျုပ် ထပ်မကြည့်။

သူ့ကို ချီးမွမ်းပြီး ကျုပ်ကို ကဲ့ရဲ့ရှုတ်ချမည့်ပွဲမှာ မင်္ဂလာယူဖို့ လာသည်ကို ကျုပ်သိသည်။

ပညာအုပ် ဦးခင်ရွှေ၏ မျက်နှာကလည်း မာရုံမက၊ တင်းလွန်း၍ ပြတ်ထွက်တော့မည်။

ညီမောင်တို့ လူသိုက်က ပညာအုပ်နှင့် သူ့နောက်ပါဆရာများကို နွားနို့တိုက်ကြ၊ မုန့်ကျွေးကြနှင့် ပျာနေသည်။

ညွန့်အောင် ကျောင်းပေါ် တက်သွားပြီး ဘုန်းကြီးကို ကန်တော့သည်။ စည်းရုံးရေး ကျမ်းကျေသည်။ ခဏအကြာတွင် ဘုန်းကြီးနှင့်အတူ ကျောင်းပေါ်မှ ဆင်းလာကြသည်။

သူ့ကိုတွေ့သည်နှင့် ညီမောင်တို့လူစု ပျာပျာသလဲ ဖြစ်နေကြသည်။ နွားနို့တိုက်သူ၊ လက်ဖက်ရည်တိုက်သူ၊ မုန့်ကျွေးသူနှင့် ပညာအုပ်ထက်ပင် ဂရုစိုက်နေလိုက်ကြသေးသည်။

စားသောက်ပြီးကြသည်နှင့် အစည်းအဝေးစသည်။ ဘုန်းတော်ကြီးက ခေါင်းရင်းဘတ်မှာထိုင်ပြီး နားထောင်နေသည်။

ပညာအုပ်က အရင်ဆုံး စကားပြောသည်။ ကျုပ်နှင့် ပတ်သက်၍ တိုင်စာရကြောင်း၊ ဦးစွာ မိဘများဘက်မှ ပြောစရာရှိသည်များကို ပွင့်ပွင့်လင်းလင်း ပြောစေချင်ကြောင်း လမ်းဖွင့်ပေးလိုက်သည်။ ကျုပ်ကို မညာမတာ ဝိုင်းဆော်ကြရန် အချက်ပြလိုက်ခြင်း

ဖြစ်ကြောင်း ကျုပ်သိပါသည်။ ဤအစည်းအဝေးမှာ ကျုပ်က မျက်နှာမွဲကြီးဖြစ်သည်။

ပညာအုပ် ပြန်ထိုင်တော့ ညွှန့်အောင်က ပညာအုပ်နားကပ်ပြီး တီးတိုးတီးတိုးနှင့် သဖန်းပိုး လုပ်နေသည်။

'ဟင်း . . . အနားပြာ ကပ်ပါးကောင် . . .'

ဤလုပ်ပုံမျိုးကို ကျုပ် သိပ်စက်ဆုပ်သည်။

သူက အများရှေ့မှာ မတ်တတ်ထလိုက်သည်။ မတ်တတ်ထရန်၊ ပြောရန် တပြင်ပြင် ဖြစ်နေသော ညီမောင်တို့ လူသိုက်ပြောခွင့်မရသေးဘဲ သူ့ကို လှမ်းကြည့်နေကြသည်။

'ရွာက မိဘတွေ မပြောခင် ကျွန်တော် အရင်ပြောပါရစေ'

သူက ခွင့်တောင်းသည်။

ရွာသားများက သူ့ကို သဘောကျနေကြသည်။

သူနှင့် ဘာမျှမဆိုင်။ ကျုပ် ထပြီး ကန့်ကွက်ရန် ကြံသေးသည်။ သို့သော် ပညာအုပ် ဦးခင်ရွှေကပါ သဘောတူကြောင်း ခေါင်းညိတ်ပြရင်း ကျုပ်ကို လှမ်းကြည့်၍ ငြိမ်နေလိုက်ရသည်။

ကျွန်တော်နဲ့ တိုက်ရိုက်တော့ မဆိုင်ပါဘူး။ သွယ်ဝိုက်တဲ့နည်းနဲ့တော့ ဆိုင်ပါတယ်၊ မိဘတွေ မပြောခင် ကျွန်တော် ပြောသင့်တယ်ထင်လို့ပါ . . .

'ဆရာကြီး ဦးသိန်းထွန်း ကျောင်းက လေးတန်းတစ်ယောက်မှ မအောင်တာ နှစ်နှစ်ရှိပြီ၊ ကျွန်တော့်ကျောင်းကတော့ တန်းလုံးကျွတ်



အောင်တာ နှစ်နှစ်ရှိပြီ . . .'

နားထောင်ရင်း ဒေါသဖြစ်လွန်း၍ ကျုပ် တစ်ကိုယ်လုံး ပူလာသည်။ မျက်လုံးများ မီးဝင်းဝင်းတောက်နေမည် ထင်သည်။

ကျုပ်သာ နဂါးဖြစ်လျှင် ညွှန့်အောင် ပြာဖြစ်သွားပြီ။ သူကတော့ ကျုပ်ကို လှည့်၍ပင်မကြည့်။ ရွာသားများကိုသာ ကြည့်ပြီးဆက်ပြောသည်။ ညီမောင်တို့ လူသိုက်က ခေါင်းတညိတ်ညိတ်နှင့်စိတ်ဝင်စားနေကြသည်။

'ဒီတော့ မိဘတွေက ကျွန်တော့်ကျောင်းက တော်တယ်၊ ဆရာကြီးဦးသိန်းထွန်းကျောင်းက ညံ့တယ်လို့ ထင်ကြလိမ့်မယ်။ ကျောင်းချင်း အခြေအနေချင်း ကွာခြားတာကို ထည့်မတွက်ဘဲ အဲဒီလိုပြောရင် မှားလိမ့်မယ် . . .'

ကျုပ် မျက်တောင်နှစ်ချက်ဆင့်ပြီး ခတ်လိုက်မိသည်။

သူ ဘာပြောမှာပါလိမ့်။

သူက ဆက်ပြောသည်။

'ကျွန်တော့်ကျောင်းမှာ ကျွန်တော်အပါအဝင် ဆရာငါးယောက်ရှိတယ်။ သူငယ်တန်းကနေ စတုတ္ထတန်းအထိ ဆိုတော့ အတန်းငါးတန်း၊ တစ်ယောက် တစ်တန်းစီ တာဝန်ယူပြီး သင်ရတယ်။ ဒါတောင်ဆရာ ဆရာမ တစ်ယောက်ယောက် ကျောင်းပျက်ရင် ကျွန်တော်တို့မနိုင်တော့ဘူး။ ဆရာတစ်ယောက်က နှစ်တန်းပေါင်း ကိုင်နေရပြီ။ ဒီဘက်အတန်းသင်ရင် ဟိုဘက်အတန်းက ဆော့ကြ၊ ရန်ဖြစ်ကုန်ကြ

ပြီ။ ဒါနဲ့ ဟိုဘက်အတန်းကို ပြေးရပြီ။ ဒီဘက်အတန်းက ဆူသံ၊ လဲပြိုကျသံ၊ ငိုသံ ယိုသံတွေ ထွက်လာပြီ။ ဒီဘက်တစ်ခါ ပြေးရပြန်ပြီ။ မနိုင်ဘူး မောနေတာပဲ . . .'

ပညာအုပ် ဦးခင်ရွှေ ခေါင်းညိတ်နေသည်။ သူလည်း ကျောင်းဆရာက လာသူပဲ။ သိပြီးသား ဖြစ်ရမည်။

'အဲဒီတော့ စဉ်းစားကြည့်ကြပါ။ ဆရာကြီး ဦးသိန်းထွန်းရဲ့ ကျောင်းမှာ အတန်းငါးတန်းရှိတာမှ ဆရာကြီးက တစ်ယောက်တည်းရယ်၊ လူနည်းပေမယ့် အတန်းကတော့ ငါးတန်းခွဲရတာပဲ။ ဆရာကြီး၊ ဘယ်လို သင်ရမလဲ။ ဒီအထဲမှာ ကျောင်းသားတွေကလဲ မိဘတွေနဲ့ အတူ ထင်းခုတ်လိုက်ရ၊ ဝါးခုတ်လိုက်ရ၊ နွားကျောင်းရ၊ ဆိတ်ကျောင်းရ၊ ကျောင်းကိုလာချင်တဲ့နေ့လာ၊ မလာချင်ရင်နေ ဆိုတာမျိုး ဖြစ်နေတဲ့ အကြောင်း ဆရာတော်ကလဲ ပြောပါတယ်'

ခေါင်းရင်းမှာ ထိုင်နေသော ဘုန်းတော်ကြီးက ခေါင်းညိတ်ပြသည်။

'ဒီကျောင်းမှာ ကျွန်တော်သင်ရရင်လဲ တစ်ယောက်မှ အောင်မှာ မဟုတ်ပါဘူး။ ဒီကျောင်းမျိုးမှာ စိတ်ရှည်ရှည်နဲ့ တစ်ယောက်တည်း သည်းခံပြီး သင်နေတဲ့ ဆရာကြီးကို ချီးကျူးလေးစားဖို့ ကောင်းပါတယ်။ ကျွန်တော်သာဆိုရင် ဒီလောက်ကြာကြာ သည်းခံနိုင်မယ်တောင် မထင်ပါဘူး။ ဆရာကြီး ဦးသိန်းထွန်းကို အခု ကျွန်တော်သင်နေတဲ့ကျောင်းပို့ပြီး လေးတန်းအသင်ခိုင်းကြည့်ပါလား။



သေချာပါတယ်။ တန်းလုံးကျွတ်အောင်မှာပဲ။ တစ်တန်းတည်း တာဝန်ယူပြီး ဖိဖိစီးစီး သင်ရတာ ဘာမှမခက်ပါဘူး . . .'

ကျုပ် သက်ပြင်း ချလိုက်မိသည်။ သူပြောမှ ကိုယ့်ဘဝကို ပိုပြီး သနားနေမိသည်။

'အဲဒါကို ခွဲခြားမကြည့်ရင် မိဘတွေက ဆရာကြီးကိုချည့် အပြစ်မြင်မှာ စိုးလို့ပါ။ ဒီနှစ်ဆိုရင် ဒီရွာက နှစ်ယောက် ကျွန်တော့် ကျောင်းကို ပြောင်းလာတယ် . . .၊ အဲဒီနှစ်ယောက်ရဲ့ အခြေအနေ ကိုကြည့်တော့ လက်ရေးလက်သားလဲ ကောင်းတယ်။ သင်္ချာလဲ တော်တယ်၊ ဆရာကြီးက စနစ်ကျကျ သင်ပေးထားတယ်ဆိုတာ တွေ့ရတယ် . . .။ မှန်တဲ့အတိုင်း ဝန်ခံရရင် ကျွန်တော်တို့သင်တာ ဆရာကြီးလောက် စနစ်မကျဘူး။ အဲဒီနှစ်ယောက်က ဒီမှာဆက်နေ ရင်လဲ အောင်မှာပဲ။ အခုတော့ ကျွန်တော်က အံချောင် ကံကောင်း တာပါ . . .'

ကျောင်းသားမိဘများ ငြိမ်တိတ် နားထောင်နေကြသည်။

'မှတ်ကရော . . . အဲဒါ မင်းတို့ အထင်ကြီးတဲ့လူ ပြော နေတာကွ . . .'

ကျုပ်ရင်ထဲမှာ ဝမ်းသာလွန်း၍ မှုန်ရီနေသော ကျုပ်မျက်လုံး များမှာ မျက်ရည်ခိုးများ ဝေဝါးလာသည်။

'ဒီတော့ ပညာအုပ်ကြီးကို အရင်ဆုံး ကျွန်တော် မေတ္တာ ရပ်ခံချင်ပါတယ်။ ဖြစ်နိုင်ရင် ဆရာကြီးရဲ့ကျောင်းကို အနည်းဆုံး

လက်ထောက်ဆရာတစ်ယောက် အမြန်ပို့ပေးစေချင်ပါတယ်။ ကျောင်းသားခြောက်ဆယ်ကျော်ဆိုတော့ နှစ်ယောက်ခွဲတမ်းလဲ ဝင်နေပါတယ်။ နောက်ပြီး မိဘတွေကိုလဲ ကျွန်တော် တောင်းပန်ချင်ပါတယ်။ ဖြစ်သမျှဆရာကြီးကိုချည့် အပြစ်ပုံမချကြပါနဲ့။ မိဘတွေကလဲ ကျောင်းသားကို ပညာတော်စေချင်ရင် ကျောင်းမှန်မှန်လွှတ်ဖို့ အိမ်မှာ စာမှန်မှန်ကျက်အောင် ခိုင်းဖို့လိုပါတယ်။ နွားကျောင်း၊ ဆိတ်ကျောင်း ခိုင်းစရာရှိရင် ကျောင်းပိတ်ရက်မှ ခိုင်းကြပါ။ ကျောင်းသားတွေ ကျောင်းမှန်မှန်တက်မယ်၊ စာမှန်မှန်ကျက်မယ်ဆိုရင် ကျွန်တော် ပြောရဲပါတယ်။ ဒီကျောင်းလဲ အောင်ချက်ကောင်းမှာ သေချာပါတယ်'

သူ ထိုင်သွားပါပြီ။

ပညာအုပ်က မိဘများကို ပြောစရာရှိလျှင် ပြောကြဖို့ ထပ်ပြောနေပါသည်။ သို့သော် မည်သူမျှ မပြောကြတော့ပါ။ အားလုံးငြိမ်နေသည်။

ထိုအချိန်မှာပင် ဘုန်းတော်ကြီးက မိဘများပညာရေးကို စိတ်မဝင်စားကြကြောင်း၊ ကလေးများကို ကျောင်းမှန်မှန်မလွှတ်ဘဲ စာမေးပွဲမအောင်မှ ဆရာကို အပြစ်တင်ကြကြောင်းပြောပြီး ဆူပါသည်။ ငေါက်ပါသည်။

ခုမှ မိဘများလည်း ဝန်ခံကြသည်။ ကလေးများကို ကျောင်းမှန်မှန်လွှတ်ပါမည်ဟု ကတိပေးကြသည်။

ပညာအုပ်ကလည်း ဦးညွန့်အောင် ပြောသည်မှာ မှန်ကြောင်း



ထောက်ခံပြီး ယခု စာသင်နှစ်အတွင်းမှာပင် ဆရာမတစ်ယောက် အမြန်ဆုံး ပို့မည်ဖြစ်ကြောင်း ကတိပြုသည်။

ကျုပ် တောင်းခဲ့သည်မှာ ကြာပါပြီ။ မရခဲ့။ ကျုပ်ကို အပြတ်ချေမှုန်းကြမည့်ပွဲတွင်မှ ကျုပ် အချီးမွမ်းလည်း ခံရသည်။ ကျုပ်အတွက် အလွန်လိုအပ်နေသော လက်ထောက်ဆရာ တစ်ယောက်လည်း ရတော့မည်။

ဤပွဲသည် ကျုပ်အတွက် အောင်ပွဲ။

ကြည့်ထားကြ။ အကောင်းဆုံးဖြစ်အောင် သင်ပြလိုက်ဦးမည်။ ပင်စင်ယူရန် သုံးနှစ်သာ ကျန်သည်ကိုပင် နှမြောမိသည်။ ဖြစ်နိုင်လျှင် မသေမချင်း သင်ပြလိုက်ချင်သေးသည်။

ကျုပ်နှင့် မျက်စောင်းထိုးနေရာ ခပ်လှမ်းလှမ်းမှာရှိသော ဆရာညွန့်အောင်ကို လှမ်းကြည့်လိုက်မိသည်။ မိဘများ ငှဲ့ပေးထားသော ရေနွေးကြမ်းပူပူ တစ်ခွက်ကို မှုတ်သောက်နေသည်။

ကျုပ်သားလောက်သာ ရှိသေးသည်မှာ မှန်သော်လည်း ကျုပ် သူ့ကို လေးစားသွားပါပြီ။

အပြောင်းအလဲမြန်သည်ဟု ကျုပ်ကို အပြစ်ပြောချင်လည်း ပြောကြပါတော့ ခင်ဗျား . . . ။

❑ ❑ ❑

# ကျေးဇူးရှိလျက် အဆပ်ခက်

တောင်သာမြို့နယ် မဂ္ဂဇင်းအတွက် မြန်မာစာပါမောက္ခ ဦးအောင်သောင်းက စာမူတောင်းသည်။ ဦးအောင်သောင်းက တောင်သာမြို့သား။ ကျွန်တော်နှင့်မန္တလေးတက္ကသိုလ်မှာ ကျောင်းနေဖက်။ သို့သော် သူက (၂)တန်းကြီးပါသည်။

အတော်ပါပဲ။ တောင်သာမြို့နယ်အတွင်းမှာ ရှိနေသော ငယ်ဆရာကို ရှာဖွေနေချိန်ဖြစ်သည်။

ဤမဂ္ဂဇင်းသည် တောင်သာမြို့နယ်အတွင်းမှာ ပျံ့နှံ့သွားလိမ့်မည်။ ဆရာ့ကိုသိသူ ဖတ်မိလျှင် ဆရာနှင့် အဆက်အသွယ်ရလိမ့်မည်။ အကြောင်းကြားပေးပါရန် ဖုန်းနံပါတ်နှင့် လိပ်စာထည့်ပေးလိုက်မည်။

'ပျောက်သောသူ ရှာလျှင်တွေ့' ဟု ဆိုသည် ပျောက်သောဆရာကို ရှာခဲ့သည်။ ယနေ့တိုင် မတွေ့သေး။

ကျေးဇူးရှင်ဆရာကို တွေ့ချင်သည်။ ဆရာ့ထံမှ နောက်ဆုံး



ရသောစာသည် ၁၉၇၁ ခုနှစ်က ဖြစ်၏။ တောင်သာမြို့နယ် အတွင်းမှာ မူလတန်းကျောင်းအုပ်နှင့် အငြိမ်းစားယူသည်။ သူ့အိမ်ကလေး ဆောက်ရာတွင် အမိုးအတွက် ငွေလိုနေကြောင်းနှင့် ထောက်ပံ့ရန် စာရေးလိုက်ခြင်းဖြစ်သည်။

စာရချိန်မှာ ကျွန်တော်လက်ထပ်ပြီးစ အကြွေးတင်နေသော အချိန်။

လင်ရော မယားပါ လခစားဘဝ။ တစ်လ တစ်လ ချွေတာသုံးပြီး အကြွေးများ ဖဲ့ဆပ်နေရသည်။

ဆရာ့ကို ထောက်ပံ့ချင်သည်။ မိန်းမကို ဘယ်လိုပြောရပါ့။

သူ သဘောတူပါ့မလား။ သူ မကျေမနပ်ဖြစ်လျှင် . . .

ပြောမည့်အကြံ ပျက်သွားသည်။

ဩော် . . . ဆရာရယ်။

ဆရာ့ကျေးဇူးများကို သတိရမိသည်။ သူ့အလှည့်တုန်းက တာဝန်ကျေခဲ့သည်။ ပညာသင်ပေးရုံမက သားသမီးလို စောင့်ရှောက်ခဲ့သည်။

ဆရာ အကူအညီတောင်းသည်ကို မတုံ့ပြန်နိုင်၍ စိတ်မကောင်းတုံ့ပြန်ချင်သည်။

မတုံ့ပြန်နိုင်မချင်း နေ့စဉ် စိတ်မကောင်းဖြစ်နေရသည်။

နောက်ဆုံးတော့ နေမရ၍ ဇနီးဖြစ်သူကို ဆရာနှင့်ကျွန်တော့် အကြောင်းကို ပြောပြမိသည်။

× × ×

ကျွန်တော်ငါးနှစ်သားမှာ ဖခင်ဆုံးသည်။ ရှစ်နှစ်အရွယ်မှာ အမေက နောက်အိမ်ထောင်ပြုသည်။ ကျွန်တော့်ကို အဖေကြီးနှင့် အမေကြီးက မွေးစားလိုက်ကြ၏။

အဖေကြီးက မူလတန်းကျောင်းအုပ်။ အဖေကြီးကျောင်းမှာပင် ကျွန်တော်ပညာသင်ရသည်။ တတိယတန်းရောက်တော့ အဖေကြီး၏ စာသင်ကျောင်းလေးဖွင့်ခွင့်မရ။ ပိတ်ထားလိုက်ရသည်။

ထိုအချိန်က ရောင်စုံသူပုန်များ သောင်းကျန်းနေကြသော အချိန်။

ကျွန်တော်တို့ရွာကလေးက စဉ့်ကိုင်မြို့မှ အနောက်မြောက်မိုင်ခန့်ဝေးသည့် ဝန်းသိုရွာ။

ကျွန်တော်တို့ရွာမှာ သောင်းကျန်းသူများ အုပ်စိုးမှုအောက်ရောက်နေသည်။

ကျောင်းဆရာဆိုသည်မှာ အစိုးရလခစား၊ အစိုးရလူ၊ အစိုးရသူလျှိုဟု စွပ်စွဲ၍ စာသင်ကျောင်းကို ပိတ်လိုက်သည်။

အဖေကြီးအလုပ်လက်မဲ့ဖြစ်သွားသည်။ ကလေးများ ပညာမသင်ရတော့ပါ။ အဖေကြီးက ကျွန်တော့်ကို ပညာသင်ပေးချင်သည်။

ထိုအချိန်တွင် သဲတော ဝမ်းတွင်းရှိ သိမ်တော်ကျောင်းတိုက်မှာ စာချဆရာတော်ဖြစ်သည့် ဘုန်းတော်ကြီး ကြွလာသည်။ ဘုန်းဘုန်းမှာ အဖေကြီး၏ ညီအရင်းဖြစ်သည်။

အဖေကြီးနှင့်ဘုန်းဘုန်းတို့ ကျွန်တော့်ကိစ္စ တိုင်ပင်ကြဟန်



တူပါ၏။ ဘုန်းဘုန်းပြန်ကြွသောအခါ ကျွန်တော်လိုက်ပါသွားရသည်။

ဘုန်းဘုန်းက ကျွန်တော့်ကို မန္တလေးသို့ ခေါ်သွား၏။ မန္တလေးအရှေ့ပြင် ဘီဘီအိုအေ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများ ကျောင်းမှာ ကျောင်းထားပေးသည်။

မိဘမဲ့ကလေးများ၏ စားဝတ်နေရေးနှင့် ပညာသင်ကြားရေးအတွက် ဆရာတော်ဦးပဝရက တာဝန်ယူဆောင်ရွက်ပေးသည်။

ဘော်ဒါနေ မိဘမဲ့ ကျောင်းသား(၄၀)ခန့်ကို နေ့စဉ် ကျွေးမွေးရေးအတွက် ဆရာတော်မှာ အတော်ပင် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းရှာဖွေရ၏။

အောက်ပြည်အောက်ရွာ ကြွသွားပြီး ဆန်အလှူခံရသည်။ ငါးပိအလှူခံရသည်။ အလှူခံ၍ရသော ငါးပိပိုကြီးများကို မြေအောက်ခန်းမှာ ထားသည်။ မြေအောက်ခန်းသို့ဆင်းလျှင် မခံမရပ်နိုင်အောင် နံစော်လှ၏။

ကျွန်တော်တို့ ကျောင်းဝင်းထဲမှာပင် ကျွန်တော်တို့ကိုယ်တိုင် ဟင်းနုနယ်ပင်၊ ကန်စွန်းပင်များ စိုက်ထားကြသည်။

နေ့စဉ် ငါးပိနှင့်ချက်သော ဟင်းနုနွယ်ဟင်းချို သို့မဟုတ် ကန်စွန်းရွက် ဟင်းချို တစ်ခွက်ပါသည်။

မိဘနှင့်ကင်းဝေး၍ အားငယ်စိတ် လွမ်းဆွတ်စိတ်ကြောင့် ကျွန်တော် ညတိုင်းငိုပါသည်။ စိတ်ကို တင်းထားသော်လည်း မျက်ရည်များက အဆီးအတားမရှိ စီးဆင်းနေကြသည်။

ရှိက်သံကို သူများမကြားအောင် စောင်ကို ခေါင်းမြီးခြုံထား
သည်။

အလွမ်းဆုံးမှာ အမေကြီး၊ အဖေကြီးနှင့် အတူနေ ဦးလေး
ဖြစ်သည်။ ရွာမှာကျန်ခဲ့သော နှမနှင့် ညီကိုလည်း လွမ်းသည်။

အမေ အိမ်ထောင်ပြုကတည်းက အမေကြီး၏ ကြင်နာ
ယုယမှု၊ ပြုစုစောင့်ရှောက်မှု မေတ္တာရိပ်ကို ခိုလှုံခဲ့ရသည်။ အမေကြီးကို
အမေလိုချစ်သည်။

ကျောင်းနေဖို့ သွားရမည်ဆိုတော့ အမေကြီးက ထန်းခေါက်
ဖာလေးတစ်လုံး ဝယ်ပေးသည်။ ကျွန်တော့် အဝတ်အစားက (၃)စုံ
ခန့်သာ ဖြစ်၍ ဖာသေးသေးလေးပင် တစ်ဝက်မရှိ။

ထိုဝတ်စုံလေးများကို အမေကြီးကိုယ်တိုင် လျှော်ဖွပ်ပြီး
အသေအချာ ခေါက်ထည့်ပေးလိုက်ခြင်းဖြစ်သည်။

ပညာသင်ရန် သွားမည့်ကျွန်တော့်အတွက် ဘုရားမှာ
ရေသပ္ပာယ်ပြီး စာတစ်လုံးမှ မတတ်သော အမေကြီးက 'ပညာတို့
အမျိုး ဒိုးကဲ့သို့ မွေ့နိုင်ပါစေ' ဟု ဆုတောင်းပေးလိုက်သည်။

အမေကြီးက ကျွန်တော်ဆာလျှင် စားရအောင် ထန်းလျက်
အပြည့်ပါသော အိုးလေးတစ်လုံးကိုလည်း အဝတ်ဖြူနှင့် စည်းပိတ်
၍ ပိတ်လိုက်သည်။

ဦးလေးက ကျွန်တော် လွယ်သွားနိုင်အောင် ထန်းလျက်အိုး
လေးကို ထန်းလျှော်ကြိုးနှင့် သိုင်းပေးလိုက်သည်။



ညနေတိုင်း တစ်နေ့တစ်ခဲ ယူစားပါသည်။ ဆာ၍မဟုတ်၊
အမေကြီးကို အလွမ်းပြေဖြစ်သည်။

သိပ်လွမ်းလွန်းလျှင် ထန်းခေါက်ဖာလေးနားမှာ သွားထိုင်ရ
သည်။

ဖာ၏အဖုံးပေါ်တွင် ဘဂဝါဟူသော စာလုံးပုံဖော်ထားသည်။
ထန်းခေါက်ဖာလေးကို ဖွင့်လိုက်လျှင် ထန်းဖူးနံ့သင်းသင်းလေး မွှေး
နေဆဲ။

အမေကြီး ခေါက်ထည့်ပေးလိုက်သော ပုဆိုး၊ အင်္ကျီလေးများ
ကိုကြည့်ပြီး မျက်ရည်များ စီးကျလာသည်။

ပုဆိုးတစ်ထည်နှင့် အင်္ကျီတစ်ထည်ကိုတော့ အမေကြီး
ခေါက်ပေးလိုက်သည့် လက်ရာမပျက်စေချင်၍ လုံးဝမဝတ်ဘဲ
ထားလိုက်သည်။

အမေကြီးလက်ရာမပျက် မြင်ရသည်မှာ အမေကြီးအနား
ရောက်နေသလို ခံစားရ၍ ဖြစ်သည်။

တစ်ပတ်ခန့်ကြာသော်လည်း ညအိပ်လျှင် အမေကြီးကို
လွမ်း၍ မျက်ရည်ကျဆဲ။

မိဘမဲ့ကျောင်းသို့ ဘုန်းဘုန်းပို့ထားခဲ့သည်က နွေရာသီ
ကျောင်းပိတ်ထားသောကာလဖြစ်သည်။ ကျောင်းဖွင့်ရက်မဟုတ်၍
စာမသင်ရသေး။

အဖေကြီးက စာကြိုးစားရန်နှင့် အင်္ဂလိပ်စာကို ကျွမ်းကျွမ်း

ကျင်ကျင် တတ်မြောက်အောင် သင်ကြားရန် မှာကြားလိုက်သည်။

စာသင်နေလျှင် အမေကြီးကို အလွမ်းသက်သာမည်ထင်သည်။

တစ်ခါမျှ မသင်ရသေး၍ ဘာမျှမတတ်သော အင်္ဂလိပ်စာကိုသင်ရလျှင် ပို၍ စိတ်ဝင်စားမည် ထင်သည်။

ဆရာတော်ဦးပရဝ၏ လက်ထောက်ဦးပဥ္စင်းတစ်ပါး ရှိသည်။ ထိုဦးပဥ္စင်း အင်္ဂလိပ်စာ သင်ပေးနိုင်မည်ထင်၍ သွားရောက်လျှောက်ထားသည်။

ဦးပဥ္စင်းက အေ၊ ဘီ၊ စီကို ဇက်အထိ ရေးနည်း (၄)မျိုးကို ကျွန်တော့်မှာရှိသော စာအုပ်လေးထဲမှာပင် ညွှန်ပြလိုက်ပါသည်။

'အလွတ်ရအောင် သွားကျက်ခဲ့။ စာလုံး(၄)မျိုးစလုံးလည်း အလွတ်ရေးပြနိုင်ရမယ်။ ဇက်ကနေ ပြန်စပြီး အေအထိ ပြောင်းပြန်လဲ ပြန်ရေးနိုင်ရမယ်။ ငါမေးတဲ့ စာလုံးကို ငါပြောတာနဲ့ ချက်ချင်းရေးပြနိုင်ရမယ်။ အဲဒီလို ရမှ ငါ့ဆီပြန်လာခဲ့။ ထစ်နေတာတို့ ခိုင်းတာကို ရေးမပြနိုင်တာတို့ဆိုရင် ရိုက်မှာနော်။ ကိုယ့်ဘာသာ သေချာမှလာခဲ့ . . . သွားတော့'

အေ၊ ဘီ၊ စီ၊ ဒီ (၂၆) လုံးကို ခဏလေးနှင့် ကျက်၍ရသွားသည်။

ကျွတော့် ဖာလေးထဲမှ အဖေကြီးပေးလိုက်သော ကျောက်သင်ပုန်းနှင့် ကျောက်တံကို ယူပြီး အရေးလေ့ကျင့်သည်။



ပုံနှိပ်စာလုံးအကြီးကို အလွတ်ရေးတတ်သွားပြီ။ အားလုံးဖျက်ပြီး ဇက်မှစ၍ ပြောင်းပြန်အရေးကျင့်သည်။ ရပြီ။ မှားစရာလုံးဝမရှိ။

ပုံနှိပ်စာလုံးအသေး၊ လက်ရေးစာလုံးအကြီး၊ လက်ရေးစာလုံးအသေး၊ အရေးကျင့်သည်။ အလွတ်ရေးသည်။ ဇက်မှစပြီး ပြောင်းပြန်ရေးသည်။ ရပြီ။

ကြိုက်သည့်စာလုံးကို ကြိုက်သည့်ရေးနည်းဖြင့် ကိုယ့်ဘာသာခိုင်းပြီး ရေးကြည့်သည်။ ရသည်။

သေချာအောင် ပြန်ကျင့်ပြန်သည်။

သေချာပြီလား။ မှားလျှင် အရိုက်ခံရမည်။ ကိုယ့်ဘာသာပြန်ဆန်းစစ်သည်။

သေချာပြီ။ မည်သို့မျှ မှားစရာမရှိ။ အရိုက်ခံစရာ အကြောင်းမရှိ။ အားလုံးပေါင်းမှ အချိန် (၂)နာရီခန့်သာ ကြာမည်။

ဦးပဥ္စင်းထံ ပြန်သွားသည်။

'ရပါပြီ ဘုရား၊ အလွတ်ပြန်ပြမလို့'

'ဟေ့ကောင် . . . ဟုတ်မှလုပ်နော်၊ မရရင် ငါက ရိုက်မှာ'

'ရပါပြီ ဘုရား'

'အေး . . . မရရင်တော့ မင်းနာပြီမှတ်'

ဦးပဥ္စင်းက ကြိမ်လုံးယူလိုက်သည်။

အလွတ်ဆိုပြရသည်။ စာလုံးလေးမျိုးလုံး အလွတ်ရေးပြရသည်။

ပြောင်းပြန် အရေးခိုင်းသည်။

'ပုံနှိပ်စာလုံး အသေးနဲ့ အက်စ်ရေးစမ်း'

'လက်ရေးစာလုံးအသေးနဲ့ ဇက်ရေးစမ်း'

'လက်ရေးစာလုံး အကြီးနဲ့ ဂျီရေး'

'ပုံနှိပ်စာလုံးအကြီးနဲ့ အာရ်ရေး'

ဦးပဥ္စင်းက အမျိုးမျိုးခိုင်းပါသည်။ အားလုံးမှန်အောင် ရေးနိုင်ပါသည်။

'တော်ပြီကွာ . . . မင်းက ရတာ မြန်လွန်းတယ်။ မသင်ချင်တော့ဘူး။'

ဦးပဥ္စင်းက တစ်ပတ်လောက်ကြာမည်ဟုထင်ကြောင်း နောက်မှ သိရသည်။ နှစ်နာရီခန့်နှင့် ရသွား၍ ဦးပဥ္စင်း စိတ်ပျက်သွားသည်။

ချီးကျူးခြင်းလည်း မရှိ။ ဆက်ပြီး သင်ပေးခြင်းလည်း မပြုတော့ပါ။

ကျောင်းသားကြီးများကို ချဉ်းကပ်ပြီး ပြောကြည့်သည်။ တစ်ယောက်ကိုတစ်ယောက် ပြောင်း၍ ညွှန်ပြနေကြသည်။

'ဟိုမှာ မောင်ညွန့် သွားခိုင်း'

မောင်ညွန့်ထံ သွားပြောသည်။

'ဟိုမှာ သန်းဘို သွားပြော'

ကိုသန်းဘိုဆီသွားသည်။



'ဟိုက ဆရာကြီး သွားပြောကွာ'

လှေကားဦးမှာ ကြွေပြားခင်းထားသောအခန်းတွင် ကြိမ်ကုလားထိုင်နှင့် သတင်းစာဖတ်နေသော ဆရာကြီးကို ညွှန်ပြသည်။

ဆရာကြီးရှိရာသွားသည်။

သို့သော် အဝင်ပေါက်တံခါးတွင် စာတန်းတစ်ခု ချိတ်ဆွဲထားသည်။

'ကျောင်းသားများ မဝင်ရ' ဟူ၍ ဖြစ်သည်။

ဘာဆက်လုပ်ရမှန်း မသိတော့ပါ။

မူလတန်းကျောင်းအုပ်ဆရာကြီးဖြစ်သော အဖေကြီးက ကျောင်းသူကျောင်းသားများကို ဆုံမစကား ပြောဖူးပါသည်။

'စာမသိလို့ မေးချင်ရင် အိပ်နေတုန်း နှိုးမေး။ ဆရာဆိုတာ စိတ်မဆိုးဘူး။ ဝမ်းသာအားရ သင်ပေးတယ်'

အဖေကြီး စကားကို သတိရ၍ မဝင်ရဆိုသောအခန်းကို ဝင်သွားလိုက်ပါသည်။ သတင်းစာဖတ်နေသော ဆရာကြီးဘေးမှာ ရပ်လိုက်သည်။ ဆရာကြီးက သတင်းစာဖတ်နေရာမှ ကျွန်တော့်ကို မော့ကြည့်သည်။

ဆရာကြီးဟု ဆိုသော်လည်း အသက် (၄၀)ခန့်သာ ရှိဦးမည် ထင်ပါသည်။ ဝတ်ပုံ ဆင်ပုံ သပ်သပ်ရပ်ရပ် ရှိသည်။ ခေါင်းမှ ဘိုကေမှာ ဘဲမြီးဘိုကေ တိုတိုရှင်းရှင်းဖြစ်သည်။

'ကျောင်းသားတွေ ဒီအခန်း မဝင်ရဘူးလို့ စာရေးထားတာ

ဘာဖြစ်လို့ ဝင်လာရတာလဲ . . .'

မျက်နှာတည်သော်လည်း မတင်းပါ။ စူးစမ်းသော အကြည့်နှင့် ကျွန်တော့်ကို ကြည့်နေဆဲ။

'ကျွန်တော် အင်္ဂလိပ်စာ သင်ချင်လို့ပါ။ ကျောင်းသားကြီးတွေ အသင်ခိုင်းတော့ ဆရာကြီးကို အသင်ခိုင်းပြောလို့ပါ . . .'

'မင်းက . . . ကျောင်းသားသစ်ပဲ'

'ဟုတ်ပါတယ်'

ကျွန်တော့်နာမည် မေးသည်။

ကျွန်တော့်လက်ထဲမှ စာအုပ်ကလေးကိုယူပြီး သင်ပေးသည်။ အေဘီစီ ရပြီးသားမို့ စာကြောင်းများကို အသံထွက်မှန်အောင် ဖတ်ပြသည်။ ကျွန်တော့်ကို လိုက်ဆိုခိုင်းသည်။ မသိသော မီးနင်းများ ထုတ်ပေးပြီး ကျက်ရန်ပြောသည်။ ဘာသာပြန်ပြသည်။ ရေးတတ်အောင် အရေးကျင့်ခဲ့ဖို့ ပြောသည်။

အမေကြီး ဝယ်ပေးလိုက်သော ဖာကလေးဘေးမှာ သွားထိုင်ပြီး ဆရာကြီးသင်ပေးလိုက်သော အင်္ဂလိပ်စာကို အကြိမ်ကြိမ် ဖတ်သည်။ ဆရာကြီး၏ အသံထွက်အတိုင်း ထွက်နိုင်အောင် ကြိုးစားသည်။ စာ ငါးကြောင်းသာရှိပါသည်။ ဖတ်ဖန်များတော့ အလွတ်ရသွားသည်။

မီးနင်းများကို ကျက်သည်။ ရပြီ။ ပြန်ရေးသည်။

စာ(၅)ကြောင်းကို အကြိမ်ကြိမ်ပြန်ရေးသည်။ ရေးဖန်များ



တော့ အလွတ်ရေးနိုင်ပြီ။ တစ်နာရီသာသာလောက်မှာ ညက်ညက်ကျေအောင် ရနေပြီ။

နောက်တစ်မျက်နှာ လှန်ကြည့်သည်။ အသစ်သင်ချင်သည်။

သို့ရာတွင် ဆရာကြီးထံ ပြန်မသွားရဲ။ ဤမျှ မြန်မြန်နှင့်ရသည့်အတွက် ပထမဦးပဥ္စင်းလို့ စိတ်ပျက်သွားပြီး ဆက်မသင်တော့မှာ စိုးရိမ်သည်။

ရပြီးသားကိုပင် ထပ်မံ၍ အထပ်ထပ်အခါခါ ဖတ်နေရသည်။

လက်ရေးကိုလည်း လှသည်ထက်လှအောင် အထပ်ထပ်အခါခါ ရေးနေရသည်။

နောက်တစ်နေ့တွင်မှ ဆရာကြီးထံသို့ သွားပြီး ဖတ်ပြသည်။ အလွတ်ရေးပြသည်။ ဆရာကြီးမေးသမျှ မီးနင်းများကို ဖြေနိုင်သည်။

ဆရာကြီးက သင်ခန်းစာအသစ်သင်ပေးသည်။

'ဆရာကြီးခင်ဗျား . . . အများကြီး သင်ပေးလိုက်ပါ'

'ဘာဖြစ်လို့လဲကွ . . .။'

'ဒါလေးဆို ခဏလေးနှင့်ရပြီး အချိန်တွေ ပိုနေလို့ပါ'

'သွား . . . အဲဒါရရင် ချက်ချင်းပြန်လာခဲ့။ မနေ့က သင်ပေးလိုက်တာကို ရသလို ညက်ညက်ကြေအောင် ရရမှာနော်'

ကျွန်တော် ခေါင်းညိတ်ပြသည်။

'ရရင် ပြန်လာခဲ့ . . . ထပ်သင်ပေးမယ်'

ကျွန်တော် အခေါက်ခေါက်ဖတ်သည်။ အကြိမ်ကြိမ်ပြန်ရေးသည်။

သေချာအောင် စာကြောင်းများကို အလွတ်ရွတ်ကြည့်သည်။ ဘာသာပြန်ပြောသည်။ အလွတ်ရေးကြည့်သည်။

၁ နာရီသာသာမှာ ညက်ညက်ကြေအောင် ရပြီ။

ဆရာကြီးထံ ပြန်သွားသည်။

ဆရာကြီးက အသေအချာ စစ်သည်။ ကျေနပ်သည်။

နောက်ထပ် သင်ပေးသည်။

သုံးရက်အတွင်း ပရိုင်မာရီဘွတ်(ခ်)ဝမ်း စာအုပ်ပြီးသွားသည်။ ဆရာကြီးက ဘွတ်(ခ်)တူး ဆက်သင်ပေးသည်။

ဘွတ်(ခ်)တူးပြီးသွားတော့ ကျောင်းဖွင့်လျှင် ကျွန်တော် တတိယတန်းမှာ ပညာသင်ကြားရမည်ဖြစ်၍ ဆရာကြီးက တတိယတန်းမှာ သင်ကြားမည့် အင်္ဂလိပ်စာကို ကြိုသင်ပေးပါသည်။

ထိုအချိန်က မူလတန်းများ အင်္ဂလိပ်စာ မသင်ရသေးပါ။

သို့သော် BBOA ကျောင်း၊ ယခု မန္တလေး အရှေ့ပြင် အမှတ်(၅) အစိုးရအထက်တန်းကျောင်းတွင် မူလတန်းကျောင်းမှာ အင်္ဂလိပ်စာ သင်ပေးပါသည်။

'ပညာတို့အမျိုး ဒိုးကဲ့သို့ မွေ့နိုင်ပါစေ' ဟူသော အမေကြီး တောင်းပေးသည့် ဆုပြည့်ချင်သည်။

ဆရာကြီးက စာကြိုးစားချင်သော ကျွန်တော့်ကို မညည်းမညူ



သင်ပေးသည်။ ဆရာနှင့် ကျွန်တော်ရင်းနှီးနေကြပါပြီ။ ဆရာ့အမည်က ဦးစံလှိုင် . . ။

သူ မန္တလေးမြို့ထဲသို့သွားလျှင် အဖော်အဖြစ် ကျွန်တော့်ကို ခေါ်သွားတတ်သည်။ မိဘမဲ့ကျောင်းမှ ဘူတာကြီးအထိ ခြေလျင် လျှောက်ရသည်။ ဘတ်စ်ကား မရှိသေးပါ။ ရထားလုံး၊ မြင်းလှည်းများ ရှိသည်။ မစီးနိုင်ပါ။

လမ်းတစ်လျှောက်လုံးမှာ ဆရာကြီးက အင်္ဂလိပ်လို ရေးထားသော ဆိုင်းဘုတ်များကို ဖတ်ပြပြီး သင်ပေးပါသည်။ တစ်လမ်းလုံး အင်္ဂလိပ်ဆိုင်းဘုတ်များကို အလွတ်ကျက်သွားရပါသည်။

ဘူတာကြီးကိုကျော်ပြီးလျှင် တရုတ်တန်းမှတစ်ဆင့် ခြေလျင် ဆက်လျှောက်ရသည်။

မြို့ထဲရောက်လျှင် ဆရာကြီးက လက်ဖက်ရည်တိုက်သည်။ ပေါက်စီ သို့မဟုတ် လမုန့်တစ်ခု စားရသည်။

တဖြည်းဖြည်းနှင့်ကာလကြာသည်နှင့်အမျှ ဆရာကြီးသည် ကျွန်တော့်ကို တပည့်တစ်ယောက်လိုသာမက တူသားတစ်ယောက်လို သံယောဇဉ် တွယ်တာလာခဲ့သည်။

ဆရာကြီးမှာလည်း ထိုအချိန်က အလုပ်မရှိ၍ ငွေကြေး ပြည့်စုံခြင်းမရှိပါ။ ဘုန်းတော်ကြီး ဦးပဝရနှင့် သိကျွမ်းရင်းနှီး၍ မိဘမဲ့ ကျောင်းမှာ လာရောက်နေထိုင်ရင်း ကူညီဆောင်ရွက်ပေးနေခြင်း သာဖြစ်သည်။ ဘုန်းတော်ကြီး၏ အဆက်အသွယ်နှင့် အလုပ်လျှောက် ထားသည်

ကျွန်တော်နှင့် ခြောက်လခန့်အတူနေပြီး ဆရာကြီးမှာ မူလတန်းကျောင်းအုပ်အဖြစ် စဉ့်ကိုင်မြို့နယ်မှ တဘက်ဆွဲရွာတွင် ခန့်အပ်ခံရသည်။

ကျွန်တော်နှင့်ဆရာ ဝေးသွားကြလေပြီ။

ကျွန်တော့်မှာ အမေကြီးကို လွမ်းသည့်အပြင် ဆရာ့ကိုပါ လွမ်းရပြန်ပြီ။

အမေကြီးနှင့် ဆရာ့ကို အလွမ်းသက်သာအောင် အချိန်ရှိတိုင်း ကျွန်တော် စာကိုသာ ကျက်နေပါသည်။ သို့သော် ဆရာစာသင်ပေးခဲ့သော နေရာလေးကိုမြင်ရတိုင်း ဆရာ့ကို သတိရသည်။

ဆရာနှင့်အတူ သွားလာခဲ့သော နေရာများကို တွေ့မြင်ရတိုင်း ဆရာ့ကို သတိရသည်။

ဆရာ့ကို ပြန်တွေ့ချင်သည်။ ဆရာ့မျက်နှာကို ကြည့်ချင်သည်။ မိဘနှင့်ဝေးနေ၍ အားငယ်ချိန်မှာ ဆရာ့ကြောင့် အားရှိခဲ့ရသည်။ မိဘမဲ့ကျောင်းတွင် နေရချိန်မှာ ခြောက်လကျော် ခုနှစ်လအတွင်း ရောက်လာပြီမို့ နေသားတကျတော့ ရှိနေပါပြီ။

ဆရာ ပထမဆုံး လခထုတ်ပြီးသည့်နေ့မှာပင် မိဘမဲ့ကျောင်းသို့ ပြန်လာပါသည်။

လွမ်းဆွတ်တုန်း ဆရာပြန်ရောက်လာ၍ ဝမ်းသာအားရဖြစ်မိသည်။ ဆရာလည်း အတော်လွမ်းနေဟန် တူပါသည်။ ကျွန်တော့်ကို သူ့လက်မှ မလွှတ်တော့ပါ။



ဆရာက သူ ပထမဆုံးရသော လခမှ ကျွန်တော့်အတွက် ပိုင်းလော့ဖောင်တိန်တစ်ချောင်း ဝယ်လာပါသည်။

ကျွန်တော့်ဘဝမှာ ပထမဆုံး ရဖူးသော ဖောင်တိန်ဖြစ်ပါသည်။ မီးခိုးရောင် ကနုကမာအကွက်လေးများပါသည့် ဖောင်တိန်ဖြစ်၍ အလွန်လှပါသည်။

ကျွန်တော့်အနေနှင့် ဖောင်တိန်တစ်ချောင်း ပိုင်ဆိုင်ရန် မမျှော်လင့်ရဲပါ။ ဖောင်တိန်လေးကို ကျွန်တော် အလွန်တန်ဖိုးထားပါသည်။

ကျွန်တော်ချစ်သော ဆရာကပေးသော ဖောင်တိန်ဖြစ်၍ အမြတ်နိုးဆုံး ပစ္စည်းလည်း ဖြစ်ပါသည်။

ထိုအချိန်က ဆယ့်တစ်ကျပ်ခွဲသာတန်သည်။ ဆရာက မင်အိုးနှင့် မင်စုပ်တံလေးပါ ဝယ်လာပေး၍ ဆယ့်သုံးကျပ်လောက်ကျပါသည်။

ဆရာရသည့် လခမှာ ၁၂၆ ကျပ်သာဖြစ်၍ ဆရာ့လခ၏ ဆယ်ပုံတစ်ပုံခန့် ဖြစ်ပါ၏။

တစ်ညသာအိပ်ပြီး နောက်တစ်နေ့မှာ ဆရာ ပြန်သွားပါသည်။ ဆရာ့ကို မပြန်စေချင်သေးပါ။ ဆရာလည်း ကျွန်တော်နှင့်အတူ နေချင်ပါသေးသည်။ သို့သော် ကျောင်းဖွင့်ရက်ဖြစ်၍ သူ့တပည့်များကို စာသင်ရဦးမည်။ စိတ်ထားကောင်း၍ စေတနာကောင်းသော ဆရာ့တပည့်အဖြစ် ဆရာ့ထံမှ ပညာသင်ရသော ကျောင်းသူကျောင်း

သားများကို အားကျစိတ် ဖြစ်မိသည်။

ကျေးဇူးရှင် ဆရာ့ကို ကျွန်တော့်ဘဝမှာ ဘယ်တော့မျှ မမေ့နိုင်ပါ။

× × ×

'အဲဒီဆရာ . . . အခု ဘယ်ရောက်နေလဲ'

ကျွန်တော့် ငယ်ဘဝနှင့် ဆရာ့အကြောင်း ပြောပြပြီးသည်နှင့် ကျွန်တော့်ဇနီးက စိတ်ဝင်စားစွာ မေးပါသည်။

ထိုသို့မေးမှ ဆရာ မူလတန်းကျောင်းအုပ်အဖြစ်မှ ပင်စင်ယူပြီးဖြစ်ကြောင်း၊ တောင်သာမြို့နယ်ထဲမှ ရွာလေးတစ်ရွာမှာနေကြောင်း၊ အိမ်ထောင်ကျကာ ကလေးများရ၍ ဆင်းရဲချို့တဲ့ကြောင်း၊ ထရံကာ သက်ကယ်မိုး အိမ်ကလေးဆောက်ရာမှာ အမိုးမမိုးနိုင်၍ တတ်နိုင်သမျှ ကူညီထောက်ပံ့ရန် စာရေးလိုက်ကြောင်း ကျွန်တော်က ပြောပြပါသည်။

'အိမ်အမိုးမိုးဖို့ ငွေဘယ်လောက်လိုမှာလဲ . . .'

'နှစ်ရာလောက်ဆိုရင် လောက်မယ်ထင်ပါတယ်'

'သုံးရာ ပို့ပေးလိုက်ပါ'

'ဘာပြောတယ် . . . မင်း တကယ်ပြောတာလား'

ကျွန်တော် သိပ်ကို ဝမ်းသာသွားသည်။



'တကယ်ပြောတာပေါ့ . . .။ ကိုယ့်အပေါ် ဒီလောက်ကျေးဇူးကြီးတာ နည်းတောင်နည်းသေးတယ်။ မင်္ဂလာဆောင်တဲ့အကြွေးသာ ဆပ်မနေရရင် ဒီထက်တောင် ပိုပေးသင့်သေးတယ်'

ကျွန်တော့်ဇနီးက ပြတ်သားပါသည်။ ကျွန်တော့်ဇနီးကို ကျေးဇူးတင် လေးစားခြင်းနှင့်အတူ ပို၍မြတ်နိုးစိတ် ဖြစ်ရသည်။

ထိုအချိန်ကား ၁၉၇၁ ခုနှစ်ဖြစ်၍ ကျွန်တော်တို့ လင်မယားနှစ်ယောက်ပေါင်းလစာမှာ ခြောက်ရာကျော်မျှ ဖြစ်ပါသည်။ ထိုအချိန်က ဆီတစ်ပိဿာမှ ရှစ်ကျပ်ဖြစ်ပါသည်။

ဇနီး၏ခွင့်ပြုချက်ရ၍ ဝမ်းသာပြီးမှ ဝမ်းနည်းစရာဖြစ်ရသည်။

ဆရာ့ထံငွေပို့ရန်အတွက် ဆရာ့စာကို လိုက်ရှာသည်။ စာထားသည့်နေရာမှာ ရှာမတွေ့ရတော့ပါ။

တစ်အိမ်လုံး နှံ့နေအောင်ရှာပါသည်။ ဘယ်မှာမှ မတွေ့တော့ပါ။

ကျွန်တော်မကျေနပ်။ ညနေရုံးမှ အိမ်ပြန်ရောက်တိုင်း ဆရာ့စာကို ရှာသည် မတွေ့ရပါ။

အိမ်မှာ ခေတ္တာနေသွားသည့် တူမလေးများ အိမ်သန့်ရှင်းရေးလုပ်ရာမှာ ပါသွားပြီဟုသာ ယူဆရသည်။

တောင်သာမြို့နယ်ထဲမှာရှိသည်ဟုသာ သိရသည်။ မည်သည့်ရွာဆိုသည်ကို မမှတ်မိ။

မလှိုင်မြို့မှ သိကျွမ်းရင်းနှီးသူများထံသို့ စာရေးအကူအညီတောင်းသည်။ ပြန်ကြားစာ မရ။

ပင်စင်လစာ ထုတ်ရာတွင် မလွဲမသွေ ဆက်သွယ်ဆောင်ရွက်ရမည်ထင်သော မြို့နယ်ပညာအုပ်ထံသို့ စာရေးအကူအညီတောင်းသည်။ ပြန်ကြားစာ မရ။

ဤသို့ ဆက်သွယ်ရှာဖွေရင်း သုံးနှစ်ခန့်ကြာသွားသည်။ ဆရာ့အိမ်လေး မိုးပြီးလောက်နေပါပြီ။

သို့သော် ဆရာ့ကို ထောက်ပံ့ချင်၍ ဆက်လက်စုံစမ်းရှာဖွေဆဲ။

တောင်သာမြို့နယ်သား ဦးဖေသန်းနှင့်တွေ့သည့်အခါ သူ့ကိုပြောပြသည်။ သူက တောင်သာသွားစရာရှိသည်။ မရရအောင် စုံစမ်းရှာဖွေပေးမည်ဟု ကတိပြုသည်။

ဦးဖေသန်း တောင်သာသို့ ပြန်သွားသည်။ တစ်ပတ်ခန့်ကြာပါသည်။ ပြန်လာသောအခါ စုံစမ်းသော်လည်း မရကြောင်း ပညာအုပ်ကို မေးသော်လည်း မသိကြောင်း ပြောပါသည်။

လွယ်သည်ထင်လျက် ခက်ရသည်။

ဆရာက သူ ပထမဆုံးရသည့် လစာ၏ ဆယ်ပုံတစ်ပုံကို ပိုင်းလော့ဖောင်တိန်တစ်ချောင်းဝယ်၍ ကျွန်တော့်ကို ပေးခဲ့သည်။

ပညာလည်း သင်ပေးခဲ့သည်။ စားကောင်းသောက်ဖွယ်လည်း ကျွေးခဲ့သည်။ အားငယ်နေချိန်မှာ မေတ္တာအကြင်နာနှင့် နွေးထွေးစွာ စောင့်ရှောက်ခဲ့သည်။

သို့သော် . . .



ကျွန်တော့်အလှည့်ကျတော့ တင်ပေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်ဖြစ်နေရသည်။

ခုနေမှား ဆရာရှိနေဦးမည်၊ တွေ့ရဦးမည်ဆိုလျှင် ဆရာ့ကျေးဇူး ဆပ်ချင်လှပါသည်။

ထိုအကြောင်းကို 'ပျောက်သောဆရာ ရှာဖွေလျက်' ဟူသော ခေါင်းစဉ်ဖြင့် တောင်သာမြို့နယ် မဂ္ဂဇင်းမှာ ရေးလိုက်သည်။

× × ×

စာအုပ်ထွက်ပြီး မကြာမီပင် လူငယ်တစ်ဦးအိမ်ရောက်လာသည်။ တောင်သာမှဖြစ်ကြောင်း၊ သို့သော် ရန်ကုန်မှာနေကြောင်း ဆရာကြီးဦးစံလှိုင်ကို သိကြောင်း လာပြောသည်။

'ဆရာ . . အခု ရှိသေးတယ်မို့လား . . .'

ဝမ်းသာအားတက် မေးမိသည်။

ကွယ်လွန်သွားပြီမှာ (၂)နှစ်ခန့်ရှိပြီဖြစ်ကြောင်း လူငယ်က ပြန်ပြော၍ ဝမ်းနည်းကြေကွဲဖြစ်ရသည်။

'ဪ ဆရာရယ် . . .'

နောက်ထပ်လည်း တောင်သာမြို့နယ်မှစာများ ရောက်လာပါသည်။ များသောအားဖြင့် အငြိမ်းစား ကျောင်းဆရာကြီးများဖြစ်ကြပါသည်။

အဆက်အသွယ်ရပြန်တော့လည်း ဆရာက ကွယ်လွန်ခဲ့လေပြီ။

ကျွန်တော့်အလှည့်ကျတော့ ဆရာ့ကျေးဇူးကို တုံ့ပြန်နိုင်ခွင့်မရခဲ့ပါ။

'တင်ပေဖူးသည့် ကျေးဇူးရှိလျက် အဆပ်ခက်' ဖြစ်ခဲ့ရလေပြီ။

□ □ □

# ပြစ်ဒဏ်

မနေ့က တောင်ငူမြို့ အ. လ. က(၂)သို့ ကျောင်းအုပ်ဆရာကြီး ဦးစံလှိုင်ရောက်လာသည်။ ညနေပိုင်းမှာ ကျောင်းသားများ ဘောလုံးကန်သည်ကို ဆရာကြီး ကွင်းဘေးမှာရပ်ပြီး ခဏကြည့်သည်။ ဆရာကြီးနှင့်အတူ ဆရာဦးလှထွန်း၊ ဆရာမဒေါ်မြင့်ဌေး၊ ဒေါ်ခင်စိုးတို့ရှိသည်။

ဆရာကြီးတို့ရှိရာသို့ ဌေးဦး လှမ်းကြည့်လိုက်သည်။ ဆရာကြီး သူ့ကို သိစေချင်သည်။ ထူးထူးခြားခြား မှတ်မိစေချင်သည်။

'ဘာလုပ်ရမလဲ'

ဌေးဦးစဉ်းစားသည်။ ထိုအချိန်တွင် သူ့ထံသို့ ဘောလုံးရောက်လာသည်။ ဌေးဦး စိတ်ကူးရသွားသည်။

ဘောလုံးကို တစ်ဖက်အသင်းဘက်သို့ မကန်ဘဲ ကိုယ့်ဘက်မှ ဂိုးဆီသို့ ဆွဲယူလာသည်။

'ဟေ့ကောင် . . . ဌေးဦး ဘာလုပ်တာလဲကွ . . ဟေ့ကောင် မလုပ်နဲ့ . . .'

သူ့ဘက်မှ လူများအော်ဟစ်ပြောဆိုနေစဉ်မှာပင် ငွေဦးက ကိုယ့်ဂိုးကိုယ် ကန်သွားလိုက်သည်။

ဂိုးသမားကလည်း အံ့အားသင့်ပြီး ကြည့်နေသည်။

'ဟာ . . . ဒီကောင်ကွာ . . .'

ဘောလုံးကဂိုးတိုင်မှန်ပြီး ဘေးထွက်သွားသည်။

'ဟေ့ကောင် . . . မင်း ဘာလုပ်တာလဲ . . ထွက်ကွာ မပါနဲ့ . . . သွား . . .'

သူ့ဘက်မှလူများ ဝိုင်းဆူကြ၊ ပြောကြ၍ ငွေဦးထွက်လာခဲ့ရသည်။

ဆရာကြီးနှင့် ဆရာမများရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဆရာကြီးကို ဆရာဦးလှထွန်းက ပြောပြနေသည်။ ဝေးလွန်း၍ ဘာပြောမှန်းမသိ။

× × ×

ယနေ့တော့ ငွေဦး ဆရာကြီးနှင့်ထိပ်တိုက်ရင်ဆိုင်တွေ့ရတော့မည်။ တတိယတန်းမှ ခင်ပြည့်ကို ငွေဦးဆောင့်တွန်း၍ ဖင်ထိုင်လဲကျသွားသည်။ ငွေဦးက ပဉ္စမတန်းမှဖြစ်သည်။ တကယ်ဆို တတိယတန်းဆရာမကို တိုင်သင့်သည်။ သို့သော် ဒုတိယတန်း ဆရာမ ဒေါ်ခင်စိုးက ခင်ပြည့်ကိုခေါ်၍ ကျောင်းအုပ်ကြီးရုံးခန်းသို့



သွားပြီး ဆရာကြီးကိုတိုင်သည်။

ငွေဦး နောက်မှလိုက်ခဲ့သည်။ ဆရာကြီးရုံးခန်းနားရောက်သော် ဒေါ်ခင်စိုးအသံကို အပြင်မှကြားရသည်။

'ဒီကောင်လေးက သိပ်ဆိုးတာ ဆရာကြီး ဒီကျောင်းမှာ သူက လူဆိုးလုပ်နေတာ။ ဘယ်သူ့မှမကြောက်ဘူး။ ကျွန်မတို့ ဆရာ ဆရာမအားလုံး သူ့ကို မရိုက်ဘူးတဲ့လူ မရှိဘူး။ ဘယ်လိုရိုက်ရိုက် ဘယ်တော့မှ မကြောက်ဘူး။ ပြောင်းသွားတဲ့ဆရာကြီးဆို ရက်ရက်စက်စက်ရိုက်တာ၊ မျက်ရည်တစ်စက်မကျဘူး။ အခုလဲ ဆရာကြီး အသစ်ဆိုပြီးစမ်းတာ သာမန်လောက်ရိုက်ရင်တော့ သူကကြောက်မှာ မဟုတ်ဘူး။ ဆရာကြီး အစကတည်းက သူ့ကို ဦးကျိုးအောင် ချိုးထားမှ ရမှာ . . .

ဆရာမ ဒေါ်ခင်စိုးက တွန်းတွန်းထိုးထိုး ဦးချိုးခိုင်းနေသည်ကိုကြားရ၏။ ငွေဦးပြုံးလိုက်သည်။ မဲ့ပြုံး။

သူ့ကို ဆရာကြီး ခေါ်နေတယ်လို့ ရုံးခန်း လွှတ်လိုက်ရမှာလား ဆရာကြီး . . .'

ဒေါ်ခင်စိုး၏ လွှတ်ချင်စိတ်ကို ဖော်ပြနေသောအမေးဖြစ်၏။

'လွှတ်လိုက်ပါ . . .'

ဒေါ်ခင်စိုးနှင့် ခင်ပြည့် ဆရာကြီးရုံးခန်းမှထွက်လာသည်။ အပြင်မှာရပ်နေသော ငွေဦးကို တွေ့သည်။

'နင့်ကို ဆရာကြီး ခေါ်ခိုင်းလိုက်တယ်။ ရုံးခန်းထဲမှာ ဆရာကြီးရှိတယ် . . .'

ဒေါ်ခင်စိုးက ပြောပြီး ထွက်သွားသည်။

ဌေးဦး ဆရာကြီးရုံးခန်းထဲ ဝင်သွားသည်။

'မင်းနာမည် ဌေးဦးလား'

ဆရာကြီးက မေးသည်။

ဌေးဦး ခေါင်းညိတ်ပြသည်။

'ပါးစပ်က ဖြေ'

ဆရာကြီးလေသံက မာသည်။

'ဟုတ်ပါတယ်'

'ဟုတ်ရင် လက်ပိုက်ထား . . .'

ဌေးဦး လက်ပိုက်လိုက်သည်။

'မင်း တတိယတန်းက မိန်းကလေးကို တွန်းလား ထိုးလား လုပ်တယ်ဆိုတာ ဟုတ်သလား'

'ဟုတ်ပါတယ်'

ဌေးဦးက မညာ။ မှန်သည့်အတိုင်း ဝန်ခံသည်။

'မင်း ဘာလို့ အဲဒီလိုလုပ်ရတာလဲ . . .'

'သူက အဲဒီအတန်းမှာရှိတဲ့ ကျွန်တော့်ညီမလေးကို လုပ်လို့ပါ'

'ဒါဆိုရင် ဆရာမတိုင်ရမှာပေါ့ကွ၊ မင်းဆရာမ တိုင်လား'

'မတိုင်ပါဘူး'

'မင်း ပြောသလိုဆိုရင် အဲဒီကလေးမရဲ့အစ်ကိုက သတ္တမ



တန်းမှာရှိတယ်ဆိုပါစို့ကွာ။ မင်းထက်လဲအားကြီးတယ်၊ မင်းကို ဖင်ထိုင်ကျအောင်တွန်းထိုးမယ် . . .။ မင်းကျေနပ်မလား . . .'

ဌေးဦး ဘာမျှမဖြေ။

'မင်းက ဒီကျောင်းမှာ လူဆိုးလား . . .'

ဆရာကြီးမေးသည်က ပုံမှန်အသံဖြစ်သည်။ ဌေးဦး ဘာမျှ မဖြေ။

'လူဆိုး ဆိုတဲ့စကားနဲ့ ကျောင်းသားနဲ့ မလိုက်ဖက်ပါဘူး ကွာ . . .၊ ငါ့တပည့်ကို လူကောင်း လူလိမ္မာ၊ ကျောင်းသားပဲ ဖြစ်စေ ချင်တယ် . . .။'

ဆရာကြီးက ဌေးဦးကို လှမ်းကြည့်သည်။ ဌေးဦး ဘာပြန်ပြောရမှန်းမသိ။ သို့သော် 'ငါ့တပည့်' ဟု ပြောသည်ကိုတော့ သဘောကျသလို ခံစားရသည်။ အရင်က သူ့ကို ဘယ်သူမှ ငါ့တပည့် ဟု မခေါ်ဘူးပါ။

'လူကောင်း လူလိမ္မာ မဖြစ်ချင်ဘူးလား'

ဌေးဦးကို ကြည့်၍ ဆရာကြီး၏အမေး

'ဖြစ်ချင်ပါတယ်'

ဌေးဦး၏အဖြေ။

'ကျောင်းသားကောင်း တစ်ယောက်ရော မဖြစ်ချင်ဘူးလား'

ဖြစ်ချင်ပါတယ် . . . .

ဆရာကြီးက စားပွဲပေါ်မှာ အသင့်ရှိနေသော ကြိမ်လုံးရှည်

ကြီးကို လှမ်းကြည့်လိုက်သည်။

ဤကလေးသည် အကြိမ်ပေါင်းများစွာ အရိုက်ခံရပြီးပြီ။ အရိုက်ခံရမည်ကို ကြောက်ဟန်မတူ။ ကျောင်းသားဆိုးဖြစ်ရသည်ကို ဂုဏ်ယူနေဟန် တူပါသည်။ မနေ့က ညနေ ဘောလုံးပွဲမှာပင် ဤကလေးကို သတိထားမိခဲ့သည်။ တိုင်သောဆရာမကလည်း ယခင်ဆရာကြီးထက်ပိုပြီး လက်သံပြောင်မှ ကျေနပ်မည့်သဘော။

'ငါ ဘယ်လိုလုပ်ရမလဲ . . .'

ဆရာကြီး စဉ်းစားသည်။

'ကဲ . . . ကြာပါတယ်ကွာ . . . မင်းမှာ အပြစ်ရှိသလား ပြော . . .'

ဆရာကြီးမေးပုံက အသံပြတ်နှင့်ဖြစ်သည်။

ဆရာကြီးကို ဒွေးဦးလှမ်းကြည့်လိုက်သည်။

'ပြောလေ . . .'

'ဟုတ်ကဲ့ . . . ရှိပါတယ်'

ဒွေးဦး ဝန်ခံလိုက်သည်။

'အပြစ်ရှိတယ်ဆိုရင်တော့ အပြစ်ပေးရမှာပေါ့ကွာ . . .'

ဆရာကြီးက စားပွဲပေါ်မှကြိမ်လုံးရှည်ကြီးကိုကောက်ယူပြီး မတ်တပ်ထလိုက်သည်။ အရိုက်ခံရတော့မည်ဟု ဒွေးဦး နားလည်လိုက်သည်။ ဆရာကြီးက အရပ်ရှည်သည်။ အရွယ်ကလည်း အရွယ်ကောင်း၊ ခွန်အားလည်းကောင်းပုံရသည်။ ယခင်ဆရာကြီးထက်ပင်



ပိုပြီး ရိုက်ချက် လက်သံပြောင်လိမ့်မည်ဟု ဒွေးဦး မျှော်လင့်ထားလိုက်သည်။

'ဆရာပေးတဲ့ ပြစ်ဒဏ်ခံမလား . . .'

ဆရာကြီး၏အမေးကို ဒွေးဦး မဖြေဘဲနေလိုက်သည်။ ဖြေရန်မလိုဟု ထင်သောကြောင့်ဖြစ်သည်။

'ပြောလေ . . ဆရာပေးတဲ့ ပြစ်ဒဏ်ခံလား . . .'

ဆရာကြီး စိတ်မရှည်ဖြစ်သွားဟန် တူပါသည်။ မေးသည့်လေသံက မာသည်။

'ခံပါ့မယ် . . .'

ဒွေးဦး မဖြေချင်သော်လည်း ဖြေလိုက်ပါသည်။

'အဲဒီနေရာက ထွက်လိုက်။ ဒီဘက်ကိုလာ . . .'

ဆရာကြီးက သူ့လက်မှကြိမ်လုံးရှည်နှင့်စားပွဲဘေးနေရာလွတ်သို့ ညွှန်ပြသည်။ ဒွေးဦး နားလည်လိုက်ပါပြီ။ စားပွဲဘေးမှ ကွက်လပ်ကျယ်မှာ အားပါးတရ ရိုက်တော့မည်ဟူ၍ -

ဆရာကြီး ညွှန်ပြရာ စားပွဲဘေးသို့ ဒွေးဦးသွားပါသည်။ ဆရာကြီးအသစ်၏လက်ရာကို မမှန်းဆနိုင်သေး၍ ရင်ထဲမှာ တုန်လှုပ်လျက် -

ဒွေးဦးက ရပ်မိသည်နှင့် အရိုက်ခံရန် အသင့်အနေအထားဖြင့် အံကိုတင်းတင်းကျိတ်လိုက်သည်။ လက်ကိုတင်းတင်း ပိုက်လိုက်သည်။ တကိုယ်လုံးမှ အကြောအချင်များကိုလည်း တင်းထားလိုက်

သည်။ သူ့အတွေ့အကြုံအရ ဤသို့တင်းတောင့်ထားလျှင် အသားပေါ်သို့ကျလာသော တုတ်ချက်ကို ခံနိုင်သည်။

ဆရာကြီးက တုန်ကိုကိုင်လျက် ငွေဦးဘေးသို့ လျှောက်လာသည်။

'မောင်ငွေဦးကို ဆရာ ဘယ်လိုအပြစ်ပေးမလဲဆိုရင် .. ဟိုမှာကြည့် -

ဆရာကြီးက သူ့လက်ထဲမှာကြိမ်လုံးဖြင့် ပြတင်းပေါက်အပြင်သို့ ညွှန်ပြသည်။

'ဟိုစက္ကူစုတ်အဖြူလေး နေရာမှာ ဘန်ဒါပင် (ဘာဒန်ပင်) တစ်ပင်စိုက်ပေးပါ။ မနက်နေပူရင် ဆရာကြီးအခန်းကပူနေတယ်။ အဲဒီအပင်ကို မင်းရှင်အောင်စိုက်၊ ရှင်အောင် ရေလောင်း . . .။ အဲဒါမင်းကို ဆရာကြီးပေးတဲ့အပြစ်ဒဏ်ပဲ . . .။ ဆရာကြီး ရုံးခန်း အရိပ်ရအောင် သစ်ပင်လေးစိုက်ပေး . . .'

ငွေဦး ဘယ်လိုမျှ မျှော်လင့်မထားသော အပြစ်ပေးခြင်းဖြစ်၏။

'ဘယ်လိုလဲ .. စိုက်ပေးနိုင်မလား . . .'

ဆရာကြီးက မေးသည်။

'ပေးနိုင်ပါတယ် . . . ဆရာကြီး . . .'

ငွေဦး ဝမ်းသာအားရ ဖြေသည်။

× × ×



ဘာဒန်ပင်မှာ ငါးပေခန့်ရှိ၍ ငွေဦးအရပ်ထက်ပင်မြင့်သည်။ ဆရာကြီးရုံးခန်း အရိပ်မြန်မြန်ရစေချင်၍ တက်နိုင်သမျှ ကြီးသော အပင်ကို လိုက်ရှာခြင်းဖြစ်သည်။ အဖေကြီး၏ခြံထဲမှ ရခြင်းဖြစ်သည်။ ဆရာကြီးအပြစ်ပေးပုံကို ပြောပြ၍ အဖေကြီး သဘောကျပြီး သူကိုယ်တိုင် အမြစ်များပါအောင် ဂရုတစိုက် တူးပေးသည်။ မြေးအဖိုးနှစ်ယောက် ညနေပိုင်း နေအေးချိန်တွင် ဆရာကြီးပြသော နေရာလေးမှာ ဘာဒန်ပင်လေးကို ကျင်းတူး စိုက်ပျိုးနေကြသည်။ မြေဆွေးထည့်သည်။ ရေလောင်းသည်။

နောက်တစ်နေ့မနက် ဆရာကြီး ကျောင်းလာသောအခါ သူပြသောနေရာမှာ စိမ်းစိုရှင်သန်နေသော ဘာဒန်ပင်လေးကို တွေ့ရသည်။

ဘာဒန်ပင်လေးက ဆရာကြီး မျှော်မှန်းထားသည်ထက် ပို၍ အရွယ်ကြီးနေသည်။ ဘေးမှာ ဝါးခြမ်းကလေးများပတ်လည်ရံ၍ ခြံခတ်ထားသည်။ ခွင့်ဝတ်ကြေမဟုတ်၊ အသေအချာလုပ်ထား၍ ဆရာကြီး အံ့သြနေသည်။

ဆရာကြီးက ကျောင်းသားတစ်ယောက်ကို ပဥ္စမတန်းမှ ငွေဦးခေါ်လာရန် ပြောသည်။ မကြာမီပင် ဆရာကြီး၏ရုံးခန်းသို့ ငွေဦးရောက်လာသည်။

'မောင်ငွေဦး ဒီအပင်ကို မင်း ခုမနက် စိုက်လိုက်တာလား'

'မဟုတ်ပါဘူး ဆရာကြီး မနေ့ညနေက စိုက်တာပါ . .'

'ဆရာက ဒီလောက်အပင်ကြီးကြီးရဖို့ မမျှော်လင့်ပါဘူးကွာ'

'မင်း အပင်က ဆရာထင်တာထက် ပိုကြီးနေတယ်'

'ဆရာကြီးရုံးခန်း အရိပ်မြန်မြန်ရစေချင်လို့ပါ . . '

ငွေဦး ပြောပုံက ရိုးရိုးလေးဖြစ်၏။ သို့သော် သူ့စိတ်ထားကို ဖော်ပြနေသည်။

ဆရာကြီးက ဘာဒန်ပင်လေးဆီသို့ လှမ်းကြည့်ရင်းမှ -

'ငါ့တပည့်လုပ်ထားတာက ပေးတဲ့အပြစ်ဒဏ်ကို တာဝန်ကျေဆိုတာမျိုးမဟုတ်ဘူးကွာ၊ စေတနာပါတယ်။ မင်းဟာ လူဆိုးမဟုတ်ရုံမကဘူးကွ၊ လူကောင်း၊ လူလိမ္မာကျောင်းသားကောင်းတစ်ယောက် ဖြစ်သွားပြီ' ဟု ပြောလိုက်သည်။

ဆရာကြီး၏ ချီးကျူးစကားသည် ငွေဦးရင်မှာ ထူးခြားစွာ ခံစားရသည်။ ယခင်က ဤသို့ ချီးကျူးသည်ကို တစ်ခါမျှ မခံခဲ့ရ။ အဆူ အပြော အမာန် အငေါက် အရိုက် အနှက် အမျိုးမျိုးသာ ခံနေရသည်။

ဆရာကြီးက တပည့်ဖြစ်သူ ငွေဦးအနီးသို့လျှောက်လာသည်။

'ငါ့တပည့်အတွက် ဆရာဝမ်းသာဂုဏ်ယူပါတယ်။ ငါ့တပည့်က ဆရာထင်တာထက် ပိုပြီး လိမ္မာလွယ်တဲ့ကလေးပဲ။ ဆရာကြီးတစ်ယောက်ထဲ မဟုတ်ဘူး၊ ကျန်တဲ့ ဆရာ၊ ဆရာမတွေပါ ငါ့တပည့်ကို ချစ်ခင်လာကြအောင် လိမ္မာတဲ့ကျောင်းသား ဖြစ်လိုက်စမ်းပါ . . . '



ဆရာကြီးက တိုက်တွန်းစကားပြောရင်း ငွေဦး၏ခေါင်းကို သူ၏လက်ဖြင့် ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။ ဆရာကြီး၏ မေတ္တာစကားနှင့် ကြင်နာသောအပြုအမူကြောင့် ငွေဦးရင်မှာ ကြည်နူးစွာ ခံစားရခြင်းနှင့်အတူ မျက်လုံးအိမ်မှမျက်ရည်များ ပါးပေါ်သို့ စီးကျလာ၏။ ပြင်းထန်စွာ အရိုက်ခံရစဉ်က တစ်စက်မျှမကျခဲ့သောမျက်ရည် ကြင်နာသည်ကို ကြည်နူးမှုကျရသည်။ ငွေဦးရင်ထဲမှာ ဆုံးဖြတ်လိုက်သည်။

'ဆရာကြီးဖြစ်စေချင်သလို၊ ဆရာ၊ ဆရာမအားလုံး ချစ်ခင်အောင် လိမ္မာတဲ့ ကျောင်းသားတစ်ယောက် ဖြစ်စေရမည်' ဟူ၍ -

□ □ □

# ခိုင်းချင်ခိုင်းပါစေ

ငြိမ်းမောင် ငယ်စဉ် (၁၀)နှစ်အရွယ်မှာ မန္တလေးမြို့ ဘီဘီအိုအေ မိဘမဲ့ကျောင်းတွင် နေခဲ့ရ၏။ ငြိမ်းမောင် (၅)နှစ်အရွယ်မှာ ဖခင်ကွယ်လွန်သည်။ (၉)နှစ်အရွယ်မှာ အမေ နောက်အိမ်ထောင်ပြုသည်။ ငြိမ်းမောင် အဖေကြီး၊ အမေကြီးနှင့် နေရ၏။

အဖေကြီးက ငြိမ်းမောင်တို့ တန်းတောရွာလေးမှာ မူလတန်းကျောင်းအုပ်။ သို့သော် ငြိမ်းမောင်တို့ရွာလေးမှာ ကွန်မြူနစ်များ ကြီးစိုးနေသောကာလဖြစ်၍ စာသင်ကျောင်းဖွင့်ခွင့်မရ။ ငြိမ်းမောင်ကို အဖေကြီး၏ညီ သိမ်တောင်ဆရာတော်က လာခေါ်၍ မန္တလေးမြို့ ဘီဘီအိုအေ မိဘမဲ့ကျောင်းမှာ အပ်နှံပေးခြင်းဖြစ်သည်။

ဘီဘီအိုအေ မိဘမဲ့ကျောင်းဘော်ဒါအုပ်မှာ ဆရာတော် ဦးပဝရဖြစ်သည်။ ဆရာတော်သည် ဘီဘီအိုအေ မိဘမဲ့ကျောင်းကို တည်ထောင်၍ မိဘမဲ့ကလေးများ ပညာသင်ကြားခွင့်ရအောင် ကူညီ



စောင့်ရှောက်သူဖြစ်သည်။ မိဘမဲ့ကျောင်းသားများ၏ စားဝတ်နေရေးကို ဆရာတော်က တာဝန်ယူရသည်။

ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်သီး၊ အာလူးမှစ၍ ရနိုင်သမျှ ဆရာတော် အလှူခံသည်။ အောက်ပြည်အောက်ရွာ ကြွသွားပြီး ပြန်လာလျှင် ငါးပိများကို ပုံးလိုက်ရအောင် အလှူခံလာသည်။ နှစ်ပေါက်အောင်ထားပြီး မိဘမဲ့ကျောင်းသားများ စားရသည်။

ဆရာတော်ကိုကြည့်လျှင် အမြဲတမ်း အလုပ်များနေသည်။ မိဘမဲ့ကျောင်းသားများ၏ စားဝတ်နေရေးအတွက်သာမက၊ စာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်ရေး၊ ကျောင်းသုံးပရိဘောဂပြည့်စုံရေးအားလုံးကို ဆရာတော်က တာဝန်ယူဆောင်ရွက်ပေးရသည်။ ထို့ကြောင့် ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများအားလုံး ဆရာတော်ကို ရိုသေလေးစားကြသည်။

မောင်ငြိမ်းချမ်း တတိယတန်းကျောင်းသားအရွယ်က ဆရာတော်၏အသက်မှာ (၅၀)ကျော်ဖြစ်သည်။ အသားဖြူသည်၊ အရပ်ငါးပေခွဲခန့်ရှိ၍ ရွှေကိုင်းမျက်မှန်တပ်ထားသည်။ ပိန်ပိန်ပါးပါးဖြစ်သည်။ သွားလာလှုပ်ရှားမှု သွက်လက်မြန်ဆန်သည်။ သင်္ကန်းဝတ်ထားပုံက သပ်သပ်ယပ်ယပ်မရှိ။ ဖိုသီဖတ်သီဖြစ်၏။ စကားပြောလျှင်လည်း မြန်သည်။ ဘာပြောမှန်းပင်မသိ။ အသေအချာနားထောင်ရသည်။

ဆရာတော်ကို မိဘမဲ့ကျောင်းသားများအားလုံး ကြောက်ရွံ့

ရှိသေကြသည်။ သို့သော် ငြိမ်းမောင် မှတ်မိသမျှ ဆရာတော် မည်သူ့ကိုမျှ မရိုက်ဘူးပါ။ ဆူရုံငေါက်ရုံနှင့် ကြောက်ကြခြင်းဖြစ်သည်။ ဆူစရာရှိလျှင်တော့ အလွန်ဆူသည်။ အစကမှ စကားပြောမြန်၍ နားမလည်ရသည့်အထဲ ဒေါသတကြီးပြောလျှင် ဗလုံးဗထွေးဖြစ်လာ၍ ဘာမျှနားမလည်တော့ပါ။ ထိုအခါ ဆရာတော် ဒေါသပိုကြီးပြီး ပိုရှုပ်ကုန်ပါသည်။

မိဘမဲ့ဘော်ဒါမှ ကျောင်းသားများသည် ဖြစ်နိုင်သမျှ ဆရာတော်နှင့် မတွေ့အောင်ရှောင်ကြသည်။ ဆရာတော်၏ ထူးခြားချက်မှာ တွေ့လိုက်သည်နှင့် တွေ့သူကို တစ်ခုခုခိုင်းသည်။ တွေ့ပါလျက်နှင့် မခိုင်းဘဲ အလွတ်ပေးသည်ဟု တစ်ခါမျှ မရှိဘူးပါ။ ထို့ကြောင့် ဆရာတော်နှင့် လမ်းမှာရင်ဆိုင်ကြုံတွေ့လျှင် ကျောင်းသားများ ဝေးဝေးကလွတ်အောင် ရှောင်ပြေးကြသည်။

ကျောင်းသားကြီးများက မောင်ငြိမ်းချမ်းကို လမ်းမှာ ဆရာတော်နှင့်တွေ့လျှင် ဝေးဝေးကလွတ်အောင်ရှောင်ရန် ပြောကြသည်။

ငြိမ်းမောင်က ဘာခိုင်းမည်ကိုသိချင်၍ မရှောင်ဘဲသွားသည်။ ငြိမ်းမောင်ကို မြင်သည်နှင့် သူ့ဘော်ဒါကျောင်းသားမှန်း ဆရာတော် သိသည်။

'ဟဲ့ ကောင်လေး . . . လာစမ်း'

ငြိမ်းမောင် သွားနေရာမှ ရပ်လိုက်သည်။

'ဟိုမှာတွေ့လား . . . လမ်းဘေးမှာအုတ်ခဲတွေ . . . အဲဒါ



တွေအားလုံးသယ်ပြီး ဟိုဝင်းထဲက တည်ပင်ခြေရင်းမှာ အသေအချာစုပုံပြီး စီထပ်ထားလိုက် . . .'

'တင်ပါ့ဘုရား . . .'

ငြိမ်းမောင် တစ်ညနေလုံး အလုပ်များသွားပါသည်။ ကိုယ့်ခိုင်းသည်မဟုတ်၍ ကျန်သည့်လူများကလည်း ဘယ်သူမျှ မကူညီကြပါ။ ခိုင်းသူသာလုပ်ရသည်။

နောက်သုံးရက်ခန့်တွင် လမ်းမှာရင်ဆိုင်ကြုံရပြန်သည်။ ရှေ့မှသွားသူများ ဆရာတော်ကိုမြင်သည်နှင့် ကွေ့ပတ်ရှောင်သွားကြသည်။ တချို့ဆိုလျှင် တစ်ခုခု မေ့ကျန်ခဲ့ဟန်နှင့် နောက်ပြန်လှည့်သွားကြသည်။

ငြိမ်းမောင် ဆရာတော်ကိုမြင်တွေ့ချိန်တွင် ဘေးသို့ရှောင်သွားရန် လမ်းခွဲမရှိ။ နောက်ကြောင်းပြန်လှည့်သွားရမည်ကိုတော့ မလုပ်ချင်။ ဆရာတော်ကို မရိုမသေလုပ်ရာကျမည်။ မရိုးသားသူ၊ လူလည်လုပ်သူဟုလည်း အထင်ခံရမည်မှာစိုးသည်။ မရှောင်တော့ပါဘူးဟု ဆုံးဖြတ်လိုက်သည်။

'ခိုင်းချင်လဲခိုင်းပါစေတော့ . . . ခိုင်းစရာလဲ ရှိချင်မှရှိမှာပါ'ဟု သဘောထားပြီး ရိုရိုသေသေလက်ပိုက် ခေါင်းငုံ့လျက် ဆရာတော်၏ဘေးမှ ဖြတ်လျှောက်သွားရသည်။

ဆရာတော်ကို လွန်သွားပြီ။

ဒီတစ်ခါတော့ လွတ်သွားပြီဟု ထင်လိုက်သည်။

'ဟဲ့ . . ကောင်လေး . . . လာအုံး . . .'

ဆရာတော်က နောက်မှ လှမ်းခေါ်၍ ပြန်လှည့်သွားရသည်။

'ဟိုမှာ ဝါးလုံးတွေ တွေ့လား'

မြက်ခင်းထဲမှ ပြန့်ကျဲလဲကျနေသော ဝါးလုံးများကို ဆရာတော် ညွှန်ပြသည်။

'ကြာရင် ဆွေးကုန်လိမ့်မယ် . . . ဟိုကုက္ကိုပင်ခွနေရာမှာ စီပြီး ထောင်ထားလိုက် . . .'

'ကောင်းပါပြီ ဘုရား . . .'

ငြိမ်းမောင် သွားမည့်ကိစ္စ မသွားရတော့ပါ။ မြက်တောထဲမှ ဝါးလုံးများကို တစ်လုံးချင်းယူပြီး ကုက္ကိုပင်ခွကြားမှာ သွားထောင်ရသည်။ ကျောင်းဆောင်တစ်ဆောင် ဆေးသုပ်စဉ်က ငြမ်းဆင်ခဲ့သော ဝါးလုံးများဖြစ်ပါသည်။

ငြိမ်းမောင်ထက် အသက်ကြီးသော စတုတ္ထတန်းမှ ကျောင်းသား နှစ်ယောက်ထပ်ရောက်လာပါသည်။ ဘယ်နေရာမှာ ဆရာတော်နှင့် တွေ့လာသည်မသိ။ ငြိမ်းမောင်ကိုကူ၍ ဝါးသယ်ရန် ခိုင်းလိုက်ခြင်း ဖြစ်သည်။ (၅)လုံးစီခန့် သစ်ပင်မှာထောင်ပြီး ပြန်ထွက်သွားကြသည်။ ငြိမ်းမောင်ကတော့ ပြီးသည်အထိ ဆက်လုပ်လိုက်ပါသည်။

နောက် (၁၀)ရက်ခန့်တွင်တစ်ကြိမ် ထပ်ကြုံပြန်သည်။ ညနေပိုင်း (၁၅)မိနစ်ကျောင်းဆင်းချိန်မှာ ဘော်ဒါဆောင်သို့ ပြန်လာခြင်းဖြစ်သည်။ တစ်ယောက်တည်းမဟုတ် အားလုံး (၅)ယောက်။



စစ်အတွင်းက ဗုံးကျပျက်စီးသွားသော နှစ်ထပ်တိုက်ကြီးကို ပြန်လည်ပြုပြင် အုတ်ကျွတ်မိုးသည်ကို ဆရာတော်ကိုယ်တိုင် ကြီးကြပ်နေသည်။ သို့သော် ဆရာတော် ရပ်နေသည်မှာ ထနောင်းပင် ကွယ်နေ၍ အဝေးမှမမြင်ရ။ အနားရောက်မှ ဘွားခနည်းတွေ့ရခြင်း ဖြစ်သည်။

'ဟာ . . . သွားပြီ'

တစ်ယောက်ကအသံထွက်ပြောလိုက်ပြီး ငြိမ်းမောင်မှအပ (၄)ယောက်လုံး ထွက်ပြေးကြသည်။ ပြောင်ပြောင်တင်းတင်းပင် ဖြစ်၏။

'ဟင် . . . ဟိုကောင်တွေ . . .'

ဆရာတော် ထွက်ပြေးသူများကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ သို့သော် ဆရာတော်သည် ထိုသို့ မရိုမသေပြုသည်ဟူ၍ လိုက်ဖမ်းစေပြီး အပြစ်ပေးခြင်းမရှိ။ အမှတ်အတေးထားခြင်းလည်း မရှိ။

ငြိမ်းမောင်ကတော့ တစ်ယောက်တည်း မပြေးဘဲ ကျန်ခဲ့သည်။ ငြိမ်းမောင်လည်း တစ်ယောက်တည်းကျန်၍ အခိုင်းခံရသူ မဖြစ်ချင်ပါ။ သို့သော် ကျောင်းဆရာမြေးဖြစ်သော ငြိမ်းမောင် ဆရာတော်ကြီးနှင့်တွေ့ခါမှ မျက်နှာပြောင်တိုက်ပြီး ထွက်ပြေးတာမျိုးတော့ မလုပ်ချင်ပါ။

ဆရာတော်တလည်း တစ်ယောက်တည်း ထွက်မပြေးဘဲ

တျန်၍ လိမ္မာသည်ဟု မခိုင်းဘဲမနေ။

'ကောင်လေး . . . လာအုံး . . .'

ငြိမ်းမောင်ကို ခေါ်နေပြီ။

'ဘော်ဒါဆောင် သွားမလို့လား . . .'

'တင်ပါ့ဘုရား . . .'

ဘော်ဒါဆောင်က ပြန်လာရင် ကျောင်းသွားမတတ်နဲ့အုံး . . . ဟိုကစားကွင်းလေးကနေ ဘော်ဒါဆောင်အဝင်ပေါက်ကို စောင့်ကြည့် နေ . . . ဧည့်သည်တစ်ယောက် ငါ့ဆီလာဖို့ရှိတယ် . . .။ ဧည့်သည် ဝင်းတံခါးပေါက်ကို ဝင်သွားတာတွေ့ရင် ငါ့လာခေါ်လှည့်။

'ဒီတစ်ခါခိုင်းတာက တယ်ဟုတ်ပါလား . . .'

'ငြိမ်းမောင် သဘောကျသွားသည်။ ဘော်ဒါဆောင်သို့ ပြေးသွားလိုက်သည်။ ယူစရာရှိသော စာအုပ်ကိုယူပြီး အမြန်ပြန်ထွက်လာသည်။ ကလေးကစားကွင်းနေရာမှ ဘော်ဒါဆောင် အဝင်ပေါက်ကို လှမ်းကြည့်နေလိုက်သည်။ ကစားကွင်းထဲမှာ ဒန်းစင်က တစ်ခုတည်းရှိ၍ ခပ်စွာစွာကျောင်းသားကြီးများက အမြဲတမ်း အပိုင်စီးနေကြသည်။ ငြိမ်းမောင်တို့လို ငယ်သောကလေးများ မကပ်နိုင်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီ။ ကျောင်းသားများ အတန်းရှိရာသို့ပြေးကြသည်။ ကစားကွင်းမှာ လူရှင်းသွားပြီ။ ဟန်ကျသည်။ ငြိမ်းမောင် ဒန်းစီးခွင့်ရပြီ။ ယခုအချိန်က အတန်းထဲမှာ စာသင်



မည့်အချိန်မဟုတ်။ စာမေးမည့်အချိန်။ ငြိမ်းမောင် စာရပါသည်။ သို့သော် မဖြေဘဲ ဒန်းစီးနေရသည်ကို ပိုသဘောကျသည်။ ယခုအချိန်တွင် လုယက်ခါ အလှည့်စောင့်စရာလည်းမလို။ တစ်ယောက်တည်း စိတ်ကြိုက်စီးနိုင်သည်။

'မင်း ကျောင်းမတက်ဘူးလား . . .'

ဘော်ဒါဆောင်ဘက်မှ ပြန်လာသော သူငယ်ချင်းလေးယောက်က ဒန်းစီးနေသော ငြိမ်းမောင်ကို မေးသည်။ ဆရာတော်နှင့်တွေ့ပြီး ထွက်ပြေးသူများဖြစ်၏။

'မတက်ဘူး . . . ဆရာတော် ခိုင်းထားလို့ . . .'

'ဟာ . . . ဟန်ကျတာပဲ . . . ဒါဆို ငါတို့လဲ မတက်တော့ဘူး . . .'

သူတို့က စီးဆော့မှာ တစ်ဘက်နှစ်ယောက်စီခွဲပြီး စီးကြရင်းဆူညံနေသည်။ ငြိမ်းမောင်က ဒန်းစီးရင်း ဘော်ဒါဆောင် အဝင်ပေါက်ဆီသို့ လှမ်းကြည့်နေသည်။

ကျောင်းသားအားလုံး အတန်းထဲရောက်၍ ကျောင်းတက်နေကြပြီ။ ငြိမ်းမောင်တို့ ငါးယောက်သာ ကစားကွင်းမှာ ကစားနေကြ၏။

သိပ်မကြာ။ ဆရာမကြီးရုံးခန်းမှ ရုံးအကူရောက်လာသည်။

'မင်းတို့ငါးယောက် လိုက်ခဲ့ကြ။ ဆရာမကြီးက အခေါ်ခိုင်းလိုက်တယ်'

'ဟာ . . . သွားပြီ . . .'

ငြိမ်းမောင် ကြောက်သွားမိသည်။ ဆရာတော်က ခိုင်းထားသည်မှာ မှန်သော်လည်း ကိုယ်က ကျောင်းတက်ချိန်မှာ ဒန်းစီးဆော့ကစားနေမိသည်။ ဟိုလေးယောက်ကလည်း ဆူညံနေသေးသည်။

ငါးယောက်လုံး ဆရာမကြီးရုံးခန်းသို့ လိုက်သွားကြရ၏။

'ဒီလေးယောက်က စီးဆော့စီးနေကြတယ်။ ဟိုကောင်လေးက ဒန်းစီးနေတယ် . . .'

ရုံးအကူက ဆရာမကြီးကို အတိအကျ ပြောပြနေ၏။

'မင်းတို့လေးယောက် ကျောင်းတက်ချိန်မှာ ကျောင်းမတက်ဘဲ ဘာလို့ စီးဆော့ စီးနေကြတာလဲ . . . ဟင်'

ဆရာမကြီး ဒေါသဖြစ်နေပြီ။

'ဆရာတော် ခိုင်းထားလို့ပါ ဆရာမကြီး . . .'

သူတို့လေးယောက်လုံး ပြိုင်တူ ဖြေကြသည်။

'ဘာခိုင်းတာလဲ . . .'

ဆရာမကြီး ပြန်မေးတော့ သူတို့ ဘာဖြေရမှန်းမသိ။

'ပြောလေ . . . ဘာခိုင်းတာလဲ . . .'

ဆရာမကြီး ထပ်မေးသော လေသံက မာသည်။

လေးယောက်လုံး မဖြေနိုင်။

'မင်းတို့ကို ကစားခိုင်းတာလား . . . ဟင် . .'

ဘာမျှမဖြေကြ



'ကဲ လာစမ်း ကျောင်းတက်ချိန် ကစားနေတာက တစ်ပြစ်၊ ညာတာကတစ်ပြစ် . . .'

လေးယောက်လုံးကို ဆရာမကြီးက သူ့စားပွဲပေါ်မှာ အသင့်ရှိသော ကြိမ်လုံးနှင့် နှစ်ချက်စီရိုက်သည်။

အရိုက်ခံပြီးသူများ ဖင်ပွတ်ထွက်သွားကြသည်။ အတော်နာပုံရသည်။

'မင်းကရော . . .'

ဆရာမကြီးက ငြိမ်းမောင်ကိုမေးသည်။

'ဆရာတော်ခိုင်းထားလို့ပါ ဆရာမကြီး . . .'

'လာပြန်ပြီလားတစ်ယောက် . . . ဟင် ဆရာတော်က မင်းကို ကျောင်းတက်ချိန်မှာ ဒန်းစီးခိုင်းထားတာလား . . .'

'မဟုတ်ပါဘူး ဆရာမကြီး . . .။ ညည့်သည်လာမှာမို့ ကစားကွင်းနေရာက စောင့်ကြည့်ခိုင်းထားတာပါ။ ညည့်သည်လာရင် ဆရာတော်ကို သွားပြောပေးရမှာပါ . . .'

'ငြိမ်းမောင် အတိအကျ ဖြေလိုက်၍ ဆရာမကြီး စဉ်းစားသွားသည်။'

'ဆရာတော်က ဘယ်မှာလဲ . . .'

ဆရာမကြီးက ငြိမ်းမောင်ကို ထပ်မေးသည်။

'နှစ်ထပ်ဆောင် အမိုးမိုးနေတဲ့ နေရာမှာပါ . . .'

'ကဲ သွားပြီး ဆရာတော်ကို မေးစမ်း . . .'

ရုံးအကူ ထွက်သွားသည်။ ငြိမ်းမောင် အရိုက်ခံရမှာကြောက်၍ ရွာကျောင်းမှာနေစဉ် ညနေတိုင်း ဘုရားကန်တော့ရာတွင် ရွတ်ဆိုရသည့် ဘုရားစာများကို စိတ်ထဲမှရွတ်နေသည်။

ခဏအကြာတွင် ရုံးအကူ ပြန်ရောက်လာသည်။ ဆရာတော်ခိုင်းထားသည်မှာ မှန်ကြောင်း ပြန်ပြောပြသည်။ ငြိမ်းမောင် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

'မင်းသွားနိုင်ပြီ။ ဆရာတော်ခိုင်းတာ စောင့်ပေးလိုက်အုံး . . '

ဆရာမကြီးက သွားခွင့်ပြုလိုက်သည်။

ဆရာတော်ပေးသောတာဝန်ကို လိုလားစွာ ထမ်းဆောင်ရန် ဒန်းစင်ရှိရာသို့ ငြိမ်းမောင် ပြန်လာခဲ့ပါ၏။

❒ ❒ ❒

# နာမည်ကောင်းသာ ကျန်ပါစေ

ဒုတ် . . . ဒုန်း

ရှေ့ဆင့်နောက်ဆင့် ထွက်လာသော အသံနှစ်သံ။

နေမင်းဦး လက်နှစ်ဖက်စလုံး အလုပ်ရှုပ်နေသည်။ တစ်ဖက်က နဖူးကိုပွတ်သည်။ တစ်ဖက်က နောက်စေ့ကိုပွတ်နေသည်။ အတန်းဘက်သို့ ပြန်လှည့်လိုက်သောအခါ သူ့ခမျာ မရှုက်နိုင်ရှာ။ ပါးပေါ်မှာ မျက်ရည်များစီးကျနေသည်။ အတော်နာပဟန် တူသည်။ ကျောင်းသူကျောင်းသား အများရှေ့မှာ ခံရသည်မို့ ရှက်လည်းရှက်ပေလိမ့်မည်။

နေမင်းဦးကိုကြည့်ပြီး တစ်တန်းလုံး စိတ်မကောင်း ဖြစ်ကြရသည်။

ဆရာ့မျက်နှာကတော့ ကျေနပ်ဟန်နှင့်ပြုံးနေသည်။ ဆရာတစ်ယောက်၏စိတ်ထားမှ ဟုတ်ပါလေစဟု အောင်ထက်ကျော် အံ့ဩမိသည်။

'အောင်ထက်ကျော်'

သူ့နာမည်ကို ခေါ်နေပါပြီ။ သူလည်း နေမင်းဦးကဲ့သို့ မရှုမလှ ခံရတော့မည်။ အောင်ထက်ကျော် မတ်တပ်ရပ်လိုက်သည်။ ကြောက်လွန်း၍ ဒူးထဲမှာ အားမရှိသလို ခံစားရသည်။

'ရှေ့ထွက်ခဲ့။ ဒီစားပွဲရှေ့ရောက်အောင် လာခဲ့ . . .'

ဆရာ့လေသံက မာသည်။

အောင်ထက်ကျော် သိပ်ကြောက်နေပါသည်။ ဖြစ်နိုင်လျှင် ဤနေရာမှပျောက်ပြီး ဆရာနှင့်အဝေးဆုံးနေရာကို ရောက်သွားလိုက်ချင်သည်။

'အောင်ထက်ကျော်ဆိုတော့ မင်းက အောင်ပြီး ထက်ရ ကျော်ရမယ့်ကောင်။ သင်္ချာတွက်ပြီး အဖြေထုတ်ဖို့ မေ့တယ်ဆိုတော့ ဘယ်လိုလုပ်ပြီး မင်းကအောင်ထက်ကျော် ဖြစ်မှာလဲ'

ဆရာက အောင်ထက်ကျော် နာမည်ကို အဓိပ္ပာယ်ဖွင့်ပြီး ပြောနေသည်။ အောင်ထက်ကျော် စိတ်မဝင်စားနိုင်ပါ။ ခေါင်းနှင့် နဖူး နာမှာကို သိပ်ကြောက်နေပါသည်။

'လာခဲ့ . . . ရှေ့တိုး . . .'

အောင်ထက်ကျော်တစ်ကိုယ်လုံး အားမရှိတော့လောက်အောင် ခံစားနေရပါသည်။

'ကိုယ့်တပည့်တွေကို ဆရာ ဘာလို့များ ဒီလိုလုပ်ချင်ရတာပါလိမ့် . . .'

နားမလည်နိုင်အောင်ဖြစ်ရသည်။



'စားပွဲပေါ်ကို ခေါင်းငုံ့လိုက် . . . ငုံ့ . . . . ငုံ့ . .'

အောင်ထက်ကျော် နဖူးနာမှာကြောက်၍ စားပွဲနှင့် ခပ်လှမ်းလှမ်း အရောက်မှာ ရပ်လိုက်ပါသည်။

'ဟေ့ကောင် . . . လူလယ်မလုပ်နဲ့ . . . ငုံ့စမ်း . . . ငုံ့ ပိုနာသွားမယ်နော် . . .' ဆရာပြောပုံက ကြောက်စရာ။

'နွားသတ်သမားရှေ့မှာ လည်စင်းပေးရတဲ့ နွားလို ဖြစ်နေပြီလား'

အားငယ်စိတ် ဖြစ်မိသည်။

'ဒီမှာ ကြည့်ထားကြ . . .။ တစ်ချက်ခုတ် နှစ်ချက်ပြတ် မဟုတ်ဘူး။ တစ်ချက်ထု နှစ်ချက်နာကွ . . .။

တစ်တန်းလုံး ငြိမ်တိတ်နေသည်။

'လုပ်ချင်သလိုသာ လုပ်ပါတော့ . . .'

အောင်ထက်ကျော် စိတ်ကိုလျှော့ချလိုက်သည်။ ကျွန်တော့် နဖူးက စားပွဲနှင့်ထိခါနီးအထိ ရောက်သွားသည်။

'ဟေ့ကောင် တော်ပြီ . . . ဆက်မငုံ့နဲ့တော့ . . .'

အောင်ထက်ကျော် ဆရာ့အလိုကျ ခေါင်းငုံ့ပေးထားရသည်။

'ဘယ်အချိန် ဆရာ့ရဲ့ ပြန်းထန်တဲ့လက်သီးချက် နောက်စေ့ ပေါ်ရောက်လာမလဲ . . .'

စောင့်ဆိုင်းနေရသည်က ထိတ်လန့်တုန်လှုပ်စရာ။

'နောက်ကို အဖြေထုတ်ဖို့ မေ့အုံးမလား . . .'

'မမေ့တော့ပါ . . .'

ပြီးအောင်ပင် မပြောလိုက်ရ

ဒုတ် . . . ဒုန်း . . .

'အား . . . .'

နောက်စေ့ပေါ်သို့ ကျလာသော ဆရာ၏လက်သီးချက် ပြင်းထန်သကဲ့သို့ နဖူးနှင့်စားပွဲ ဆောင့်မိသည့်ဒဏ်ချက်ကလည်း နာကျင်လွန်းလှသည်။

ဆရာ . . . သဘောကျစွာ ရပ်နေသော်လည်း ကျောင်းသူကျောင်းသားများ ဘယ်သူမျှ မရယ်ကြပါ။

ကျွန်တော် နာကျင်လွန်း၍ ရှက်ရကောင်းမှန်းမသိတော့ပါ။ နဖူးရော နောက်စေ့ကိုပါ လက်နှစ်ဖက်နှင့်ပွတ်ရင်း မျက်ရည်များ ပါးပေါ်စီးကျလာပါသည်။ နေရာမှာထိုင်မိသည်အထိ နောက်စိရော နဖူးပါ နာကျင်နေသည်။

× × ×

ဒေါ်မြမိုး ကျောင်းအုပ်ဆရာမကြီး ရုံးခန်းသို့ ဝင်ရောက်ခဲ့သည်။

'ထိုင်ပါရှင် . . .'

ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ အပြုံးနှင့်နှုတ်ဆက်၍



အထိုင်ခိုင်းသည်။

ဆရာမကြီး၏စားပွဲရှေ့မှ ကုလားထိုင်မှာ ဒေါ်မြမိုးထိုင်လိုက်သည်။

ဆရာမကြီးက ဒေါ်မြမိုးကို ပြုံးလျက်ကြည့်နေသည်။ ဘာပြောစရာရှိလဲ ပြောပါ . . .' ဟူ၍ ခွင့်ပြုသောသဘော။

'ကျွန်မနာမည် မြမိုးပါ။ ဆရာဝန်ပါ။ ဒီကျောင်းက ရှစ်တန်းကျောင်းသား မောင်အောင်ထက်ကျော်ရဲ့ မိခင်ပါ။

ဆရာမကြီးက ခေါင်းညိတ်ပြသည်။

'ဆရာမကြီးကို တိုင်ချင် . . . အဲလေတိုင်ချင်တာမဟုတ်ပါဘူး။ ပြောချင်တာရှိလို့ပါ။'

'ဟုတ်ကဲ့ ပြောပါ . . .'

'ကျွန်မသားလေးကို ဆရာဦးမိုးဇော် အပြစ်ပေးပုံ မတရားဘူးထင်လို့ပါ . . .'

'အို . . . ဟုတ်လား . . . ဘယ်လိုအပြစ်ပေးလို့လဲ . . .'

ဆရာမကြီး မသိပါ။

'သားက သင်္ချာတွက်တာ အဖြေမှန်ပေမယ့် အဖြေထုတ်ဖို့မေ့သွားလို့ အပြစ်ပေးတာပါ . . .။ ကျွန်မအနေနဲ့တော့ ကလေးကို အပြစ်ပေးရာမှာ ရိုက်တာကို မကြိုက်ပါဘူး။ ရိုက်တာဟာ အသားနာရုံတင်မက စိတ်ဓာတ်ကိုပါ နာကျင်တဲ့ ဒဏ်ရာရစေပါတယ် . . .'

ဆရာမကြီးက ခေါင်းညိတ်သည်။

'သားက ဆယ့်လေးနှစ်ဆိုတော့ လူပျိုပေါက်ကလေး ဖြစ်နေပါပြီ။ အတန်းရှေ့မှာ မိန်းကလေးတွေလဲမြင်နေရတော့ သူ သိပ်ရှက်မှာပေါ့။ ပြီးတော့ ရိုက်တာကလဲ ရိုးရိုးရိုက်တာဆိုရင် မကြိုက်ပေမယ့် ကျွန်မလာပြောမှာမဟုတ်ပါဘူး။ အခုဟာကတော့ အဆန်းထွင်ပြီး ရက်ရက်စက်စက်လုပ်တာ . . .။

ဒေါ်မြမိုး ပြောရင်းမှ ငိုသံပါလာသည်။ မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျှံပြီး ပါးပေါ်စီးကျလာ၍ လက်ကိုင်ပုဝါဖြင့် တို့သုပ်လိုက်သည်။

'အရိုက်ခံရတဲ့ကလေးက ဆရာ့ရှေ့ရှိတဲ့ စားပွဲပေါ် ခေါင်းငုံ့ပေးရတယ်။ ကလေးရဲ့နောက်စေ့နေရာကို ဆရာက သူ့လက်သီးရဲ့ လက်ခေါက်နေရာနဲ့ ထိုးချလိုက်တယ်။ နောက်က အထိုးခံရတဲ့အရှိန်ကြောင့် နဖူးက စားပွဲနဲ့တိုက်မိတယ်။ ရှေ့နောက်ညှပ်အချခံရတာ။ ဆရာမကြီး စဉ်းစားကြည့်ပါ။ ဘယ်လောက်ကြောက်စရာကောင်းလဲ။ နဖူးရော နောက်စိပါ ဘုတွေထွက်လာတာ . . .'

'အို . . . ဒုက္ခပါပဲ . . .'

ဆရာမကြီး ညည်းညူလိုက်ပါသည်။

'သားက ပြောတာမဟုတ်ပါဘူး။ နဖူးက ညိုမဲပြီး ဖူးရောင်နေတာ ဘာဖြစ်လို့ မေးမှသိရတာ။ နောက်စေ့ကို ကြည့်တော့လဲ ဖူးယောင်လို့ပါပဲ။ ရိုက်ရင်တောင် ဒို့ပြင်နေရာတွေ ရိုက်ဖို့ကောင်းပါတယ်။ ခေါင်းကို အဲဒီလို ဒဏ်ရာရအောင်လုပ်တာ သိပ်အန္တရာယ်ကြီးပါတယ်။



ဦးနှောက်နဲ့ အာရုံကြောကို ထိခိုက်နိုင်တဲ့ သွေးကြောမျှင်လေးတွေ ဒဏ်ရာရရင် . . . ကုဖို့အလွန်ခက်ပါတယ် . . .'

'ဟုတ်ပါတယ် . . . ရှင် . . .'

'ဘာဖြစ်လို့များ အဲဒီလို လုပ်တယ်ဆိုတာ ကျွန်မ စဉ်းစားလို့ မရဘူး။ ပျော်လို့လုပ်တာလား။ ရက်ရက်စက်စက် နှိပ်စက်ချင်လို့ လုပ်တာလား . . .။ ဆရာတစ်ယောက်အနေနဲ့ ကိုယ့်တပည့်ကို ဒီလို တော့ မလုပ်သင့်ပါဘူး'

'ဟုတ်တာပေါ့။ သူတစ်ယောက်တည်းကို လုပ်တာလား . . .'

'ဒို့ပြင်ကလေးတစ်ယောက်လည်း သားလိုပဲ ခံရတယ် ပြောပါတယ်'

ဆရာမကြီး ရုံးအကူလူငယ်ကို ရှစ်တန်းမှ မောင်အောင် ထက်ကျော် သွားခေါ်ခိုင်းပါသည်။

ရောက်လာသောအခါ ဆရာမကြီးက နဖူးကိုကြည့်သည်။ နောက်စိကို စမ်းကြည့်သည်။

'အို . . . ဟုတ်တာပေါ့ . . . စိတ်မကောင်းလိုက်တာ သားရယ် . . .'

ဆရာမကြီးမှာ သားအတွက် စိတ်မကောင်းဖြစ်ရာမှ မိခင်ကို လှမ်းကြည့်ပြီး အားနာနေသည်။ ကိုယ့်အုပ်ချုပ်မှုအောက်မှာရှိသော ကိုယ့်ကျောင်းတွင်ဖြစ်သောကိစ္စ ကိုယ့်မှာတာဝန်ရှိကြောင်း ဆရာမ ကြီး နားလည်ပါသည်။

'ဆရာဦးမိုးဇော်ကို ကျွန်မ အသေအချာပြောပါ့မယ်။ နောင် ဒီလိုမဖြစ်စေရပါဘူး။ ဖြစ်ပြီးတဲ့ကိစ္စကိုတော့ ကျွန်မကပဲ တောင်းပန် ပါတယ် . . .'

ဆရာမကြီးက တောင်းပန်စကားဆိုသည်။

'ဆရာမကြီးကို တောင်းပန်စေချင်တာ မဟုတ်ပါဘူး။ နောင်မှာ ကလေးတွေကို . . . ဒီလိုမဖြစ်စေချင်လို့ လာပြောတာပါ'

'ဟုတ်ကဲ့ပါ . . . ကျေးဇူးတင်ပါတယ်။ ဒီလိုမဖြစ်အောင် ကျွန်မလုပ်ပါ့မယ် . . .'

ဒေါက်တာမြမိုး ပြန်သွားပါသည်။ အောင်ထက်ကျော်လည်း သူ့အတန်းရှိရာသို့ ပြန်သွားပါပြီ။

'ငါ . . . ဘာလုပ်ရမလဲ . . .'

ဆရာမကြီး စဉ်းစားရပြီ။ ဤကျောင်းသို့ ရောက်သည်မှာ (၃)လသာရှိသေးသည်။ ဆရာဦးမိုးဇော်မှာ သင်္ချာ အသင်ကောင်း သည်ဟု နာမည်ကောင်းသလို အရိုက်လည်း အလွန်ကြမ်းသည်ဟု ဆရာမကြီး သတင်းကြားထားပါသည်။

ဤကျောင်းရောက်ပြီးမှ ပြီးခဲ့သောလက ဆရာမတစ်ယောက် က (၁၂)နှစ်အရွယ် ၇ တန်းကျောင်းသူလေးကို အတန်းအပြင်ထုတ် ပြီး ထိုင်ထအလုပ်ခိုင်းသည် အခြားသောအတန်းများကပါ မြင်ကြ ကြည့်ကြသည်ကို ရှက်၍ ငိုပြီး အိမ်ပြန်သွားသည်။ သူ့အမေလိုက်လာ တိုင်တန်း၍ နောင်မဖြစ်စေရပါဘူးပြောပြီး ဆရာမကြီးကပင် တောင်း



ပန်လိုက်ရသည်။ ဆရာ၊ ဆရာမအားလုံးကိုပြောမှ ဖြစ်တော့မည်ဟု နားလည်လိုက်ပါသည်။

× × ×

ထိုနေ့ညနေမှာပင် အစည်းအဝေးခန်းမှာ ဆရာ၊ ဆရာမ များအားလုံးကို အစည်းအဝေးခေါ်လိုက်သည်။

ဆရာမကြီးက ကျောင်းသူ၊ ကျောင်းသားများကို အပြစ်ပေး သည့်ကိစ္စ၊ ရိုက်သည့်ကိစ္စနှင့်ပတ်သက်၍ ပြောကြားသည်။ ဆရာ ဦးမိုးဇော် ကျောင်းသားတစ်ယောက်ကို တစ်ချက်တည်းနှင့်ရှေ့ရော နောက်ပါ ဘုထအောင် ပြုသည့်ကိစ္စကြောင့် မိခင် လိုက်လာပုံ၊ မိခင် က ဆရာဝန်မ ဖြစ်၍ ခေါင်းကိုဤကဲ့သို့ပြင်းထန်စွာ နာကျင်အောင် ပြုလုပ်ခြင်းသည် အန္တရာယ်ကြီးမားကြောင်း မကျေမနပ်ပြော၍ နောင် မဖြစ်ရပါဘူးဟု ကတိပေး တောင်းပန်ရပုံ။ ဆရာမဒေါ်နွယ်နွယ်ထွန်း ကလည်း ခုနှစ်တန်းကျောင်းသူလေးကို အတန်းအပြင်ထုတ် ထိုင်ထ လုပ်ခိုင်း၍ အတန်းအားလုံးက လှမ်းကြည့်ကြ၊ မြင်ကြ၊ အရှက်ရပြီး ငိုပြန်သွားကြောင်း၊ မိခင်လာတိုင်၍ နောင်မဖြစ်ရန် ကတိပြုပြီး တောင်းပန်ရပုံကို ရှင်းလင်းပြောကြားသည်။

'အဲဒီတော့ ဆရာ၊ ဆရာမအားလုံးကို ပြောချင်ပါတယ်၊ တပည့်တွေကို အပြစ်ရှိရင် အပြစ်ပေးရမှာဖြစ်ပေမယ့် တတ်နိုင်သမျှ

မရိုက်စေချင်ဘူး။ မလွဲသာလို့ ရိုက်ရင်လဲ မေတ္တာ၊ စေတနာနဲ့ အပြစ်အလျောက် ဆုံးမဖို့လိုတယ်။ ဒေါသနဲ့ရိုက်တာ မဖြစ်သင့်ဘူး။ အဆန်းထွင်ပြီး ရက်စက်တာမျိုးလဲ မဖြစ်သင့်ဘူး။ အရှက်ခွဲတဲ့ အပြစ်ပေးနည်းလဲ မဖြစ်သင့်ဘူး။ ကောင်းသွားစေချင်တဲ့ စေတနာနဲ့ အပြစ်ပေးတာမျိုးသာ ဖြစ်သင့်ပါတယ်။

'ကျွန်တော် ပြောပါရစေ ဆရာမကြီး . . .'

ဆရာဦးမိုးဇော်က မတ်တပ်ရပ်ပြီး ပြောခွင့်တောင်းသည်။ လေသံက မာသည်။

'ပြောပါ . . .'

'ဒီကျောင်းဟာ စည်းကမ်းကောင်းလို့ အောင်ချက်ကောင်းတယ်ဆိုပြီး နာမည်ရတဲ့ကျောင်းပါ။ ဆရာမကြီးရောက်လာမှ မရိုက်ရဘူး။ ဒဏ်မပေးရဘူးဆိုရင် . . . စည်းကမ်းလျော့လျဲပြီး အောင်ချက်ကျသွားနိုင်ပါတယ် . . .'

ဦးမိုးဇော်ပြောပုံက မကျေမနပ်နှင့် ခြိမ်းခြောက်သောလေသံ။ ဤကျောင်းတွင် အသင်အပြကောင်းသည်ဟု နာမည်ရသော ဆရာတစ်ယောက်၏မာနဟူ၍ ဆရာမကြီး နားလည်လိုက်ပါသည်။

'ကျွန်မက မရိုက်ရဘူး။ အပြစ်မပေးရဘူးလို့ ပြောတာမဟုတ်ပါဘူး။ ရိုက်ရင်လဲ ကောင်းစေချင်တဲ့စေတနာနဲ့ရိုက်ပါ။ ကိုယ့်သားသမီးလို မေတ္တာစေတနာနဲ့ ဆုံးမပါ။'

ဆရာမကြီးက ပုံမှန်လေသံနှင့်ပြောသည်။



'ဆရာမကြီးက ကျွန်တော်ရိုက်တာကို သားသမီးချင်း မစာနာဘူးလို့ ပြောချင်တာလား။ စိတ်ကောင်းမရှိဘူးလို့ ပြောချင်တာလား'

ဆရာဦးမိုးဇော်မေးပုံက ကျောင်းအုပ်ဆရာမကြီးကို မရိုမသေနှင့် ရန်လိုသောသဘောပါသည်။

ဆရာမကြီးသိပါသည်။ ဒေသခံဆရာအနေနှင့် ခုမှရောက်တာမကြာသေးသော ကျောင်းအုပ်ဆရာမကြီးကို စမ်းလိုက်သောသဘောဖြစ်ပါသည်။ ဆရာမကြီး ဘယ်သူနှင့်မှ ထိပ်တိုက်ရင်ဆိုင်မဖြစ်ချင်ပါ။ သို့သော် လျှော့ပေးလိုက်လျှင် နောင်မှာ ဆရာမကြီးအနေနှင့် သြဇာရှိမည်မဟုတ်တော့ပါ။ ကျောင်းအုပ်ချုပ်ရေး ပျက်ပြားတော့မည်ဖြစ်သည်။

'ဆရာ့ကို စိတ်ကောင်းမရှိဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ ဆရာရိုက်တာဟာ တစ်ချက်ထဲနဲ့ နဖူးရော နောက်စေ့ပါ ဘုနှစ်ဘုဖြစ်အောင် ပြင်းထန်တယ်ဆိုတော့ ရက်စက်ရာကျတယ်။ အနန္တဂိုဏ်းဝင်ဆရာဆိုတာ တပည့်ကို အဆန်းထွင်ပြီး နှိပ်စက်တာမျိုး မလုပ်ရဘူး။ မိဘအရင်းတောင် သားသမီးကို ကောင်းစေချင်တဲ့ စေတနာ မေတ္တာနဲ့ မဟုတ်ရင် ရိုက်ခွင့်မရှိဘူး။ မရိုက်သင့်ဘူး။ ရိုက်ရင် လူမှုရေးအရ အပြစ်ရှိတယ် . . .'

'ဒါကတော့ . . . သူ့ကို နောင်ဒီလိုအမှားမျိုး မမှားဖို့ မှတ်လောက်သားလောက်ရှိအောင် သတိပေးတာပဲ . . .'

ဆရာဦးမိုးဇော်က အလျှော့မပေးသေးဘဲ စောဒကတက်နေဆဲ။

'ကလေးက ဒီလိုအမှားမျိုး မမှားဖို့ မှတ်လောက်သားလောက် မဖြစ်ဘဲ ဆရာကို တစ်သက်လုံး မုန်းသွားတဲ့မှတ်လောက်သားလောက် ဖြစ်သွားရင် . . . ဆရာရော တပည့်ရောရှုံးတာပေါ့။ မရိုက်ဘဲနဲ့ စွဲသွားအောင် မှတ်မိတဲ့နည်းတွေ အများကြီးရှိပါတယ်။ ကျွန်မပဲခူး အထက(၃)မှာ အထက်တန်းပြလုပ်ခဲ့ဖူးပါတယ်။ အဲဒီကျောင်းမှာ ကျက်ခိုင်းတဲ့စာ မရရင် နေ့ခင်းမုန့်စားကျောင်းဆင်းချိန်မှာ မဆင်းရဘူး။ စာရအောင်ကျက်ရတယ်။ စာရမှ ဆရာမကို အလွတ်ပြန်ပြပြီး မုန့်စားသွားရတယ်။ ကလေးတွေစာရသွားတယ်။ နောက်လဲ မကျက်ဘဲ မနေရဲဘူး စာကျက်လာကြတယ်။ စာမှားရင်လဲ အဲဒီအမှားကို ဆယ်ခါပြင်ပြီး လာပြရတယ်။ မှတ်လောက်သားလောက် မှတ်မိသွားတယ်။ ဘယ်မိဘမှလဲ မကျေမနပ် မဖြစ်ကြဘူး။ ကလေးတွေ စာပိုတော်လာတယ်။ မရိုက်ပေမယ့် စည်းကမ်းအလွန်ကောင်းတဲ့ ကျောင်းအဖြစ်နာမည်ကြီးတယ်။ နှစ်စဉ် အောင်ချက်ကောင်းတဲ့ကျောင်းပဲ။ တစ်ပြည်လုံးအောင်ချက် အကောင်းဆုံးကျောင်းဆုတွေလဲ အများကြီး ရခဲ့တယ်။

ဆရာမကြီးစကားကို ခဏရပ်ထားလိုက်သည်။ ဦးမိုးဇော်ထပ်ပြီး စောဒက မတက်တော့ပါ။

'ဆရာ၊ ဆရာမအားလုံးကို ကျောင်းအုပ်ဆရာမကြီးအနေနဲ့ ကျွန်မပြောပါရစေ။ ကလေးတွေကို မေတ္တာ၊ စေတနာနဲ့ ဆုံးမပါ။ အပြစ်ပေးပါ။ ကလေးမှာ ဒဏ်ရာအနာတရဖြစ်တဲ့အထိ ရိုက်နှက်တာမျိုး မလုပ်ပါနဲ့။ အရှက်တကွဲဖြစ်အောင် ဒဏ်ပေးတာမျိုး မလုပ်ပါနဲ့။

ကျွန်မပြောင်းလာခဲ့တဲ့ကျောင်းမှာ ဆရာမတစ်ယောက်က ကြားဖူးနားဝနဲ့ အဆန်းထွင်ပြီး စတုတ္ထတန်းကျောင်းသူ မိန်းကလေးတစ်ယောက်ကို အတန်းထဲမှာ ဒူးထောက်ထိုင်ခိုင်းပြီး အပြစ်ဒဏ်ပေးတယ်။ ပိုဆိုးတာက ကလေးရဲ့ဒူးအောက်မှာ ဆီးစေ့ထားပြီး ဒူးထောက်ခိုင်းတာဆိုတော့ ကလေးကနာလွန်းလို့ မထောက်နိုင်ဘူး ငိုတယ်။ အဲဒါကို ဆရာမက အတင်းထောက်ခိုင်းတော့ ကလေးကငိုပြီး အိမ်ပြန်သွားတယ်။ တစ်မြို့လုံးကို ကျော်သွားတာပဲ။ မိဘဆရာအသင်းအစည်းအဝေးကျတော့ မိဘတွေကပြောလိုက်ကြတာ ကင်ပေတိုင်ဆရာမ။ ကင်ပေတိုင်ကျောင်းနဲ့။ နောက်ဆုံးတော့ ဆရာမကို တခြားကျောင်းပြောင်းပေးလိုက်ရတယ်။ ကျောင်းလဲ သိက္ခာကျတယ်။ ဆရာမလဲ အရှက်တကွဲ ဖြစ်ရတယ်။'

ဆရာ၊ ဆရာမအချို့ ခေါင်းညိတ်သည်ကို ဆရာမကြီးသတိထားမိသည်။ ကလေးကို အတန်းအားလုံးမြင်အောင် အပြင်ထုတ်ပြီး ထိုင်ထအလုပ်ခိုင်းသော ဆရာမ ဒေါ်နွယ်နွယ်ထွန်း ခေါင်းငုံ့နေသည်။

'ကလေးကို အပြစ်ဒဏ်ပေးရာမှာ ကောင်းကျိုးရှိစေချင်တဲ့ရည်ရွယ်ချက်၊ စေတနာမှန်ရမယ်၊ ဘုန်းတော်ကြီးကျောင်းမှာ အပြစ်ရှိရင် စာမကျက်ရင် သဲဒဏ်၊ ရေဒဏ်ပေးတယ်။ ကျောင်းထဲက သစ်ပင်၊ ပန်းပင်တွေ ရေထမ်းလောင်းရတယ်။ စကြံလမ်းကို သဲထမ်း

ခင်းရတယ်။ ကျောင်းအတွက်လဲကောင်းတယ်။ ပြစ်ဒဏ်ကျတဲ့လူလဲ ကုသိုလ်ရတယ်။ နောက်လဲ အပြစ်မလုပ်တော့ဘူးပေါ့။ မှန်တဲ့အပြစ် ပေးနည်းပါပဲ။

မှားတဲ့အပြစ်ပေးနည်းကတော့ ဘုန်းကြီးကျောင်းမှာပဲ။ ကျွန်မအမေဘက်ကအဖိုး ငယ်ငယ်တုန်းက သူ့ရွာဘုန်းကြီးကျောင်း မှာ နေခဲ့ရတယ်။ မနက်စောစော ပန်းကန်ဆေးရင်း ပန်းကန်တစ်ချပ် ကျကွဲသွားတော့ ကိုရင်ကြီးက ရေပုံးတစ်ရာ ရေငင်ချိုးရမယ်ဆိုပြီး ဒဏ်ပေးတယ်။ ဆောင်းတွင်းကြီး မနက်စောစောမှာ ခိုက်ခိုက်တုန်နေ တာပဲတဲ့။ ရေပုန်းတစ်ရာလည်း ချိုးပြီးရော ပုံလဲကျသွားတယ်။ အအေးမိပြီးဖျားတယ်။ မသေအောင် မနည်းကုရတယ်။ တစ်လ လောက်ကြာမှ ပြန်ကောင်းတယ်။ အဖိုးဟာ တစ်သက်လုံး ရေချိုးရ မှာကြောက်သွားတယ်။ ဆောင်းတွင်းဆို လုံးဝရေမချိုးတော့ဘူး။ နွေ ရာသီမှာ ချိုးတာတောင် သုံးလေးပုံးဆို ပြီးသွားပြီ။ အဖိုးရဲ့အဖေက ငါ့သားသေရင်တော့ ကိုရင်ကြီးနဲ့ တွေ့ကြသေးတာပေါ့လို့ မကျေမနပ် ကြိမ်းမောင်းတယ်တဲ့။

ဒေါသနဲ့အပြစ်ဒဏ်ပေးတာ။ နှိပ်စက်ညှဉ်းပမ်းလိုစိတ်နဲ့ အပြစ်ဒဏ်ပေးတာ။ အရှက်တကွဲဖြစ်အောင် အပြစ်ဒဏ်ပေးတာ အားလုံးမှားတယ်။ လက်ရေးလှစေချင်တဲ့စေတနာနဲ့ ဆရာမက လက်ရေးမလှတဲ့ကလေးတွေရဲ့လက်ကို ပေတံနဲ့ ခပ်စပ်စပ်လေးရိုက် တယ်။ တစ်ခါနှစ်ခါပဲ ရိုက်ရတယ်။ ကြီးထိ လက်ရေးလှတဲ့ကောင်းကျိုး



ရသွားတယ်တဲ့။ ဒါပေမယ့် လက်ခေါက်ကို ပေတံစောင်းနဲ့ ခုတ်တာ ကျတော့ ဘယ်ကောင်းမလဲ။

ဆရာမကြီးပြောသည်ကို ဆရာ၊ ဆရာမအများစုက သဘော တူကြောင်း ခေါင်းညိတ်နေကြသည်။

ဆရာမတစ်ယောက်ကလဲ မူလတန်းကလေးတွေကို ဘောင်းဘီ ချွတ်၊ စကတ်ချွတ်ပြီးမှ ရိုက်လို့ မြို့နယ်ပညာရေးမှူးအထိ တိုင်တာ ဖြစ်ဖူးတယ်။ ဘာလို့အဲဒီလိုရိုက်ရတာလဲဆိုတော့ ဒုတ်နဲ့ကလေး အသားကြားမှာ အဝတ်ခံနေရင် မနာမှာစိုးလို့တဲ့။ စဉ်းစားကြည့်ကြပါ။ ဆရာ၊ ဆရာမက အဲဒီလိုစိတ်ထားရမှာ မဟုတ်ပါဘူးရှင့်။

ဆရာဦးမိုးဇော် ခေါင်းငုံ့နေသည်။

ဆရာမကြီးလည်း အတော်စုံအောင် ပြောလိုက်ရ၍ မောသွားပြီ။ ဆရာ၊ ဆရာမများဘက်က ဘာမျှ ပြန်ပြောဆိုခြင်း မရှိကြ ၍ အစည်းအဝေးကို အဆုံးသတ်လိုက်ပါသည်။

အစည်းအဝေးအပြီးမှာ ဒေါ်နွယ်နွယ်ထွန်း ဆရာမကြီးကို လာတွေ့ပြီး နောင် မဖြစ်စေရပါဘူးဟု ကတိပြုသည်။ ဦးမိုးဇော် ကတော့ ဘာမျှပြောခြင်းမပြုပါ။

× × ×

**နောက်တစ်နေ့မနက်တွင် ဆရာမကြီးရုံးခန်းသို့ ဆရာ ဦးမိုးဇော်ရောက်လာသည်။**

'ထိုင်ပါ ဆရာ။ ပြောပါ . . .'

ဆရာမကြီးက ထိုင်ခွင့် ပြောခွင့်ပြုသည်။

'ကျွန်တော်လုပ်တာ မှားပါတယ် ဆရာမကြီး။ မနေ့က ဆရာမကြီးပြောတာတွေ ဟုတ်ပါတယ်။ ကျွန်တော် ကတိပေးပါတယ်။ နောင် လုံးဝမဖြစ်စေရပါဘူး . . .'

တကယ်ပင် အမှားကိုသိ၍ နောင်တရသောမျက်နှာနှင့်။

'သြော . . . . သိပ်ကောင်းတာပေါ့ ဆရာရယ်။ ဝမ်းသာပါတယ်။ ဆရာက ဒီကျောင်းမှာ အသင်အပြကောင်းတယ်။ အရိုက်လဲ ကြမ်းတယ်ဆိုပြီး နာမည်နှစ်မျိုးထွက်နေတာ . . . ။ အခုဆိုရင် ကလေးတွေရော၊ မိဘတွေရော ဝမ်းသာကြမှာပေါ့ . . .'

'ဟုတ်ပါတယ် ဆရာမကြီး စိတ်ချပါ။ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ။ မကောင်းတဲ့နာမည်ဆိုးကို ဖြုတ်ပစ်လိုက်ပါတော့မယ်. .'

ဆရာဦးမိုးဇော်၏ ပကတိကြည်လင်နေသော မျက်နှာကို ဆရာမကြီး လှမ်းကြည့်ပြီး ကျောင်းအတွက်၊ ကလေးများအတွက် ဝမ်းသာအားတက်ဖြစ်ရသည်။

❒ ❒ ❒

**လယ်တွင်းသားစောချစ်**